www.burmeseclassic.com

သတ္တမအကြိမ်

# မိုးမိုး(အင်းလျား)အမှတ်တရ

ဝတ္ထုတိုပြိုင်ပွဲ

# ၂၀၀၀ ပြည့်နှစ် ဆုရဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ခွင့်ပြုအမှတ်
[ ၃၄၅/၂၀၀၂ (၄) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ခွင့်ပြုအမှတ်
[ ၁၀၇၉/၂၀၀၃ (၉) ]

●

မျက်နှာဖုံး
မောင်မောင်သိုက်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
အောက်တိုဘာ၊ ၂၀၀၄

---

စာအုပ်ချုပ်
ဖူးပွင့်မွေး

●

ဦးတင့်လွင် (၃၅၂၃)၊ သော်က-စာပေ
အမှတ် ၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## မာတိကာ


| | | |
|---|---|---|
| ၁။ မှတ်တိုင် | မောင်ခိုင်အောင် | ၁ |
| ၂။ အနာဂတ်ကမ္ဘာ | ရွှေရင်နှစ်(မြို့သာ) | ၁၅ |
| ၃။ မစားကောင်းသောသစ်သီး | ကိုခိုင်ရွှေ (ပုသိမ်) | ၃၀ |
| ၄။ လူကိုက်လွတ်ကြက်တစ်ကောင်၏ ပုံရိပ် | ကိုလှိုင်ကြည်ဝင်း | ၄၇ |
| ၅။ ငါးလောင်းတင်ချစ်ညို | မင်းသီသစ် | ၆၅ |
| ၆။ သောကဗျာပါဒ အရေးအကြောင်းများ | ဝသုန် | ၈၆ |
| ၇။ မိုး | မြရွက် | ၉၆ |
| ၈။ ဒိမ်ဆွမ်ကျင်နဲ့ ကိုကို | သင်းအောင်ပန် | ၁၁၇ |
| ၉။ ဆရာဦးဖိုးကျော် ရန်ကုန်မြို့တော်ကြီးမှာနေသည် | ဆင်တဲဝမြတ်မင်း | ၁၃၅ |
| ၁၀။ ထမင်းရည်ကို အတူပင်လျက်ရစေတော့ | မောင်ကျော်(မြန်မာစာ) | ၁၅၄ |
| ၁၁။ ဓားစာခံ | ရေစကြိုမောင်တိုးကြည် | ၁၆၇ |


www.burmeseclassic.com

www.burmeseclassic.com

# မှတ်တိုင်

ရင်ခွဲရုံ တံခါးပေါက်ရှေ့တွင် မြက်များ ကျိုးတိုးကျဲတဲ ရှင်နေသည်။ နံနက်ပိုင်းက ရွာထားသော မိုးကြောင့် သဲဆန်ဆန် မြေနီမှိန်မှိန်တွင် ရေ အနည်းငယ် ဝပ်နေသည်။ ထိုရေစပ်အိုင်ကလေးကို ကျော်လျက် တံခါးဝသို့ ကိုမြကျော် ညင်သာစွာ ခုန်သည်။ မိုးကာလဖြစ်လျက်နှင့် ကတ္တီပါ ဖိနပ် စီးထားသည်။ လူသွားစင်္ကြံလမ်းကို ဖြတ်လျှောက်ပြီး အလောင်းများ ထားရာ ခန်းမ၏ တံခါးဝတွင် သူရပ်သည်။ လွယ်အိတ်ထဲမှ စီးကရက် ဘူးနှင့် မီးခြစ်ကို ထုတ်သည်။ မီးညှိကာ အားရပါးရ ဖွာရှိုက်ပြီးလျှင် ကျွန်တော့်အား နောက်လှည့်ကြည့်သည်။ ကျွန်တော်က ပထမ တံခါးဝတွင် သာ ရှိသေးသည်။ သူ့ဦးခေါင်းကို အောက်သို့ ဆတ်ခနဲ ငုံ့ကာ ဝင်ခဲ့ပါ သဘောနှင့် ကျွန်တော့်ကို ခေါ်သည်။ သူ့အနီးသို့ ကျွန်တော် ရောက်လာ သောအခါ အထဲသို့ လှမ်းကြည့်ပြီး ဝင်မည့်ဟန်ပြင်သည်။ တုံ့ခနဲရပ်ပြီး ပြန်လှည့်သည်။ စိမ်းရွှေပုပ်အဲ့သော အနံ့သည် လွင့်ပျံ့နေ၏။ ကိုမြကျော်က စီးကရက်ကိုကမ်းပြီး 'သြော် ခင်ဗျားမှ မသောက်တတ်ဘဲ' ဟု ပြောသည်။ သူ့စကားသံ၌ စိတ်လှုပ်ရှားမှု ကပ်ငြိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွဲရုံစောင့်က ကျွန်တော်တို့ကို အထဲမှ ခေါ်သည်။ ကိုမြကျော်က လက်ကာပြသည်။ ထုတ်ယူခဲ့ဟု လက်ဟန်ဖြင့်ပြသည်။ အထမ်းသမားနှစ်ဦးက အလောင်းကို သံပြားထမ်းစင်ငယ်ပေါ်သို့ ရွှေ့တင်သည်။ အလင်းရောင်အားနည်းနေသော်လည်း မှိုမောက်နေသော ဝမ်းဗိုက်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးငယ်ကို မနီးမဝေးမှပင်ကျွန်တော် မှတ်မိနေသည်။ သူတို့က အလောင်းကို ထမ်းသယ်လာစဉ် ကျွန်တော်တို့ ဦးစွာ ထွက်ခဲ့ကြသည်။

ရင်ခွဲရုံနှင့် ကွန်ကရိလမ်းငယ် ဆက်သွယ်လျက် ဇရပ်ဆန်ဆန်အဆောက်အဦးတစ်ခုရှိသည်။ သင်္ချိုင်းသို့ သင်္ဂြိုဟ်ရန်မသွားမီ အလောင်းကို ထိုဇရပ်၏ အုတ်ခုံမြင့်မြင့်တွင်ထားသည်။ ထိုနေရာတွင် ဖျာကြမ်းတစ်ချပ်ခင်းထားသည်။ ခပ်လှမ်းလှမ်းတွင် လူသုံးဦးသည် အသုဘခေါင်းကို လက်စသပ်နေသည်။ အစိမ်းနုရောင် ပလတ်စတစ်ကို ဖြတ်ကိုက်ပြီး ခေါင်းပျဉ်တွင် သံမှိုရိုက်၍ ကပ်ရန်သာကျန်တော့သည်။

ကိုမြကျော်က သူတို့အပေါ်တွင် ရပ်လျက် အုတ်ခုံပေါ်တွင်ထားသော အလောင်းကို ငေးကြည့်နေသည်။

'ကိုကြီးသိန်းရေ၊ ဆရာတော်ကိုကပ်မယ့် တရားပွဲ အုန်းပွဲမှာ ပစ္စည်းတွေ အားလုံးစုံရဲ့လား၊ ဟိုရောက်ရင်လဲ ခင်ဗျားပဲ သွားပင့်လိုက်ပါနော်' သူ ပြောသည်။

သံရိုက်နေသူတစ်ဦး ထလာပြီး 'သင်္ကန်းတစ်စုံပဲကျန်တယ် ဆရာကျော်၊ ဒါပြီးရင် ဆိုက်ကားနဲ့ သွားဝယ်လိုက်မယ်၊ ဆရာတော်ကတော့ သင်္ချိုင်းထဲက နီးရာကျောင်းတစ်ခုက ပင့်လိုက်ရင် ရပါတယ်၊ ထိုသူမှာ ကိုမြကျော်နှင့် အလွန်ခင်မင်သော အိမ်နီးချင်း ပရဟိတသမားတစ်ဦးဖြစ်သည်။ အားကိုးပါတယ် ကိုကြီးသိန်းရေဟု ကိုမြကျော် ပြောသည်။ ကိစ္စ ဝိစ္စအားလုံးကို လွှဲအပ်ထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible]လောင်းကိုကြည့်ရန် ကျွန်တော်လာစဉ် ကိုမြကျော် ရပ်လျက်ကျန်ခဲ့သည်။ မိုးမွန်ရွာလေးများ ကျလျက်နှင့်ပင် နေအရောင်ဝင်းနေသည်။ မှိုမောက်နေသော ဝမ်းဗိုက်သည် မျက်စိလွှဲထားသော်လည်း အမြင်အာရုံထဲသို့ ရောက်နေသည်။ ပန်းနုရောင်နှင့် အဖြူပြန်းကွက်ကလေးများပါသော ဖလံနယ် အနွေးထည်လက်ရှည်ကို ကြယ်သီးစုံတပ်လျက် သူမ ဝတ်ထားသည်။ လက်အစုံသည် ဖောရောင်မှို့မောက်လျက် ဝင်းထိန်နေသည်။ ခုထားစရာ အောက်ခံခေါင်းအုံးမရှိသောကြောင့် ပိန်သွယ်သော လည်ပင်းသည် စောင်းလိမ်လျက် ပခုံးနှင့်ပါး ထိနေသည်။ ဖြစ်သလိုနှောင်ထားသော ဆံပင်များ ပြေလျော့ကာ လည်ပင်းအောက်တွင် တချို့၊ ဦးခေါင်းနောက်ဝယ် တချို့ ဖြာကြဲနေသည်။ သူမ၏ မျက်နှာပြင်တစ်ခုလုံး ဝါထိန်နေသည်။ ပါးပြင်နှစ်ဘက် ဖူးရောင်လျက် နှုတ်ခမ်းများ ပြာနှမ်း ထူအန်းနေသည်။ ဖောင်းမို့သော မျက်ခွံအောက်မှ ဘယ်ဘက်မျက်လုံးအိမ်သည် မသိမသာလေး ပွင့်ဟနေသည်။ နဖူးကျယ်ကျယ် နှာတံ မပေါ်တပေါ်နှင့် ရုပ်ရည်သန့်ပြန့်သော မိန်းမငယ်တစ်ဦး ဖြစ်သည်။

သူမဘဝ၏အနာဂါတ်၊ သူမ လွယ်ပိုးခဲ့ရသော ရင်သွေး၊ သူမ၏ မျှော်လင့်ချက် မျိုးဆက်။ အရာအားလုံးသည် ကြေကွဲပျက်သုန်းခဲ့ရပြီ။ သူမနှင့်အတူ လိုက်ပါသွားမည့် ရင်သွေးသည် ယောကျာ်းလေးလား၊ မိန်းကလေးလား၊ သူမ သိခွင့်မကြုံခဲ့။ ကျွန်တော် မသိ။ ကိုမြကျော်လည်း မသိ။ လောကကြီးကလည်း မသိ။ သိရန်လည်း မလိုအပ်တော့ပြီ။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ကိုမြကျော်က အလောင်းဆီသို့ ငေးကြည့်နေသည်။ ခေါင်းအုံးတစ်ခု သို့မဟုတ် လုံချည် အင်္ကျီစများကို ဘေးပတ်ဝန်းကျင်တွင်ရှာကြည့်သည်။ မှို့များ ပွင့်ထွက်ပြီး ပေရေနေသော ခေါင်းအုံးဆိုးတစ်ခုကို တွေ့သည်။ မသင့်တော်ပေ။ အသုဘခေါင်းစရာမှ ကျန်ခဲ့သော ပျဉ်တိုသုံးချပ်ကို ကျန်ခဲ့သော ပလတ်စတစ်စဖြင့် သပ်သပ်

www.burmeseclassic.com



ရုပ်ရုပ်လေး ပတ်သည်။ သူမ၏ ဦးခေါင်းအောက်တွင် ခုသည်။ ဦးခေါင်းကို တည့်သည်။ ဆံပင်ကို လည်ပင်းဘေးတွင် စုခွေထားလိုက်သည်။

ကျွန်တော့်အနီးသို့ ကိုမြကျော် ရောက်လာသည်။ သူမ၏ ခြေမ နှစ်ချောင်းကို သားရေကွင်းဖြင့် ပူးနှောင်သည်။ အလောင်းကိုမကြည့်ဘဲ ကျောခိုင်းလျက် ရပ်သည်။ စီးကရက်ဖွာရှိုက်ကာ အသုဘအခေါင်း ပြုပြင်နေသူများကို ကြည့်နေသည်။ သူ့လက်မှနာရီကို ငုံ့ကြည့်ပြီး 'ဆယ့်နှစ်နာရီ ကျော်ရုံပဲရှိသေးတယ်၊ ကိစ္စထွေထွေထူးထူး မရှိတော့ပါဘူး၊ နိဗ္ဗာန်ယာဉ်က တစ်နာရီလာမယ်လေ၊ လမ်းနားဘက်က လက်ဖက်ရည်ဆိုင် သွားမယ်၊ ကိုခိုင်အောင် တစ်ခုခုစားပါလား'

'ကျွန်တော် မစားချင်ဘူး၊ လက်ဖက်ရည်ဆိုင်သွားလေ'

ကျွန်တော်တို့ ထိုနေရာမှ ထွက်လာခဲ့ကြသည်။

မနေ့က ညအချိန်မျိုးတွင် ဤနေရာမှ အသုဘတစ်ခုကို စီစဉ် လိုက်ပို့ခဲ့ကြသည်။ ကျွန်တော်တို့နှင့် ကျောင်းနေဘက်မိတ်ဆွေတစ်ဦး၏ ဖခင်ဖြစ်သည်။ စစ်တွေသို့ ဆေးကုလာရင်း ဆေးရုံ၌ဆုံးသွားသည်။ ကျွန်တော်တို့ မိတ်ဆွေ အဝိုင်းအဝန်းများ စုပေါင်းစီစဉ်ခဲ့ကြသည်။ ၎င်းမှ ဆက်၍ ကိုမြကျော်၏ ယခုကိစ္စ သီးသန့်ပေါ်လာခြင်း ဖြစ်သည်။

ကုန်ခဲ့သော တမြန်နေ့ည ရှစ်နာရီထိ ထိုအသုဘ၌ ကိုမြကျော်သည် ကျွန်တော်နှင့် ရှိနေခဲ့သည်။ သံဃာတော် တရားနာရန်ကြွလာစဉ် စာပေ မိတ်ဆွေတစ်ဦးနှင့် တွေ့စရာရှိ၍ သူ ပြန်သွားသည်။ ဆရာတော် တရား ဟောကြားနေစဉ် လတ်တလောဆုံးလာသော အလောင်းတစ်ခုကို ရင်ခွဲရုံသို့ သယ်လာသည်။ အစပိုင်းတွင် ကျွန်တော်တို့ သာမန် မေ့မေ့လျော့လျော့။

ခပ်မာမာဟောက်သံ၊ အောက်ကြို့တောင်းပန်သံ၊ ယောကျ်ားတန်မဲ့ ငိုသံထက်ဝက်နှင့် ပြောသံများ ကျယ်လာသည်။ အာရုံများက ထိုဘက်သို့ လှည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်နှင့် အမျိုးသမီးတစ်ဦး၏အလောင်းကို ရင်ခွဲရုံတံခါးဝတွင် ချထားသည်။ ခပ်ဖွဲဖွဲမိုးထဲတွင် သယ်လာသောကြောင့် မိုးရေ စိုရွှဲနေသည်။ နဖူးနှင့် နှာသီးဖျားတွင်တင်နေသော မိုးစက်များသည် ခပ်စောင်းစောင်း ထိုးကျနေသောမီးရောင်နှင့် လက်နေသည်။ လင်ယောကျ်ားဖြစ်ဟန်တူသူ သည် လွယ်အိတ်နစ်လုံးကို တစ်ဖက်တစ်ချက်လွယ်ပြီး တိုလီမိုလီပါသော ကြိမ်ခြင်းတစ်ခုကို ဘယ်လက်၊ လေးဆင့် သွပ်ချိုင့်တစ်ခုကို ညာဘက် လက်တွင်ကိုင်ကာ အလောင်းဘေးတွင်ရပ်နေသည်။ ဝမ်းနည်း ကြေကွဲနေ သဖြင့် နှုတ်ခမ်းများတုန်ယင်၊ ပါးစပ်မဲ့ရွဲ့ကာ စကားကို ပီပီပြင်ပြင် မပြောနိုင်ပေ။ ရင်ခွဲရုံစောင့်လူငယ်က ပိတ်ထားသောတံခါးဝတွင် ရပ်ကာ စကားရင့်ရင့်ပြောနေသည်။ အနည်းငယ်သောက်စားထားပုံ ရပေသည်။

'အစ်ကိုတို့ စဉ်းစားကြည့်ပါဦး၊ ဒီလူတွေက သူတို့ အလောင်းကို အမှိုက်ပုံလို ဒီမှာထားခဲ့မယ်၊ လာမယ် မလာမယ် သေချာတာလဲမဟုတ် ဘူး၊ ဒါ ကျန်းမာရေးဌာနပါ၊ ရက်စွန်းလာရင် ပတ်ဝန်းကျင်ကို ထိခိုက်တယ်၊ မလာရင် ကျွန်တော်တို့မောပြီ၊ အလုပ်ရှုပ်တဲ့အထဲမှာ ဒီအလုပ်က စိတ်ညစ်ဖို့ အကောင်းဆုံးပဲ'

ကျွန်တော်တို့ ရောက်လာသောအခါ သူ့လေသံက အလုပ်သဘော ဆန်သွားသည်။

'ဟော့လူ၊ မိန်းမသေတာ အဆန်းလားဗျ၊ အူတူတူ ကြောင် တောင်တောင်နဲ့၊ ခင်ဗျား ပြန်လာမယ့်သူမဟုတ်ပါဘူး၊ ပေး မထားနိုင်ဘူးဗျာ၊ ဟိုဇရပ်မှာထားပြီး ဖြစ်သလို သဂြိုဟ်ပေါ့'

အလောင်းရှင်သည် ကျေးတောနေတစ်ဦးဖြစ်သည်။ တစ်စုံတစ်ရာ တုံ့ပြန်ရန် ကိုယ်နှုတ်အမူအရာပြင်သည်။ ပါးစပ်မှ အသံထွက်မလာဘဲ ကျွန်တော်တို့ကို ပါးစပ်ဟ မျက်လုံးပြူးကာ စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ရပ်တကျေး မြို့ပေါ်၌ အသုဘအတွေ့အကြုံမရှိသူ၊ လုပ်ထုံး အစဉ်အလာများကို သိနားလည်ခြင်းမရှိသူ၊ သည်အထဲ ပရိဒေဝ ဖိစီးနေသေးသည်။ ကျွန်တော်တို့က ညှိညှိနှိုင်းနှိုင်းပြောပေးသည်။ ခင်ဗျား တို့ ဘယ်ကလဲ၊ ငွေ ဘယ်လောက်ကျန်သေးသလဲ (တစ်ရာကျော်)၊ စစ်တွေမှာ အသိမိတ်ဆွေရှိသလား၊ (မော်တော်ဆိပ်မှာ)၊ မနက်ဖြန်မနက် ကိုးနာရီလောက် ဒီကိုလာခဲ့၊ ငွေငါးရာလောက်ရှာခဲ့၊ အဆင်မပြေရင် ပစ္စည်းတွေရောင်းဗျာ။

'ဟော့လူ ဖြစ်အောင်လာနော်၊ မလာရင် ခင်ဗျားတို့လိပ်စာ ဆေးရုံမှာ ရှိတယ်၊ မလွယ်ဘူးနော်'

'ဟော့လူ ခင်ဗျား တော်တော့' ရင်ခွဲရုံစောင့်အား ကျွန်တော်တို့က ဟန့်တား ဖျောင်းဖျကြသည်။ မိတ်ဆွေတစ်ဦးက 'ရော့ ခင်ဗျားကလေးတွေ စာအုပ်ဝယ်ဖို့' ဆိုပြီး ငွေတစ်ရာပေးသည်။ အရက်သောက်မပစ်နဲ့နော်၊ သောက်ချင်ရင် ဟိုမှာရှိတယ်ဟု ထောင့်တစ်နေရာကို ညွှန်သည်။

တံခါးကိုဖွင့်ပြီး အလောင်းကို အထဲသို့သွင်းလိုက်သည်။ လင်ယောကျ်ားက မတုန်မလှုပ် ရပ်ကြည့်နေသည်။ ကျေးဇူးတင်ပါတယ်ဟု အခါခါ ထပ်ပြောပြီး မိုးထဲတွင် သူ ထွက်သွားခဲ့သည်။

သည်ဖြစ်ရပ်ကို အသုဘပို့ရင်း သင်္ချိုင်းမှာ ကျွန်တော်တို့ ပြန်ပြော ဖြစ်ကြသည်။ ကိုမြကျော် စိတ်ဝင်တစားနားထောင်သည်။ လှုပ်လှုပ်ရှားရှား သူဖြစ်သွားသည်။ 'အမျိုးသမီးက ကိုယ်ဝန်နဲ့ပေါ့'ဟု တွေးတွေးဆဆ တစ်ဦးတည်းပြောပြီး တစ်ခုခုကို စဉ်းစားသလို ဖြစ်နေသည်။ ရောက်တတ် ရာရာ ပြောနေသော စကားဝိုင်းတွင် သူ ဝင်မပါတော့ပေ။

ကိုမြကျော်က ဣန္ဒြေသမား၊ အတွေးသမားဖြစ်သည်။ မျက်နှာ တည်တည်နှင့် မဟုတ်ဘဲ နှစ်လိုဖွယ်အပြုံးရှိသည်။ စိတ်ရှည်ဖြူစင်ပြီး ကူညီတတ်သူဖြစ်သောကြောင့် ခင်မင်လေးစားကြသည်။ ကျောက်ဦးမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးတောရွာ၊ ချောင်လည်သော မိသားစုထဲက ကြီးပြင်းလာသည်။ မြို့နေ အထက်လွှာများလို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားနေထိုင်တတ်သည်။

'ကျွန်တော်က တောသားပေမယ့် မင်းသားလေးလို နေချင်စိတ် ပါလာတယ်၊ အဖေက ကြည့်လို့ကိုမရဘူးတဲ့၊ ဝင့်ပါတယ်ပေါ့ဗျာ'ဟု သူ့ကိုယ်သူ ခပ်လှောင်လှောင်ပြောတတ်သည်။ ကျွန်တော်နှင့် စစ်တွေ ကောလိပ်တွင် ဆုံကြသည်။ စာပေအနုပညာ မြတ်နိုးစိတ်တူသောကြောင့် ညီအစ်ကိုပမာ၊ ငယ်ပေါင်းရောင်းရင်းပမာ ချစ်ခင်ခဲ့ကြသည်။ အနေအထိုင် အပြောအဆို နူးညံ့သလောက် အစားအသောက် ကြဲကြဲခံနိုင်သည်။ အလယ်တန်းဆရာဘဝနှင့် ဘီအိုးဒီ (အထက်တန်းဆရာဖြစ်သင်တန်း) ကျွန်တော်တို့တက်ကြသည်။ တက်ချင်လို့ မနည်းကြိုးစားပြီးတက်လာရတာ စီးပွားရေးက အရင်လိုမဟုတ်၊ အဖေဆုံးပြီး မိသားစုကို 'တာဝန်ယူနေ ရသည်ဟု ပြောသည်။ သင်တန်းတစ်လျှောက် နံနက်ညစာ ကျောင်း ထမင်းဟင်းမှလွဲ၍ ဘာမျှမစား၊ လက်ဖက်ရည်ကော်ဖီမသောက်၊ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်ထိုင်လျှင် ရေနွေးကြမ်းသောက်ပြီး ဆေးလိပ်ဖွာမည်။ ကျွေး၍လည်း မရ။ ဆေးလိပ်ကိုတော့ စွဲလမ်းသည်။ ညဘက်များတွင် တယောအိုကလေးနှင့် နွဲ့နေတတ်သည်။ ကျောင်းအားလျှင် တစ်ခါတစ်ရံ မြေနီကုန်း ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များကို သွားမွှေကြ၊ ဈေးပေါလျှင်ဝယ်စုကြသော စရိုက်မျိုး ကျွန်တော်တို့ တူသည်။ ကျောင်းပြန်သောအခါ သူ့စာအုပ်များက ကျွန်တော့်နှစ်ဆခန့် ရှိမည်။

စစ်တွေသို့ သူတာဝန်ကျသောအခါ၊ ကျွန်တော်ပျော်သည်။ သူ့အရည်အချင်းနှင့် စိတ်ဓာတ်ကို ကျွန်တော်ယုံသည်။ စာပေ အနုပညာ၌ သူ ပို၍ ရှင်သန်လာသည်။ ပညာရေး၌လည်း သူ အောင်မြင်သည်။ ဝင်ငွေကို သိက္ခာအပြည့်နှင့်ရှာပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com


စေတနာကို တပည့်များ မိဘများက နားလည်ကြသည်။ သူ့ ညီမငယ် နှစ်ဦးနှင့် အဒေါ်ကို ခေါ်သည်။

'ကျွန်တော်တို့ စာပေသမား၊ ကျွန်တော်တို့ကျောင်းဆရာဆိုတာ အပေးသမားတွေပါ၊ အစွန့်သမားတွေပါဗျာ၊ ယူတယ်ဆိုတာ လောဘ မဟုတ်ပါဘူး၊ ဘဝမှာ ငွေရရလေးနေဖို့၊ နောက်ထပ်များများပေးနိုင်ဖို့ အတွက်ပါဗျာ' သူ့အတွက် ဘဝလမ်းကို ရွေးချယ်ပြီးသား ဖြစ်ပေသည်။

မနေ့က အသုဘအပြန်တွင် သူက စကားဆန်းဆန်းပြောသည်။

'တစ်ဖက်သားကို အထင်သေးစော်ကားတယ် မဟုတ်ပါဘူး၊ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတယ်၊ ဟိုလူက သူ့မိန်းမကို လာပြီး သင်္ဂြိုဟ်ဖို့ သိပ်မလွယ်ဘူးထင်တယ်၊ အဲဒါဆိုရင် တော်တော်စိတ်မကောင်း စရာပဲ၊ ကိုယ်ဝန်သည်ဆိုတော့ ဗိုက်ထဲက ကလေးအတွက်ပါခံစားရတယ် ဗျာ'

'ခင်ဗျားက လူပျိုကြီးမို့လို့ပေါ့၊ မိသားစုနဲ့ ကလေးအဖေဆိုရင် ဒီထက် ပိုခံစားရမှာ' ကျွန်တော်က ခပ်ပေါ့ပေါ့ပြန်ပြောခဲ့မိသည်။ သူက ဘာမှပြန်မပြော။ နှမ်းယဲ့စွာပြုံးသည်။ သူ့မျက်ဝန်းများက ဝေမှိုင်းနေသည်။

ယနေ့ နံနက်ဆယ်နာရီခန့်တွင် ကျွန်တော့်ထံသို့ သူ ရောက်လာခြင်း ဖြစ်သည်။

'ကိုခိုင်အောင် လိုက်ခဲ့ပါဗျာ၊ မနေ့က အသုဘကို ကျွန်တော် စီစဉ်နေတယ်၊ နောက်မှ အေးအေးဆေးဆေးပြောပြမယ်၊ လာသွားကြမယ်'

ကျွန်တော်တို့နှစ်ဦး ဝေယျာဝစ္စတွေနှင့် အလုပ်ရှုပ်နေသဖြင့် စကား ရှည်ရှည် မပြောဖြစ်ကြ။ သူနှင့် မည်သို့ ပတ်သက်သွားသလဲ၊ ကျွန်တော် မတွေးတတ်။

* * *

www.burmeseclassic.com

www.burmeseclassic.com


ရင်ခွဲရုံရှေ့၌ လမ်းမကြီးသည် တောင်နှင့်မြောက်ကို ဖြောင့်တန်းစွာ ပြေးနေသည်။ ဤလမ်းကို ထောင့်မှန်ကျလျက် အရှေ့အနောက်ဖြတ်သော လမ်းရှိသည်။ လမ်း၏ အရှေ့ဘက်အဆုံး၌ ကုလားတန်မြစ်ကမ်းဖြစ်သည်။ ညာဘက်တွင် ဆေးရုံဝင်းကြီးတစ်ခုလုံးဖြစ်၍ ထုံးဝါရောင် အဆောက်အဦများ ဆက်တိုက်ရှိနေသည်။ လမ်း၏ နောက်တစ်ဘက်တွင် ကျေးလက်တောရွာနှယ် သစ်ပင်ကြီးများ စီတန်းနေသည်။ ပိတောက်ပင်ကြီးများနှင့် ပျဉ်းမပင်ကြီးများ ပါသည်။ သစ်ရိပ်အောက်တွင် စတိုးဆိုင်ငယ်များ၊ ဆေးဆိုင်ငယ်များရှိကြသည်။ မြစ်ပြင်ကို မျက်နှာမူလျက် ကျွန်တော်တို့ လျှောက်လာကြသည်။ မြစ်ဘက်နှင့်နီးလာလျှင် ပင်လယ်ကဗ္ဗီးပင်များ ရှိသည်။ မြစ်ဘက်မှ လေတိုက်နေသဖြင့် ကဗ္ဗီးရွက်များ တရှဲရှဲ၊ တရှီးရှီး မြည်နေသည်။

'မနေ့ညနေဘက် ကျူရှင်ပြီးတော့ ကိုဇော်ဆီကို သွားတယ်၊ ကျွန်တော်နဲ့ ခင်တဲ့ ဆရာဝန် ကဗျာဆရာလေ၊ ကိုခိုင်အောင် သိပါတယ်၊ အသုဘ မသဂြိုဟ်ဖြစ်ဘူးဗျာ၊ အဲဒီ အမျိုးသမီးရဲ့ ဆေးရုံမှတ်တမ်းတွေလဲ ကိုဇော် ကူညီပေးပါတယ်၊ ကျွန်တော့်အပေါ် သံသယ ကင်းပြီးသားပါ၊ ရောဂါက အီကာလစ်စီးယားဆိုလားပဲ၊ ကိုဝန်ဆောင် သွေးဆိပ်သင့်တယ်ပေါ့ဗျာ၊ မိခင်လောင်းတစ်ဦးအနေနဲ့ အာဟာရလဲတော်တော်ချို့ယွင်းနေတယ်၊ ဆေးဝါးကုသမှုလဲ နောက်ကျတယ်၊ ဆင်းရဲတာလဲပါမှာပေါ့လေ'

လမ်းရှေ့တည့်တည့်မှ မြစ်ပြင်ကို မြင်နေရသည်။ နောက်ခံ တောင်တန်းကြီးများ မှုန်ဝါးဝါးဖြစ်နေသည်။

'ကျွန်တော် တစ်ညလုံး အိပ်မရဘူး၊ သချိုင်းမှာ ကိုခိုင်အောင်တို့ ပြောနေကတည်းက ကျွန်တော် စိတ်မကောင်းတော်တော်ဖြစ်သွားတယ်၊ ခုလို မိုးဦးမှာပဲ ကျွန်တော့်အမေဆုံးတာ၊ ကိုယ်ဝန်ကြီးနဲ့ပဲ၊ ကျွန်တော့်မျက်စိထဲ ခုထိ မြင်နေသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com

သူ့အသံ အနည်းငယ်လိုက်ပြီး တိတ်သွားသည်။ ကျွန်တော့်ရင်ထဲ ဆို့နင့်သွားသည်။ မြစ်မှ လှိုင်းပုတ်သံများ ကြားနေရသည်။

'ကျွန်တော်က မြောက်ဦးမှာ စာသင်နေတယ်၊ ခြောက်တန်း၊ ညီလေးတစ်ယောက်ရတော့မယ်ဆိုပြီး ပျော်နေတာ၊ အမေ ဆုံးတယ်လို့ သိရတော့ ငိုတာပဲ၊ အဲဒီတုန်းက မိုးကြီးလို့ ချောင်းတွေ လယ်ကွင်းတွေမှာ ရေတွေလျှံနေတာ ကျွန်တော် မှတ်မိနေတယ်၊ ရွာကို လှေနဲ့လာခဲ့တော့ လှေပေါ်မှာ ငိုတာပဲ၊ အမျိုးသမီးရဲ့အလောင်းကို ခပ်ဝေးဝေးကကြည့်ရင် ကျွန်တော့်အမေလိုပဲ၊ သူက အသက်ငယ်တယ်၊ ကျွန်တော့်အမေဆုံးတော့ သုံးဆယ့်လေး၊ ကျွန်တော်နဲ့ ညီမလေးတွေ ကျန်ခဲ့တယ်၊ သူ့မှာက ပထမဦးဆုံး သားဦးကိုယ်ဝန်၊ အေးဗျာ လူ့ဘဝမှာ ဘယ်လိုခေါ်မလဲ'

ကျွန်တော်တို့ စကားမဆက်မိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။

'မနက်လင်းချင်းပဲ ဆေးရုံကို ကျွန်တော်သွားတယ်၊ တာဝန်ယူပြီး သဂြိုဟ်မယ်ပေါ့၊ ဘာမှ မပတ်သက်တဲ့သူဆိုတော့ ပြောပြ ရှင်းပြရတာပေါ့၊ ကိုဇော်က အများကြီး ထောက်ခံကူညီပေးပါတယ်၊ ငွေကုန်တာကိုထား ဒီကိစ္စပြေလည်ဖို့ အောက်ကျို့ တောင်းပန်ရမှာကိုလဲကျွန်တော် ဝန်မလေးပါဘူး၊ ဆေးရုံတာဝန်ရှိသူတွေလဲ အများကြီးကောင်းပါတယ်၊ ဆရာဝန်ကြီးကို ကျွန်တော်ပြောခဲ့တယ်၊ ကျွန်တော့်အမေလဲ သူ့လို ဆုံးခဲ့ပါတယ်၊ အမေ့အတွက် အမှတ်တရ လုပ်တာပါ၊ ခုလို ခွင့်ပြုတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်လို့၊ သူက လက်ဆွဲနှုတ်ဆက်ပြီး ပြန်ထွက်ခါနီး သာဓုပါလို့တောင် ရယ်ရယ်မောမော ပြောသွားသေးတယ်'

သူ ပေါ့ပါးသွားသည်။ အပျော်သံ ကပ်ပါလာသည်။

'ထောင်စုသစ်ကြိုတဲ့ အမေ့အလှမ်းပြေ ကုသိုလ်ပွဲခင်းလေးပေါ့' ကျွန်တော် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားဟာက ကဗျာတစ်ပိုဒ်စပြီလေ၊ ဆက်လုပ်ဗျာ' ကလေးငယ်တစ်ဦးပမာ သူ ပြုံးရယ်သည်။

မြစ်ပြင်ကို မျက်နှာပြုထားသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကြသည်။ မိုးဦးလေကြောင့် အနည်းငယ် လှိုင်းကြမ်းနေသည်။ မြစ်တစ်ဘက်ကမ်းမှ တောင်တန်းများကို လုံးဝ မမြင်ရတော့ချေ။

'ဟိုဘက်ကမ်းက ပေါက်တောမြို့နယ်ပဲ၊ အမျိုးသမီးရဲ့နေရပ်က ပုဏ္ဏားကျေးလား၊ ပုဏ္ဏားကြီးလား မသိဘူး၊ ဆရာဝန်လက်ရေးဆိုတော့ ဖတ်ရ မလွယ်ဘူး၊ ပေါက်တောက မိတ်ဆွေတွေသိမှာပါ၊ ကျွန်တော်တို့ ခရီးကြုံလို့ရောက်ရင်လဲ အကျိုးအကြောင်း ဝင်ပြောရတာပေါ့'

'သူ့ယောက်ျား အခုနေ အသုဘမှာရောက်လာရင်တော့ ပိုကောင်းသွားမယ် ကိုမြကျော်'

'အေးဗျာ သူလဲ မလာဘဲဘယ်နေချင်ပါ့မလဲ'

* * *

နီဗွာန်ယာဉ်ကို ဆယ့်ငါးမိနစ်ခန့် စောင့်ဆိုင်းပေးပါရန် ကိုမြကျော်က အတ္တာရပ်ခံသည်။ စီးကရက်ဖွာလျက် လမ်းမကြီးဘက်သို့ကြည့်ရင်း နာရီကိုကြည့်ရင်း ကိုမြကျော် စိတ်လှုပ်ရှားနေသည်။

စီးကရက်ကို မြောင်းထဲသို့လွှင့်ပစ်ပြီး ကားဆရာရေ သွားကြမယ်ဟု ဆိုကာ ကားပေါ်တက်သည်။ နီဗွာန်ယာဉ်က ရှေ့မှ စထွက်သည်။ နောက်မှ တိုယိုကာနောက်ပွင့် ကားလေးတွင် ကျွန်တော်၊ ကိုမြကျော်နှင့် ကိုကြီးသိန်းတို့အဖွဲ့ လိုက်ပါခဲ့ကြသည်။

အသုဘကို ဖြစ်ကတတ်ဆန်းမဟုတ်ဘဲ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာ အညီ ပြုခဲ့သည်။ လာပို့သူက ခြောက်ဦး၊ အသုဘရှင်က သန့်သန့်ပြန့်ပြန့်၊

www.burmeseclassic.com

www.burmeseclassic.com



သေသူက အဝတ်အစား ဆင်းဆင်းရဲရဲ၊ ကိုယ်လေးလက်ဝန်ကြီးနှင့်။ အသုဘသည် စည်းဝါးမကျ ဖြစ်နေသည်။

'တပည့်တော်ရဲ့ ညီမလေးပါ ဘုရား၊ ဝေးသွားတာကြာပါပြီ၊ ဆေးရုံမှာ ဆုံးပြီးမှ သိရပါတယ် အရှင်ဘုရား' သူ့အသံသည် ပကတိ တည်ငြိမ်နေသည်။

အသုဘခေါင်းအဖုံးကို သံမရိုက်မီ အမျိုးသမီးငယ်အား နောက်ဆုံးအကြိမ် ကြည့်လိုက်မိသည်။ ကိုမြကျော်က ကျွန်တော်တို့ကို ကျောခိုင်းကာ ရပ်လျက် ပြန်ကြွသွားသော သံဃာအရှင်အား ငေးကြည့်နေသည်။

* * *

နံနက်လင်းသည်နှင့် ကျွန်တော့်ထံသို့ ကိုမြကျော် ရောက်လာပြန်သည်။ လန်းဆတ်ပေါ့ပါးသော အပြုံးနှင့် ဖြစ်သည်။

'မနေ့ညက ကျွန်တော် နည်းနည်းလေး လိုသွားတယ်ဗျာ၊ လိုက်ခဲ့ပါဦး ကိုခိုင်အောင်ရေ၊ ကျောင်းရှိရင်လဲ ဒီတစ်မနက်တော့ လိုက်ကူပါဦး'

ကျွန်တော် ငြင်းစရာမရှိပါ၊ ကျွန်တော်တို့ စက်ဘီးကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ မနေ့က အကြောင်းများကို ကျွန်တော်တို့ ပြောလာကြသည်။ ကျွန်တော့်ရင်ထဲ၌ ဖြစ်တည်နေသော မေးခွန်းတစ်ခု ရှိသည်။

'ကျွန်တော် သတိထားမိတယ်၊ အဲဒီ အမျိုးသမီးကို ခင်ဗျား သေချာ မကြည့်ဖြစ်ဘူးနော်'

သူက ကျွန်တော့်ကို အံ့သြစွာကြည့်သည်။ နှမ်းလျစွာ ပြုံးသည်။

'ဟုတ်တယ် ကိုခိုင်အောင်၊ သူ့မျက်နှာကို မကြည့်မိအောင် နေခဲ့တယ်၊ ကျွန်တော်က စကတည်းက အမေ့အသုဘလိုခံစားပြီး ထုပ်နေတာ။ သူ့ကို ကြည့်မိရင် တစိမ်းမျက်နှာကို မြင်ရပြီး အာရုံပျက်သွားမှာ စိုးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက နိုးတစ်ဝက်နဲ့ အမေ့ကိုပဲမြင်နေတယ်၊ အမေ့ကို ကိုယ်တိုင် သင်္ဂြိုဟ်လိုက်ရသလို ကျွန်တော် ခံစားရတယ်၊ မစမ်းဖြူဘဝက တော်တော် ကြေကွဲစရာကောင်းပါတယ်၊ သူ့ရင်သွေးအတွက် ပိုပြီး စိတ်မကောင်းစရာ ပေါ့'

ဆိုင်းဘုတ် ပန်းချီဆိုင်ငယ်တစ်ခုရှေ့တွင် ကျွန်တော်တို့ ရပ်ကြသည်။ ဆိုင်ထဲသို့ သူ ဝင်သွားသည်။ သစ်သားမှတ်တိုင်တစ်ခုကိုယူပြီး ကျေကျေ နပ်နပ် ပြုံးလျက် သူ ထွက်လာသည်။

သပ်သပ်ရပ်ရပ် မှတ်တိုင်လေး။

မစမ်းဖြူ (ပေါက်တော)

အသက် ၂၂ နှစ်။

နီညိုရောင်ပျဉ်ပေါ်တွင် အဖြူရောင်ဆေးဖြင့် ဝိုင်းစက်စက်ရေး ထားသည်။ မနေ့ညကတည်းက အပြီးသတ် မှာထားခဲ့ခြင်း ဖြစ်ပေမည်။ ရှုပလွန်းသော သူ့စိတ်ကူးကို ရင်ထဲ၌ ချီးကျူးနေမိသည်။

'ဆင်းဆင်းရဲရဲ သေရပေမယ့် ဘဝမှာ မှတ်တိုင်လေးတစ်ခုတော့ ရှိသင့်ပါတယ်ဗျာ၊ ကျွန်တော်တို့ လုပ်ပေးရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား ကိုနိုင်အောင်'

ဘာကြောင့်မှန်းမသိ ကျွန်တော် ဝမ်းနည်းသွားသည်။ သို့သော် ကြည်နူးနေသည်။ စကား ပြန်မပြောမိ။ သူ့ကို ပြုံးလျက် ခေါင်းညိတ်ပြမိ သည်။

လူသားတစ်ဦး သေဆုံးသွားသောအခါ သူ့အတွက် ဝမ်းနည်း ပူဆွေးသူ အနည်းနှင့်အများရှိကြပါလိမ့်မည်။ အရေးကြီးသည်မှာ တန်ဖိုးထား ကြေကွဲမှုဖြစ်ပါသည်။ ကျွန်တော်တို့ သေဆုံးသောအခါ ကျွန်တော်တို့ကို တန်ဖိုးထားကြေကွဲသူ အနည်းဆုံးတစ်ဦးတော့ ရှိသင့်ပါသည်။ တဲဆိုး မှောင်ကျစွာနှင့် လူ့လောကကို ကျောခိုင်းသွားခဲ့ရသော်လည်း သူမအား

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားကြေကွဲသူတစ်ဦး ရှိနေခြင်းအတွက် သူမ သိခွင့်မကြုံတော့သော်လည်း မစမ်းဖြူ ကံကောင်းပါသည်။

စက်ဘီးကို ဆိုင်မှာထားခဲ့ပြီး ဆိုက်ကားတစ်စီး ငှားကြသည်။

'အစ်ကိုကြီးတို့ ဘယ်ကိုသွားမလဲ'

'သချိုင်းကို'

စာပေအနုပညာမြတ်နိုးသော ကျောင်းဆရာတစ်ဦးက သူနှင့်မည်သို့မျှ မပတ်သက်သော တောသူမငယ်တစ်ဦး၏ သချိုင်းမြေပုံတွင် မှတ်တိုင်ငယ်တစ်ခု စိုက်ခဲ့ပါသည်။

ဤလူ့ရွာမြေ၏ တစ်ခုသော သချိုင်းတစ်နေရာတွင် သုခုမသင်းမြသော မှတ်တိုင်ငယ်တစ်ခု ရှိပါသည်။

ထိုမှတ်တိုင်အောက်တွင် မစမ်းဖြူနှင့် ရင်သွေးငယ်တို့ ငြိမ်းချမ်းနေကြပါပြီ။

ထိုမှတ်တိုင်သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကမှ သေဆုံးသွားသော ကျေးတောသူမိခင်တစ်ဦး၏ မှတ်တိုင်လည်းဖြစ်နိုင်ပါသည်။

ထိုမှတ်တိုင်သည် အဝေနိကဒုက္ခနှင့် သေဆုံးသွားရသော အမျိုးသမီးများအတွက် မှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

ထိုမှတ်တိုင်သည် မိခင်၏ ဂီတ၊ မိခင်၏နို့ရည်ကို ခံစားသောက်ခွင့်မကြုံသော ရင်သွေးငယ်များအတွက် မှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

ထိုမှတ်တိုင်ကို စိုက်ထူပေးသူ၏ ဘဝမှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

မောင်နီနီအောင်

www.burmeseclassic.com

www.burmeseclassic.com

## အနောဂတ်ကမ္ဘာ

ကျူရိုးဦးထုပ်ကို ခေါင်းပေါ်ဆောင်းလိုက်ကာထန်းပင်တန်းလမ်းကလေးဆီ ခြေချလိုက်သည်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်း နောက် ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်မိသည်။

'မမွေဝေပုလ္လ စမ်းချောင်းတောရကျောင်း'

သံပန်းခက်များကြားတွင် ထွင်းထားသော ရွှေရောင်စာလုံးလေး များက သူမကို နှုတ်ဆက်နေသယောင် ထိုစာလုံးလေးများကို သူမ ငေးကြည့်နေမိသည်။

. သူမ ရပ်နေသည့် စိမ်းညို့ညို့မှိုင်းနေသည့် ထန်းပင်ပျိုတန်း လမ်း ကလေး၊ ထိုလမ်း၏ အဆုံးရှိ ကျောင်းဝင်းတံခါး၊ ထိုဝင်းတံခါးမှဝင်လိုက် လျှင် မန်ကျည်းပင်တို့ စီတန်းနေသည့် လမ်းဘေးတစ်ဖက်တစ်ချက်ရှိ သူတို့၏ သီလရှင်ကျောင်းကလေးများ၊ ထိုကျောင်းလေးများ၏ တံခိုင်း တစ်ဖက်တွင် ဆရာတော်ဘုရား၏ ကျောင်းဝင်း၊ ကျောင်း၏ အနောက် ဘက်တွင်တော့ ကျောင်း၏ အမည်နာမအစွဲပြုရာ စမ်းချောင်းကလေး။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် စမ်းရေစီးသံ တိုးသဲ့သဲ့နှင့်အတူ အေးချမ်းငြိမ်သက်ခြင်းတို့ ရှိနေသည်။ ဆည်းလည်းသံ ချိုမြမြနှင့်အတူ တရားမမ္မတို့ ရှိနေသည်။ ဝေစည်သော ကြေးစည်သံနှင့်အတူ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားတို့ ရှိနေသည်။

သူမ ခေါင်းကို ရှေ့သို့ ပြန်လှည့်လိုက်သည်။ ဟောဒီ ထန်းညိုပင်လမ်းကလေးကိုလွန်၊ ယာတော တစ်ကွက် နှစ်ကွက်ကို ဖြတ်ပြီးလျှင် သူမတို့ရွာ၏ ဘူတာရုံကလေးကို ရောက်မည်။ ဘူတာရုံကိုဖြတ်၍ ကုန်းမော့မော့လမ်းကို ကျော်လွန်ပြီးလျှင်တော့ သူမ၏ နေအိမ်ကလေးဆီ သူမ ပြန်ရောက်လိမ့်မည်။

ရပ်တန့်နေသော သူမ၏ ခြေထောက်များကိုကြွလိုက်သည်။ သန္တိသုခ၏ နှောင်ကြိုးတစ်ချောင်းက သူမခြေထောက်ကို တုန့်ဆွဲထားသည်။

ဟုတ်တယ်၊ အဲဒီ မှုန်ပျပျ လှမ်းမြင်နေရတဲ့ရွာကလေးမှာ လူသားတွေရှိနေမှာပဲ။ လူသားတွေနဲ့အတူ လောဘ၊ ဒေါသ၊ မောဟတွေလည်းရှိနေလိမ့်မယ်။ အဲဒီ လောဘ ဒေါသ မောဟတွေနဲ့ အတူရှိနေမှာကတော့ အပုမီးတွေပေါ့။ မိမိကိုယ်ကို၊ သူတစ်ပါးကို၊ ပတ်ဝန်းကျင်ကို လောင်မြိုက်နေတဲ့ အပုမီးတွေ။

အေးမြငြိမ်းချမ်းခြင်းဟူသော အရပ်ဒေသမှ ခြေတစ်ဖက်ကိုနှုတ်၍ ပူမြိုက်လောင်ကျွမ်းနေသော ဒေသသို့ ခြေတစ်ဖက်ချလှမ်းလိုက်ဖို့ဆိုတာ သူမအတွက် သိပ်ကို ခက်ခဲနေရလေသည်။ 'သမီးအဖေက သမီးကိုမြင်ရင် ဘယ်လောက် ဝမ်းသာလိုက်မလဲ၊ ချက်ချင်း နေကောင်းသွားမှာပဲ'

အမေ့ စကားက သူမရင်ထဲ စိမ့်ခနဲဖြစ်သွားစေသည်။

'မြို့သွား အလုပ်လုပ်လို့ ငွေတွေအများကြီးရတယ်၊ ငွေတွေကန်တော့လိုက်တယ်ဆိုရင် ပိုပြီးတောင် နေကောင်းဦးမယ်၊ နောက်ပြီး မငြိမ်း အလုပ်လုပ်မယ့် ကုမ္ပဏီက'

www.burmeseclassic.com

www.burmeseclassic.com



မြို့မှ သူမကို အလုပ်သွင်းပေးရန်လာခေါ်သော အစ်ကိုဝမ်းကွဲက စကားကို ဆက်မပြောဘဲ ရယ်မောနေသည်။

'လစာတွေအများကြီးရမယ်ဆိုတော့ သမီးရယ် ရွာမှာက ဟိုလူက သူတို့ကို သွင်းပေးပါဦး၊ ဒီလူက သူတို့ကို သွင်းပေးပါဦးနဲ့ သမီးကို အားကျပြီး လုပ်ချင်နေကြတာလေ၊ အမေကတော့ ပြောလိုက်တယ်၊ ဒါမျိုးဆိုတာ လူတိုင်း လုပ်ချင်တိုင်းရတာ မဟုတ်ဘူး၊ အဆက်အသွယ်ရှိမှလို့၊ အခု သမီးအစ်ကိုက အဲဒီ ကုမ္ပဏီမှာ မန်နေဂျာတစ်ပိုင်း၊ ကွန်ပျူတာ စာရင်းကိုင်တစ်ပိုင်း ဖြစ်နေတာလို့၊ ဒါကြောင့် ငါ့သမီးက လွယ်လွယ် ကူကူ အလုပ်ရတာလို့'

ကြွားဝါကျေနပ်နေသော အမေ့မျက်နှာ ပြုံးမြမြကို မော့ကြည့်ရင်း နောက်ခြေတစ်ဖက်ကို နုတ်၍ ရှေ့တစ်ဖက်ကို ခပ်ရဲရဲပင် လှမ်းချ တိုးဝင်လိုက်သည်။

တကယ်တော့ သူမသည်လည်း ပုထုဇဉ်လူသားတစ်ဦးအဆင့်မျှသာ ဖြစ်သည်ပဲလေ။

*　　*　　*

'အဖေ'

'ဟေ ဟ ငါ့သမီး' အဖေက ထန်းလက်ကုလားထိုင်ပေါ်မှ ဝမ်းသာအားရ ထသည်။ မထခင် လက်ထဲမှ ပုလင်းလေးကို ကပျာကယာ ကုလားထိုင်အောက် ဝှက်ထားလိုက်သည်ကို သူမက မြင်ဖြစ်အောင် မြင်လိုက်သည်မို့ သက်ပြင်းတစ်ချက်ရှိုက်လိုက်မိ၏။ ရင်ထဲတွင် မှိုင်းညို့ လေးလံသွားရသည်။

'ဟား ငါ့သမီး ဆရာမလေးက ဆံပင်တောင်တော်တော်ရှည်နေပါ ရောလား၊ အတော်ပဲ ခုခေတ် မော်ဒယ်ဆိုလား၊ မော်ကယ်ဆိုလား၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေက ဆံပင်အတိုတွေနဲ့၊ သမီးကလဲ အဲဒီ ကောင်မလေးတွေ ဆံပင်မျိုးနဲ့ ခေတ်မီသွားတာပေါ့၊ ဟုတ်လား'

အဖေ့စကားကို အလိုက်သင့်ပြုံးရင်းမှ သူမ အဖေ့ကို စေ့စေ့ ကြည့်လိုက်သည်။ ခန္ဓာကိုယ်က နံရိုးပေါ်အောင် ပိန်ကပ်နေသော်လည်း မျက်နှာက မို့အန်းအန်း ဖြစ်နေသည်။ ခြေထောက်များကလည်း အနည်းငယ် မို့နေသည်။

'အဖေ နေကောင်းရဲ့လား ဟင်'

'ဟား ကောင်းတာပေါ့ သမီးရ၊ ကောင်းတယ် ကောင်းတယ်၊ အဖေ နေကောင်းတယ်၊ သမီးကိုတွေ့ရတော့ အဖေ ပိုကောင်းသွားပြီ၊ အဖေ ဝမ်းသာသွားပြီ၊ အဲဒီတော့'

အဖေက ကုလားထိုင်ပေါ်ပြန်ထိုင်၍ ခုနဝှက်ထားသော ပုလင်းလေးကို ထုတ်ယူသည်။ 'ဒီမှာ သမီးအစ်ကို ကိုမျိုးက အဖေ့အတွက် လက်ဆောင် ဆိုပြီး ယူလာတာ၊ သူတို့ဆီမှာ ဒါမျိုးတွေ ပေါမှပေါဆိုပဲ သမီးရဲ့၊ ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ အဖေ နည်းနည်းသောက်မယ်နော် သမီး၊ နောက် အဖေ မသောက်တော့ဘူး၊ ဒါ နောက်ဆုံးပဲ၊ ဒါ နောက်ဆုံးပဲ'

နီကျင်ရီဝေနေပြီဖြစ်သော အဖေ့ မျက်လုံးများကိုကြည့်၍ ကိုမျိုးက သူမကို ပခုံးတွန့်ပြသည်။ ဘယ်အကြိမ်မြောက်မှန်း မရေတွက်နိုင်သလို ယုံကြည်ဖို့လည်း ဘယ်တော့မှ လိုအပ်လိမ့်မည် မဟုတ်သည့် အဖေ့ ကတိစကားကို သူမ ကျောခိုင်း၍ သူမ၏ အခန်းလေးထဲသို့ ဝင်ခဲ့သည်။

ဝင်လျှင်ဝင်ချင်း အခန်းနံရံရှိ ဓာတ်ပုံတစ်ခုက သူမကို ဆီးကြို နှုတ်ဆက်သည်။ ထိုဓာတ်ပုံကို သူမ စိတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်နေမိ သည်။ အဲဒါ ကိုကို့ရဲ့ပုံပေါ့၊ သူမရဲ့ တစ်ဦးတည်းသော အစ်ကိုရဲ့ပုံ၊ အားကစားဝတ်စုံနှင့် ဘောလုံးကိုပိုက်၍ ပြုံးရယ်နေသော ကိုကို့ပုံသည် သူမ အမြင်အာရုံ၌ တဖြည်းဖြည်း ဝေဝါးလေသည်။ မျက်လုံးကိုမှိတ်၍

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ယမ်းခါလိုက်သောအခါ မျက်ဝန်းထဲမှ မျက်ရည်ကြည်များက လျှံ၍ ပါးပေါ်သို့ စီးကျလာကြသည်။

နှုတ်ခမ်းကိုကိုက်၊ စိတ်ကိုထိန်း၍ သူမ ခုတင်ပေါ် လှဲချလိုက်မိသည်။

မောင်နှမနှစ်ဦးတည်းသာရှိသည်မို့ ကိုကို့အပေါ်တွင် သူမ၏ သံယောဇဉ်က တစ်ခုတည်းသော တွယ်ရာသို့ မှီကပ်တွယ်နေသည့် နွယ်တစ်ပင်လို အားကျခြင်းတွေ၊ ဂုဏ်ယူခြင်းတွေ၊ အားကိုးခြင်းတွေ၊ ချစ်ခင်ခြင်းတွေနှင့် နှောင်ရစ်နေခဲ့သည်။ ရုတ်တရက် ကိုကိုဆုံးသွားသည့်အခါမှာတော့ သစ်စိမ်းချိုးခံလိုက်ရသလို သူမ၏ သံယောဇဉ် နွယ်ပင်လေးသည်လည်း တွယ်ရာမဲ့ကာ ဆတ်ဆတ်ခါ၍ ကျန်ရစ်ခဲ့ရလေသည်။

နှစ်ယောက်အတူ ထိုင်ကျက်သည့် စာကြည့်စားပွဲကို ထိုင်မိသည့်အခါ အစားအစာတစ်ခုကို လုစားဖို့ မလိုအပ်တော့သည့်အခါ၊ သူမကို စနောက်၍ မလိုအပ်တော့သည့်အခါ၊ ဘောလုံးကန်ဖိနပ်တွေ၊ အားကစားဝတ်စုံတွေနှင့် ဘောလုံးကို မြင်ရသည့်အခါ သူမ ဘယ်လိုမှ ထိန်းချုပ်ခြင်းငှာ မစွမ်းသာဘဲ တစိမ့်စိမ့် ကြေကွဲငိုကြွေးခဲ့ရသည်။

ဆယ်တန်းစာမေးပွဲ ဖြေပြီးသည့်နောက်မှာတော့ ကိုကို့အရိုးကို ရှိနေသည့် အိမ်မှလည်းဝေးအောင်၊ စိတ်ပြေလက်ပျောက်အဖြစ် အမေ့၏ အဒေါ် သီလရှင်ဆရာကြီးရှိသော သီလရှင်တောရကျောင်းလေးတွင် ပျော်သလောက်ဟု သဘောထား၍ သူမ သီလရှင်ဝတ်ခဲ့လေသည်။ သို့သော်

'မိုးကလည်း မနှစ်ကခေါင်၊ ဒီနှစ်လည်းခေါင်၊ ဆက်တိုက်ခေါင်နေတာဆိုတော့ သမီးရယ်၊ အမေတို့လဲ စားရေးသောက်ရေး ကျပ်တယ်၊ ဒီကြားထဲ ညည်းအဖေက အသောက်ပဲ မဲနေတော့ ခက်တယ်'

ပိန်လှီနွမ်းလျနေသော အမေ့ကို ငေးကြည့်ရင်း အေးချမ်းနေသော မိမိကိုယ်ကို တစ်ကိုယ်ကောင်းဆန်ရာများ ကျနေပြီလားဟု စဉ်းစားမိလာရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်မသား ကိုမျိုးကတော့ မြို့ပေါ်က ကုမ္ပဏီမှာ လစာကောင်းကောင်း ရနေတယ်လို့ပြောတယ်၊ သမီးက ဆယ်တန်းအောင်ပြီးသားဆိုတော့ အဲဒီ ကုမ္ပဏီမှာ သူ အလုပ်သွင်းပေးရင် ရတယ်တဲ့၊ သမီး လုပ်မယ်ဆိုရင်တော့'

အမေ့ကို သူမ ဖျတ်ခနဲ လှမ်းကြည့်မိခဲ့သည်။ 'မိန်းမဆိုတာ နားကပ်လေးပါမှ တင့်တယ်တာ သမီးရဲ့'ဟု ပြောလေ့ရှိသော အမေ့ကို နားပေါက်ဟောင်းလောင်းနှင့်တွေ့ရသည်။

'ခိုင်းနွားတစ်ရှဉ်းလဲ ဖြုတ်လိုက်ရတယ်၊ မိုးကခေါင်၊ လူစာခက်၊ နွားစာခက်ဆိုတော့ သမီးရယ်'

သူမ 'ဟင်ခနဲ' ဖြစ်ကာ ရင်ထဲတွင် ကျင်ရှသွားရသည်။ နွားတစ်ရှဉ်း မရှိလျှင် လာမည့် မိုးဦးကျမှာ ဘယ်လိုလုပ်မည်လဲ။ နွားရောင်းရသော ပိုက်ဆံက လာမည့်နှစ် မိုးဦးကျချိန်ထိ ခံမည်ဟု ဘယ်သူအာမခံနိုင်မှာလဲ။ နွားတစ်ရှဉ်းမရှိလျှင် ငှားထွန်ရမည်။ ထိုအခါ ကိုယ်လိုသည့်အချိန်မှာ ရဖို့က မသေချာ။ မသေချာသည့်မိုးကို အားကိုး၍ မမှန်သည့်အချိန်နှင့်ဆိုလျှင် ကိုယ့်အခင်းက အောင်မြင်ဖြစ်ထွန်းဖို့ဆိုတာ မျှော်လင့်လို့မရနိုင်။ အဲဒီလိုဆိုလျှင် စိုက်ပျိုး၍ 'တောင်သူ' အဖြစ်သာ လုပ်စားတတ်သောသူမတို့ မိသားစု ဘယ်လိုရပ်တည်ရမလဲ၊ မတွေးရဲစရာ။

စိတ်ညစ်ရင်သောက်၊ ပျော်လို့သောက်၊ အပေါင်းအသင်းကောင်းလို့သောက်၊ ကြိုက်လို့သောက်နှင့် အရက်ဖြင့် မျက်နှာသစ်၊ အရက်ကို ရေလုပ်ချိုးနေသော အဖေ့ကိုတော့ အားကိုး၍ ရမည်မဟုတ်ပါ။

အမေ့နှုတ်ခမ်းများက ဘာစကားမှ ဆက်မပြောတော့သော်လည်း အမေ့မျက်လုံးများက စကားပေါင်းများစွာ ခုန်ထွက်နေသည်။ အမေ အထွက်ရခက်နေသော စကားလုံးများသည် အမေ့မျက်ဝန်းတွင် အရည်ကြည်များအဖြစ် စုအိုင်စိုလက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီး လူထွက်တော့မယ် အမေ'

သူမ စကားကြောင့် အမေက သူမကိုဖက်၍ မျက်ရည်များက တမံကျိုးသလို စီးကျလာခဲ့သည်။

ခုတော့ ဆရာလေး ဉာဏစာရီသည် 'ငြိမ်းအေးမြ'အဖြစ် လူ့လောကဆီ တစ်ဖန်ပြန်လည် ရောက်ရှိခဲ့ပြန်လေ၏။

* * *

'ဆရာ၊ ဒါ ကျွန်တော်ပြောထားတဲ့ ကျွန်တော့်ညီမလေး'

'ဩော် အေး အေး ထိုင်ကွာ၊ သမီး ထိုင်'

မန်နေဂျာဆိုသော ပုဂ္ဂိုလ်ကြီးက စာကြည့်မျက်မှန်ကို ချွတ်၍ စားပွဲပေါ်တင်သည်။ ကိုယ်ကို နောက်မှီထိုင်လိုက်ကာ သူမကို အကဲခတ်မျက်လုံးများနှင့် ကြည့်၏။

'မောင်မျိုးမင်းကလဲ သမီး အခက်အခဲကို ပြောပြီး ဦးကို အကူအညီ တောင်းထားတယ်၊ ဦးတို့ကုမ္ပဏီကလည်း တိုးချဲ့ဖို့ အစီအစဉ်ရှိထားတော့ သမီး ကံကောင်းပါတယ်၊ ဒါနဲ့ သမီး ကွန်ပျူတာတတ်ဖူးသလား'

'ဟင့်အင်း မတတ်ဖူးပါဘူး'

'Secretary ရော'

'မတတ်ဖူးပါဘူးရှင်'

'Accountant ကောကွာ'

'မတတ်ဖူးပါဘူး'

မန်နေဂျာကြီးက မျက်ခုံးတွန့်၍ ကိုကိုမျိုးကို ကြည့်သည်။

'ဒီလိုပါ ဆရာ၊ ဒီမှာ သူနဲ့သင့်တော်မယ့် အလုပ်နေရာမှာ သူ့ကို သွင်းပေးပြီး အားလပ်ချိန်မှာ ကျွန်တော် သူ့ကို training တက်ခိုင်းရမှာ

www.burmeseclassic.com

www.burmeseclassic.com


ပါ၊ ခုချိန်မှာတော့ သူ့မှာ ဘယ် training ရဲ့ ဘာ certificate မှ မရှိသေးဘူး ဆရာ'

'အေးလေ အဲဒါဆိုလည်း P.G. (Promotion Girl) ပဲရှိတော့မှာပေါ့၊ သူတို့လို ငယ်ရွယ်သွက်လက်တဲ့သူတွေက P.G နဲ့ ပိုသင့် ထင်တယ်၊ ဘယ့်နှယ်လဲ ကိုမျိုး promotor ညဥ့်အိပ်ညဥ့်နေ ခရီးထွက်နေရသေးတယ်'

'ဟုတ်ကဲ့' ဟု ဆို၍ ကိုကိုမျိုးက ဆုံးဖြတ်ရခက်သော မျက်နှာနှင့် သူမကို လှည့်ကြည့်သည်။

'ဒီလိုလုပ်ကွာ၊ သူ့ကို P.G ထဲမှာ သွင်းလိုက်၊ ဟုတ်လား၊ သူ ရမယ့်လစာ အခွင့်အရေးတွေ လုပ်ငန်းသဘာဝတွေကိုတော့ မင်းကပဲ သူ နားလည်အောင် ရှင်းပြပေးလိုက်ပေါ့၊ ဒီည ထက်ထက်တို့နဲ့ field ဆင်း နိုင်းလိုက်'

'ဟုတ်ကဲ့'

'ကဲ ကဲ ဒါဆိုသွားနိုင်ပြီ'

တစ်ကယ်က ကိုကိုမျိုးတို့ ကုမ္ပဏီရုံးခွဲက ပြည်တွင်းပြည်ပ အရက်မျိုးစုံရောင်းချသော ကုမ္ပဏီပဲ ဖြစ်သည်။ ' 'ဟူသော အမည်နှင့် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီကြီးဖြစ်ပြီး ပြည်တွင်းမှ ဈေးကွက်ဝင် ပစ္စည်းမျိုးစုံကို တင်ပို့၍ ပြည်ပမှ အဓိကတင်သွင်းသည်မှာတော့ အရက် မျိုးစုံပဲ ဖြစ်သည်။ ကုမ္ပဏီပိုင်ရှင်က စင်ကာပူတွင် အရက်ချက်စက်ရုံ နှစ်ရုံရှိသည်ဟု ပြောသည်။

'P.G ဆိုတာ ဘာလဲဟင် ကိုကိုမျိုး'

'Promotion Girl ရဲ့ အတိုကောက်ပေါ့ဟာ၊ အရောင်းမြှင့်တင်ရေး အမျိုးသမီးပေါ့၊ တစ်နည်းအားဖြင့်တော့ ပစ္စည်းကို customer တွေနဲ့ မိတ်ဆက်ပေးရတဲ့သူပေါ့'

www.burmeseclassic.com

www.burmeseclassic.com


'အရက်ကုမ္ပဏီဆိုတော့ customer တွေက အရက်သမားတွေပဲ ဖြစ်မှာပေါ့နော်'

ကိုကိုမျိုးက 'အင်း' ကို ခပ်လေးလေးလိုက်သည်။

'နင့်ကို ယူနီဖောင်းပေးမယ်ဟာ၊ ယူနီဖောင်းရမယ်၊ လစာ ခြောက်ထောင်ရမယ်၊ တကယ်လို့ နင်တို့ အစွမ်းရှိလို့ အဲဒီညမှာ ပုလင်းတွေ ရောင်းရရင် အဲဒီအတွက် နင်တို့ discount ရမယ်၊ နင် သိပ်တော်ရင် ကုမ္ပဏီကပေးတဲ့ ရောင်းအားအမြင့်ဆုံးဆုရမယ်၊ ဘောနပ်ဆုလည်းရဦးမယ်'

မျှော်လင့် တက်ကြွဖွယ်ရာများဖြင့် ကိုကိုမျိုးက သူမကို စည်းရုံးသည်။

သူမကတော့ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ' ဆိုသော သိက္ခာပုဒ်ကိုပဲ အထပ်ထပ်ကြားယောင်နေမိသည်။

'မိငြိမ်းရာ၊ နင် ရှာမှာဆို အဲဒီလောက်ဝင်ငွေ ဘယ်လိုရှာရမလဲ၊ တကယ်တန်းကျ P.G တွေရဲ့ ဝင်ငွေက သောင်းဂဏန်းဝန်းကျင်မှာ အမြဲတမ်းရှိတယ်၊ ကိုယ်ကောင်းရင် ခေါင်းမရှေ့ပါဘူး ညီမလေးရာ၊ နင်ဝင်ငွေရလာရင် နင့်ဝင်ငွေရဲ့ တစ်ဝက်ကို ဒေါ်လေးကို လှမ်းပို့ပေးလို့ရတယ်၊ ကျန်တစ်ဝက်က ကိုယ့်တက်လမ်းအတွက် သင်တန်းစားရိတ်ထားပေါ့၊ စားစရိတ်က တို့အိမ်မှာ နင်ကုန်စရာမလိုဘူး၊ မချစ်သော်လည်း အောင့်ခါနမ်း ဆိုတဲ့ စကားပုံလိုပေါ့ဟာ၊ ခဏယာယီတော့ လုပ်လိုက်ဦးပေါ့'

စိတ်ညစ်ညူးနေသည့်ကြားမှပဲ သူမ ရယ်လိုက်မိသည်။

'စကားပုံကုန်ပြီလား ကိုကိုမျိုး'

ကိုကိုမျိုးက နားမလည်စွာ ကြောင်နေသည်။ပြီးမှ သူ့စကားများကို သူ သဘောပေါက်လိုက်ကာ 'အင်း ငါသိတာတော့ ကုန်ပြီထင်တာပဲ'ဟု ဆို၍ ရယ်မောလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နက်ပြာရောင် စကတ်ရှည်ကို ရင်ဘတ်တွင် ကုမ္ပဏီအမှတ်တံဆိပ်ပါသော တီရှပ်အဖြူနှင့် တွဲဝတ်၍ အပေါ်မှ မိုးပြာနုရောင် ဖော့စ်ကုတ်ကို ထပ်ဝတ်၊ ဒေါက်မြင့်ဖိနပ်ကို စီးလိုက်သောအခါ ငြိမ်းအေးချမ်းသည်လည်း ကုမ္ပဏီ၏ P.G တစ်ယောက်အဖြစ် ပီပြင်သွားတော့သည်။

အတော်အတန် ရှည်နေပြီဖြစ်သော ဆံပင်ကို မော်ဒန် ဆံပင်အတိုပုံစံ ညှပ်ထားသည့် ဖြူဖြူသွယ်သွယ် ငြိမ်းအေးချမ်းကို ရောင်းအားအမြင့်ဆုံးဆု ရထားသည့် P.G မထက်ထက်က သူ့အပို ယူနီဖောင်းတစ်စုံ ထုတ်ပေးရင်းမှ သဘောကျနေသည်။

'ငြိမ်ငြိမ်းပုံစံလေးနဲ့ ယူနီဖောင်းနဲ့ လိုက်တယ်၊ စကတ်က အခု မမလို စကတ်ပုံစံနဲ့ဆို ပိုမိုက်မယ်၊ ဝတ်မလား ငြိမ်းငြိမ်း'

သူ ဝတ်ထားသည်ကို လှမ်းကြည့်လိုက်သည်။ ဘေးတစ်ဖက် တစ်ချက်စီတွင် ပေါင်လယ်ထိခွဲထားသော စကတ်။

'အမယ်လေး မလုပ်ပါနဲ့ မမထက်ရယ်၊ ငြိမ်းငြိမ်း စိတ်မရဲပါဘူး'

'ဟာကွာ ငြိမ်းငြိမ်းကလည်း T.V မကြည့်ဖူးဘူးလား၊ အဲဒီထဲက နိုင်ငံခြား မင်းသမီးတွေလေကွာ၊ ဘယ်လောက်လှလဲ'

'လှတော့ လှပါတယ် မမရယ်၊ ငြိမ်းငြိမ်းကိုက မဝတ်ရဲလို့ပါ၊ ဒီမှာလည်း ဒီပုံစံက မမတစ်ယောက်ပဲ ဝတ်တာနော်'

'ဟုတ်တယ်၊ ယူနီဖောင်းတွေချုပ်တော့ ရန်ကုန်ရုံးချုပ်က လှမ်းမေးတယ်လေ၊ အခွဲပုံစံတွေ မြန်မာပြည်က ဝတ်ရဲလားဆိုပြီးတော့ပေါ့၊ ကျန်တဲ့ သူတွေက မဝတ်ရဲဘူးဆိုလို့ မမတစ်ယောက်ပဲ ဒီပုံစံမှာလိုက်တာ'

'မမနဲ့လှပါတယ်၊ သွက်သွက်လက်လက်လှုပ်ရှားတတ်တဲ့ မမနဲ့ လိုက်တယ်'

မမထက်က ကျေနပ်သဘောကျစွာ ရယ်မောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'P.G မှာ ရောင်းအားအမြင့်ဆုံးအဖြစ် အောင်မြင်ချင်ရင် ညီမလေးကို မမ တစ်ခုအကြံပေးမယ်၊ ကိုယ့်လှုပ်ရှားမှုအားလုံး အမြဲတမ်း active ဖြစ်နေပစေ၊ နှုတ်ခမ်းက အမြဲပြုံးနေရပြီး မျက်လုံးက တစ်ဖက်သားကို စိတ်ဝင်စားမှု၊ စိတ်အားထက်သန်မှုတွေနဲ့ ကြယ်စင်တွေလို တဖျတ်ဖျတ် တောက်ပနေစေရမယ်၊ အဲဒီ တောက်ပမှုရဲ့ နောက်ကွယ်မှာ အဓိပ္ပာယ် ပြည့်ဝတဲ့ မျက်ဝန်းစကားတွေနဲ့ တစ်ဖက်သားကို ဆွဲဆောင်ထားရမယ်၊ နောက် အရေးကြီးဆုံးအချက်ကကိုယ့်အနွံ့ရာယ်ကို ပါးပါးနပ်နပ် ကိုင်တွယ် ရောင်းတိမ်းတတ်ဖို့ပဲ'

'ဟင် မမရယ်၊ ငြိမ်းငြိမ်းက မမလို သတ္တိမကောင်းဘူး၊ ကြောက် တာပဲသိတယ်'

မမက သူ့ မှုပိုင်အပြုံးဖြင့် နားလည်စွာ သူမကို ကြည့်သည်။

'ငြိမ်းငြိမ်းက ချစ်စရာကောင်းပါတယ်၊ ဒါပေမဲ့ ငြိမ်းငြိမ်းမျက်နှာက အည်ငြိမ်ပြီး မျက်လုံးက တစ်နေရာကို စူးစိုက်လွန်းတယ်၊ အရှယ်နဲ့ မလိုက်အောင် ငြိမ်လွန်းတယ်ကွာ၊ နည်းနည်း attract လုပ်ပေးလိုက်'

အလုပ်ချိန်က ညနေခြောက်နာရီမှာ စတင်မည်ဖြစ်သည်။ တစ်စ တစ်စ အချိန်နီးကပ်လာလေလေ သူမ ရင်ထဲက တဆတ်ဆတ်ခုန်လာ လေလေ။

'ကိုကိုမျိုးပါလိုက်ရင် သိပ်ကောင်းမှာပဲနော် မမ'

'အမယ်လေး၊ ကိုကိုမျိုးက သူ့အလုပ်နဲ့သူ ယားလို့တောင်ကုတ်အား ရှိလား ညီမလေးရယ်၊ သူက တစ်နေ့ တစ်နေ့ ငွေခံ၊ ငွေစစ်၊ ငွေရေနဲ့ တစ်နေ့ သိန်းခြောက်ဆယ်လောက်ကို တစ်ယောက်တည်း လုပ်နေရတာ'

'ဟင် သိန်းခြောက်ဆယ်၊ တစ်နေ့ရောင်းရငွေလား မမ'

'အေးလေ၊ တစ်ခါတလေ သိန်းရှစ်ဆယ်လောက် ရှိတယ်၊ ပြီးခဲ့တဲ့ အပတ်က ရောင်းအားတက်လာတာလေ'

www.burmeseclassic.com

www.burmeseclassic.com


ဘုရား ဘုရား သိန်းရှစ်ဆယ်၊ အရက်ရောင်းရငွေသည် ဒီဌာနခွဲ တစ်ခုတည်းတောင် တစ်နေ့ သိန်းရှစ်ဆယ်ရှိသတဲ့လား။

အဖေ့ကို သတိရသည်။ ကိုကို့ကို သတိရသည်။ ပြိုပျက်နေသော သူမတို့ အိမ်စီးပွားရေးကို သတိရသည်။ ဘဝကြမ်းထဲမှာ ရုန်းကန်တိုးဝင် နေရသည့် မိန်းမငယ်လေး။ သူမကိုယ် သူမ မြင်ယောင်သည်။

ထိုသိန်းရှစ်ဆယ်နှင့် လဲလှယ်ခဲ့ကြသော ပုလင်းထဲက အရည်များစွာ ထဲမှာ ဘဝပေါင်းမည်မျှ ကျွံနစ် မျောပါသွားခဲ့ပြီလဲ။ မိန်းမသားတို့၏ မျက်ရည်များနှင့် သားသမီးတို့၏ မျက်ရည် မည်မျှကော ရောနှောပါဝင် သွားခဲ့ပြီလဲ။ ကြည့်စမ်း၊ သူမက အဲဒီ မျက်ရည်တွေ ပြိုပျက်ဘဝတွေအတွက် လှုမိုက်တွေကို ဆွဲဆောင်သိမ်းသွင်းရတဲ့ အလုပ် လုပ်ရမတဲ့။

'ငြိမ်းငြိမ်းရေ သွားစို့၊ ကားက အဆင်သင့်ဖြစ်နေပြီ' ဟု ဆိုကာ ရှေ့မှထွက်သွားသော မမထက် နောက်မှလိုက်ပါရင်းမှ 'ဘယ်တတ်နိုင် ပါ့မလဲ၊ ငါ့ဝမ်းပူဆာမနေသာတော့လည်း လုပ်ရမှာပဲ' ဟူသောစိတ်နှင့် 'ဒါ. သူရာမေရယက်ကို သွယ်ဝိုက်ကျူးလွန်တာပဲ' ဟူသော စိတ်တို့ ပဋိပက္ခ ဖြစ်နေလေသည်။

ဒီနေ့ညအတွက် သူမတို့ဆက်သွယ် ခွင့်တောင်းထားသည့် ဆိုင်ရှေ့ သို့ ကုမ္ပဏီအမှတ်တံဆိပ်ပါသော ရောင်စုံထီးရိပ်ကိုချ၍ ဘားကောင်တာ ဖွင့်သည်။ ထိုနေ့က မမထက်တို့ သုံးယောက်အဖွဲ့တွင် တစ်ယောက် ပျက်ကွက်နေသောကြောင့် သူမ အပါအဝင် သုံးယောက်ပဲဖြစ်လေသည်။

ကားတွေ တစ်စင်းပြီး တစ်စင်းရောက်လာကာ တချို့ မမထက် နှင့် မျက်မှန်းတန်း ခင်မင်နေပြီ ဖြစ်ပုံရသူများက မမထက်ကို ရယ်ရယ်မောမော စကားပြော၍ ပုလင်းလေးတွေ ဝယ်သွားကြသည်ကို သူမ အသစ်အဆန်း ဗဟုသုတအဖြစ် လိုက်ငေးနေမိသည်။ တချို့ကတော့ နမူနာ အမြည်းကို ခပ်တည်တည်နှင့် လာသောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်တလက်လက်အောက်တွင် စားပွဲဝိုင်းလေးတွေကလည်း သူ့အဖွဲ့နှင့်သူ စည်ကားစ ပြုနေပြီဖြစ်သည်။

‘ငြိမ်းငြိမ်း ရော့ ဒါ ယူသွား၊ ဟိုနားကဝိုင်းကိုသွားပြီး အင်ထရီ ဝင်လိုက်’

‘ဟင် ငြိမ်းငြိမ်း တစ်ယောက်တည်း မသွားရဲဘူး’

‘တို့ပါ ပါမယ်လေ၊ ကဲ ကဲ လာ၊ တို့နောက်ကသာလိုက်ခဲ့တော့’

မမထက်ပြသောဝိုင်းမှာ ငွေဆိုတာ ဖြုန်းပစ်မှ ကုန်တော့မည့်အရာဟု ယူဆထားဟန်တူသော လူငယ်ဝိုင်း တစ်ဝိုင်း ဖြစ်သည်။

‘အိတ်စ်ကျူ့မီ’

ချိုလွင်သော မမထက်အသံကြောင့် အတော်အတန် ငိုက်နေကြပြီ ဖြစ်သော ခေါင်းများက ဆတ်ခနဲ ထောင်လာကြသည်။

‘ကျွန်မက ကုမ္ပဏီကပါ၊ ကျွန်မတို့ ကုမ္ပဏီက တင်သွင်းတဲ့ အဆင့်မြင့်ပစ္စည်းတွေဟာ လူကြီးမင်းတို့လို ရသကောင်းကြိုက်သူ၊ အပြင်းစား ရသကို နှစ်သက်သူတို့ အကြိုက်တွေ့စေနိုင်ပါတယ်၊ လက်တွေ့သုံးစွဲ ကြည့်ခြင်းအားဖြင့် ဘုံကမ္ဘာခုနစ်ဆင့်ကို မြင်ယောင်ရုံမကပါဘူးရှင် လက်တွေ့ ရောက်ရှိသွားစေရပါမယ်’

‘ကြိုက်သွားပြီ’ဟူသော အသံတစ်သံနှင့်အတူ လက်တစ်ဖက်က ငြိမ်းငြိမ်းကိုင်ထားသော ဇန်းပေါ်မှ ဖန်ခွက်ပေါ် ဝဲပျံကျရောက်လာသည်။ ရီဝေနီကျင်နေသော မျက်ဝန်းများက ငြိမ်းငြိမ်းနှင့် မမထက်ပေါ်တွင် အစုန်အဆန် နှုတ်ခမ်းမှ အပြုံးများက ပြိုတီတီ။

‘ကြိုက်တယ်ကွာ၊ ကောင်းတယ်၊ နောက်တစ်ခွက် နောက်တစ်ခွက်’

‘ဝမ်းနည်းပါတယ်ရှင်၊ လစ်မစ်ကုန်သွားပါပြီ၊ နှစ်သက်တယ်ဆိုရင် ကျွန်မတို့ဆီမှာ ဝယ်ယူသုံးဆောင်နိုင်ပါတယ်’

‘ဟာ ဘယ်လိုလဲ’

www.burmeseclassic.com

www.burmeseclassic.com



လျှာလေးသံနှင့်အတူ ငိုက်နေသောခေါင်းက ဆတ်ခနဲမော့လာသည်။ လက်ကဖန်ခွက်ကို လှမ်းဆွဲတာကြောင့် ငြိမ်းငြိမ်း နောက်ကို ခြေတစ်လှမ်း ဆုတ်ရင်း ထိုလူကို ကြည့်လိုက်သည်။

'ဟင် ကိုကို'

သူမ ခြေထောက် ရပ်တည်ရာကမ္ဘာမြေကြီးသည် တစ်ဖက်သို့ အိခနဲ နိမ့်ဆင်းသွားသည်။

ထိုသူ၏ မျက်နှာကို အားယူ၍ နောက်တစ်ကြိမ်ထပ်အကြည့် အမြင်အာရုံတွေက ဝေဝါးသွား၏။ ဟင့်အင်း မဟုတ်ဘူး၊ တူတာ၊ ကိုကိုနဲ့ တူတာပါ'

အကျီကအားကစားဂျာကင်ဖြစ်နေပြန်သည်။ ဒူးများက မခိုင်ချင တော့။ ထိုသူက ယိမ်းယိမ်းယိုင်ယိုင်နှင့် ထအရပ် သူမ လက်ထဲမှ ဖန်ခွက်နှင့် tray သည် ဝှမ်းခနဲ အောက်သို့လွတ်ကျကာ သူမ ပြေးထွက် လာခဲ့မိတော့သည်။

'ငြိမ်းငြိမ်း'

မမထက်၏ အသံက သူမ နောက်မှာ။

သူမ၏ ဝိဥာဉ်လိပ်ပြာကတော့ သူမကို အဝေးသို့ ဆွဲခေါ်နေလေ သည်။ သူမသိပ်ချစ်သော သူမ၏အစ်ကိုမှာ တိုင်းလက်ရွေးစင် ဘောလုံး သမားတစ်ယောက်ဖြစ်သော်လည်း အရက်က သူ့ဘဝအညွန့်ကို ချိုး၍ သူ့အသက်ကို လုပ်ကြံခဲ့သည်။ သူမ၏ ကိုကိုသည် အရက်ကြောင့် သေဆုံးခဲ့ရပြီးပြီ။

ခုနတစ်ယောက်သည် ကိုကို ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုကိုနှင့် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သေချာသည်မှာတော့ ကိုကို့လို လူငယ်တစ်ယောက်ပဲဖြစ်သည်။ နောက်ထပ် သူမအစ်ကိုလို လူငယ်ပေါင်းများစွာအား အရက်က သတ်ကွင်းသို့ ဖြားယောင်းခေါ်ဆောင် နေသည်ကို သူမက ကြံရာပါအဖြစ် ပါဝင်ရဦးမည်လား။

www.burmeseclassic.com



ကောင်းကင်ကို မော့ကြည့်လိုက်သည်။ နီယွန်မီးတို့ မထိုးဖောက်နိုင်သော ကောင်းကင်သည် ပိန်းပိတ်မှောင်၍ ကြယ်တာရာ အလင်းလက်လက်တို့ကို မမြင်ရဘဲရှိနေသည်။

ဟိုမှာ ဟိုးရှေ့မှာ ဘာကိုမှ သေသေချာချာမပြောနိုင်တဲ့ အမှောင်ထဲက အရာဝတ္ထုတွေကို မရေရာတဲ့ အနာဂတ်ကမ္ဘာတစ်ခုဟာ သေချာပေါက်စောင့်ကြိုနေလေရဲ့။ အဲဒီ အနာဂတ်ကမ္ဘာထဲမှာ အနာဂတ် မြန်မာနိုင်ငံဆိုတာလည်း ပါဝင်လိမ့်မည်။

ထိုအခါ အနာဂတ်နိုင်ငံကိုတည်ဆောက်မည့်သူတို့သည် ရက်စက်တောရှင့်တွေမှာ၊ ဟိုတယ်တွေမှာ၊ ဘားကောင်တာတွေမှာ ခေါင်းစိုက်နေသူတွေဖြစ်ရတော့မည်လား။ 'ဗိုက်တာမင်'များ ထွက်သွား၍ 'အယ်လ်ကိုဟော'များ ဖြန့်ဝင်လာသည် ဆိုပြီးအံ့၊ သူမတို့က ဝမ်းမြောက်ကျေနပ်ကြရတော့မည်လား။

ခိုင်ကြည်သော ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူမ ခြေထောက်ပေါ်သို့ မတ်မတ်ရပ်လိုက်သည်။ သူမ လစာသည် သိန်းချီရနေပါစေ၊ အရောင်းမြှင့်တင်ရေးအတွက် ရောင်းအားအမြင့်ဆုံးဆုသည် ကုမ္ပဏီတစ်ခုလုံး ပေးတာဖြစ်ပါစေ၊ မိမိလူမျိုးကို မိမိသတ်၍တော့ဖြင့် မည်သည့်နိုင်ဆိုင်ခွင့်ကိုမှ သူမ မယူချင်တော့ပါ။

'အရက်' ဟူသည် ကောင်းမွန်သော ကိုယ်ကျင့်တရားနှင့် အနာဂတ်ရတနာများကို ရိုက်ချိုးဖျက်ဆီးပစ်နိုင်သော တမန်တော် နတ်ဆိုးတစ်ပါးပဲ မဟုတ်ပါလား။

ရွှေရင်နှစ် (မြို့သာ)

www.burmeseclassic.com

www.burmeseclassic.com

## မစားကောင်းသော သစ်သီး

ခြေထောက်မှာ မှဲ့ပါရင် ခြေရှည်မယ်လို့ပဲဟု အမေ နိမိတ်ဖတ်ပြီး နှစ်ပေါင်းအတန်ကြာသောအခါ တစ်ရွာပြီး တစ်ရွာပြောင်း၍ ကျောင်းဆရာဘဝမှာ မျောပါခဲ့ရလေသည်။

ရာထူးလေးတစ်ဆင့်တက်လိုက်သည်နှင့် ဝါးခယ်မမြို့သို့ ခြေကုန်သုတ်ရပြန်သည်။ လမ်းသမိုင်ချောင်းမှတစ်ဆင့် ကျုံမငေး စက်လှေကလေးနှင့် မြစ်ကြောင်းအတိုင်း ဆန်တက်ပြီး ပိတ္တာလေး အလကတွင် နေရာရလေ၏။

ဗုဒ္ဓဘာသာ ကရင်ရွာကြီးပင် ဖြစ်သော်လည်း ရောက်ခဲ့ဖူးသော ရွာကြီးများနှင့်မတူ တစ်မူထူးခြားကာ ထူးဆန်းပါပေ၏။

ကျွန်တော်နေထိုင်ရာ အခန်းကျဉ်းကလေးသည် တစ်ချိန်က မူလတန်း ကျောင်းကလေး၏ ရုံးခန်းပြုလုပ်ခဲ့ဖူးပုံရသည်။ ခုတော့ အလကဖြစ်သွား၍ အဆောင်များလာသဖြင့် ထိုကျောင်းကလေးသည် သူငယ်တန်းတစ်တန်းတည်းသင်သောကြောင့် ရုံးခန်းမှာ အသားလွတ်လစ်ဟာသွားခြင်းဖြစ်ပေမည်။ အခန်းလေးမှာ ဆယ်ပေပတ်လည်ပင်ဖြစ်သော်လည်း အပိရောက်လုံခြုံမှုရှိခြင်းကြောင့် တစ်ကိုယ်ရေတစ်ကာယသမားအတွက် အကောင်းဆုံးနေရာလေးပင်ဖြစ်သည်။ ခြေတံရှည် သွပ်မိုးပျဉ်ကာဖြစ်၍ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် မိုးအခါ၌ ရေများဖွေးနေတတ်သည်။ ရွာသည် ချောင်းကလေးကို အလိုက်သင့် တည်ထားသောကြောင့် ရွာတန်းရှည်ဖြစ်ပြီး ကျောင်းနှင့်အိမ်တန်းမှာ သဲမြေနုလမ်းကလေးသာ ခြားလေသည်။ ကျောင်း၏ အရှေ့ဘက်တွင် တမျှော်တခေါ် လယ်ကွင်းများ၊ ကွင်းထီးထီးတွင် ကုက္ကိုပင်တန်းနှင့် လယ်စောင့်တဲများ၊ ဟိုးခပ်ဝေးဝေးတွင် ညိုပျပျရွာများ။

ကျောင်းရှေ့တွင် ထန်းပင်အစီအရီနှင့် သောက်ရေကန်ရှိပြီး ထန်းတက်လေ့ကားများကို တွေ့ရသဖြင့် ရွာခံတစ်ဦးကို စပ်စုစွာ မေးကြည့်မိသည်။ နှုတ်ခမ်းကိုလျှာဖြင့်သိမ်းရင်း ထန်းရည်ရမှာပေါ့နော်ဟု မျှော်လင့်သံကလေးက ပါးစပ်မှထွက်သွားတော့ ဟုတ်ကဲ့၊ ထန်းရည်ရတယ်၊ ဒီမှာအယ်သူမှ ထန်းရည်မသောက်ရဘူး၊ ထန်းလျက်ပဲ ချက်တယ်ဟု စိကာစတ်ကုံး ပြောလေသည်။

ရောက်စက မိုးဦးကျငါးရစ်တက်ချိန်ဆိုတော့ ကျောင်းဝင်းအတွင်းရှိလယ်ကွင်းထဲမှ ငါးတွေဆိုတာ ထမင်းအိုးဆူနေသလား အောက်မေ့ရတယ်၊ စာသင်ဆောင်နှင့် ကျွန်တော်နေထိုင်ရာ အခန်းကျဉ်းကလေးကို ဆက်သွယ်ထားသော ဖို့မြေလမ်းကလေးတွင် လယ်ပုစွန်လုံး ကျစ်စာတွင်းများနှင့် ပြည့်ကျပ်နေ၏။ နဂိုကမှ ငါးပုစွန်မြင်လျှင် ဖမ်းချင်သည့်စိတ်က ရှိတတ်၊ သက်စလက်နကလည်း ရှိသည်မို့ တွင်းဝကို ထွက်လာသမျှ စိမ်မြေနပြေစောင့်ရိုက်ပြီး ပလတ်စတစ်အိတ်ဖြင့် တစ်လုံးကြီး ထည့်ထားသည်။ ဆိုနိုင်နိုင်နှင့် ကြော်စားပစ်မယ်ဟု တွေးကာ ကိုယ့်ဘာသာ ပီတိတစ်ခွဲသားနှင်း လုပ်ဖော်ကိုင်ဘက် ကိုတင်ငွေဆီရောက်တော့ တကယ့်သူရဲကောင်းကြီးသဖွယ် ရင်ကော့ပြီး ဝမ်းသာအားရ အိတ်မြှောက်ပြလိုက်သေးသည်။

'ဟာ ပြဿနာပဲ၊ ဟော့လူ၊ ဒုက္ခတော့ ရောက်တော့မှာပဲ၊ မခြေဆိုးနဲ့ဗျာ၊ ခက်တော့ ခက်နေပြီ၊ သူများတွေတွေ့ရင် ခင်ဗျား မလွယ်ဘူး၊ အကျိုးနည်းပါပြီ၊ ကျွန်တော့်ကို မေးစမ်းပါဦးလား'

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးဖို့အရေး လက်ဆင့်ကမ်းပေးကာမှ သူပြောသမျှ တစ်ခုမှ စိတ်ချမ်းသာဖွယ်ရာ မရှိ၊ ခပ်တိုးတိုးမေးကြည့်တော့မှ ပိတ္တာလေးရှာသည် သတ္တဝါများကို ဘေးမဲ့ပေးထားသောရွာ၊ အခါကြီးရက်ကြီးနှင့် လပြည့် လကွယ်ရက်များတွင် သက်သတ်လွတ်စားသောရွာ၊ ကုန်းသတ္တဝါကို ရွာထဲမှာလည်း မမွေး၊ စားလည်းမစားသောရွာဟု မသိသေးသူကို ရှင်းပြ သလိုမျိုးပြောတော့ ကျွန်တော့်မှာ အခါခါ အားနာမိလေသည်။ ချောင်း သည် ရွာနံဘေးတွင်ရှိသော်လည်း ငါးပုစွန် မဖမ်းရ၊ ရွာနှင့် လွတ်ရာကျွတ်ရာ တွင်သာ ဖမ်းဆီးရသည်တဲ့။

သူပြောတာ နောက်ကျသွားပြီ၊ ပုစွန်လုံးတွေက တစ်ကောင်မှ အရှင်မဟုတ်တော့။ ဘယ်သူ့မှ မပြောနဲ့ဗျာ၊ ကျွန်တော် မျက်နှာပူလို့ဟုဆိုပြီး လူသူမမြင်နိုင်သည့်နေရာကို အထုတ်လိုက်ကြီး လွှင့်ပစ်လိုက်လေသည်။

အဲသည် အဖြစ်အပျက်လေးကို ကြုံတွေ့ပြီး နောက်ဆယ်ရက် ကြာသောအခါ ကျွန်တော့် အိပ်ရာပေါ်တွင် အကြမ်းပန်းကန်လုံးလောက် ရှိသော ငန်းတော်ကျားကြီးတစ်ကောင် အခွေသား ရှိနေလေ၏။ ညဦးယံမို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်မိ၍သာ။ မီးမပါ ဘာမပါနှင့် အတင်းလှဲပြီး အိပ်လိုက်လျှင် ဘေးမဲ့ပေးထားခြင်းဖြစ်သော်လည်း ကြောက်လိုက်သည်မှာ ဒူးသာမက တစ်ကိုယ်လုံးပါ တဆတ်ဆတ်တုန်သည်။ ခင်ဋ္ဌေးမြင့်ကို ပထမဦးဆုံး ရည်းစားစကား စပြောတုန်းကထက်ပင် ပိုလိမ့်ဦးမည်။ ခင်ဋ္ဌေးမြင့်မှာ ခုံစရာဆိုလို့ မသကာ စိန်မားမောက်တံဆိပ်ဖိနပ်ပါးကလေး သာ ရှိမည်။ အနက်တစ်ရစ်၊ အဝါတစ်ရစ်ကြီးကတော့ အဆိပ်တွေ တစ်လှေကြီးနှင့် ဘယ်လောက်ကြောက်သလဲဆိုလျှင် လက်တွေစမ်းကြည့် သည်မှာ ကြာဆူးပေါက်နေသလိုမျိုး။ လက်နှိပ်ဓာတ်မီးကို မောင်းတင်ထားပြီး ရှိသမျှ ဖယောင်းတိုင်တွေကို လိုက်ထွန်း၊ သူ့လည်း မျက်စိခြည်မပြတ် ပေကာလပ် ပေကာလပ်ကြည့်ရင်း ခြေဖဝါးတွေတောင် ယားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းလမ်း မင်းသွားပါ၊ ဒီနေရာဟာ မင်းနေရာ မဟုတ်ဘူး၊ မင်းနဲ့ငါ ရန်သူလည်း မဟုတ်ဘူး၊ ငါ မင်းကို မေတ္တာပို့တယ်၊ ငါ့ကို ရန်မမူပါနဲ့၊ အေးအေးဆေးဆေးသွားပါ'

ကြောက်လန့်မှုကြောင့် အသံတွေ အစ်ကွဲလျက် ကိုတင်ငွေ သင်ပေးထားသမျှ အလွတ်ရနေအောင်ကျက်ပြီး ရှက်ရှက်နှင့် ခပ်တိုးတိုး ပြောလိုက်သောအခါ တရွေ့ရွေ့နှင့် လျှောဆင်းသွားပါတော့သည်။ မေတ္တာကြောင့်လား၊ မီးရောင်နှင့်လူသံကြောင့်လား၊ အရေးကြီးသည်က ဟောသည် နေရာမှာ ရှိမနေဖို့ပဲဖြစ်သည်။ ဖူးခနဲလား၊ ဟူးခနဲလား၊ ကိုယ့်ကိုယ်တောင် မသိ၊ ပါးစပ်မှ လေပူမှုတ်ထုတ်ရင်း သူခွေထားသောနေရာမှာ ထိုင်မိပေမယ့် အေးစက်စက်ကြောင့် ခပ်ဖိဖိမထိုင်ရဲ၊ ပက်လက်အိပ်နေတုန်း ဗိုက်ပေါ် တက်ခွေနေမလား၊ ခြေထောက်ကို ဖြတ်ကျော်မလားနှင့် တုထိတ်ထိတ်နှင့် အိပ်ရသည်မှာ ပင်ပန်းလွန်းလှ၏။

အရှည်တစ်တောင် အနံလက်နှစ်လုံးခန့်ရှိသည်။ ကင်းခြေများကြီး များ၊ ပါးပျဉ်းခွက်နေသော မြွေဟောက်ကြီးများကို ခဏ ခဏ တွေ့သော် လည်း ပါးစပ်ထဲအဆင်သင့်ရှိသည့် မေတ္တာပို့နည်းကို အသုံးချရာ အောင်မြင် သောကြောင့် ကြောက်စရာမဟုတ်သည့်တိုင် နည်းနည်းတော့ လန့်သည်က များသည်။

ငါးပုစွန်ပေါသည်မှာ အားကျစရာဖြစ်သော်လည်း မြွေပေါ ကင်းပေါခြင်းကိုတော့ မနှစ်သက်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးညို က ကျုံမငေးဈေးမှအပြန် ဆီးဖြူသီးတစ်ပြည် ဝယ်လာသတဲ့။ အဲသည်ဟာကို အခန်းထဲမှာထားလျှင် မြွေမလာတဲ့။ ဘယ်သူက လက်တို့စကား ပြောကြား လိုက်သည်မသိ ဆရာမကြီးအခန်းနှင့် စာသင်ခန်းများကို လိုက်ပြီးဖြူးသည်။ ကလေးတွေက ဘုမသိ ဘမသိ တွေ့ရာကိုကောက်စားပြီး ရေသောက်နေကြ သဖြင့် ကာကွယ်ရေးနည်းလမ်းမှာ အဆုံးသတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲ ရေဆင်းချိုးသည့်အခါတွင် မျောပါလာသော မြွေဆိုးများကြောင့် သည်နေရာ သည်ဌာနကိုလာမိတာ မှားပြီလားဟုတွေးကာ ခြေပြင်မှာပစ်လှဲပြီး အော်ငိုပစ်လိုက်ချင်တော့သည်။ ရေချိုးဆိပ်တံတားတွင် လူ့ဘယ်လောက် များစေကာမူ ငါးပုစွန်တို့သည် လူရှိသည်ဟု တွေးတောင်မတွေး၊ လွတ်လပ်စွာကူးခတ်နေသဖြင့် အံ့သြနေမိသည်။ လူကလည်း မဖမ်း၊ သူတို့ကလည်း ကြောက်ဟန်မပြ။ လူ့အနားကနေပြီး ရေကူးမပျက်။ ထူးဆန်းသောရွာဟု တစ်စ တစ်စ လက်ခံလိုက်မိတော့သည်။

လယ်ကွင်းထဲမှာ ပိတ္တာလေးရွာနှင့် အခြားရွာများကို ဆက်သွယ်ထားသော ဖို့မြေလမ်းရှိသော်လည်း နွေတွင်ခယောင်း၊ ဆောင်းမှာရွှံ့စေး၊ မိုးအေးလျှင် နွံပျစ်တို့ဖြင့် စိတ်ညစ်ဖို့ကောင်းသော မြေလမ်းမျှသာ ဖြစ်သည်။ ရာသီဥတုသာယာသည့်အခါ ထိုလမ်းကလေးတွင် လမ်းလျှောက်မိသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရေနုတ်မြောင်းကြီးများရှိပြီး လယ်ကွက်များက အစီအရီ။

သည်လမ်းကိုအားပြုကာ ကျောင်းသွား ကျောင်းပြန်၊ လယ်တောပြန်၊ ဈေးဝယ်ပြန်တို့ဖြင့် လူသွားလူလာ မပြတ်သည့်ကြားထဲ တံငါအလုပ်ဖြင့် အသက်မွေးသူတွေကို တွေ့ရသည်။ ပလိုင်းနှင့်တကွ ငါးဖမ်းကိရိယာတွေကို ထမ်းပြီး တအိအိ ပြန်လာကြသူတွေကို မြင်တိုင်း အဖေ့ကို ပြန်ပြောင်း သတိရမိသည်။

အဖေသည် ငါးရှာ ဖားရှာ ဝါသနာပါ၍ ကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့ဖူးသူတည်း။

* * *

ကျွန်တော် အသက်ငါးနှစ် ပြည့်လုကာနီးမှာ အဖေက အမေ့ကို ရေးကြီးခွင့်ကျယ် စကားတစ်ခု ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မန္တွေ၊ ဒီကောင့်ကို အတန်းကျောင်းလေး ဘာလေး ထားဦးမှပာ၊ စာတတ်တော့လည်း လူရာဝင်တာပေါ့ပာ၊ ငါတို့ပေးနိုင်တာ ပညာအမွေပဲ ရှိတယ်'

ပုလင်းထဲက အရည်တွေကို အကြမ်းပန်းကန်လုံးထဲ သွန်ချရင်း အမေ့ကို ပြောပြနေပေမယ့် အမေက စိတ်မဝင်စား၊အဖေ ကျေနပ်ပုံမရ တော့ ငါ့စကားလည်း နားထောင်စမ်းပါဦးဟ၊ ဒီကောင့်ရှေ့ရေးကို နင်လည်းကူပြီး စဉ်းစားပေးပါဦးဟု ထပ်ဆင့်မြွက်ကြားလေ၏။ အရက် သောက်ပြီးမှ ပြောတဲ့စကားဆိုတော့လည်း အမေက သိပ်ပြီး နားထောင် ချင်ပုံမရ၊ ဆန်ကောထဲက စပါးလုံးကိုသာ တစ်စေ့ချင်းစေ့ငစွာ ကောက်ယူ နေသည်။ အဖေက နည်းနည်းမူးလာတယ်ဆိုရင်ပဲ သူ့ရောမ စိမ်ကိန်းကြီးကို အကောင်အထည်ဖော်တော့သည်။ ဘယ်က ဘယ်လို ရှာဖွေရသည် မသိ ရသော သူငယ်တန်း ဖတ်စာအုပ်ကို အိပ်ခန်းထဲက ထုတ်လာသည်။ စာအုပ်မှာ အတော်ဟောင်းနွမ်းစုတ်ပြဲကာ အနှောင့်ကို ငါးခြမ်းနှစ်ခြမ်း ဖြင့်ညှပ်ပြီး ချုပ်ထားလိုက်သေးသည်။ စာအုပ်ကို ကြမ်းပြင်ပေါ်ချပြီး ကျွန်တော့်ကို အထိုင်ခိုင်းသည်။

'သား ဟောသည်မှာဖတ်၊ ကကြီး ခခွေး ဂငယ် ဃကြီး င ကျယ်ကျယ်လေးဖတ်'

ကျောင်းတောင်မတက်ရသည့် ကလေးကို ဆက်တိုက်သင်ပေးသည် မှာ ဘယ်လိုဖတ်ရမှန်းတောင်မသိ။ မသိလည်း ကိစ္စမရှိ။ အချို့ ပန်းကန်ပြား ထက်ကြီးသော သူ့လက်ဝါးကြီးကို အသားကုန်ဖြန့်ကားရင်း နားထင်နားရင်း အစရှိသော ချက်ကောင်းများကို ပိတ်ပက်ရိုက်သောကြောင့် လန့်ဖျတ်ပြီး မနည်းကြိုးစားဖတ်ရသည်။ အက္ခရာငါးလုံးကို ရှေ့က တစ်ခေါက်ဖတ်ပြီး သင်ပေးတော့ အစိမ်းသက်သက်ကြီးမို့ နဖတိမ်တောင်၊ ကျောပြောင်ပြောင် တလေးများ ထုလိုက်သည်မှာ ဝမ်းခေါင်းသံတောင် ပါသည်။

www.burmeseclassic.com



'ငိုသံမပါနဲ့၊ မျက်ခွက်ဖြတ်ရိုက်လိုက်လို့ ပလုံးပထွေးကြီး လုပ်နေပြန်ပြီ၊ သေတော့မှာပဲ၊ ဖတ်စမ်းပါ၊ တယ် ငါလေ ပိတ်ကန်လိုက်ရ၊ ဆိုလေ ဘာမော့ကြည့်နေတာလဲ၊ နားအုံတော့ကွဲတော့မှာပဲ၊ သေသေချာချာ ပြန်ဖတ်၊ နာတော့မယ်၊ ကကြီး ကခွေး ငါးလုံးလောက်ကိုများ ဖတ်နေလိုက်တာ၊ စိတ်ရှိလက်ရှိ လုပ်ရရင်တော့ အရိုးတွေ ကျိုးပွဲကုန်တော့မှာပဲ၊ မှတ်ဉာဏ်မှ မကောင်းတာ၊ ဒါနဲ့များ မရွှေတို့က သူ့သားကို အထင်ကြီးလို့'

အက္ခရာငါးလုံးပေါ်သို့ ကျွန်တော့် မျက်ရည်ပေါက်ကြီးများ အလုံးငါးဆယ်လောက် တပေါက်ပေါက်ကျလာသည်အထိ အဖေ စာသင်တုန်း၊ တဗုန်းဗုန်း တဖျန်းဖျန်း ရိုက်နှက်ကန်ကျောက်လိုက်သည်မှာ ထိုနေရာက နေရာတောင်ရွေ့သွားသည်။ လက်ဦးဆရာ အဖေသည် ဆိုင်းဝိုင်းထဲက ပတ်မတီးသေ၍ ဝင်စားသလားဟု ထင်မှားမိသည်။

တစ်ခွက်သောက်၊ တစ်လုံးသင်၊ တစ်ချက်ရိုက်စနစ်ဖြင့် နေ့စဉ်ရက်ဆက် ကြုံပါများလာတော့လည်း ထုသားပေသားမကျဘဲ စာသင်ရမည်ကို ကြောက်လာသည်။ အဖေ့မြင်သည်နှင့် စာအုပ်ကို တွဲဖက်မြင်လာသည်။ ထိုမှတစ်ဆင့် လက်ဝါး လက်သီး ဒေါသကြီးလျှင် တံတောင် ဖနောင့်၊ ရင်ခေါင်းထဲ အောင့်သွားသောကြောင့် အဖေ့လိုသာ ကျောင်းမှာဆိုလျှင် ခက်ရော့မည်။

'ငါတို့ပေးနိုင်တာ ပညာအမွေပဲရှိတယ် မရွှေ'

လက်သုံးစကားကို အားမာန်လေးနည်းနည်းထည့် တစ်ခွက် နှစ်ခွက် ဆင့်သောက်ပြီးချိန် ပလိုင်းဆွဲကာ ကျွန်တော့်ကို ချောင်းထဲခေါ်သွားပါတော့သည်။ အဖေ့နောက်က ရှိုက်သံနှင့် မျက်ရည်လည်ရွှဲပြီး လိုက်ပါခွင့်ရသည်ကပဲ စာသင်တာထက် ကောင်းပေလိမ့်ဦးမည်။

ချောင်းကမ်းနဖူးမှ မတ်တတ်ရပ်၍ ဘယ်နေရာ ဘယ်ငါး၊ ဘယ်နားမှာ ငှက်သိုက်၊ ဘယ်ဇိုက်တောမှာ ရေအိုင်ဆိုတာကို တံငါမျက်စိဖြင့် ရှုစမ်းပြီး သိမ်းကျုံးကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'လာ သား၊ အရှေ့ချောင်းဖျားသွားမယ်၊ အဲဒီမှာ ကျိန်းသေနိုင်တယ်ကွ'

စာသင်တုန်းကတစ်မျိုး၊ ချောင်းရိုးရောက်တော့ လေသံပြောင်းလာသည်။ ပြောင်းလေ ကောင်းလေ၊ နို့မဟုတ်လျှင် လူစင်စစ်က ငါးဖယ်ဖြစ်ရော့မည်။ နေပူလာသဖြင့် သူ့ခမောက်ကို ကျွန်တော် ဆောင်းပေးသည်။ အဖေက ခမောက်ဆောင်းစရာ မလိုလောက်အောင် ဆံပင်ကောက်တိကောက်ကွေး ဘုတ်သိုက်ကြီးက နေရောင်ခြည်ကိုကာရံပေးပြီးသား ဖြစ်နေသည်။ စိတ်ရှုပ်လာလျှင် ဆံပင်ဖုတ်ထဲသို့ လက်ငါးချောင်းသွင်းကာ တဖျင်းဖျင်းကုတ်လိုက်သောအခါ အကြေးထွက်မထွက်တော့မသိ အမှုန်တွေက တဖွားဖွားနှင့် မြင်မကောင်းအောင် ကျလာတတ်သည်။ သူ့အနားမှာ လူရှိနေလျှင် ဘာတွေလဲဟာဟု မေးပြီး နောက်သို့ ခပ်ရို့ရို့ ရှောင်သွားလေသည်။

ချောင်းရိုးနှုတ်ခမ်းရှိ လယ်ကန်သင်းများကို ကွေ့ပတ်လျှောက်ရလွန်း၍ ခြေထောက်ညောင်းတာ အသာထား၊ မြက်သင်ခုန်းတွေရှ၍ စပ်ဖျဉ်းဖျဉ်းဖြစ်လာပြီ။ အဖေက ဒါတွေကို မမှုပြီ၊ တော်ရုံတန်ရုံ မြေစိုင်ခဲပင် ခလုတ်တိုက်၍ ကြေမွပဲ့ထွက်သွားလောက်အောင် သူ့ခြေထောက်တွေက မာကျောနေလေသည်။ ကျွန်တော့်မှာသာ အဖေ့ နောက်လိုက်အဖြစ် စိတ်ညစ်လာသည်။ အိုင်တစ်အိုင်ကို စနည်းနာလိုက်၊ အခြေအနေမမှန်တွက်သားမကိုက်လျှင် ထားပစ်ခဲ့လိုက်နှင့် စိတ်မရှည်ချင်တော့။ ငါးပွက်နေသော ကျွဲလူးအိုင်များကို လက်ညှိုးထိုးပြသောအခါ မင်းဘာသိလို့လဲ၊ ရေနည်းနည်းများသေးတယ်၊ တို့မှာ ရေပက်စရာမှ မပါတာဟု ဆောင့်ကြီးအောင့်ကြီး ပြောသေးသည်။

'အိုကျေ၊ အဆင်ပြေသဟ၊ ငါးသံကြားတယ်၊ လာ သား၊ သွက်သွက်ကလေး'

www.burmeseclassic.com

www.burmeseclassic.com



အပြေးတစ်မိုင်းနှင့်သွားတော့ ကလေးခြေလှမ်းဖြင့် ရှမ်းသမ်းပြီး လိုက်ရသည်မှာ မလွယ်၊ ချောင်းနှင့် နည်းနည်းလှမ်းသော်လည်း အဖေ ပြောသလို ငါးခုန်သံ၊ ငါးတိုးသံ ဖြောင်းဆန်နေအောင် ကြားနေရသည်။ ထိုနေရာသည် ပထမတော့ ကျွဲလူးအိုင်ဖြစ်မည် ထင်ရသော်လည်း ခရာ ချုံတို့က ဝိုင်းအုံပေါက်နေသဖြင့် ကျင်းချိုင့်အဖြစ်သာ ကျန်ရစ်ခဲ့သည်။

ချောင်းရေက ခန်းလုနီးပါးကျသွားချိန်၌ လိုက်ပါမသွားဘဲ အနေ ကောင်း၍လည်းဖြစ်နိုင်သော လက်ကျန်ငါးတို့ကို ချုံအောက်မှာမို့ မမြင်ရ။ အသံသာကြားရသည်မှာ အားရှိစရာ။ အဖေက သူ့ဝသီအတိုင်း ခဏမျှ ဆောင့်ကြောင့်ထိုင်ကြည့်နေသေးသည်။ ကုန်မည့်အချိန် ရမည့်ငါး၏ပမာဏ ကို ဝေဖန်သုံးသပ်ပြီးမှ ညစ်တီးညစ်ပတ် ညည်းတွားလိုက်သေးသည်။

'--မှပဲ၊ ဘယ်ကောင် လက်ဦးသွားတယ် မသိဘူး၊ ဒါဟာ နောက်ကျန်တဲ့ငါးပဲဖြစ်မယ်၊ ဒါတောင်မနည်းရှိသေးတယ်၊ အစက တော် တော် များမှာကွ၊ လက်မတင်လေး နောက်ကျသွားတယ်'

စဥ့်အိုးထဲမှာ လှောင်ထားသော ငါးတွေလို ဘယ်အချိန်ဖမ်းဖမ်း ရသည်မို့ စိတ်အေးအေးနှင့် အရသာခံကြည့်နေပြီးတော့မှ ခါးတောင်း မြှောင်အောင် ကျိုက်တော့သည်။ ပလိုင်းကို ကျွန်တော့်ကိုင်ခိုင်းပြီး နွံပျစ် ကျင်းထဲသို့ ဆင်းလေ၏။ ရေက တစ်ထွာလောက်မို့ ဖမ်းဖို့မခက်ခဲ။ ကျင်းအစပ်ရှိ မြက်ချုံများဆွဲပြီးရှင်းလိုက်ရာ ငါးရံ့တစ်ကောင် လန့်ခုန်လျက် အဖေ့လက်တွင်းသို့ ရောက်လာသည်။

'ဈေးဦးပေါက်ပယော့၊ ဟဲ့ နင့်အဖော် တစ်ထောင်ခေါ်'

ငါးတစ်ကောင်ရလျှင်နောက်ထပ်ရပါစေဟု ပြောသလိုမျိုး၊ ထိုခါ တစ်ရံ သွားရင်းလာရင်း ငါးပေါက်စကလေးတစ်ကောင် တွေ့လျှင် ဟင်းလည်းမချို၊ တံစို့ထိုးကင်လည်း မရသည့်အတွက် လက်ကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အသားကောက်ပြီး ချောင်းစပ်ဆင်းကာ နှင့်အသက်တစ်ခါလွတ် ငါ့အသက်ဆယ်ခါလွတ်ဟု အဖေရွတ်ဖူးသည်ကို တွေးမိပြီး အကောင်ကြီးသောအခါနှင့်အဖော် တစ်ထောင်ခေါ်တဲ့၊ တော်တော် တော်သည့် အမြော်အမြင်ကြီးသော အဖေပါတကား။

အဖေပစ်ပေးသမျှ ငါးတွေကို ပလိုင်းထဲ ကောက်ထည့်ရသည်မှာ ပျော်စရာတစ်ခု။ ကိုယ်တိုင်မဖမ်းရပေမယ့် ရလာသမျှ ငါးများသည် အရှင်ချည်းမဟုတ်၊ အဖေ့လက်တွင်းရောက်သည်နှင့် ဆန့်ငင် ဆန့်ငင် ဖြစ်သွားလေ၏။ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးသင်းအုံ့ အစရှိသော စားကောင်းသည့် ငါးနှင့်အတူ များသောအားဖြင့် ငါးခေါင်းတိုက များသည်။

'ကျင်းပတ်လည်မှာ တွင်းတွေ အများကြီးပဲ၊ ကလိုင်ဖောက်ပြီး နေတာကွ၊ တချို့တွင်းဆို ငါးခူလေးငါးကောင်လောက် 'ရတတ်တယ်၊ ဟောတွေ့လား၊ ဒီမှာ'

တွင်းထဲနှိုက်လိုက်၊ ငါးတစ်ကောင်ဆွဲထုတ်လိုက်နှင့် အဖေ ပျော်နေပုံရသည်။ အချိန်အတော်ကြာသောအခါတွင် ဒီငါးရံ့က တော်တော်ခေါင်းမာတာပဲကွ၊ အထဲမှာ ရုန်းကန်နေတာ၊ ဘယ်ရမလဲကွာ၊ ငါနဲ့တွေ့ရင်သက်သာမယ်မထင်နဲ့ဟု ပါးစပ်မှ တရစပ်ပြောပြီး သဲကြီးမဲကြီး ဖမ်းနေလေသည်။ ဖမ်းမမိလေ အဖေ စိတ်တိုလေ၊ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု၏ အစည်ကို ဖိရွတ်လေ။

ခဏကြာတော့ ရှုံ့ရှုံ့မဲ့မဲ့နှင့် ကျင်းနှုတ်ခမ်းပေါ် တက်လာသည်။ အတက်နှစ်ဖက်ကို ဆုပ်လာသည်မို့ ရောမအကောင်ကြီးလားဟု ကြည့်မိရာ အာရုံတွေ့ဘဲ လက်ကို လက်ဖြင့်ဆုပ်လာခြင်းသာ ဖြစ်သည်။ ငါးကျည်းဖြစ်မယ်ဟု တွေးပြီး ငိုင်တွေတွေကြည့်နေရာမှ အဖေက ကျွန်တော့်ကို အသံတိပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'လာ အိမ်ကို အမြန်ပြန်ရအောင်'

ငါးလည်းမကုန်၊ ပလိုင်းလည်းမကောက်၊ နောက်ပြီး ပြုတ်နေသော ဖိနပ်ကိုတောင်မှ သတိမရတော့ဘဲ ရှေ့က သုတ်ခြေတင်လေ၏။ မူးရူးပြီး စိတ်မနှံ့ဖြစ်သွားသလားဟု ထင်မှားကာ ပလိုင်းကို မနိုင့်တနိုင်ထမ်းရင်း ကသောကမျောသွားနေသော အဖေ့နောက်က မနည်းမီအောင် ပြေးလိုက်ရသည်။

အိမ်ရောက်တော့ မရှေ ဖျာသာခင်းပေရော့ဟု ပြောကာ ရွှံ့ပေကျံလျက်က တက်အိပ်တော့သည်။ အမေက ဒက်ခနဲသိပြီ။ အဖေ့လက်ကို ဆေးကြောကြည့်လိုက်သောအခါ လက်ခွကြားတွင် အစွယ်ရာနှစ်ပေါက်နှင့် ညိုမည်းနေသော ဒဏ်ရာကို တွေ့ရလေ၏။ အဖေ့ကို နှိုးပြီး ဆေးဆရာဆီ သွားဖို့ပြင်တော့ လုံးဝ သတိမရသည်သာမက သူချစ်သော ဇနီးနှင့်သားကို ခွဲခွာသွားလေပြီ။ သေခါနီး၌ ကျွန်တော့်ကို အနားခေါ်ပြီး နားနားကပ်ကာ စကားတစ်ခွန်း မှာခဲ့သည်။

အမေက ကျွန်တော့်ကို ရင်ခွင်ထဲဆွဲသွင်းရင်း အဖြစ်ဆိုးလှချည်လား ကိုအောင်ဖြိုးရေဟု ဆွဲဆွဲငင်ငင် အော်ဟစ်ငိုလိုက်သောအသံက တစ်ရွာလုံးကို အကြောင်းကြားလိုက်သလို ဖြစ်သွားလေသည်။

* * *

ကျောင်းတက်ခေါင်းလောင်းထိုး၍ အတန်းထဲဝင်သည်နှင့် မင်္ဂလာပါဟူသော စကားလုံးဖြင့် ဝင်ရောက်ခဲ့ရသော်လည်း အနည်းအကျဉ်းတော့ စိတ်မသက်သာစရာတွေနှင့် ကြုံခဲ့ဖူးသည်ချည်းပင်။ သူတို့ မျက်နှာနုနုလေးတွေဆီက မင်္ဂလာပါဆရာဟူသော ရင်ထဲက ပါပါ မပါပါ စိတ်နှလုံးမွေ့စရာကိုတော့ တစ်ခါ တစ်ခါ ခံစားခဲ့ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သည့်မိဘများက မြို့ကို ကျောင်းသွားထားသောကြောင့် ရွာမှာ ကျန်ခဲ့သူများမှာ စာတော်သည် မတော်သည် အပထား၊ ငါးဆယ် ရာခိုင်နှုန်းသည် နွမ်းပါး၍ ကျန်တစ်ဝက်သည် မပြည့်စုံသူများသာ ဖြစ်ကြသည်။ အလယ်တန်းကျောင်းသားကြီးတွေဖြစ်သော်လည်း ဖိနပ်မပါသူ၊ လွယ်အိတ်မဝယ်နိုင်သူ၊ ကျောင်းအပ်စရာမရှိ၍ ကျောင်းထွက်ရသူ၊ ပုံနှိပ်စာအုပ် ဒါမှမဟုတ် ဗလာစာအုပ် မဝယ်နိုင်သူများသာ ဖြစ်သည်။ အသက်အရွယ်ကလည်း ရှစ်နှစ် ကိုးနှစ်ကျမှ သူငယ်တန်း စတက်ကြတော့ ရှစ်တန်းလည်းရောက်ရော အရွယ်ကို စဉ်းစားသာ ကြည့်ပေရော့။

နွေရာသီတစ်ခုတွင် မြို့ပြက သူငယ်ချင်းဆရာမနှင့် ဆုံခဲ့ဖူးသည်။ သူမသည် အလယ်တန်းပြ လျှောက်လျှင် ရပါလျက် မူလတန်းပြကိုသာ လွယ်ကပ်နေသည်။ ပြန်ကာနီးကျတော့ နင်ကော အဆင်ချောရဲ့လားဟု မေးသဖြင့် နင့်လိုတော့မဟုတ်ဘူး၊ နေပျော်ရုံလေးပါပဲဟု မုသားချိုချို စကားလေးနှင့်ပြောပြီး ကသုတ်ကရက်ပြေးခဲ့ရသည်။

ကျွန်တော့်မှာ ဘယ်ရွာပြောင်းပြောင်း ဘယ်ကျောင်းနေနေ ကံကောင်းတာ တစ်ခုကတော့ ကျောင်းသားနှင့်မိဘ၊ ကျောင်းကော်မတီ၊ ကျောင်းအုပ်နှင့် ပညာရေးဝန်ထမ်း၊ အောက်ခြေဝန်ထမ်းကအစ ချစ်ခင်ခြင်း ခံခဲ့ရသော ဂုဏ်ပုဒ်ကလေးကလွဲ၍ ဘာမှ ကြွားဝါစရာမရှိ။ ကျောင်းထွက်ရသည့် ကလေးကို အားပေးရင်း ထောက်ပံ့ရတာတစ်သွယ်၊ စာအုပ်မဝယ်နိုင်လို့ ငှားတာကအမြတ်၊ ဖိနပ်ကအစ ခမောက်အဆုံး သိမ်းကျုံးဆင်ယင်ရတာ သည်း တစ်မျိုး၊ သောက်ရေအိုး တံမြက်စည်းကို ကိုယ်တိုင်ဝယ်ပြီးထားရတာလည်း ရှိသေး၊ ရွာမှာနေသော အမေ့ဆီကို ပြေးပြေးပြီး မကြီးမငယ်နှင့် လက်ဖြန့်နေရတုန်းမို့ ကျောင်းဆရာလုပ်မိတာများ ငါးပါးရော သံယောဇင်ပါမှောက် တရားထောက်တဲ့သူလည်း ခေါင်းကွဲ၊ မိုးဖြိုဒယ်ရည်း နှုတ်ခမ်းပုံဆိုတာလို ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ကွက်လပ်ကလေးများ လိုက်လံဖြည့်ရလွန်းသဖြင့် အစားအသောက် ငြိုးငြိုးခြိမ်ရသည်မှာ လူလည်း ခါးပြတ်ရော့မည်။ ပီတိစား အားရှိသည်ထက် ငါးပိကိုစားနိုင်ဖို့အရေး တစ်နေ့တစ်နေ့ အားမွေးရသည်မှာ မလွယ်။ အိမ်ပြန်လက်ဆောင်ဆိုတာကတော့ အဖိုးတန်မဟုတ်ပေမယ့် အနည်းအကျဉ်း ရတတ်သည်။ သီတင်းကျွတ် ကျောင်းပိတ်ရက်လိုမျိုးမှာ ကျွန်တော် အိမ်ကိုပြန်တတ်သဖြင့် အတန်းထဲမှာ ကလေးတွေမေးဖူးသည်။ ဆရာ ဘယ်တော့ပြန်မှာလဲတဲ့။ ပြန်ရင် အသံပြုပါတဲ့။ ပြန်မယ့်ရက်ကို ကြိုပြောပါတဲ့။

တံငါရွာတွင် ငါးပိ ငါးခြောက်၊ တောင်သူရွာရောက်တော့ ဆန်နှင့် ကောက်ညှင်း၊ ရိုးမခြေရင်း ရွာတွေမှာ တောဟင်းလျာအခြောက်များ ရတတ်သည်ကလွဲ၍ သူငယ်ချင်းမ ပြောသလိုမျိုးတော့ ဆိုင်ပြန်သွင်းဖို့ နေနေသာသာ ဝမ်းတစ်ထွာထဲကို အငြိုးနှင့် စုပုံပစ်သွင်းလိုက်တော့သည်။

အခန်းပြီးဆုံးမှုစာမေးပွဲ စစ်ပြီးသည်နှင့် သီတင်းကျွတ်ရော့မည်။ ပြန်မှာလားလို့ တစ်မေးထဲမေးကုန်ကြပြီ။ ခပ်တည်တည်နှင့် ပြန်မယ်၊ ဘာထည့်ပေးမလို့လဲဟုမေးတော့ ရပါတယ်ဟု ဝိုင်းအုံပြောကြ၏။ သေချာပြီ ပိတ္တာလေးရွာသည် ငါး ငါးပိ၊ ငါးရံ့ခြောက်၊ ငါးခူငါးပိကောင်၊ အုန်းနှင့် ကွမ်းသီး အလျှံပယ်ထွက်ရာရွာ ဖြစ်သောကြောင့် စိတ်နည်းနည်းအေးသွားသည်။ နိုင်ပါ့မလား၊ သဘော်ပေါ်အတက်အဆင်း လွယ်ပါ့မလားဟု ရှေ့ရေးတွေးပြီး စတိုင်ကျကျ ပူနေမိသေးသည်။

ခက်တာက နက်ဖြန်ပဲ စာမေးပွဲစစ်တော့မည်၊ ကျောင်းခေါ်ချိန်စာဖိုးလုန်ပြီး နာမည်ခေါ်တော့ကျောင်းသားတစ်ယောက် နာမည်ပျောက်နေသည်။ ကျောင်းမတက်တာ သုံးရက်ရှိပြီ၊ ခွင့်လည်းမတိုင်၊ အရေးကြီးသည် ဆိုကာမှ နမော်နမဲ့နိုင်လွန်းသော ကျောင်းသားကို စိတ်တိုတိုနှင့် ကိုင်ပေါက်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တော့သည်။ စာသင်ခဲ့သည့်ကာလတိုင်း အမေ့ကို သတိရပြီး ရိုက်နှက်ခြင်းကို ထာဝရရှောင်ကြဉ်ထားသူမို့ ရောင့်တက်ခြင်းများလား။

'ခွေးကောင်၊ စောအေးမြင့်၊ ဒုက္ခတော့ရောက်ဦးမှာပဲ'

လွှတ်ခနဲပြောမိသဖြင့် အတန်းထဲက ကလေးတွေ ကြားသွားသည်။ စိတ်ဆိုးနေပြီထင်ပြီး ငြိမ်ကုပ်ကုန်ကြသည်။ သူနှင့် နီးစပ်ရာတွေကို အေးမြန်းစုံစမ်းကြည့်တော့ အဖြေကို တိတိကျကျပြောနိုင်သည်။ မသိဘူးတဲ့။ သည်လိုဆိုလျှင် ခက်ပြီ။ ညနေကျောင်းဆင်းချိန်မှာ သူ့အိမ်ကိုသွားပြီး ကြည့်ဦးမည်ဟု အားခဲထားပေမယ့် စိတ်ကတော်တော်တိုနေပြီ။ နေတာက လည်း လယ်ကွင်းထဲရှိ လယ်တဲကျွဲတင်းကုပ်မှာဆိုတော့ ရိုးဖြတ် ချောင်း များ တကူးတကသွားရမှာမို့ စိတ်ပျက်နေမိသော်လည်း မတတ်နိုင်တော့။

*　　　*　　　*

'လာပါ၊ ညှော့သည်နဲ့တူပါရဲ့၊ သြော် ဖိုးခွားရဲ့ဆရာပဲ၊ ထိုင်ပါ၊ ဘာကိစ္စများ ရှိလို့ပါလဲ'

ခင်းပေးသော သဝေါ့ဖျာကလေးပေါ် ထိုင်ရင်း လာခဲ့ရသော ခရီးလမ်း ကို ပြန်ဖို့အရေး တွေးတောင် ကြောက်လာသည်။ ခရီးက ဝေး၊ လမ်းက ကောင်း၊ ချောင်းဖြတ်တံတားကလည်း ခနိုးခနဲ့၊ ရွာနှင့်ဝေးတော့ မှောင် လာလျှင် ပိုးမွှားကြောက်ရသေးသည်။

'စောအေးမြင့် ကျောင်းမတက်လို့လာတာပါ၊ နေမကောင်းဘူးလား၊ နက်ဖြန်ခါပဲ စာမေးပွဲစစ်တော့မယ်၊ ခွင့်လည်းမတိုင်တော့ ဘာအကြောင်းမှန်း သိလို့ပါ'

'နက်ဖြန်ခါ စာမေးပွဲရှိတယ်ဆိုတာ သူ သိတယ်၊ စာလည်းကျက် တယ်၊ ကျောင်းပျက်တာကတော့ မနက်မိုးလင်းရင် ချောင်းထဲဆင်းသွား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ငါးရလာလည်း ချက်စား ရောင်းစားတာက နည်းနည်းရယ်၊ ငါးရဲ့ တွေ့ခွဲ အခြောက်လှန်း၊ ငါးချူတွေကို ငါးပိကောင်လုပ်ခိုင်းသေးတယ်၊ ဘာလုပ်ဖို့လဲမေးတော့ အမိုး နောက်တော့သိမှာပါတဲ့'

ခရေစေ့တွင်းကျ ပြောပြနေတုန်းမှာ သီချင်းသံ အော်ကြီးဟစ်ကျယ်နှင့် စောအေးမြင့် ပြန်ရောက်လာသည်။ ဝမ်းသာလုံးဆို့ပြီး ငါးရလာကြောင်း သူ့အမိုးကို သတင်းပို့နေသေး၏။ တစ်ကိုယ်လုံး ရွှံ့များ လိမ်းကျံထားသော်လည်း ပင်ကိုရုပ်က မပျောက်။ တဲပေါက်ဝနားမှာ ငါးထည့်သည့်သံပုံးကြီးကိုချပြီး စိတ်အေးလက်အေး အမောဖြေနေသေးသည်။ ကျွန်တော့်ကို ရုတ်တရက် မြင်သွား၍ သူ့ခမျာ အနေအထိုင်ကျပ်သွားသည်နှင့် ပီတိတွေ ရုပ်သိမ်းကာ ခေါင်းကလေး ငုံ့သွားရှာသည်။

'ဘယ်လိုလဲ အေးမြင့်၊ ငါ့ကိုတောင် သတိမရတော့ဘူးလား၊ မင်းက ကျောင်းမတက်ဘဲ ငါးချည်းဖမ်းနေတာကိုးကွ၊ ဘာလဲ ငါးဒိုင် သွင်းမို့လား'

ရှက်ကိုး ရှက်ကန်းဖြစ်နေပြီး ပြန်ပြောရမည့်စကား ရွေးချယ်နေဟန် တူသည်။ ရှစ်တန်းကျောင်းသား လူပျိုပေါက်ကလေး၏ ဆံပင်သည် နေဒဏ်ကြောင့် ပုစွန်ထုပ်အမွေးအရောင် ဖြစ်နေသည်။ သည်အရွယ်သည် ကျောင်းစာအံရမည့်အရွယ် ဖြစ်ပါလျက် ကွင်းကြိုကွင်းကြား ချောင်းကြို ချောင်းကြားမှာ အချိန်ဖြုန်းနေသည်သာမက ခွင့်မဲ့ ပျက်ကွက်ခြင်းကြောင့် သည်ကောင့်မြင်တော့ ဒေါသထွက်ရမလို သနားရမလို။

'ခွင့်လွှတ်ပါဆရာ၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ကျောင်းပိတ် ရက်မှာ ဆရာပြန်မယ်ဆိုလို့ အတန်းထဲက ကောင်မလေးတွေ လက်ဆောင် လိုက်စုနေတယ်၊ နန့်သင်းနွဲ့တို့အဖွဲ့က ကွမ်းသီးနဲ့အုန်းသီး အော်ဇော်လ တို့အဖွဲ့က ငါးငါးပိ၊ ဝါဝါဝင်းတို့အဖွဲ့က ငါးပိကောင် ကျွန်တော်ကျော်ဆွေ

www.burmeseclassic.com



နဲ့ စိုးမင်းက ငါးခြောက် တာဝန်ယူလိုက်တယ်ဆရာ၊ ကျော်လွင်နဲ့ စိုးမင်း အပျင်းတော့ ကျွန်တော့်ချည်းပဲ လိုမှိုနိုင်းနေတာ၊ နောက် ဆရာ့အတွက် ကျွန်တော်လည်း မျက်နှာမငယ်ရအောင် ကိုယ့်ဘာသာပဲ ဖမ်းဆီး အခြောက် လှန်းပေါ့၊ ကျွန်တော် မပေးနိုင်ရင် တစ်တန်းလုံးက ဝိုင်းပြီး အပြစ်တင် ကြင်မှာစိုးလို့ပါ၊ ဒါကြောင့် ကျွန်တော် ကျောင်းပျက်တာပါ ဆရာ'

ရင်မှာ နင့်ခနဲ ခံစားရသည်နှင့်အမျှ ကိုယ့်အတွက်နှင့် တစ်ဖက်သား ဝင်ပန်းနေသည်ကို မကြည့်ရက်။ သူ့ပခုံးကို ဖွဖွဖက်ရင်း တစ်ချိန်က အဖေ့ကို ပြေးပြီး မြင်ယောင်လာသည်။ သေအံ့မူးမူးအချိန်တွင် ကျွန်တော့်ကို အနားခေါ်ပြီး စကားတစ်ခွန်း ပြောဖူးသည်ကို အမှတ်ရလာသည်။

'ငါ့သား နောက်ကို ရေခန်းငါး မဖမ်းနဲ့နော်၊ အန္တရာယ်ရှိတယ်'

အဖေသည် လောဘဇောကြီးစွာ အန္တရာယ်ရှိမှန်းသိပါလျက် ရေခန်း ငါးကို ဖမ်းခဲ့ဖူးသောကြောင့် အစာမြင်၍ အာသာငမ်းငမ်းတက်နေသော အဆိပ်သတ္တဝါ၏လက်ချက်ဖြင့် မပြန်လမ်းသို့ မြန်းသွားရရှာလေပြီ။ အစာရှာသူချင်း ထိပ်တိုက်တွေ့ကာ အဖေ နောက်ကျသွားရှာပြီ။ အဲသည် အချိန်က အဖေ့စကားသည် ဘာမှန်းမသိခဲ့သော်လည်း ပြောမယုံ မကြုံဘူးခဲ့၍ ခုချိန်မှာ တန်ဖိုးကြီးမှန်း သဘောပေါက်ခဲ့သည်။

ကျွန်တော် ဆုံခဲ့ဖူးသည့်ကျောင်းသားများသည် ကြွယ်ဝသူများ မဟုတ်သည့်အတွက် အနေအစားဆင်းရဲသည့်ဘဝမှာ ရောင့်ရဲနေသူများ ဖြစ်သဖြင့် ကိုယ်လျှောက်ခဲ့ရသောဘဝနှင့် နှိုင်းယှဉ်ကာ အမြဲတမ်း ကိုယ်ချင်းစာခဲ့ဖူးသည်။ အနစ်နာခံကာ လမ်းပြဦးဆောင်ခဲ့ဖူးသည်။

ချောင်းနှုတ်ခမ်းဖျား၊ ရေကျန် လက်ကျန် ငါးသွားရှာသည့် ဆော အားမြင့်တစ်ယောက် ကံကောင်းထောက်မ အိမ်ပြန်ရောက်လို့သာ။ ဖကယ်

www.burmeseclassic.com

www.burmeseclassic.com



လို့များ မပြောကောင်း မဆိုကောင်း ဝမ်းစာရှာသူအချင်းချင်း ပြိုင်ပွဲစည်းဝိုင်းအတွင်းမှာ အသက်လုပွဲ ဆင်နွှဲခဲ့ရပါသည်ဆိုလျှင် လက်ဆောင်ရဖို့အသာထား တုန်ချည့်ကြေကွဲ မျက်ရည်ဝဲလျက် အမိန့်စာပြန်နေရဦးမည်။

ခက်တာက ကျွန်တော်ကိုယ်တိုင် ရေခန်းငါးဖမ်းသူတစ်ယောက်ဖြစ်ချင်နေပါလားဟု သံသယပွားသည်နှင့်အမျှ ပြင်းထန်သောအဆိပ်တို့သည် ကြိတ်မနိုင်ခဲမရ လက်ဖျားမှတစ်ဆင့် နှလုံးသားဆီသို့ တရွေ့ရွေ့စီးမျောလျက်။"

ကိုနိုင်နွေ (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

## လူကိုက်လွှတ် ကြက်တစ်ကောင်၏ပုံရိပ်

န်းကြီးနဲ့ ဘီးလိုပါပဲ။

ကျောင်းဆရာနဲ့ တိုက်ကြက်ဆိုတာ သိပ်တော့ အစပ်အဟပ်မတည့်သေဘူး။

'ဆရာ ဟိုမြာမဒန်းမလေးက ကြက်ကောင်းမလေး ထင်တယ်၊ ရာ ဘယ်လိုလုပ်ရတာတုန်း၊ တဲက သိန်းကြီး ဝိုင်းနိုင်လာတဲ့ ကြက်ဖ နဲ့ သားဖောက်ရအောင် ကျွန်တော့်ပေးလိုက်၊ ကြက်ဖပါလာလို့ ထွန်း ရင် ဆရာ ရောင်းစားပေါ့၊ အဖေမျိုးက ကိုစံတင့်မျိုးသာပြောလိုက်၊ င်းရင် သောင်းချီရမှာ၊ မကောင်းတော့လည်း အရေးလား၊ အသားဈေး ာချိန်ဈေးပေါ့၊ လွှင့်ပစ်ရတာမှတ်လို့'

တစ်နေ့ အိမ်ကိုအလည်လာရင်း သည်စကားစလာတော့ နည်း စိတ်ဝင်စားသွားတယ်။ တစ်လောကတောင် သူတို့တဲက ကြက်တစ် င် ရောင်းလိုက်တာ ငါးသောင်းငါးထောင်ရဆိုပဲ။ ဒါတောင် နည်းလို့တဲ့။ င်း လူနိုင်တွေမို့လို့သာ အားနာလို့ သည်ဈေးနဲ့ပေးရတာဆိုပဲ။ အံ့ရော

www.burmeseclassic.com

www.burmeseclassic.com



ငါးသောင်း ငါးထောင်ဆိုတာ သည်နယ်ဘက်မှာတော့ အသင့်အတင့် နွားတစ်ရှဉ်းဖိုးပဲ။ ကိုယ်က ကျောင်းဆရာဆိုပေမယ့် လက်ရှိ ဝန်ထမ်းဆရာတော့ မဟုတ်ပါဘူး။

လုပ်သက် နှစ်ဆယ်ကျော်မှာ ကျန်းမာရေးကြောင့် ဆေးပင်စင်လေးနဲ့ နားလိုက်ရတယ်။ တစ်သက်လုံး မြေဖြူကိုင်လာတာဆိုတော့ အပြင်စီးပွားရေးကို အဆက်ပြတ်နေပြီ။ ပြီးတော့ 'ထွက်သုံးထွက်' များ အပြင်ရောက်လာရင် ပတ်ဝန်းကျင်နဲ့ သိပ်သဟဇာတဖြစ်တာ မဟုတ်ဘူး။ ထွက်သုံးထွက်ကတော့ သိတဲ့အတိုင်းပဲ။ ကျောင်းဆရာထွက်၊ စစ်သားထွက်နဲ့ ဘုန်းကြီးလူထွက်ပေါ့။ ဘဝပေးအခြေအနေအရ အိမ်က မဟေသီရဲ့ တောမြို့ကလေးမှာ အခြေချလိုက်တယ်။

ဒါပေမဲ့ ဆရာဘဝကတော့ လုံးလုံး မနားနိုင်သေးပါဘူး၊ ဝါသနာဗီဇဆိုတာ ပျောက်နိုင်ခဲသားလား။ ဆေးပင်စင် လေးနဲ့ မလုံလောက်တော့ မီးဖိုချောင် စရိတ်ကလေး ခုသာခံသာအောင် ကျူရှင်ကလေးပြတယ်။ မိသားစုငါးယောက်ရှိတဲ့ အိမ်ထောင်ကို ခက်ခဲစွာပဲ ရုန်းကန်နေရတယ် ဆိုပါတော့။

မိုးသံလေသံ ကြားပြီမှဆိုရင် ရင်မှာ မအေးတော့ဘူး၊ အိမ်ကလေး မလုံတဲ့ ဟာထေးဖို့ ကလေးတွေ ကျောင်းစရိတ်နဲ့ ဗျာများရတယ်လေ။ ဒါတွေကြောင့် မဟေသီက အိမ်ကုန်စုံဆိုင်လေးထောင်၊ ကိုယ်ကလည်း တနိုင်တပိုင် စိုက်ပျိုးမွေးမြူရေးလေး ကူရတယ်။

သည်မှာတင် ကြက်ကလေး မွေးမိတယ်ပေါ့။ ဝယ်တာကတော့ ရွာကြွဲရာက ဝယ်တာပါ။ ကြက်မ လေးငါးကောင်နဲ့ စတာပေါ့ ကြက်ဖကတော့ ဘေးပတ်ချာလည်မှာ ကြက်သမားချည်းပဲ။ ကြက်ဖ မထားတော့ ချွေတာလိုက်တယ်။ ခုလည်း ညနေ ကြက်တွေကိုအစာကျွေးနေရင်း တစ လေး ရောက်လာပြီး စကားစပ်မိသွားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



တပည့်လေးအဖြေက တကယ့်ကြက်သမားကြီးပါ။ ကြက်ကို မွေး တိုက် ရောင်းပဲ။

မွေး တိုက် ရောင်းဆိုတာ ကြက်ကောင်းမွေးတယ်၊ တိုက်တယ်။ ကြေးကောင်းရရင် ရောင်းတယ်ပေါ့။ နာမည်က ကိုစံတင့်တဲ့။ 'ကြက်စံတင့်' ဆိုရင် ကြက်သမားလောကမှာ မသိသူမရှိသလောက်ပဲ။ တော်ရုံကြက်သမား က သူတို့ကြက် ဘေးတစ်မီးဆို သားဖောက်ခံတာမဟုတ်ဘူး။ ကြက်သမား အပြော ပြောရရင် ကိုယ့်တုတ်နဲ့ ကိုယ့်ပြန်အရိုက်မခံနိုင်ဘူး တဲ့။

သည်တော့ တပည့်လေးပေးတဲ့အကြံက မဆိုးပါဘူး။ ကြက်ဖ တစ်ကောင် သောင်းချီရတယ်ဆိုတာ နည်းသလား၊ 'လုပ်လိုက်လေ ကြာ သလား' ဆိုပြီး တပည့်လေးကို မီးစိမ်းပြလိုက်တယ်လေ။

*　　*　　*

ကြောပါဘူး၊ ကြက်မကို သားခွဲသုံးကောင်နဲ့ အိမ်လာပို့တယ်။ ပေါက်တာ ကတော့ ခုနစ်ကောင်၊ ကြက်ဆွဲတာ၊ အဖိတ်အစဉ်ရှိတာကြောင့် လေး ကောင် ကျန်တယ်တဲ့။ ကြက်ဖကတော့ တစ်ကောင်ပဲပါလာလို့ ဆရာပဲယူပါ၊ သူကတော့ မျိုးရအောင်ဆိုပြီး ကြက်မတစ်ကောင်ပဲ ယူထားတယ်လို့ ပြောလာတယ်။

ယူပေါ့။ ကိုယ်က အလိုက်သိသိတောင်ပေးရဦးမှာပဲ။ ပြီးတော့ ကြက်ဆိုတာ 'ကြက်ကောင်းမ' စစ်လေ သားပေါက်နည်းလေ ဆိုပဲ။ သည်မှာတင် ဓာတ်ရှိန်တက်တော့တာပဲ။ ညနေ အိမ်ကကျူရှင်ပြီးတာနဲ့ ကိုစံတင့်တဲ့သွားပြီး ကြက်ကျူရှင် တက်တော့တာပဲ။ ကိုစံတင့် ကျူရှင်က ကျူရှင်ခမယူတဲ့အပြင် ထွေးညိုကို ပဲကြမ်းလှော်၊ ငါးခြောက်ဖုတ်ကအစ အခဲခြောက်အဆုံး ကာရန်သင့်ရင်တော့ ကြက်သားကလေး ပါလာတတ်

www.burmeseclassic.com

www.burmeseclassic.com



သေးရဲ့။ အဲဒါနဲ့ ညှော်ခံတယ်။ ညနေစောင်း သူ့တဲရှေ့က ဘူးစင်လေးအောက်မှာ ဖျာကလေးခင်းပြီး လေကလေးတဖြူးဖြူးနဲ့ ကြက်ဘာသာရပ် သင်ယူလေ့လာရတာ ဓိမ်တော့အကျသားလား။

အိမ်က မယောသီကတော့ အိမ်ကကြက်ဖလေးတစ်ပွေ့တစ်ပိုက်လုပ်ပြီး စိတ်ကူးတယဥ်ယဥ် မလုပ်လိုက်နဲ့။ အမြင်ထောင့်တယ်ထင်ပါရဲ့။

'ဟင်း ဟင်း ရှင်က ကျောင်းဆရာဆိုတာလည်း မေ့မထားနဲ့ဦး၊ ကျောင်းဆရာနဲ့ တိုက်ကြက် အပ်စပ်သလား၊ တော်ကြာ တပည့်တွေ အရိုအသေတန်အောင်'

အဲသလို မျက်စောင်းတထိုးထိုး မေးတငေါ့ငေါ့နဲ့ သတိပေးလာရင် စိတ်ကူးအိပ်မက်ကလေးကို ပျက်ကရော။ ကြက်ကလေးကလည်း ပါးခေါင်းပေါက် ခုနစ်ဆယ်သား ရှစ်ဆယ်သား။ တွန်သံလည်ခါက ရောက်လာတော့ စိတ်ကူးယဥ်လို့က ကောင်းလာပြီ။

အံမယ် သောင်းချီတောင်မကဘူး၊ သိန်းချီတောင်ပေးလာတာတဲ့၊ ကိုစံတင့် ကြက်တရားထဲက 'တစ်သိန်းတစ်သောင်း' တောင်ရတဲ့ ကြက်အကြောင်းကြားပြီး စိတ်ကူးအယဥ် လွန်သွားတာလေ။ ကြာလာတော့ ကြက်သင်ခန်းစာ အတော်များများ တီးမိ ခေါက်မိနေပြီ။

လက်ရင်း လက်ဖျား စားထိုက်မှစား၊ ကြက်လဲမထူ၊ သုံးချက်တစ်ချက် ပြန်ခြေမလာ အရှုံး၊ စုံလုံးကန်းအရှုံး၊ သုံးခါကောက် တစ်ခါကုဆိုတာတွေ သိလာတယ်။ ကြက်အရောင်ကျလည်း အခေါ်အဝေါ်က စုံပါပေ့။

'ကြက်နီချိတ်၊ ကြက်ဝါ၊ ဥမှန်း၊ ခရမ်း၊ ဖောင်း၊ မဂို၊ ဝါးရောင်း၊ လင်းယုန်၊ မည်းချိတ်၊ ကြက်မည်း'

ကြာလာတော့လည်း စိတ်ဝင်စားသထက် ဝင်စားလာတယ်။ လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်ရတဲ့ သတ္တဝါကိုး။ အိမ်က ကြက်ဖလေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ပီတိဖြစ်နေရတာ။ ကြက်ဖကလေးက ကြက်မတောင် မနိုင်သေးပါဘူး။ ဘေးကြက်ဖတွေ အိမ်ထဲ ကျူးကျော်လာရင် သူ့ခမျာ ပတ်ပြေးနေရတာပဲ။ ကိုယ်က ကြက်အကြောင်း နားမလည်တော့ သည်ကောင် ကြက်ကောင်းမှ ဟုတ်ရဲ့လား၊ ကြက်ဖ မပြောနဲ့ အိမ်က ကြက်မတွေတောင် မနိုင်ဘူးပေါ့။ စကားစပ်မိလို့ ကိုစံတင့်ကိုတောင် ပြောမိသေးရဲ့။

'ကျုပ် ကြက်မျိုးက သည်လိုပဲ၊ ဗိုလ်မလုပ်သေးလို့ပါ၊ အရွယ်ရောက်လာတဲ့အချိန် တွန်သံ ပီလာတဲ့အချိန်သာ ဆရာလေး စောင့်ကြည့်'

ကိုစံတင့်ပြောမှပဲ ရှင်းတော့တယ်။

ကြက်ဖကလေးက သူ့အဖေ ကိုစံတင့်ကြက်အတိုင်းပဲ၊ အညာကြက်သမားကြိုက်အရောင်။ ကြက်နီချိတ်၊ အမောက်ကလည်း ထောင်မနေဘူး၊ အမောက်တုံး။ 'မောက်ခါးပိ'လို့ ခေါ်တယ်။ အောက်စကရတော့ အထွက်မမိုက်ဘူး။ လက်သစ်လောက်စံပါယ်တက်။ ကိုစံတင့်ပြောတဲ့ အတိုင်းပဲ တွန်သံပီပြီး မကြာခင် ဗိုလ်လုပ်တော့တာပဲ။ အရင်က သူ့နိုင်ခဲ့တဲ့ကြက်မတွေဆိုတာ ခုတော့ ပြားပြားကိုဝပ်လို့။

ဘေးနားကကြက်တွေလည်း အရင်ကလိုထင်ပြီး အကဲမစမ်းတော့နဲ့ပဲ။ ခြံထဲကျူးကျော်ဝင်လာလို့ကတော့ လူသိစောရင် တစ်ဖက်၊ နောက်ကျရင် အလဲအသေနဲ့ စုံလုံးကန်းပဲ။ ကြက်ကလည်း ဒေါက် အလုံး အလျားအာမှ ပြောစရာမရှိဘူး။ တဖြည်းဖြည်းနဲ့ ကြက်ကလေးက ကြွားလာပြီး ကြည့်ကောင်းလာတယ်။

အခုတော့ ဟန်ရေးတပြင်ပြင် လည်ဆံတထောင်ထောင်၊ တောင်ပံရိုက်သံ ခပ်ပြင်းပြင်းနဲ့ အားလုံးကိုစိန်ခေါ်တော့တာပဲ။ သူ့ကြောင့် အိမ်ဘေးအနားက ကြက်သမားတွေရဲ့ တိုက်ကြက်သုံးကောင် အသားချေးနဲ့ ထုတ်အော်လိုက်ရတယ်လေ။ ကြက်ဖကလေးက ကောင်းမှန်းသိတော့ ကိုယ်မရှိတုန်းအိမ်က မယောသိဆီ တစ်ထောင့်ငါးရာပေးပြီး လာဝယ်တာ ရောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့မလို့။ အိမ်ပြန်လာတာနဲ့ ကြုံလို့ပေါ့။ ဟိုက ကြက်သမား လူပါးတွေပဲ။ ကံကောင်းလို့ လက်မတင်ကလေး။

ဒါတောင် အိမ်က မပဟေသီက မရောင်းလို့ဆိုပြီး တပျစ်တောက်တောက် ဖြစ်နေသဗျ။ ကြက်ကလေးက တစ်ပိဿာ အစိတ်သားသားသား ပေါ့။ တစ်ထောင့်ငါးရာရ နည်းလားတဲ့၊ မသိနားမလည်တဲ့သူ ရှင်းပြရတာ တယ်ခွကျသကိုး။ မိန်းမဆိုတော့လည်း ကြက်သားတစ်ပိဿာမှ ရွာဈေး အာဏာကုန် လေးရာထက်မပိုဘူး၊ သည်တော့ ထောင့်ငါးရာကို မက်မှာပေါ့။ ကောက်ရလာတဲ့ သိန်းချီတန် ပတ္တမြားကို တစ်ထောင်လောက်ပေးလာရင် ကခုန်နေတဲ့ လူစားမျိုးပေါ့။ နောက် တစ်ချက်လွှတ် ဗီတိုအာဏာ ပေးလိုက်ရတယ်။ သည်ကြက်ဖလေးကို ကိုယ်မသိဘဲ ဘာမှ မလုပ်ရဘူး ပေါ့။

ကိုစံတင်နဲ့ တိုင်ပင်ပြီး ကြက်ဖကလေးကို ငါးရာငါးဆယ်လောက် ကြေးစမ်း ခြေစမ်းလိုက်တယ်။

အားလားလား ကောင်းမှကောင်းပဲ။ ခြေမြူးလိုက်တာ သုံးရေနဲ့ အပြတ်ခွပ်လိုက်တယ်။ ကောက်သွားလို့ပေါ့။ မကောက်လို့ဆက်ထားရင် ဝိုင်းထဲမှာ သေနိုင်တယ်လို့တောင် ပြောလိုက်ချင်ရဲ့။

ကြက်တိုက်တဲ့နေရာမှာ ကြက်နှစ်ကောင်ခွပ်တိုင်း ကြက်တိုက်တာ မဟုတ်ဘူး။ ကိုယ့်ကြက် ခြေသိချင်လို့ ကြေးမပါဘဲစမ်းရင် ကြက်ပုတ်တာ ခွပ်လက်ချတာ။ သောက်ဖိုး စားဖိုး ကြေးကလေးနည်းနည်းပါလာရင် ကြေးစမ်း ခြေစမ်းပေါ့။ တကယ့်ကို သောင်းချီ သိန်းချီ လောင်းကြေးပါ လာရင် ဝိုင်းကြီးတက်တဲ့။ ဘောလုံးလိုဆိုရင် ပထမတန်း၊ ဒုတိယတန်း၊ အဆင့်မြင့်တန်း ခွဲထားသလိုရှိမှာပေါ့။ ပထမပွဲနိုင်လည်း တချို့ ကြက်သမား ကြီးတွေက အိမ်ကကြက်ဖကလေးကို သိပ်အထင်မကြီးကြပါဘူး။ ကျောင်း ဆရာ ကြက်' ဆိုတော့ အထင်သေးတာရှိမှာပေါ့။ မျိုးရိုးဇစ်ဇကို သူတို့

www.burmeseclassic.com



မသိဘဲကိုး။ ကြက်လိုချင်တဲ့သူ၊ မျက်စိကျတဲ့သူတော့ ရှိတယ်။ ပေါ ချောင် ကောင်း နိုက်မပေါ့။ နှစ်ထောင့်နှစ်ရာနဲ့ ရရင်တော့ ယူမယ်ပေါ့။ သည်က ဘယ်ရောင်းမှာတုန်း။ ကြက်ဖကလေးခွပ်တာ ခဏ ခဏ မြင်ဖူးတာကိုး။ အရင်ကလို ကြက်နဲ့ပတ်သက်လာရင် အစိမ်းမှ မဟုတ်တော့တာ။

မကြာပါဘူး တစ်ထောင့်တစ်ရာတစ်ပွဲနိုင်လိုက်ပြန်ရော။

သည်ပွဲမှာလည်း ပြတ်တယ်။ သုံးချက်တစ်ချက် ပြန်ခြေမလာလို့ ပြီးသွားတာ။

ဒိုင်ပွဲရပ်ပေါ့။

ဘာပြောပြော နှစ်ဝိုင်းတက်သွားပြီလေ။ သည်တစ်ခါတော့ ကြက်ဖ ကလေးကို အထင်မကြီးတောင် အထင်မသေးရဲကြတော့ဘူး။ ကိုစံတင့် ကလည်း ဆရာ သည်ကြက် သေချာဂရုစိုက်နော်၊ ကြက်ကောင်းပဲ၊ ကြေးစားဖို့ပဲလိုတယ်၊ ခြေက ပြောစရာမရှိဘူးတဲ့။

ဟုတ်တယ်လေ။

ကြက်မှာ ခက်တာက ကြေးစားတာ မစားတာဆိုပြီး ရှိသေးရဲ့။

ခြေက အပျံစားခြေနဲ့ ကြေးနည်းနည်းဝိုင်းမှာနိုင်ပြီး ဝိုင်းကြီးချတော့ ထွဲရော။ အရင်ခြေထွက်မလာဘူး။ တချို့ကြက်ကျ ခွပ်လက်ပုတ်၊ ကြေး က နည်းနည်းမှာ ကလျော်ကမယ် ပွတ်ကာသီကာ ခြေအညံ့နဲ့ နိုင်ပေမယ့် သိန်းချီဝိုင်းကြီးချတော့ သူမဟုတ်တော့တဲ့အတိုင်းပဲ။ ခွပ်လိုက်တာမှ ထောမတစ်ရေနဲ့ အပြီးပဲ။

ဘာပြောပြောရွာထဲက ကြက်သမား ကြက်တွေကို ကျောင်းဆရာ ကြက်က အပြတ်နှံလိုက်တော့ ဘယ်ခံချင်မှာတုန်း။

အဲသလို မခံချင်တာကလည်း ခပ်ကောင်းကောင်းရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါ့မလား ကိုစံတင့်ရယ်၊ ဟိုက အရင် ဝိုင်းကြီးနှစ်ဝိုင်းဆင်းထားတာ၊ ကြက်သမားကြီး ကြက်နော်၊ ကြည့်လည်းလုပ်ဦး'

ကိုယ်က စိတ်ပူပြီပေါ့၊ မပူ နေနိုင်ရိုးလား၊ တစ်ဘက်ကြက်က သည်နယ်မှာ ကိုစံတင်နဲ့ပြိုင်ဘက် ကြက်သမားကြီးပဲ၊ ကိုလေးမောင်တဲ့။ သူ့ကြက်က သုံးဝိုင်းမြောက်မှာ လက်ရင်း ငါးသောင်းငါးထောင် အောက်ခံမှ မရရင် ကြက်နာတယ်၊ မတိုက်ဘူးဆိုတဲ့ကြက်။

ကြေးမမီလို့ ဝိုင်းကြီးက ပြန်မွေ့လာတဲ့ကြက်၊ သည်နားတစ်ဝိုက်မှာတော့ ငါးသောင်းငါးထောင်ဆိုတာ ကြေးများတယ်။ ကြက်ဆိုတာက မတိုက်ဖြစ်ဘူးဆိုပြီး သည်အတိုင်း ထားလို့ရတဲ့ ကုန်ခြောက်ပစ္စည်းမှ မဟုတ်တာ။ ခွပ်ပတ်ဝေးသွားရင် ပြန်ပြန် ကျော်ပေးရတယ်။ ပြန်ကျော်တယ်ဆိုတာ ကြက်ဖတစ်ကောင်နဲ့ ခွပ်လက်ချပေး၊ ပုတ်ပေးရတာပေါ့။ ကြက်တစ်ကောင်ကို များသောအားဖြင့် တစ်ပွဲတိုက်ပြီး သုံးပတ်နားရတယ်။ ဒဏ်ရာမများဘူး၊ အရင်ပွဲမှာ ရေကုန်ရေခန်း မတိုက်ခဲ့ရဘူးဆိုရင်တော့ ကြက်အခြေအနေကြည့်ပြီး ဆယ့်လေးငါးရက်ပေါ့။ ကြက်သန့်ရင် တိုက်ရတာပဲ။ ဒဏ်ရာဒဏ်ချက်မျက်နှာဖေးသား ခြောက်ပြီး ပုံမှန်အသားဖြစ်လာရင် ရပြီ။ အင်း ကျင်းခတ် ကျင်းလူးရင် မသန့်လို့ပဲ။ ကျင်းခတ်တယ်ဆိုတာ ကြက်ဖက ကြက်မတွေလို သဲထဲလူးနေတာကို ပြောတာပေါ့။ ကိုလေးမောင်တွက်တာက သူ့ကြက် ခွပ်ပါတ် မစိမ်းဘူး၊ ဘေးက ကြက်တစ်ကောင် ဝယ်ပုတ်ရမယ့်အတူတူ သည်ကျောင်းဆရာကြက်နဲ့တိုက်ရင် လမ်းစရိတ် နောက်အပတ်သွားဖို့ ရမှာလို့ တွက်မှာပေါ့။ သိပ်မများပါဘူး။ အပျင်းပြေ ငါးထောင့်ငါးရာတဲ့။ ကြက်သမားကြီးတွေများ ငါးထောင့်ငါးရာ တောင် အပျင်းပြေဆိုပဲ။ သည်ကကောင်ကို ပညာပေးချင်တာလည်း ပါမှာပေါ့။ အရင်ရှုံးသွားတဲ့ သူတွေက သူ့လက်ရင်း တပည့်တွေကိုး။

တရုတ်သိုင်းကားထဲကလို ဆရာကြီးနဲ့မှ ဖြစ်မှာဆိုတဲ့ ဂိုက်ပေါ့။

www.burmeseclassic.com



ဒါပေမဲ့ ဆရာကြီးလည်း ကွဲတာပါပဲ။

'ငါးသောင်းငါးထောင် အောက်ခံကြေးမှမရရင် မတိုက်ဘူးဆိုတဲ့ ကြက်၊ ငါးထောင့်ငါးရာကြေးတိုက်ပြီး ရှုံးလို့ အဖတ်ဖြစ်သွားပါရောလား။

ကြက်သမားကြီးကို အပြတ်ခွပ်လိုက်ပုံများ ကမ္ဘာ့ဖလား ဗိုလ်လုပွဲမှာ ပြင်သစ်က ဘရာဇီးကို နိုင်တဲ့အတိုင်းပဲ။ သုံးဂိုးမှာ တစ်ဂိုးတောင် ပြန်ချေမလာဘူး မဟုတ်လား။

ကိုလေးမောင်ဆိုတာ အံတကြိတ်ကြိတ်၊ မျက်ထောင့်နီကြီးနဲ့ ပွဲပြီးတာနဲ့ ကြက်ကို ဝိုင်းထဲရိုက်သတ်တာ။ သူ့ခမျာ မှန်းချက်နဲ့နှမ်းထွက် မကိုက်တာရယ်၊ သူလို ကြက်သမားကြီးကြက်ကို ဘာမဟုတ်တဲ့ ကျောင်းဆရာ ကြက်က နိုင်သွားတော့ ကြက်သမားသိက္ခာ ကုန်းကောက်စရာ မရှိအောင်ကို ဖြစ်သွားတာကိုး။

သည်နားတစ်ဝိုက်တော့ 'ကျောင်းဆရာ ကြက်၊ ကျောင်းဆရာ ကြက်'နဲ့ ရွာနီးချုပ်စပ်တော့ နာမည် ဟိန်းထွက်သွားတယ်။ ကိုလေးမောင် ကိုယ်တိုင်ပဲ ငါးထောင့်ငါးရာ လာပေးတယ်။ အိမ်က မဟောသီကတော့ ခင်တကြွကြွဖြစ်နေပြီ။ သည်ကြက်နဲ့ပတ်သက်ပြီး ဈေးဖိုးလေး အနည်း အကျဉ်း ရထားတာဆိုတော့ ကိုယ့်ကျော်ပြီး မလုပ်ရဲလို့သာ။ သူ့သဘော ဆိုရင် ရောင်းပြီပေါ့။ နောက်ဆုံးပွဲဆိုရင် လက်ရင်း လက်ဖျားနှစ်ထောင် သောက် သူ့လက် ထည့်ပေးနိုင်တာကိုး။

သည်ကတော့ ကြက်ဖလေးနဲ့ ပတ်သက်လာရင် ကိုစံတင့်က ဆရာပဲ။ ကြက်ဖလေးကို နေ့စဉ် အရိပ်တကြည့်ကြည့် လုပ်နေရတာပဲ။ ခုဆို သုံးပွဲတက်ဆိုတော့ ပိုဂရုစိုက်ရတယ်။ ခွေးကိုက်မှာစိုးရ၊ လူမသိခင် အခြားကြက်နဲ့ ခွပ်မှာစိုးရ၊ လူခိုးမှာစိုးရနဲ့ ဒုက္ခရောက်ပုံများ။ ကြက်လူမသိခင် အခြားကြက်နဲ့ခွပ်လို့ ချွမချဘူးဆိုရင် အဲသည့်ကြက် သွားပြီ။ 'ခလောက် ခလောက်' နဲ့ ချွဲခြောက်ကပ်ပြီး တိုက်မရတော့ဘူး။ တိုက်ရင် ရှုံးမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူလိုဆိုရင်တော့ ပန်းနာရင်ကြပ်သမားလို ဖြစ်သွားတယ်ပေါ့။ အမောမလုံတော့ဘူး။ နောက် ကြက်ကလေးကောင်းမှန်းသိတော့ အလစ်မဖို့ ချောင်းနေတဲ့လူ ရှိနေတယ်လေ။ တိုက်ကြက်ခိုးရတာ လွယ်တယ်။ လူမရှိ လူမသိခင် ကြက်ဖတစ်ကောင်ပြ မျှားခိုးရုံပဲ။ ဘာသံမှ ထွက်စရာမလိုဘူး။

ကြက်ဝါသနာကလည်း ရင့်လာလိုက်တာ သော်တာဆွေရဲ့ ကြက်ဋီကာ စာအုပ်တောင် ရအောင်ရှာပြီး စာတွေ့လက်တွေ့ ဆည်းပူးမိတယ်။ ကိုစံတင့်ကလည်း စာတွေ့ရော လက်တွေ့ပါ ကြက်နဲ့ ပတ်သက်တာ ဆရာစားမချန်ဘဲ ကြက်ကိုင်ပုံကိုင်နည်း၊ တိုက်ကြက်တစ်ကောင် လေ့ကျင့်ပေးပုံက အစပေါ့။ သည်အထဲမှာ လက်တွေ့ကွင်းဆင်းရတဲ့ ကြက်သမားကြီးတွေရဲ့ 'တစ်ခြမ်းသားကြေး' သင်ခန်းစာကို သဘောအကျဆုံးပဲ။ ကြက်သမားကြီးတွေ ကြက်ကောင်းရွေးတာပေါ့။ ကြက်သမားအချင်းချင်း ချိန်းတိုက်ပြီး နိုင်တဲ့သူကို ရှုံးတဲ့သူက ရှုံးကြက်ကို တန်းသတ်ပြီး တစ်ခြမ်းသားပေးခဲ့ရတာ။ အဲသည်နေ့ဆို မပျက်မကွက်ဘဲ။ ကိုစံတင့် ရှုံးရှုံးနိုင်နိုင် အရေးမကြီးဘူး၊ အမြည်းကောင်းမှာက သေချာနေပြီကိုး။ ကိုစံတင့်က ကြက်သမားကြီးတွေထဲမှာ ကြက်ပညာစုံတဲ့အပြင် အပေါင်းအသင်းကလည်းဆန့်တယ်။ ရန်ကုန် ပြည်ဘက်မှာ ကိုစံတင့် ကြက်သာ ပြောလိုက် ထွက်သမျှကြေး လက်မနှေးတမ်းဖြည့်ပေးတဲ့သူတွေ ရှိတယ်။ ကြေးမမိလို့ မတိုက်ရတာ မရှိစေရဘူး။ တစ်ဖက်ကကြက် ထွက်သမျှ ကြည့်ပြီး ကိုစံတင့်တို့ လက်ရင်းကြေးနည်းရင် ဖြည့်တိုက်ပေးဖို့ အသင့်ပဲ။ လူ့ခံသိပ်ကောင်းတယ်။

တော်ပြီ ဆရာ၊ ကြက်ကြေးကြီးကြေးကောင်း၊ ဝိုင်းကြီးဝိုင်းငယ်ချတော့မယ်၊ ကချိကချောက်ပွဲတွေနိုင်လို့ ဆရာ့ကြက် ကြေးကောင်းမရဘူး သည်နားတစ်ဝိုက်ကတော့ သိပ်ကြေးကောင်း မဖြစ်ဘူး၊ ပြည်ဘက်က လှမ်းမှာလို့ ဆရာလိုက်နိုင်ရင် လောင်းကြေး ဆရာထည့်နိုင်သလောက်ထည့်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရင် ဆရာ့ကြက်ခလည်းရမယ်၊ ကြက်ကို ကျုပ်တဲ့ ယူကိုင်ထားမယ်၊ ဗိုင်းကြီးချမှာဆိုတော့ ဆရာနဲ့ မဖြစ်ဘူး၊ ကျုပ် ကျွေးကိုင်ပြီး တိုက်မယ်။

ကိုစံတင့်ပြောသလို ဗိုင်းကြီးချမှာဆိုတော့ ဆရာကြီးတွေလက်ထဲပဲ ထည့်မှဖြစ်မှာပေါ့။ ကိုစံတင့်ဆီမှာ ခုနစ် ကိုင်စရာ ကြက်ဖကောင်းကောင်း မရှိဘူး။ ရှိတဲ့ကြက်ကလည်း ရောင်းလိုက်ပြီ။ ကျန်တဲ့ကြက်တွေကလည်း သိပ်ထွန်းထွန်းပေါက်ပေါက်မရှိတော့ တစ်ခြမ်းသားထဲပါသွားတာများတယ်။ ကိုယ့်အဆင့်ကလည်း ခြေစစ်ပွဲအဆင့်လောက်သာ နည်းပြတတ်တာ။ ဗိုင်ပွဲကြီးအဆင့်ကျ ကိုစံတင့်တို့လို ဆရာကြီး ဝါကြီး အတွေ့အကြုံရင့်သူနဲ့မှ ဖြစ်မှာဆိုတော့ ကြက်ဖလေးကို သူ့တဲ ပေးလိုက်ရတယ်။

* * *

တစ်သက်နဲ့တစ်ခါ သည်တစ်ခါပဲ ကြုံဖူးရဲ့။

ချိန်းဗိုင်း ကြိတ်ဗိုင်းသာဆိုတယ် လူတွေက မနည်းသလို ကြေးကလည်း များပါပေ့။ လက်ရင်းအောက်ခံ တစ်သိန်းတစ်သောင်း။ ကြက်ပွဲမှာ လက်ရင်းကြေးထက် လက်ဖျားကြေးက ပိုများတတ်ရဲ့။ ကြက် နှစ်ကောင် ချိတ်တာကြာလေ လက်ဖျားကြေး တက်လာလေပဲ။ ကိုယ်ကတော့ အတွေ့အကြုံရှိအောင် လိုက်လာတာ ရင်တထိတ်ထိတ်ရယ်။ နွေရာသီ ဆိုတော့ ဘာအလုပ်မှ မည်မည်ရရ ရှိတော့တာမှ မဟုတ်တာ။ ကိုယ့်ကြက်ကလေး ချိတ်တာကို ကြည့်ချင်တာကိုး။ အိမ်က မဟောသီဆီကို ပိုက်ဆံ ငါးထောင် ချေးမော့တောင်းပြီး လိုက်လာရတာ။ လမ်းစရိတ်နုတ် စားစရိတ် နုတ်တော့ လက်ရင်းထဲ နှစ်ထောင့်နှစ်ရာ ထည့်လိုက်တယ်။ တစ်ထောင် ချန်ထား လက်ဖျားကျမှ ကြည့်ဆွဲရအောင်ဆရာဆိုတာနဲ့ ချန်ထားတယ်။ မဟောသီကတော့ မလိုက်စေချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်းနော် ကျောင်းဆရာ၊ ဂျာနယ်ထဲစာတစ်ပုဒ်နဲ့ပါလာမှ ဟုတ်မှ ဖြစ်နေဦးမယ်'

သတိပေးသလို ဟန့်လိုက်ပေမယ့် သည်က နေမြင့်လေ အရှူးရင့်လေကိုး။ ကိုယ်က ဝိုင်းကြီးမှာ သူတို့ ကြက်စပ်တာ ဟပ်တာ ထိုင်ငေးရုံပဲ။ ကြက်ဝိုင်းမှာ ကြက်စပ်ရတာ မလွယ်ဘူး၊ ကြက်သုံးစား မစီးရင်နေမသာစေနဲ့ဆိုတဲ့ ကြက်သမားချည်းပဲ။ ကြက်သုံးစားဆိုတာ ဒေါက်အလျား အလုံးနဲ့ အောက်ခေါ်တဲ့ အတတ်ပေါ့။ ဝိုင်းတော့ တည့်သွားတယ်။ ဒါပေမဲ့ သူတို့ကြက်က အောက်စသာတယ်။ ကိုယ်က လက်တစ်ဆစ်စပယ်တက်မှာ ဟိုက တစ်ဆစ်ခွဲရှည်တဲ့အပြင် ချွန်ပြီးတော့နေပုံများ ဓါးရခါးဓားကောက်အတိုင်းပဲ။

ဓားပါလည်း ထိုးရဲမှ ဖြစ်မှာပါ။ ကိုယ့်ကြက်လည်း ပါတာပဲ။ ဓားမြှောင်လည်း ချက်ကောင်းထိ သေတာပါပဲ။

ကိုစံတင့်ကတော့ တိုက်မယ်ပေါ့။

တစ်ဘက်ကြက်ရှင်က အသားနီစပ်စပ်၊ မျက်ပေါက်မှေးမှေး စကားဝဲတဲတဲနဲ့ပါ။ တောင်ဆုပ်လောက်ရှိတဲ့ ပိုက်ဆံအိတ်ကိုင်လို့။ ငါးရာအုပ်ထောင်အုပ်ဆိုတာ ဖွေးကနေ့ည်းပဲ။ လည်ပင်းမှာလည်း လက်သန်းတစ်ဆစ်ရှိတဲ့ ရွှေအုန်းဆံကြိုး အတုတ်ကြီး။ လက်မှာ ဟန်းချိန်း လက်စွပ်ဆိုတာ အပြည့်။ အတော်ထောပုံပဲ။

သူ့လိုလူမျိုးက ကြက်ကောင်းရင်ဝယ် လူယုံနဲ့ထားပြီး ဝိုင်းကောင်းရင် နောက်က ငွေထုပ်ပိုက်ပြီး ကြက်လိုက်တိုက်တဲ့ လူစားမျိုးပေါ့။

သူတို့ကြက်ကလည်း နာမည်က စီးပါမေ့။

'မင်းထက်သာ' ဆိုပဲ။

အိမ်က ကြက်ကတော့ ကိုယ်နှုတ်ကျိုးပြီး ခေါ်နေရွှေအတိုင်းပဲ။ 'သားကြီး' ပေါ့။ သားကြီးခမျာ ဝိုင်းကြီးကို အခုမှကြုံးတော့ ပွဲရှိန်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ထင်ရဲ့။ ကိုယ်က အောက်ကြေးကပေါ့။ သုံးရေအပြီးမှာ မျက်လုံးရှုပ်ထိသွားလို့ဘယ်ဘက်က စမ်းတဝါးဝါး ခွပ်နေရတယ်။ ဟိုဘက်က အားပေးလိုက်ကြတာ ဝုန်းဆန်နေတာပဲ။ ချိန်းဗိုင်း ကြိတ်ဗိုင်းမို့တော်ရဲ့။ အတက်ကလည်း ဝေါ်ရခါးစားကောက်ကြီးလိုဟာနဲ့ စူးလိုက်တာ မျက်နှာမှာသွေးဖြာနေပြီ။ ရင်ဘတ်မှာလည်း မနည်းဘူး။ ကိုယ်ကတော့ လောင်းကြေးလေး ပါသွားမှာထက် သားကြီးကိုပဲသနားပြီး ဗိုင်းက ကောက်ချင်တဲ့စိတ်တောင် ပေါ်နေတယ်။

'တစ်ထောင် တစ်ရာ၊ ဆယ်လေး တစ်လေး ကြိုက်သလောက်ထွက်သွေးရဲရင်လာ၊ သတ္တိရှိရင်လာ၊ မင်းထက်သာဘက်က အပေါ်ကြေးရှိတယ်'

ကိုယ့်ကြက်က ကြက်ရေးနိမ့်ပုံများ နှစ်လေး တစ်လေးတောင်မဟုတ်ဘူး။ ဆယ်လေး တစ်လေး ရောက်နေပြီ။ တစ်ဖက်ကလည်းခံချင်အောင်ပြောတော့တာပေါ့။ ကြက်ရေးသာတော့ ပြောအားရှိတယ်လေ။ ကိုစံတင့်ဘက်က အပေါင်းအသင်းတွေကလည်း ဘယ်နေမတုန်း။ ဆယ်လေး တစ်လေးမှမထွက်ရင် ကြက်သမားသိက္ခာ ကျသွားမှာပေါ့။ ငါးရေပြောက် အကုမှာ ကိုစံတင့်က ပြောလာတယ်။

ဆရာ လက်ဖျားရသလောက်သာ ဆွဲထား။ သည်ကောင် လုပ်တော့မှာ။ မြူခွပ်နေတာ၊ ခုတစ်ရေက စကြည့်ထား၊ ဟိုကြက် ပန်းနေပြီ၊ ခြေဓနိလာပြီ။

ရသလောက်ဆွဲတာ လက်ဖျားငါးဆိုင်းလောက် ရလိုက်တယ်။ ကိုစံတင့် ပြောတဲ့အတိုင်း တကယ်လုပ်တော့တာပဲ။

ပထမ ဟိုဘက်ကြက်မျက်လုံး ညာဘက်ပါသွားတယ်။ နောက်တစ်ခါ ခွပ်ပုံများ ကောင်းလိုက်တာ။ ကြည် အသိပါးပါပေ့။ မမြင်တဲ့ညာဘက်ချည်းပဲ ဘေးကပန်းပြီး လိုက်ခွပ်လိုက်တာ ဒုတိယအကြိမ်ဘယ်ဘက်။ သူ့စံပါယ်တက်ကလေးနဲ့ အတည့်ထိတာ။ မကာန်းခံနိုင်ရိုးလား။

www.burmeseclassic.com

www.burmeseclassic.com



'စုံလုံးကန်းအရှုံး' ဆိုတော့ ဝိုင်းက ပြီးသွားပြီ။ မင်းထက်သာတော့ မင်းထက်မသာနိုင်တော့ဘူး။ နိုင်လိုက်တာမှ တကယ့်ကို ပြတ်ပြတ်သားသားပဲ။ သားကြီးက တခြားကြက်တွေလို တစ်ဖက်အားမဟုတ်ဘူး။ ဘယ်ညာ စုံစူးတာ။ ကိုယ့်ကြက်ကလေးနိုင်တော့ အောင်ပွဲခံ ပျော်လို့မဆုံးသေးဘူး မထင်မှတ်တဲ့ဖြစ်ရပ်ကြောင့် အားလုံး မှင်သက်မိသလို ဖြစ်သွားတယ်။ ဝိုင်းလယ်ခေါင်မှာ မမြင့်မကန်းနဲ့ ဟိုသည် လှမ်းဆိတ်လုပ်နေတဲ့ ကြက်ကို ခြေထောက်က စုံကိုင်ပြီး ကြက်ဝိုင်းနားက သရက်ပင်ကြီးနဲ့ ခေါင်းကို လွှဲရိုက်ပစ်တာ။

'ဖောင်း ခွပ်'

ဦးနှောက်တွေ ဖွေးခနဲ။ ကြက်ခများ အသက်တောင် ဘယ်လို ထွက်သွားလိုက်မှန်း သိချိန်မရလောက်ဘူး။

အသားနီစပ်စပ် မျက်ပေါက်မွေးမွေးနဲ့လူပေါ့။

ငွေရှုံးတာထက် ကြက်ရှုံးတာကို ရှက်လို့တဲ့။

သူ့အရှက်ကို အသက်ပေးသွားရတာက သူတို့ကြက် မင်းထက်သာ။

အတော် အတ္တကြီးတဲ့ လူပဲ။

နောက်မှ သိရတာက သူတို့ကြက်က သုံးဝိုင်း ဝိုင်းကြီး ဆင်းပြီးသား။ သုံးပွဲစလုံး ဝိုင်းထဲမှာ မသေ၊ ဝိုင်းအပြင်ရောက်ရင် တစ်ဖက်ကြက် အသေဆိုတာမျိုး နိုင်လာတာ။

ဘာပြောပြော သူတို့အတ္တကို အရင်သုံးပွဲအစာကျွေးလာတာမှ မထောက်တော့ဘူး။ တကယ့်ကို ရက်ရက်စက်စက်ပါပဲ။

မှတ်မှတ်ရရ သူတို့ အတ္တမီးလျှံအောက်မှာ ပြာကျသွားရတဲ့ ကြက်နှစ်ကောင်ကို လက်တွေ့ နှစ်ခါတောင် ကြုံခဲ့ရပြီ။

ကြက်သမားကြီး ကိုလေးမောင်ကြက်တုန်းက တစ်ခါ။

အခုတစ်ခါ မင်းထက်သာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



လေးပွဲတက်ဆိုတော့ လေးထပ်ကွမ်းအကယ်ဒမီပိုင်ရှင်လို ဈေးက မြင့်တက် လာလိုက်တာ၊ လိုချင်သူတွေ ဝိုင်းဝိုင်းလည်လာပြီ၊ တက်လာတဲ့ ကြေး တွေကြည့်။

'သောင်းတစ်ထောင်၊ ငါးသောင်း ငါးထောင်'

ကြက်တစ်ကောင် ကြေးကောင်းနဲ့ရောင်းဖို့မှာ နိုင်ခဲ့တဲ့ ဝိုင်းကြီး ကြေးကိုကြည့်ပြီး ဈေးတက်သွားတာပဲ။ ရာဂဏန်း ကြေးလောက်သာ နိုင်လာတဲ့ ကြက်ကို ဘယ်ကြက်သမားကမှ သောင်းအထိ မပေးဘူး။

သားကြီးနိုင်ခဲ့တဲ့ ဝိုင်းက ကြေးမနည်းဘူးလေ။

လက်ရင်း လက်ဖျား ငါးသိန်းကျော်တယ်။

သိန်းကျော်နိုင်လာတဲ့ ကြက်ပေါ့။

'ဆရာလေး၊ ဆရာလေး'နဲ့ ကြက်ရောင်းဖို့အရေး တိုက်ရိုက်ရော အောင်သွယ်နဲ့ရော စုံတယ်၊ ငါးသောင်းငါးထောင်မှာ ကိုယ်က ရောင်းချင် သေမယ့် ကိုစံတင့်ကတော့ ဟိုးထားသေးတယ်။

ပြောသာပြောရ ကြက်အပေါ်မှာလည်း သားကြီး ဆိုတဲ့အတိုင်း ကိုယ့်သားသမီး အရင်းလိုပဲ သံယောဇဉ် တွယ်နေပါပြီ။ ကြက်ကလည်း သားကြီးရေလို့သာခေါ်လိုက် အသံကြားတဲ့နေရာက တန်းပြေးလာတာ။ သူကျေးရူးတွေက နည်းလား။

အခုပဲကြည့်။ ကြက်က လက်ရင်းလက်ဖျား ငါးသိန်း ငါးသောင်း ပေါက်တယ်။ လောင်းတဲ့ လက်ရင်းလက်ဖျား အကောက်နုတ်ပြီး ခြောက် ထောင်ကျော်လောက်။ ကြက်ခက နှစ်သောင်းခွဲဆိုတော့ သုံးသောင်းလောက် သူ ရှာပေးခဲ့တယ်။ သည်နယ်ဘက်က အကောက်တစ်ဝက်ကို နိုင်တဲ့ ကြက်ရှင်နဲ့ ကြက် ခွဲပေးတဲ့ထုံးစံ ရှိတာကိုး။ သူ့ကြောင့် အရင်လို မိုးသံ

www.burmeseclassic.com

www.burmeseclassic.com



လေသံ ကြားရင် သိပ်ဗျာမများရတော့ဘူးလေ။ တိရစ္ဆာန်တစ်ကောင်က ကိုယ့်အတွက် သည်လောက်ငွေတွေ ရှာပေးတယ်ဆိုတာ သည်တစ်ခါပဲ ကြုံဖူးတာကိုး။

လူ့စိတ်များ မရောင်းချင်မှန်းသိလေ ပိုလိုချင်လေလား မသိဘူး။

ကိုယ့်နားကိုတောင် မယုံဘူး။ ကိုစံတင့်နဲ့ အိမ်အရောက်ပေါက်ချ လာပြီး ကြေးပေးတာ။

'ဆရာ့ကြက်ကို ကြိုက်လွန်းလို့ပါ၊ ရောင်းစေချင်တယ်၊ သည်ကြက်မှ မရရင် သေလိမ့်မယ်၊ ဟဲ ဟဲ၊ တကယ်ပြောတာ၊ ကဲဗျာ ဆရာ့ကြက်ကို တစ်သိန်းတစ်သောင်းပေးမယ်၊ ဘယ့်နှယ်လဲ၊ သဘောတူတယ် မဟုတ်လား။ မနက်ဖြန် ကိုစံတင့်နဲ့ ကြက်လာယူမယ်၊ ဟိုမှာ ချိန်းဝိုင်းတစ်ဝိုင်းရှိတာနဲ့ ကြက်ရှာနေတာ၊ ဟုတ်ပြီနော်၊ ကြေးတည့်လောက်ရောပေါ့၊ ကဲဗျာ မနက်ဖြန် ပြတ်ပြတ်သားသား စကားပြန်ပေါ့၊ ဆရာရောင်းမှာဆို လက်ငင်း ကြက်ပေး ငွေချေလုပ်မှာပါ'

ကိုယ်က ဘာမှ မပြောလိုက်ရဘူး ပြန်သွားတယ်။ စိတ်ထဲမှာတော့ ငွေရယ်၊ ကြက်သံယောဇဉ်ရယ် လွန်ဆွဲနေတယ်၊ ပိုက်ဆံခုံမင်တဲ့ အိမ်က မဟေသီတောင် စကားအထူးအဆန်း ဆိုလာတယ်။ ကိုယ့်သဘောအတိုင်း ပဲတဲ့။ သူလည်း သားကြီးအပေါ် သံယောဇဉ်ဖြစ်နေပြီလေ။ ငွေတစ်သိန်း တစ်သောင်းတောင် မမြင်တော့ဘူး။ သိပ်မရောင်းချင်ဘူးထင်ရဲ့။

'ဆရာရယ် တစ်သိန်းတစ်သောင်းရတုန်း ရောင်းသာရောင်းလိုက်။ နောက်တစ်ဝိုင်းမှာ သေချာပေါက်နိုင်မယ်လို့ ဘယ်သူမှ အာမမခံနိုင်ဘူး။ ဆရာလည်း ကြက်သမား မဟုတ်ဘူး၊ တိုက်လည်း ကြေးကောင်းကောင်း ထည့်မတိုက်နိုင်တဲ့အတူတူ သူတို့ မျက်စိတွေ့ ကြေးပေးတုန်း ရောင်းလိုက်။ ဆရာ သိပ်စဉ်းစားမနေနဲ့၊ ကျုပ်က ဆရာ့ကို တကယ်စေတနာနဲ့ ပြောတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ကိုစံတင့်ကတော့ တကယ့်စေတနာနဲ့ တိုက်တွန်းမှန်း အသိသား လား။ ခက်တာက သည်ကောင်ကြီးကို သံယောဇဉ်ကြီးနေတာ။ တစ်ခါ ကိုစံတင့် သူ့တဲယူသွားစဉ်က တွန်သံမကြားရလို့ လင်မယားနှစ်ယောက်လုံး သုံးလေးရက်လောက် အိပ်ပျော်ခဲ့တာ မဟုတ်ဘူး။

တစ်သိန်းတစ်သောင်းဆိုတာ ခုဘဝမှာ ခုအချိန်ထိ ကိုင်ခဲ့ဖူးတာ မဟုတ်တော့ နောက်ဆုံး သံယောဇဉ်ကို ပိုက်ဆံက အနိုင်ယူသွားတယ်။

ရောင်းမယ်ပေါ့။

* * *

နောက်တစ်နေ့ နေ့လယ်ပိုင်း ကိုစံတင့်နဲ့ ပေါက်လာပြီး သူတို့ ကြက် ကြည့်တယ်။

ကြက်ကိုကြည့်ပြီး အတော် စိတ်ပျက်သွားဟန်တူရဲ့။ မျက်စိမျက်နှာ ကို ပျက်လို့။ အသားနီစပ်စပ်နဲ့ ပုဂ္ဂိုလ်က ခေါင်းတခါခါနဲ့ နှာခေါင်းရှေ ရှုံ့တယ်။ အစက သူတို့ သေမတတ်ကြိုက်ပါတယ်ဆိုတဲ့ ကြက်။

ခု မဟုတ်တော့ဘူး။

'ကိုစံတင့် ခင်ဗျားလည်း ကြက်သမားပဲ၊ သည်ကြက် သုံးမရ တော့ဘူး၊ ဝိုင်းကြီး ချမရတော့ဘူးဆိုတာ ခင်ဗျား နားလည်ပြီးသားပါ၊ ဏဲ ကျွန်တော်တို့ ပြန်မယ်'

အရောင်းအဝယ် ပျက်သွားတယ်ပေါ့။

ဖြစ်ချင်တော့ ကြက်ကလည်း အိမ်မှာ လိုက်ကြက်မရှိဘဲ ဝပ် ကြက်မပဲရှိလို့ အိပ်တန်းကအဆင်း တစ်ဖက်ဝိုင်းထဲက ကြက်မတွေဆီ အသွား ခွေးကိုက်ခံလိုက်ရတယ်၊ ဒဏ်ရာက အတော်များသားလား။

ကျောကုန်းဒဏ်ရာက အစွယ်အရိုးထိ နက်တဲ့အပြင် ညဘက် ခြေထောက် သွင်သွင်ကျိုးသွားတယ်။ ထကို မထနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်ခံရတဲ့ ကြက်မှန်ရင် ဘယ်တော့မှ ဝိုင်းကြီးတိုက် မရတော့ဘူး။ ကြက်သမားအခေါ် ခွေးကြောဆွဲတယ်ပေါ့။ မခွပ်နိုင်တော့ဘူး။ သည်တော့ သည်ကြက်ဟာ သူတို့အတွက် အသုံးမဝင်တော့ဘူးပေါ့။

သူတို့ အတွက်ကို မဖြည့်ဆည်းနိုင်ရင် တော့တာပဲလေ။

'ဆရာရယ် ဝမ်းနည်းမနေပါနဲ့၊ သားဖောက်လို့ရတာပဲ၊ နောင်သည်လို ကြက်မျိုးထွန်းရင် ထွန်းလာဦးမှာ'

တကယ်ဆို ဝမ်းမနည်းတဲ့အပြင် ဝမ်းသာမိသေးရဲ့။

ခွေးကိုက်ခံရတဲ့ ကြက်ထက် ဝိုင်းထဲမှာ ရှုံးလို့ဆိုပြီး လူကိုက်ခံလိုက်ရတဲ့ ကြက်တွေကို ကြုံဖူးတာကိုး။

'ကြွေတစ်လက် ကြက်တစ်ခုန်' မဟုတ်လား။

တကယ်လို့များ သားကြီးကို သူတို့ဝယ်သွားပြီးတိုက်လို့ ဝိုင်းမှာ ရှုံးခဲ့ရင်

ထော့ကျိုး ထော့ကျိုးနဲ့ မသေရုံတမယ်ဖြစ်နေတဲ့ သားကြီးကို လက်ထဲအသာပွေ့ရင်း တယုတယနဲ့ စကားဆိုမိတယ်။

'မင်း ခွေးကိုက်ခံရပြီး နောက်ထပ်ပြီး လူကိုက်မခံရလို့ ကံကောင်းပါတယ်၊ ခုလိုဖြစ်သွားတာ အရှုံးထဲက အမြတ်ထွက်သွားတာပေါ့၊ သားကြီး ကုသိုလ်ပေါ့ကွာ'

မိမိပြောစကားကို ရင်ခွင်ထဲက ခေါင်းကို ထောင်ထောင်ကြည့်လိုက်ပုံများ၊ နားလည်သလိုလို။

ကိုလှိုင်ကြည်လင်း

www.burmeseclassic.com

www.burmeseclassic.com

## ငါးလောင်းတင် ချစ်ညို

သားဆီက စာရရချင်း ကျွန်တော် ပျော်သွား၏။ စာမေးပွဲနီး၍ ကျွန်တော်တို့ဆီ စာမရေးနိုင်တာ ကြာပြီမို့လည်း သူ့အမေသိလျှင် ဝမ်းသာရှာလိမ့်မည်ထင်သည်။ သားက စာမေးပွဲဖြေပြီးပြီးချင်း ရွာပြန်လာမည့်အကြောင်း၊ သူနှင့်အတူ သူငယ်ချင်းနှစ်ယောက်လည်း ရွာကို လိုက်လည်ကြမှာဖြစ်ကြောင်း၊ အဖေကိုယ်တိုင် ဘူတာကို အိမ်ကမြင်းလှည်းနှင့် လာကြိုစေချင်ကြောင်းတွေ ကျွန်တော် ဖတ်ရသည်။

စာပါ အကြောင်းအရာများကြောင့် ကျွန်တော့် စိတ်တွေ လေးလံနောက်ကျိခဲ့ရသည်ကတော့ အမှန်ပဲဖြစ်လေသည်။

'သားက သူ့အဖေ ဘယ်လိုမြင်းလှည်းသမားမျိုး ဖြစ်တယ်ဆိုတာကို သိဘူးတဲ့လား'

တကယ်တော့ ကျွန်တော့်ကြောင့် သားကို ဂုဏ်မငယ်စေချင်သည့် စိတ်ဆန္ဒတွေကသာ ကျွန်တော့်ကို ကြီးစိုးထားလေသည်။ စီးကပ်ပျက်ဆက်ပျက်ဖြင့် လှည်းကောက်၍ ရွာကို ပြန်ခဲ့၏။ ကျွန်တော်ငယ်ငယ်က

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သော စာသင်ကျောင်းကြီးနှင့် ယူကလစ်ပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း စိတန်းစိုက်ပျိုးထားသည့် လမ်းကလေးကိုအဖြတ်မှာတော့ နားထဲသူ့အလိုလို ကြားယောင်မိသည့် အသံတစ်သံကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တုန်လှုပ်သွားလေသည်။

'ဟော့၊ ငါးလောင်းတင်ချစ်ညိုကြီးသား ပြန်ပြီလားကွ'

ယူကလစ်ရွက်ကလေးတွေ လေပြည်မှာ လှုပ်လှုပ်ခါခါ ရှိနေကြသည်။ ကျွန်တော့်စိတ်အစဉ်ကလည်း အတိတ်လွှင်ပြင်ဆီ တဖျတ်ဖျတ် ပျံသန်းလျက်။

* * *

နေ့စဉ်နှင့်အမျှ တိုက်ဆိုင်နေခဲ့သည် မဟုတ်သော်လည်း ကျွန်တော့် ကျောင်းဆင်းချိန်နှင့် အဖေ၏ မြင်းလှည်းကလေး ရွာသို့ ပြန်လည်မောင်းနှင် လာချိန်က တော်တော်များများ တိုက်ဆိုင်နေတတ်၏။

တစ်ခါတစ်ရံ ကျောင်းဆင်းချိန် ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် သာ လိုတော့သည့်အချိန်မျိုးမှာ အဖေက သူ့ မြင်းလှည်းကလေးကို ကျောင်းနှင့် မလှမ်းမကမ်း ယူကလစ်ပင်ကြီးတစ်ပင်အောက်မှာ ရပ်နားလျက် ကျွန်တော့်ကို စောင့်ကြိုနေတတ်သလို ကျောင်းဆင်းချိန် နာရီဝက် တစ်နာရီထက်မနည်း လိုသေးသည်ဆိုလျှင်တော့ မစောင့်ဘဲ ပြန်သွားတတ် လေသည်။ ရွာရှိ ကျောင်းကလေးမှာနေစဉ်ကတော့ အဖေ့မြင်းလှည်းကလေး မြို့ကပြန်လာချိန်နှင့်တိုက်ဆိုင်စေချင်သည့်စိတ် ရှိကောင်း ရှိခဲ့ဖူးပါလိမ့်မည်။

သို့သော် ရွာကျောင်းမှ ရှစ်တန်းအောင်၍ မြို့ကျောင်းမှာ ကိုးတန်း စတက်သည့်နှစ်မှစ၍ ကျွန်တော့်စိတ်ခံစားချက်တွေ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့၏။ ကျောင်းဖွင့်စရက်တွေကတော့ ယူကလစ်ပင်တန်းမှာ

www.burmeseclassic.com



အဖေ့ မြင်းလှည်းကလေးရပ်ထားတာ မမြင်လျှင် ကျွန်တော် ဝမ်းနည်းနေတတ်သည်။

'အဖေ ငါ့ကို မစောင့်ဘဲ ပြန်သွားတာလား'

'ဒါမှမဟုတ် ဒီကနေ့မှ အဖေ နောက်ကျနေတာများလား'အဖေ ရောက်လာမည်၊ မလာမည် မသေချာသဖြင့် ကြာကြာလည်း မစောင့်ရဲ၊ ရွာနီးချုပ်စပ်ရှိ တချို့ကျောင်းသားတွေက စက်ဘီးနှင့် ပြန်ကြသည်။ တချို့က ခြေကျင်ပြန်ကြသည်။ လှူသွားလူလာလည်းပြတ်၍ အဖေ ရောက်မလာနိုင်တော့ဘူးထင်လျှင် မြို့နှင့် သုံးမိုင်သာသာ ရွာပြန်ခရီးကို မိုးမချုပ်ခင်ပြန်ရောက်ဖို့ သုတ်ခြေတင်ရ၏။

မြို့ကျောင်းရောက်မှ အတန်းထဲမှာ သူငယ်ချင်းအသစ်တွေ တိုးလာသည်။ ရွာက ကျောင်းလာတက်သူတွေထဲမှာ ကိုးတန်းကျောင်းသားဟူ၍ ကျွန်တော်တစ်ယောက်သာရှိသဖြင့် အတန်းထဲမှာ တစ်ယောက်တည်း ငေါင်တောင်တောင် ဖြစ်နေသေး၏။ ကျောင်းဖွင့်ပြီး နှစ်ပတ်နီးပါးကျမှ နေသားတကျ ကျောင်းတက်ရတာကို ပျော်ရွှင်လာခဲ့သည်။

တစ်ခါတစ်ရံ အဖေက ကြာပွတ်နှင့် မြင်းဇက်ကြိုးကို ကျွန်တော့် လက်ထဲ ထည့်ပေးပြီး သူက ဘေးမှာ အခန့်သားထိုင်လျက် ကျွန်တော် မြင်းလှည်းမောင်းတာကို ပြုံးပြုံးကြီးကြည့်နေတတ်သည်။

'မင်းကို မြင်းလှည်းမောင်းစားဖို့ အဖေက သင်ပေးတာ မဟုတ်ဘူးနော်၊ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ဘယ်ပညာကိုမဆို တတ်ထားသင့်တယ် ထင်လို့ အဖေက သင်ပေးတာ၊ ဒါပေမဲ့ အဖေ့လို မြင်းလှည်းမောင်းသမား မျိုးတော့ မဖြစ်စေနဲ့၊ စာကြိုးစားကွာ'

အဖေ ဘယ်လိုမြင်းလှည်းသမားမျိုးဖြစ်သည်ကို ထိုစဉ်က ကျွန်တော် မသိခဲ့သော်လည်း အဖေမောင်းသည့်မြင်းလှည်းက မြို့ကလေးမှာ ပြေးဆွဲ နေသည့် မြခြုံသံတို့၊ သစ္စာရှင်တို့လို သန့်သန့်ခန့်ခန့်မရှိတာ၊ မောင်းမိုးလည်း

www.burmeseclassic.com



မတပ်၊ ကုရှင်လည်းမထားဘဲ မြင်းစာမြက်ထုံးများကိုသာ အပြည့်အသိပ် တင်ဆောင်ထားတာ တစ်ခုကလွဲလျှင် အဖေသည် အများသူငါနှင့် ဘာမှ မကွဲပြားသော မြင်းလှည်းမောင်းသမားတစ်ယောက်သာ ဖြစ်သည်ဟု ကျွန်တော် ထင်သည်။

သို့သော် ဒီထင်မြင်ချက်က ကျွန်တော့်ဆီမှာ ရေရှည်မခံ၊ ကိုးတန်း နှစ်ဝက်ကျော်လာသည့် အခါမှာတော့ ကျွန်တော့်ဖခင် မည်ကဲ့သို့သော မြင်းလှည်းသမားမျိုးဖြစ်သည်ဆိုတာကို ဝမ်းနည်းစွာ သိလာခဲ့၏။

ကျွန်တော်နှင့် အခင်မင်ဆုံးဖြစ်သည့် သူငယ်ချင်း 'စောဖေ'နှင့်အတူ အတန်းဖော်နှစ်ယောက်က အစမ်းစာမေးပွဲ နောက်ဆုံးနေ့ဘာသာဖြေပြီးလျှင် ကျွန်တော်နှင့်အတူ ရွာကို လိုက်လည်ချင်ကြောင်း ပြော၏။ ကျွန်တော်က အဖေ့ကိုဖွင့်ပြောပြတော့ အဖေက အတန်ငယ် တွေတွေဝေဝေ စဉ်းစားနေခဲ့ ပြီးမှ ခေါင်းကို ညိတ်၏။

ဒီ့အပြင် အမေ့အားလည်း ကျွန်တော့်သူငယ်ချင်းတွေ အိမ်လိုက်လည် ကြလျှင် အသေအချာ ချက်ပြုတ်ကျွေးမွေးဖို့ မှာကြားပြီး နောက်တစ်နေ့ စာမေးပွဲဖြေပြီးချိန်တွင် ယူကလစ်လမ်းကလေးမှာ လာစောင့်နေမည်ဟု ကျွန်တော့်အား ကတိပေးခဲ့လေသည်။

ကတိပေးခဲ့သည့်အတိုင်းလည်း နောက်တစ်နေ့မှာ အဖေသည် သူ၏ မြင်းလှည်းကလေးနှင့်အတူ ယူကလစ်ပင်တန်းကလေးမှာ လာစောင့် ရှာ၏။ ကျွန်တော်ကတော့ စာသင်ခန်းမှထွက်ကတည်းက အဖေ ဘယ်လို သဘောကောင်းပုံ၊ အမေ ဘယ်လိုအေးဆေးပုံနှင့် ချစ်စရာကောင်းသည့် ရွာကလေးအကြောင်းကို အားပါးတရ ပြောဆိုလာခဲ့ကြသည်။ ယူကလစ် ပင်ကလေးကိုမှီ၍ အဖေသည် ကျွန်တော်တို့ သူငယ်ချင်းလေးသိုက်အား ခပ်ဝေးဝေးကတည်းက ငေးရီ ကြည့်နေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ ငါတို့အဖေ ရောက်နေပြီကွ'ဟု ကျွန်တော် ပြောလိုက်စဉ်မှာပဲ စောစောကအထိ တက်တက်ကြွကြွရှိနေခဲ့သည့် စောဖေ၏ ခြေလှမ်းများက သိသိသာသာတုံ့ဆိုင်းသွား၏။

'ဟိုရှေ့မှာရပ်ထားတဲ့ လှည်းက...'ဟု စောဖေကမေးတော့ 'အဲဒါ ငါ့အဖေလှည်းပေါ့ကွ'ဟု ကျွန်တော် အားလုံးကြားအောင် ဖြေလိုက်၏။

'ဒါဆို ဟိုမှာရပ်နေတဲ့လူကြီးက မင်းရဲ့အဖေပေါ့'ဟု နောက်တစ်ယောက်က မေးတော့ ကျွန်တော် သွက်လက်စွာပင် ခေါင်းညိတ်ပြလိုက်သည်။

'ဒါဆိုရင်တော့ ငါ မလိုက်တော့ဘူး၊ ပြီးတော့ အဲဒီလှည်းကြီးလည်း မစီးရဲဘူး' ဟု စောဖေ အကြောက်အကန်ငြင်းတော့ ကျွန်တော့်အဖေ၏ လှည်းကလေး စုတ်ချာနေ၍သာ ဒီကောင်ငြင်းတာဟု ကျွန်တော် ထင်နေသေးသည်။

'ဘာဖြစ်လို့လည်းကွာ၊ လှည်းက ဟောင်းပေမယ့် ခိုင်ပါတယ်၊ မင်းတို့ လိုက်မယ်ဆိုလို့ ငါ့အဖေက မြင်းစာမြက်တွေတောင် တင်မထားဘူး၊ ပြီးတော့ ပြုတ်မကျအောင် ဖြည်းဖြည်းလေးမောင်းဖို့ ငါ့အဖေကို ပြောပါ့မယ်'ဟု ကျွန်တော် ကမန်းကတန်း ရှင်းပြပေမယ့် စောဖေကတော့ အဖေ၏ မြင်းလှည်းအစုတ်ကလေးကို စိတ်ဝင်စားပုံမရတော့။ ကျွန်တော့်အဖေကိုတစ်လှည့်၊ မြင်းလှည်းကလေးကိုတစ်လှည့်ကြည့်ရင်း စောဖေမျက်နှာက သွေးဆုတ်ဖြူလျော်နေလေသည်။ ကျန်သည့် အတန်းဖော်သူငယ်ချင်းနှစ်ယောက်ကတော့ စောဖေ ကြောင်တာကိုကြည့်ပြီး တဟားဟားရယ်ကြ၏။

'စောဖေရာ မင်းကလည်း သတ္တိနည်းလိုက်တာ၊ မြင်းလှည်းစီးတာပဲ ကြောက်စရာလား'

www.burmeseclassic.com

www.burmeseclassic.com



‘အေး တခြားမြင်းလှည်းဆိုရင်တော့ ငါ မကြောက်ပါဘူး၊ ဒါပေမဲ့ ဒီမြင်းလှည်းကိုတော့ ငါ မစီးရဲဘူး၊ ဒီလှည်းပေါ်မှာ လူအသေကောင်တွေ အများကြီးတင်ခဲ့တာ မင်းတို့ သိလို့လား၊ ဒီတစ်မြို့လုံးက ငါးလောင်းတင် ချစ်ညိုဆိုရင် မသိတဲ့လူမရှိဘူး၊ မယုံရင် ချစ်ပိုကို မေးကြည့်’

ကျွန်တော့်မှာ ဘာပြန်ပြောရမှန်း မသိလောက်အောင် နှုတ်အသွားခဲ့ရပါသည်။

‘မဟုတ်ဘူး မဟုတ်ဘူး’

မျက်စိကိုမှိတ် အံကိုကြိတ်၍ အကြောက်အကန်ငြင်းဆန်နေပေမယ့် စောဖေနှင့် သူငယ်ချင်းနှစ်ယောက်ကိုတော့ အရိပ်အယောင်မျှ မမြင်ရ။ သူတို့ နောက်ကြောင်းပြန်သွားခဲ့ကြလေပြီ။ နွေးတုံ့လေးကန်သော ခြေလှမ်းများဖြင့် မြင်းလှည်းလေးရှိရာ ကျွန်တော်လျှောက်လာခဲ့သည်။ အဖေ ကျွန်တော့်ကိုမကြည့်။ ကျွန်တော် မြင်းလှည်းကလေးပေါ်ရောက်ပြီး အတန်ကြာမှ ယူကလစ်ပင်ကခွာ၍ လှည်းပေါ်ကိုတက်ကာ မြင်းလှည်းကလေးကို မောင်းနှင်လိုက်၏။

အဖေ ကျွန်တော့်ကို တစ်ခုခုပြောချင်နေသော်လည်း အဖေက ဘာတစ်ခွန်းမှမပြောဘဲ နှုတ်ဆိတ်ငြိမ်သက်လျက် မြင်းလှည်းကိုသာ ဂရုတစိုက် မောင်းနှင်နေခဲ့၏။ အနည်းဆုံး ‘မင်းသူငယ်ချင်းတွေ ဘာဖြစ်လို့ လိုက်မလာကြတော့တာလဲ’ ဟူသည့် မေးခွန်းလောက်တော့ မေးဖို့ကောင်းသည်ဟု ကျွန်တော်ထင်၏။ ဒီလိုမေးလာခဲ့လျှင် ကျွန်တော့်သူငယ်ချင်းတွေ စွပ်စွဲကြသလို အဖေ့လှည်းကလေးက လူသေကောင်တွေချည်း တင်တယ်ဆိုတာ ဟုတ် မဟုတ်၊ အဖေ့ကို ငါးလောင်းတင်ချစ်ညိုဟု ဘာကြောင့်ခေါ်ကြသလဲ ဆိုတာကအစ မေးမြန်းကြည့်ဖို့ စိတ်ကူးထားသည်။

ကျွန်တော် မျှော်လင့်မိသည်မှာ ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ခွက်ထိုးခွက်လန်ရယ်မောရင်း ကျွန်တော့်သူငယ်ချင်းတွေ ထင်သလို

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာကို ပေါ့ပေါ့ပါးပါး ရှင်းပြတာမျိုးပဲ ဖြစ်စေချင်ပါသည်။ သို့သော် အဖေနှင့် ကျွန်တော့်ကြားတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းကပင် အခြေအနေတစ်ခုကို မသိမ်သာ ကျော်လွှားနေကြသလိုရှိ၏။ ရွာထိပ်ရောက်တော့ အဖေက မြင်းလှည်းကို တုံ့ခနဲရပ်ပြီး သားဟု ကျွန်တော့်ကို မကြည့်ဘဲခေါ်သည်။ ကျွန်တော် ပြန်မထူးဘဲ အဖေပြောလာမည့်စကားကို နားစွင့်နေမိ၏။

'အဖေ အလုပ်ရှိသေးတယ်'

ကျွန်တော် လှည်းပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းပေးလိုက်သည်။ အဖေက မြင်းလှည်းကိုပြန်ကွေ့ပြီး မြို့ဆီ ပြန်မောင်းထွက်သွား၏။ အိမ်ရောက်တော့ အမေက အဖေ မမေးခဲ့သည့်မေးခွန်းကို ကျွန်တော့်အား မေးခဲ့ပါသည်။

'သား သူငယ်ချင်းတွေရော' တဲ့။

ကျွန်တော်က ဖြစ်ပျက်ခဲ့သမျှကို အမေ့အား အတိုချုံး၍ ပြောပြလိုက်၏။ အမေက ကျွန်တော်ပြောသမျှ တွေတွေငေးငေး နားထောင်နေခဲ့သည်။ ကျွန်တော် အဖေ့ကို မမေးရဲခဲ့သည့် မေးခွန်းအတွက် အမေ့ကိုတော့ မေးဖြစ်ခဲ့ပါသည်။ အမေက ကျွန်တော်မသိသေးသည့် အဖေ့အကြောင်းကို တည်ငြိမ်စွာ ပြောပြခဲ့၏။

'တစ်နေ့တော့ အမေတို့ရွာမှာ ကြက်ပွဲကနေစပြီး မြို့ကလူတွေနဲ့ ရွာနီးချုပ်စပ်ကလူတွေ စကားများ ရန်ဖြစ်ကြတယ်၊ အဲဒီမှာ တစ်ယောက်နဲ့ တစ်ယောက် ခုတ်ကြ၊ ထစ်ကြ၊ ထိုးကြ ကြိတ်ကြနဲ့ သေတဲ့လူတွေသေ၊ ဒဏ်ရာရတဲ့လူတွေလည်း ရပေါ့လေ၊ အဲဒီရန်ပွဲမှာ မင်းဦးလေးတစ်ယောက်နဲ့ မင်းအဖေ သူငယ်ချင်းတစ်ယောက်လည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရကုန်ကြတယ်၊ မင်းအဖေက သူ့ညီတစ်ယောက်လုံးပါနေတော့ အိမ်က မြင်းလှည်းနဲ့ပဲ ဆေးရုံကို အချိန်မီပို့ဖို့ စီစဉ်တာပေါ့၊ မင်းအဖေသူငယ်ချင်းကတော့ လမ်းမှာတင်ပဲဆုံးသွားတယ်၊ မင်းဦးလေးကတော့ ဆေးရုံရောက်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com



အသက်ပါသေးတယ်၊ နောက်တော့ ဆိုင်ရာက ပွဲချင်းပြီးသေသွားတဲ့ အလောင်းသုံးလောင်းကိုပါ ရင်ခွဲရုံပို့ပေးဖို့ အကူအညီတောင်းကြတယ်၊ အမေက အဲဒီအချိန်မှာ သားကိုကိုယ်ဝန်အရင့်အမာကြီး လွယ်ထားရတဲ့ အချိန်ပေါ့၊ အမေတို့မှာ မွေးဖို့ဖွားဖို့ ငွေပိုငွေလျှံကလည်း မရှိတော့ မင်း အဖေက စဉ်းစားတာပေါ့လေ၊ စောစောကလည်း လှည်းပေါ်မှာ သူ့ သူငယ်ချင်းတစ်ယောက်လုံး ဆုံးသွားခဲ့ပြီးပြီဆိုတော့ ကျန်တဲ့ အလောင်း သုံးလောင်းထပ်တင်လို့လည်း ဘာမှ မထူးတော့ဘူးပေါ့၊ ပြီးတော့ တခြား မြင်းလှည်းသမားတွေကလည်း ဘယ်သူမှ မတင်ချင်ကြဘူးဆိုတော့ ငွေ ကလည်း မြိုးမြိုးမြက်မြက်ကလေးရမှာကိုး၊ ပြီးတော့ မင်းအဖေ စိတ်ထဲ မှာလည်း ရေတွေဘာတွေနဲ့ အသေအချာ တိုက်ချွတ်ဆေးကြောလိုက်ရင် လှည်းလည်း သန့်သန့်ရှင်းရှင်း ပြန်ဖြစ်သွားမှာပဲလို့တွေးပြီး အဲဒီလုပ်ကို လက်ခံလိုက်တယ်၊ အဲဒီနေ့က ကိစ္စဝိစ္စပြီးတော့ မင်းအဖေ လှည်းကို အစောကြီးသိမ်းပြီး ပြန်လာတယ်၊ နောက်တစ်နေ့ကျတော့ ပုံမှန်အတိုင်း မြင်းလှည်းဆွဲဖို့ မြို့ကိုထွက်သွားတဲ့ မင်းအဖေဟာ မျက်စိမျက်နှာပျက်ပျက်နဲ့ အစောကြီး အိမ်ကို ပြန်ရောက်လာတယ်၊ လူတွေက ခက်တယ်သား၊ မင်းအဖေရဲ့လှည်းကို လူသေတွေတင်ခဲ့လို့ဆိုတဲ့ အယူအစွဲနဲ့ ဘယ်ခရီးသည် ကမှ စီးဖို့ မသတီကြဘူးတဲ့၊ အကြောင်းမသိလို့ ငှားစီးမိရင်လဲ မင်းအဖေ လှည်းမှန်း သိတာနဲ့ ချက်ချင်းလှည်းပေါ်ကပြန်ဆင်းဖို့ ပြင်ကြတယ်၊ အစကတော့ အဖြစ်အပျက်က ပူပူနွေးနွေးကြီးမို့ လူတွေ့စိတ်ထဲမဖျောက်နိုင် သေးလို့ပဲလို့ မင်းအဖေက ထင်တာပေါ့၊ သူ့ညီရဲ့ ဈာပနကိစ္စပြီးလို့ မြင်းလှည်းကို ပုံမှန်ပြန်ဆွဲတော့မှ သူ့နာမည်ကို ငါးလောင်းတင်ချစ်ညိုလို့ မြို့ကလူတွေခေါ်နေကြတာ သူကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရတယ်တဲ့၊ မင်းအဖေလည်း အဲဒီအချိန်ကစပြီး အရက်စသောက်တတ်တော့တာပဲ၊ သားကို မြို့ဆေးရုံမှာ အမေ တက်မွေးတော့ သူ ဘာလုပ်တယ်ထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှဝင်မပြောဘဲ အမေ ပြောသမျှကိုသာ တိတ်တဆိတ် နားထောင်နေလိုက်သည်။

'ဆေးရုံပေါ်မှာ တိမ်းပါးသွားတဲ့ လူသေတွေကို အလောင်းအိမ်ပြန် တိုက်ပေးတဲ့ အလုပ်ကို သူလုပ်တယ်၊ အဲဒီအလုပ်မရှိရင် ရွာက မြင်းတွေ အတွက် မြက်ရိတ်ပြီး ရောင်းတယ်၊ တကယ်တော့ ဒီအလုပ်တွေကို သူ လုပ်ချင်လို့ လုပ်ခဲ့တာမဟုတ်ဘူး၊ ပုထုဇဉ်ပီပီ ကံကိုပဲပုံချရတော့မှာပဲသား၊ လူဆိုတာ ကိုယ်ရထားတဲ့နေရာထက် ပိုပြီး ကောင်းမွန်တိုးတက်မယ့် နေရာမျိုးကိုသာ အလိုရှိကြစမြဲပါ သားရယ်'

အမေပြောပြခဲ့သည့် အဖေ့ဇာတ်ကြောင်းကို ကျွန်တော် ခံစား နားလည်၍ ရခဲ့သော်လည်း ကျောင်းပြန်ဖွင့်လျှင် သူငယ်ချင်းတွေကို ညည်သို့မည်ပုံ ရင်ဆိုင်ရမည်မှန်း ကျွန်တော် မသိတော့။ သီတင်းကျွတ် ကျောင်းပိတ်ရက်များကြောင့်သာ လောလောဆယ်မှာ စိတ်သက်သာရာ ရနေသည်ဟု ကျွန်တော်ထင်သည်။ အဖေက မနက်အစောကြီး မြင်းလှည်း တစ်စီးနှင့် ထွက်ခွာသွားတတ်ပြီး ညနေဆို မိုးကြီးစုန်းစုန်းချုပ်မှ ပြန်လာ တတ်၏။ အဖေ့ ခြေလှမ်းများက ယိမ်းထိုးယိုင်နွဲ့လျက် အိမ်ထဲရောက်ဖို့ပင် သူ့ခန္ဓာကိုယ်ကို အနိုင်နိုင်သယ်ဆောင်နေရလေသည်။ အဖေနှင့် ကျွန်တော် ထ ဟိုးအရင်ကထက်ပင် ပို၍ အနေစိမ်းသွားခဲ့လေသည်။

ကျောင်းတွေပြန်ဖွင့်တော့ ကျွန်တော် ထင်ထားခဲ့သည်ထက်ပင် အခြေအနေတွေ ပိုမိုဆိုးဝါးနေခဲ့၏။ စောဖေကို အတန်းသူ အတန်းသားတွေ ကြားမှာ တီးတိုးဆိုစကားများနှင့် မကြာခဏမြင်တွေ့နေရသည်။ ကျောင်း ဖွင့်စတုန်းက စောဖေနှင့် ကျွန်တော်သည် တစ်ခုံတည်းမှာ ဘေးချင်းကပ် လျက် နှစ်ယောက်အတူထိုင်ခဲ့ကြသော်လည်း သီတင်းကျွတ်ပြီး ကျောင်းပြန် ဖွင့်ချိန်မှာတော့ စောဖေက နောက်ဆုံးအတန်းကို ရွှေ့သွား၏။ ကျွန်တော် ထိုလည်း ဘယ်တုန်းကမှ မသိကျွမ်းခဲ့ဘူးသူတစ်ယောက်လို ဆက်ဆံသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ ကျောင်းသားများက ကျွန်တော့်မျက်နှာကို စေ့စေ့စပ်စပ် လာကြည့်ကြသလို တချို့က မသိမသာ အကဲခတ်ကြ၏။ ကျောင်းသူတချို့ ကတော့ မဝံ့မရဲ ကြောက်သလို ရွံ့သလိုလို ရှုံ့သလိုလို ကြည့်သူကြည့်၊ စက်ဆုပ်ရွံရှာသည့်ဟန်၊ အဆက်အဆံမလုပ်လိုသည့် သဘောနှင့် နှာခေါင်း ရှုံ့သူ ရှုံ့ကြသည်။ စာသင်ခန်းထဲမှာ တဖြည်းဖြည်းနှင့် ကျွန်တော်အထီး ကျန်ဆန်လာခဲ့၏။ ဆရာ စာသင်သည်ကိုလည်း စိတ်မဝင်စားနိုင်တော့။ ကျွန်တော့်စိတ်ထဲမှာ ကျောင်းမြန်မြန်ဆင်းသွားပါစေတော့ဟုသာ ဆုတောင်း နေမိ၏။ ကျောင်းသူတချို့၏ ခနိုးခနဲ့ဆိုကဲ့ရဲ့သံ၊ ကျောင်းသားတချို့၏ မကြားတကြား စနောက်ပြောင်သံတွေကြားမှာ ကျွန်တော့်ကိုယ်ကျွန်တော် အရှင်လတ်လတ် ငရဲကျနေသည့်နှယ် ခံစားရလေသည်။

ကျောင်းဆင်းသွားချိန်မှာတော့ ကျောင်းဝန်းတံခါးမှမပြေးယုံတမယ် အရှင်ဆုံးထွက်ခွာလာခဲ့သူသည် ကျွန်တော်သာ ဖြစ်နေခဲ့လေသည်။

'ဟေ့ကောင်၊ ငါးလောင်းတင် ချစ်ညိုကြီးသား၊ ပြန်ပြီလား'

ကျွန်တော် မကြားဟန်ပြု၍ ဆက်လျှောက်လာခဲ့ပေမဲ့ နှစ်ယောက် သုံးယောက် သံပြိုင်လှမ်းအော်လိုက်ကြသည့် အသံက ကျွန်တော့်နောက်မှ လိုက်ပါလာခဲ့။

'ဟေ့ ဟေ့၊ ငါးလောင်းတင် ချစ်ညိုကြီးသား၊ ပြန်ပြီလား'

'ဟေ့ ဟေ့၊ ငါးလောင်းတင် ချစ်ညိုကြီးသား၊ ပြန်ပြီလား'

မခံချင်စိတ်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာခဲ့သည်။ အံကို တင်းတင်းကြိတ်၍ ဖျတ်ခနဲ ကျွန်ုပ်ချော် လှည့်ကြည့်လိုက်တော့ ကျောင်းသူတချို့ကို အကာအကွယ်ယူလျက် စပ်ဖြဲဖြဲလှမ်းကြည့်နေသည့် စောဖေတို့ လူသိုက်ကို လှစ်ခနဲတွေ့လိုက်ရ၏။ ဘာကြောင့်များ ဒီလို ကောင်မျိုးကို တစ်ချိန်တုန်းက အခင်မင်ဆုံး ဖြစ်ခဲ့ရသည်လဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားတတ်တော့။ အခုအချိန်မှာ ကျွန်တော် အမုန်းတီးဆုံးက စောဖေ ဖြစ်နေခဲ့မှာ သေချာပါသည်။

ယူကလစ်နံ့သင်းသော လမ်းကလေးက ကျွန်တော့် ဒေါသကို ဖြေဖျောက်မပေးနိုင်ခဲ့။ အဖေကတော့ ထုံးစံအတိုင်း ယူကလစ်ပင်ကြီး တစ်ပင်အောက်မှာ သူ့မြင်းလှည်းကလေးနှင့်အတူ ကျွန်တော့်ကို စောင့်ကြို နေရှာသည်။

* * *

စိတ်ချပါဗျာ၊ အခုလို ကျုပ်ကိုတကူးတကန့်လာခေါ်တယ်ဆိုရတော့ ကျုပ် အလုပ်ကို ကျုပ် ပိုပြီးလေးစားရတော့မှာပေါ့၊ ကျုပ်ကဲ လူမှန်ရင် လူသေ ဖြစ် လူရှင်ဖြစ်ဖြစ် တစ်တန်းတစ်စားတည်း သဘောထားပြီးသွားပါ၊ သေခင်ကလည်း အတူတူပဲ၊ သေပြီးတော့လည်း အတူတူပဲ၊ ကျုပ် တစ် ောက်တည်းရဲ့ သဘောဆန္ဒကိုပြောရမယ်ဆိုရင်တော့ သေပြီးမှ တန်ဖိုး ောင် ပိုတက်လာတယ်ဗျ၊ သူတို့က ကျုပ်ကိုထမင်းကျွေးထားတာကိုး၊ လောင်းတင်ချစ်ညိုရဲ့ အဘိဓ္ဓာပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ ဟဲ၊ သေတဲ့လူက ရေးသူကြီးပေါင်း ဘယ်သူဗျ'

'ဦးစံတင်ပါ'ဟု တစ်ဖက်လူက အဖြေစကားကို ထောက်ပေး၏။

'အင်း အင်း သိတယ် သိတယ်၊ တကယ့် လူတော်ကြီးပဲဗျာ၊ စရာနော်၊ အဲ ဒါပေမဲ့ ခုချက်ချင်းတော့ လိုက်လို့မဖြစ်သေးဘူးဗျ၊ သားကို ရွာပြန်ပို့ပေးရဦးမယ်၊ ပြီးတာနဲ့ ချက်ချင်းပြန်လာပါ့မယ်'

'ကျွန်တော် စိတ်ချမယ် ဦးချစ်ညိုရာ၊ တခြားလဲဘယ်သူ့မှ ရှောက် နေတော့ဘူး'

www.burmeseclassic.com



'ရှာလဲ မေတ္တာရပ်ရှိမှာပေါ့ ကိုယ့်လူရာ၊ ဒီအလုပ်မျိုးကို ကျုပ်လိုကောင်မျိုးနဲ့ပြိုင်ပြီး ဘယ်သကောင့်သားကမှ လုပ်ရဲကြတာမဟုတ်ဘူး၊ ဟား ဟား ဟား ဟား'

ညွှံ့သည်လူကြီးက အဖေ့စကားကို ဆုံးအောင်ပင် နားမထောင်တော့ဘဲ သူ့စက်ဘီးကလေးကို အပြေးတစ်ပိုင်း နင်းလျက် ထွက်ခွာသွား၏။ အဖေက ကျွန်တော်ရောက်နေသည်ကို သိဟန်မတူဘဲ သူ့စကားသူ သဘောကျစွာ ရယ်မောနေဆဲ။ အဖေသည် လက်ရှိအလုပ်အပေါ် ဂုဏ်ယူဝံ့ကြွားစွာ ပြောနေခဲ့တာမျိုးတော့ ဖြစ်ပုံမရ။

'သြော် သားတောင်ရောက်လာမှကိုး၊ ဟား ဟား ဟား လူတွေက သိပ်ရယ်ရတယ်ကွ၊ သားလဲ ကြားလိုက်မှာပေါ့၊ စောစောက တရားသူကြီးဆိုတာလေ၊ သိပ်လာဘ်စားတဲ့ အဘိုးကြီးကွ၊ မသေခင်က တရားခံတွေကို ရှုံးချိန်း ခဏ ခဏချိန်းတာ၊ ဒါကြောင့် အဖေကလည်းသူ့ကို ချက်ချင်းမပို့ဘဲ နာရီချိန်း ပြန်ပေးလိုက်တာ၊ ဒီလိုလူမျိုးဆီကငွေကို များများရအောင် တောင်းရတယ်ကွ၊ အဖေပြောတာ ဟုတ်တယ် မဟုတ်လား'

အဖေ စိတ်ကျေနပ်စေရန် ကျွန်တော် ခေါင်းညိတ်ပြလိုက်ရ၏။ အဖေက မြင်းလှည်းကလေးကို ညင်သာစွာ မောင်းထွက်လိုက်သည်။ တကယ်တော့ ကျွန်တော့်မှာ အဖေ့ကို ပြောစရာစကားတွေ အများကြီးရှိနေခဲ့သော်လည်း ဘယ်က ဘယ်လို စ ပြောရမည်ကို ကျွန်တော် မသိပါ။ သို့သော် အဖေသည် ကျွန်တော့်မျက်နှာကို အရိပ်တကြည့်ကြည့် နေလာခဲ့သူဖြစ်သဖြင့် ကျွန်တော်၏ ထူးခြားမှုကို မကြာခင်မှာပဲ သိရှိသွားလေသည်။

'သား မင်းမျက်နှာတစ်ခုလုံးလည်း ဖူးယောင်နေပါလား၊ ဘာဖြစ်တာလဲ၊ မင်း ရန်ဖြစ်လာသလား'

စောဖေတို့လူသိုက်နှင့် ထိုးကြိတ်ခဲ့စဉ်က ရရှိလာခဲ့သည့် ဒဏ်ရာဒဏ်ချက်တွေကိုကြည့်ပြီး စိုးရိမ်တကြီး အဖေ မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် အဖေ၊ ကျွန်တော့်ကို မြင်းလှည်းမောင်းသမားသား ဆိုပြီး စကြ နောက်ကြရာကနေ ဖြစ်တာ'ဟု လူသေကောင်တင်သည့် မြင်းလှည်းဆိုတာကို တမင်ချန်လှပ်၍ ပြောလိုက်၏။

'မြင်းလှည်းသမားသားမို့ မြင်းလှည်းသမားသား ပြောတာပဲ သား ရယ်၊ ဘာ စိတ်ဆိုးစရာရှိလဲ'

တစ်ခုခုကိုပြောရန် အားယူလိုက်သော်လည်း အမေ၏ ညှိုးငယ်သော မျက်လုံးအကြည့်များက ကျွန်တော့်ရင်ထဲက စကားလုံးအချို့ကို ဟန့်တား ထားသလိုရှိလေသည်။ သို့သော် မပြောမဖြစ် ပြောဆိုရန်ရှိသော ဆုံးဖြတ် ချက် တစ်ခုကိုတော့ အရဲစွန့်၍ ကျွန်တော်ပြောလိုက်၏။

'ကျွန်တော် ကျောင်းမနေချင်တော့ဘူး၊ အဖေ'

'ဘာ ဘာကွ၊ ကျောင်းမနေချင်တော့ဘူး၊ ဟုတ်လား'

မြင်းလှည်းကလေး တုန့်ခနဲရပ်တန့်သွားချင်းနှင့်အတူ အဖေ့အသံက မိုးခြိမ်းသံလို ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့၏။

'နေစမ်းပါဦး၊ ကျောင်းမနေလို့ မင်းက ဘာလုပ်စားမှာလဲ၊ ဘာလဲ၊ ငါ့လို အလောင်းကောင်တွေတင်တဲ့ မြင်းလှည်းသမား မင်း လုပ်စားမလို့လား၊ ဟင် ဟော့ကောင်၊ ပြောစမ်းပါဦးကွ ငချစ်ပိုရ၊ မင်းမှာ ကျောင်းတက်ဖို့ ဘာအခက်အခဲရှိသလဲ၊ ဘာ မပြည့်စုံတာရှိသလဲ၊ မင်း လိုအပ်တာမှန်သမျှ ငါ အကုန်ဖြည့်ဆည်းပေးနေတာပဲ၊ မိဘတစ်ယောက်အနေနဲ့ ငါ့ဘက်က ချို့ယွင်းတာများ ရှိခဲ့ဖူးသလား၊ ဟင် ချစ်ပို၊ အဓိပ္ပာယ်မဲ့ စိတ်လေချင်ဦး စိတ်လေချင်ဦး၊ ကဲကွာ'

အဖေ့လက်က ကျွန်တော့်ပါးပြင်ဆီ ဆင်းသက် ရိုက်ခတ်ခဲ့ပြီ။ ကျွန်တော့် မျက်ရည်စက်တွေလည်း မြေသို့ဆင်းသက်ကြွေကျခဲ့ပြီ။ သို့သော် ဘာကြောင့် စိတ်လေလွင့်ခဲ့ရသည်ကို အဖေ့အား ကျွန်တော် မပြောခဲ့ရက် ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာက အဖေမထွက်စေချင်သော ကျောင်းပရိဂ္ဂဏ်ကို ကျော်ခိုင်းထွက်စေခဲ့သည်။ ကံကို မယုံကြည်ခဲ့သလို ဆူးပုံကိုလည်း မနင်းခဲ့ပါ။ သို့သော် အဖေ မဖြစ်စေချင်ခဲ့သော မြင်းလှည်းသမားတစ်ယောက် ဘဝကိုတော့ ကံကြမ္မာကပဲ မရောက်ရောက်အောင် ပို့ဆောင်ခဲ့ပါသည်။ ကျွန်တော်သည် ငါးလောင်းတင်ချစ်ညိုဟု လူသိများသူကြီး၏ တစ်ဦးတည်းသော သားတစ်ယောက်သာ ဖြစ်ခဲ့လေသည်။

* * *

အဖေ့ကို နောက်ဆုံးတွေ့လိုက်ရသည့်မြင်ကွင်းကို ကျွန်တော့်အနေဖြင့်သည်တစ်သက် မေ့ဖျောက်၍ရနိုင်လေမည် မထင်ပါ။ ကျွန်တော် ကျောင်းသွားဖို့ အိမ်ကထွက်လာတော့ အဖေ အိပ်ရာက မထနိုင်သေး။ ညက တစ်ညလုံးနီးပါး အဖေသောက်သည်။ မနေ့က ကျွန်တော့်ကို မရိုက်စေ ရိုက်မိတာရော၊ ကျွန်တော် မည်သို့မည်ပုံ ခံစားနေရသည်ဆိုတာကိုပါ သဘောပေါက်သွားတာရော ဆုံပြီး အဖေ တစ်ညလုံးနီးပါး သောက်ဖြစ်သွားတာ ဖြစ်မည်။

နေ့လယ် ထမင်းစား ကျောင်းပြန်တက်ချိန်မှာ ရွာက အဖေနှင့်သားချင်းမကင်းသည့် ဆွေမျိုးနီးစပ်တစ်ယောက်ကျောင်းကိုလိုက်လာပြီး အဖေ မြင်းလှည်းပေါ်ကလိမ့်ကျသဖြင့် ဆေးရုံရောက်နေကြောင်း လာအကြောင်းကြား၏။ ကျွန်တော် သာမန်လောက်ပဲထင်ခဲ့သည်။

ဆေးရုံကိုရောက်မှ သတိရတစ်ချက် မရတစ်ချက်နှင့် အဆိုးဝါးဆုံးအခြေအနေကို ရောက်ရှိနေမှန်း ကျွန်တော် သိရလေသည်။ ဆရာဝန်ကြီးက ခေါင်းတခါခါဖြင့် 'ဆေးရုံရောက်တာ သိပ်နောက်ကျတယ်၊ ကတ္တရာလမ်းနဲ့ ခေါင်းဆောင့်မိတဲ့ဒဏ်ရာကြောင့် ဦးနှောက်ထဲကို သွေးရောက်သွားပြီး

www.burmeseclassic.com



အခြေအနေက မျှော်လင့်စရာမရှိတော့ဘူး’ဟု အဖေ့အခြေအနေကို ရှင်းပြ၏။ အဖေ့ဆီက အရက်နံ့နှင့် သွေးညှီနံ့တွေ လှိုင်ဝေနေ၏။

ဒီမနက်လည်း အဖေ ထပ်သောက်ထားပုံရသည်။ တကယ်တော့ အဖေ့ကို ဒီအဖြစ်ဆိုးကြီးနှင့် ကြုံတွေ့အောင် တွန်းပို့ခဲ့သူမှာ ကျွန်တော်သာ ဖြစ်လေသည်။ ဒါတွေအားလုံးကို ကျွန်တော် နောင်တရခဲ့ပါပြီ။ သို့သော် အရာရာက နောက်ကျခဲ့ပြီ ဖြစ်၏။ အဖေ သတိပြန်လည်အလာမှာ ပလုံး ထွေးနှင့် သားဟု ရေရွတ်လေသည်။ အဖေ့မျက်လုံးအကြည့်တွေကလည်း ကျွန်တော့်ကို အနားလာစေချင်ပုံရ၏။ အဖေ့မျက်နှာနားကိုကပ်၍ ‘အဖေ’ ဟု တိုးတိုးဖွဖွ ရေရွတ်လိုက်သည်။

‘သား ဟို ဟို’

အဖေ့ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်လှုပ်ခတ်နေသော်လည်း စကားသံက ထွက်မလာ။ ကျွန်တော့်ကို တစ်ခုခု မေးမြန်းချင်ခဲ့တာလား၊ ဒါမှမဟုတ် တစ်ခုခုမှာကြားချင်ခဲ့တာလား၊ အဓိပ္ပာယ်မကွဲပြားစွာ အဖေ သည် ကျွန်တော့်အတွက် ပုစ္ဆာတစ်ပုဒ်ကို ထားချန်ထွက်ခွာသွားခဲ့လေပြီ။ အဖေ အဆုံးသပ်မသွားနိုင်ခဲ့သည့် နောက်ဆက်တွဲစကားလုံးများက

‘ဟို မင်းအမေ့ရောလို့ မေးနေတာမျိုးလည်း ဖြစ်နိုင်သလို၊ ဟို မြင်းလှည်းကို မင်း တစ်သက်လုံး မမောင်းနဲ့’ဟူ၍လည်း ဖြစ်နေနိုင်၏။ ထိုသည့်စကားမျိုး ဖြစ်သည်ဆိုတာကိုတော့ ကာယကံရှင်အဖေသာ အသိဆုံး ဖြစ်ပါလိမ့်မည်။ အမေသည် အဖေ့အသက်ကို မမီလိုက်။

အဖေ့ရျာပန ကိစ္စအပြီးမှာ သူ ပထမဦးဆုံးလုပ်ခဲ့သည်က အဖေ ထားချန်ခဲ့သော မြင်းလှည်းကလေးကို လူစီးလှည်းအဖြစ် ပြုပြင်ဖန်တီး ခြင်းပင် ဖြစ်လေသည်။ နှစ်အတန်ကြာ ကင်းကွာခဲ့သော အမိုးကိုင်းသွေး ပြန်တပ်သည်။ ကူရှင်အသစ်တွေတင်သည်။ လှည်းအိမ်အသစ်ကို ပေါင်းပစ် ချင်သော်လည်း အမေ့မှာ အဖေ ထားချန်ခဲ့သည့်ငွေက မည်မည်ရရမရှိ။

www.burmeseclassic.com

www.burmeseclassic.com



မြင်းမလေးကို ခြုတွေမြှင်မြှင်ဆွဲပြီး တက်ကြွမှုများ၊ အနာဂတ်များနှင့် မြို့ဆီကို အသော့နှင်ခဲ့ပေမယ့် လူတွေက ငါးလောင်းတင်ချစ်ညို၏ သား တစ်ယောက်အဖြစ် ကျွန်တော့်အား မနှစ်မြို့စွာ ဆက်ဆံခဲ့ကြလေသည်။ ထိုစဉ်က ကျွန်တော် သတိအရဆုံးနှင့် ကိုယ်ချင်းအစာနာရဆုံး ပုဂ္ဂိုလ်မှာ အဖေပဲ ဖြစ်၏။ ကျွန်တော် ရင်ဆိုင်ခဲ့ရသည့် ဒုက္ခများကို အဖေသည် ဟိုကာလများစွာထဲက ခံစားခဲ့ပြီး ဖြစ်လေသည်။

သိပ်မကြာခင်မှာဘဲ အဖေမလိုချင်ဘဲ ရရှိလာခဲ့သည့် ဘဝက ကျွန်တော့်ထံ တရွေ့ရွေ့တိုးလာခဲ့လေသည်။ ဒီလိုနှင့် အဖေ့ လက်ငုပ် လက်ရင်းအလုပ်ကို ကျွန်တော် ဆက်လုပ်ဖြစ်သွား၏။ အဖေဆုံးပြီး နှစ် နှစ် အကြာမှာ အမေ ဆုံးသည်။ ရွာက ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက် မစိန်မြနှင့် အိမ်ထောင်ကျသည်။ သားဦးကလေးမွေးတော့ ကျွန်တော့်တုန်း ကလို မနိမ့်ကျစေလိုသည့် သဘောဖြင့် 'မောင်ကံမြင့်'ဟု အမည်မှည့်ခေါ်၏။ ရွာကျောင်းမှာ လေးတန်းအောင်သည်အထိသာထား၍ ငါးတန်းစတက်သည့် နှစ်မှစကာ မြို့ကလေးနှင့် မိုင် ၅၀ လောက်ကွာဝေးသည့် မြို့ကြီးတစ်မြို့တွင် နေထိုင်သော ဦးလေးဝမ်းကွဲတစ်ယောက်အိမ်ကို ပို့လိုက်၏။ သား၏ စားရေး သောက်ရေးအတွက် တစ်လတစ်ခါ ငွေလှမ်းပို့သည်။ ဒါကလည်း ကျွန်တော့်တုန်းကလို နုနယ်သည့်သား၏ နှလုံးသားကို အနာတရ မဖြစ်စေချင်သောကြောင့်ပင် ဖြစ်လေသည်။

* * *

သားစာအရ သူတို့ကိုကြိုဖို့ ဘူတာရုံကို ထွက်လာခဲ့သော်လည်း ကျွန်တော့် မှာတော့ ရင်တထိတ်ထိတ်နှင့် စိတ်က လေးလေးလံလံခံစားနေရ၏။ ကျွန်တော့်တုန်းကလိုများ မြင်းလှည်းပေါ် တက်ခါနီးကျမှ သားသူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ စိတ်ပြောင်းသွားရင်တော့ အခက်၊ ဒီစိတ်အတွေးတွေ သားဆီက စာရပြီးကတည်းက ကျွန်တော့်ခေါင်းထဲမှာ မွှေနှောက်နေခဲ့သည်။ ကျွန်တော့်တုန်းက အဖေသည် ဣန္ဒြေမပျက် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားနိုင်ခဲ့သော်လည်း ကျွန်တော့်ဆီမှာ အဖေ့ သတ္တိမျိုး နည်းနည်းလေးမှ မရှိ။ မလွဲမသွေ ဒီအဖြစ်အပျက်မျိုးနှင့်သာ ကျွန်တော် ရင်ဆိုင်ရလျှင် ရင်ကွဲရလိမ့်မည် ထင်သည်။

ရထားက ပုံမှန်ဝင်နေကျအချိန်ထက် နာရီဝက်လောက် နောက်ကျပြီးမှ ဆိုက်ရောက်လာ၏။ ခရီးသည် အတက်အဆင်းနည်းပါးသည့် သာမန်တောမြို့ကလေးမို့ သားတို့ကို ခဲခဲယဉ်းယဉ်းရှာစရာမလို။

'ဖေဖေ၊ သားတို့ ဒီမှာ'

သားက ကျွန်တော့်ကိုတွေ့တော့ အားပါးတရ လှမ်းအော်၏။ ကျွန်တော် သားတို့ဆင်းမည့်တွဲဆီ အပြေးတစ်ပိုင်းလျှောက်လာခဲ့မိသည်။

'ဟော့ကောင်တွေ ဒါ ငါ ပြောပြောနေတဲ့ ငါ့အဖေ ဦးချစ်ပို၊ အဖေ ဒါ သားသူငယ်ချင်းတွေပဲ၊ သူက အောင်ကျော်တိုးဝင်း၊ သူက သိန်းတန်'

'တွေ့ရတာ ဝမ်းသာပါတယ် ဦးလေး' တဲ့။

ဖော်ရွေပွင့်လင်းသော အပြုံးတွေဖြင့် သားသူငယ်ချင်းနှစ်ယောက်က ကျွန်တော့်ကို နှုတ်ဆက်၏။

'အေး အေး ဝမ်းသာပါတယ်ကွာ၊ ကဲ လူလေးတို့အိတ်တွေပေး ဦးလေး သယ်ခဲ့မယ်'

'ဟာ နေပါစေ ဦးလေးရာ၊ ငရဲတွေဘာတွေ ကြီးကုန်ပါမယ်၊ ကျွန်တော်တို့ နိုင်ပါတယ်'

ကျွန်တော်တို့ မြင်းလှည်းဆီကို လျှောက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်တွေ မြင်းလှည်းကတော့ မြင်တဲ့အတိုင်းပဲနော်၊ မလိုက်ချင်ရင် ခုကတည်းက လမ်းလျှောက်သွားကြ၊ ပြီးတော့မှ လှည်းကို စုတ်တယ်လေး ချာတယ်လေး အတင်းမပြောကြနဲ့၊ ဒါ ငါတို့အဖေရဲ့ ပြိုင်ဘက်မရှိ စီးပွားရေးလုပ်ငန်းကြီးကွ၊ ဒါတောင် မင်းတို့ကို အားနာလို့ ငါ့အဖေက ကုရှင်တွေဘာတွေ တင်လာတာ'

ကျွန်တော် သားမျက်နှာကို အလန့်တကြားကြည့်လိုက်မိ၏။ သူ့မျက်နှာမှာ ပကတိသန့်စင်မှုကို ထင်းခနဲ မြင်တွေ့ရလေသည်။ သားကတော့ ကျွန်တော် လှည့်ကြည့်လိုက်တာကို သတိထားမိပုံမရ။

'ဦးလေး ရပြီ ရပြီ၊ ကျွန်တော်တို့အားလုံး လှည်းပေါ်ရောက်သွားပြီ'

ကျွန်တော် အသာအယာပင် မောင်းထွက်လိုက်၏။ ကျွန်တော့်မြင်းကြီးက ခေါင်းတခါခါ လည်တမော့မော့နှင့် မြို့ကလေး၏ လမ်းမရှည်ရှည်အပေါ်မှာ အသော့နှင်ပြေးလွှားနေလေသည်။ သားနှင့် သူငယ်ချင်းများ၏ ရယ်မောသံ စကားပြောသံတွေက ချူညံနှင့်အပြိုင် ပျံ့လွင့်လျက်ရှိ၏။ ကျွန်တော့်မြင်းကြီးခမျာ သူတစ်ခါမှ မတင်ဆောင်ဘူးသည့် လူအရှင်လတ်လတ်တို့၏ အသံဗလံတွေကြောင့် သည်မျှ အားတက်သရောရှိနေခဲ့တာဖြစ်မလားဟု ကျွန်တော် တွေးကြည့်နေမိသည်။

ဖြတ်သွား ဖြတ်လာတို့၏ မျက်လုံးအကြည့်များက ကျွန်တော့်မြင်းလှည်းကလေးနှင့် မြင်းလှည်းပေါ်က မျက်နှာစိမ်း ခရီးသည်တွေကို တအံ့တသြ ဝိုင်းဝန်း ကြည့်ရှုနေကြလိမ့်မည်ဟု ကျွန်တော် ထင်သည်။

'ဒီမှာ ဒီလှည်းက နယ်နယ်ရရလှည်း မဟုတ်ဘူးနော်၊ ငါ့လောင်းတင် ချစ်ညိုရဲ့ လှည်းဆိုရင် ဒီမြို့မှာ မသိတဲ့လူမရှိဘူး၊ အဲဒီရာဇဝင်နဲ့ ပတ်သက်ပြီး မင်းတို့ကို ငါ ပြောပြရဦးမယ်'

ကျွန်တော် နားကြားလွဲတာတော့ မဖြစ်နိုင်ဘူးထင်သည်။ သားအသံက ဝမ်းနည်းဟန် ခံပြင်းဟန်တွေမပါဝင်ဘဲ တကယ်ကို တက်တက်

www.burmeseclassic.com

www.burmeseclassic.com



ကြွကြွ ရှင်းပြနေခဲ့ခြင်းသာ ဖြစ်လေသည်။ ကျွန်တော် သားကို နားမလည်နိုင်စွာ ကြက်သီးတဖြန်းဖြန်းထ နားထောင်နေမိခဲ့သော်လည်း သားသူငယ်ချင်းတွေကတော့ သားအပေါ် နားလည်နိုင်စွာ ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေကြခြင်းအပေါ် ကျွန်တော် တအံ့တသြဖြစ်နေမိ၏။

သားက ကျွန်တော့်တုန်းကလို မပျော့ညံ့ခဲ့၊ သတ္တိမနည်းခဲ့သူပါလား။

* * *

သားသူငယ်ချင်းတွေ ရွာမှာ ပျော်ပျော်ပါးပါး စားစားသောက်သောက်နှင့် ငါးရက်လောက်နေထိုင်သွားကြ၏။ ကျွန်တော် ထင်မှတ်ထားသလို ဆိုးဆိုးဝါးဝါး အခြေအနေမျိုးနှင့်လည်း မကြုံတွေ့ရပါ။

သားသူငယ်ချင်းတွေကို ရထားတင်ပေးပြီး ဘူတာမှအပြန်မှာတော့ သူမျိုသိပ်ခဲ့ရသည်များကို ဖွင့်ဟ ဆွေးနွေးဖြစ်၏။ သားသည် စိတ်ဓာတ်ရေးရာအရ ကျွန်တော့်ထက် သာလွန်မာကျောခဲ့သူသာ ဖြစ်လေသည်။ ကျွန်တော် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် စိတ်ခံစားမှုများစွာအတွက် သား၏ သုံးသပ်ချက်ဆန်သော စကားလုံးများက ကျွန်တော့်ရင်ကို အံ့အားတသင့် လှုပ်ခတ်စေခဲ့လေသည်။

'အဘိုးက သူ့ဘဝသူကျေနပ်နေခဲ့တာတော့ ဟုတ်မယ်မထင်ဘူး ဖေဖေ၊ သူ မမျှော်လင့်ဘဲရရှိခဲ့တဲ့ ဘဝထဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းတစ်ခုခုတော့ အနည်းဆုံး ရှာဖွေကြည့်ခဲ့မှာပဲ၊ လူသေတင်တဲ့ မြင်းလှည်းမောင်းရုံနဲ့တော့ ဘဝတစ်ခုလုံး လူညွန့်တုံးသွားပြီလို့ မဆိုနိုင်ပါဘူး ဖေဖေ၊ မလွတ်မြောက်နိုင်ခဲ့ဘူးဆိုရင်တောင်မှ လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်သွားနိုင်တဲ့ သတ္တိကို သားတော့ လေးစားတယ်။ ဒါကို

www.burmeseclassic.com

www.burmeseclassic.com



ရှက်စရာလို့လည်း သား မခံယူဘူး၊ သားသူငယ်ချင်းတစ်ယောက်ရဲ့ အဖေဆိုရင် နီဗွာန်ယာဉ်လို့ခေါ်တဲ့ အသုဘကားတွေ သုံးလေးစင်းပဲထောင်ထားတာ၊ အသုဘခေါင်းလုပ်ငန်းလည်းရှိသေးတယ်၊ ငါတို့တော့ ဒီအလုပ်ကြီး မလွှဲမရှောင်သာလို့ လုပ်ကိုင်စားနေကြရတယ်လို့ တစ်ခါမှ ဝမ်းနည်းပက်လက် ဖြစ်နေတာမျိုး သားတော့ မကြုံဖူးဘူး၊ သူတို့တော်တော်လေး ချမ်းသာကြတယ်၊ ဒါဟာ သူတို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းကြီးတစ်ခုပဲ၊ သားကိုယ်တိုင်လည်း ဖေဖေ ဘာအလုပ် လုပ်လုပ်စားတယ်ဆိုတာကို သား သူငယ်ချင်းတွေကို ပွင့်ပွင့်လင်းလင်း ပြောခဲ့တာပဲ'

သားပြောသမျှကိုနားထောင်ရင်း ကျွန်တော့်နှလုံးခုန်သံတွေ ပုံမှန်မဟုတ်တော့သလို ခံစားရလေသည်။

'အဲဒီတော့ သားသူငယ်ချင်းတွေက သားကို မလှောင်ကြဘူးလား'

'ဘာဂရုစိုက်စရာရှိလဲ ဖေဖေရာ၊ တစ်ယောက်စ နှစ်ယောက်စတော့ နောက်ကြ ပြောင်ကြတာမျိုး ရှိခဲ့ဖူးတာပေါ့၊ စတယ် နောက်တယ်ဆိုတာက လည်း ခံယူတတ်ရင် ဒေါသဖြစ်စရာအကြောင်းမရှိပါဘူး၊ သူတို့ သားကို အချိန်ပြည့် စနိုင်နောက်နိုင်ကြတာမှ မဟုတ်တာ၊ အဖက်ဖက်မှာ သား နိမ့်ကျချင်နိမ့်ကျမယ် ပညာရေးနဲ့ပတ်သက်ရင်တော့ သားလိုလူက သူတို့ အပေါ်မှာအမြဲရှိနေအောင် ကြိုးစားတယ်၊ သား အမြဲဂရုစိုက်တာက ဖေဖေပဲ၊ ဖေဖေ့ပိုက်ဆံနဲ့ ထမင်းစား၊ ဖေဖေ့ ပိုက်ဆံနဲ့ ကျောင်းတက်နေ ရတဲ့ နောက်တော့ သား ဂရုစိုက်ရမှာလဲ ဖေဖေကလွဲပြီး ဘယ်သူရှိနိုင်ဦးမှာလဲ'

'သားရယ်'

နွေးထွေးသော သား၏ လက်အစုံကို ကြင်ကြင်နာနာဆုပ်ကိုင်ထားမိ၏။ အခုအချိန်မျိုးမှာ အဖေ့ကို ကျွန်တော်ရှိစေချင်သည်။ ကျွန်တော့်သား သား၏စိတ်ဓာတ်မျိုး အဖေ့အပေါ် ထားနိုင်ခဲ့ပါလျှင် အဖေ ဘယ်လောက် အားတက်သရော ရှိနေလိမ့်မလဲ။ အဖြစ်ဆိုးကြီးနှင့် ကြုံချင်မှ ကြုံလေမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်သည်။ ကျွန်တော်သည် စကားအရာနှင့်မျှပင် အဖေ၏ စိတ်ချမ်းသာမှုကို မပေးစွမ်းနိုင်ခဲ့။

'သား ဒီလို သတ္တိမျိုးတွေ ဘယ်လို ရယူခဲ့သလဲဟင်'

'စာအုပ်တွေပေါ့ ဖေဖေ၊ စာအုပ်တွေထဲမှာ ဘဝတွေအများကြီး ရှိတယ်၊ လူတွေကို စိတ်ဓာတ်တက်ကြွဖို့၊ အနာဂတ်တွေလှပဖို့၊ စာအုပ်တွေက လမ်းညွှန်ခဲ့တာပဲဖေဖေ၊ ဖေဖေက ခေတ်ကို သတိမထားမိလို့ပါ၊ အတွေးအခေါ်ဟောင်းတွေ၊ အယူအဆဟောင်းတွေ၊ အယူသီးမှုတွေ ဒီခေတ်ထဲမှာ အတော့်ကို နည်းပါးသွားပါပြီ၊ ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုချည်း ကြည့်လို့မရဘူး ဖေဖေ၊ ကမ္ဘာကြီးတစ်ခုလုံးကို ခြုံကြည့်ရတော့မယ့်ခေတ်ကို ရောက်နေပြီ'

သား၏ စကားများက သူ့ရင်ကို အင်အားအသစ်တွေ ဖြစ်ထွန်းစေခဲ့၏။ သူတစ်သက်လုံး မှားယွင်းခဲ့သည့် အတွေးအခေါ် မှားတွေကို သားက တစ်ခဏနှင့် ချေဖျက်ပစ်လိုက်နိုင်ခဲ့သည်။

အဖေက ကျွန်တော့်ကို ပညာတတ်တစ်ယောက် ဖြစ်စေချင်ခဲ့သည်ကလွဲ၍ စာတွေဖတ်ဖို့ မတိုက်တွန်းခဲ့။ ကျွန်တော်ကိုယ်တိုင်က ထိုက်သင့်သည့် အတန်းပညာလေး ရှိခဲ့ပါလျက် စာဖတ်ရကောင်းမှန်း မသိခဲ့။

သားကတော့ ကျွန်တော်နှင့် ဆန့်ကျင်စွာ အတွေးအခေါ်များ၊ အယူအဆများနှင့် ခိုင်မာသည့်စိတ်ဓာတ်၊ သတ္တိတို့ကိုရင်း၍ ဘဝ၏ ရပ်တည်မှုအမှန်ကို စာမျက်နှာတွေပေါ်မှတစ်ဆင့် ရှာဖွေနိုင်ခဲ့လေသည်။

သား ကျောင်းအပြန်မှာ ကျွန်တော် အထပ်ထပ်အခါခါ မှာနေမိတာက

'သား ဖေဖေ့ဆီကို စာအုပ်တွေ ပို့လိုက်ပါဦး၊ ဖေဖေ စာတွေဖတ်ချင်တယ်' ဟူ၍ ဖြစ်လေသည်။

မင်းသိသစ်

www.burmeseclassic.com

www.burmeseclassic.com

## သောကဗျာပါဒ အရေးအကြောင်းများ

ကျွန်တော် လွန်ခဲ့သော နှစ်ပေါင်း ၂၇ နှစ်ကျော်က ရေးဆွဲခဲ့ဖူးသည့် ပန်းချီကားတစ်ချပ်၏ အမည်။ ကျွန်တော့် ပန်းချီရဲဘော် ကိုတိုးနွယ်၏ အမေ ပုံတူဖြစ်လေသည်။ ကိုတိုးနွယ်၏ အမေကို ကျွန်တော်က အမေဟုပဲ ခေါ်ပါသည်။ ၁၃ နှစ်သား အရွယ်ကပင် မိခင်ကွယ်လွန်တိမ်းပါး၍ အမေငတ်ခဲ့ရသော ကျွန်တော့်အဖို့ ဘယ်သူ့အမေဖြစ်ဖြစ် အမေဟုခေါ်ရန် ဝန်မလေးခဲ့။ ၁၉၇၀ ခုနှစ်ဝန်းကျင်က အင်ဗွိုင်းခန်းမ (ယခု တပ်မတော်ခန်းမ)သည် ပန်းချီပြပွဲများ တခြိမ့်ခြိမ့် ကျင်းပခဲ့ရာ ဒေသတစ်ခု ဖြစ်ခဲ့လေသည်။ ထိုကာလတွင်ပင် ကျွန်တော်နှင့် ကိုတိုးနွယ်သည် ပန်းချီရေးဖော်ချင်းအဖြစ်သာမက ပန်းချီရဲဘော်အဖြစ်ပါ တွဲမိကြသည်။ ကျွန်တော့်အိမ်လည်း သူ၏ စားအိမ်သောက်အိမ်၊ သူ့အိမ်လည်း ကျွန်တော့် စားအိမ်သောက်အိမ်။ များသောအားဖြင့်တော့ ကျွန်တော်က မြို့ပြင် ရွာလမ်းကျော်မှာနေသူမို့ သူ့အိမ်မှာပဲ နေ့စား အိပ်တာများသည်။ ကိုတိုးနွယ်က ကျွန်တော့်ထက် ပန်းချီကျောင်းဆင်းတာ လွန်စွာစောသည်။ အသက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရှစ်နှစ်ခန့် ပိုကြီးသည်။ သို့သော် ကြီးပေါင်းတွေမို့ ခင်ဗျား ကျွန်တော်ဟူသော အသုံးအနှုန်းတို့ဖြင့် ဆက်ဆံပါသည်။ ကျွန်တော်နှင့် ဆုံတွေ့ရချိန်မှာ ကိုတိုးနွယ်သည် ဓနီးသည် သေဆုံးပြီးစအချိန် ဖြစ်နေသည်။ သူ့ရင်မှာလည်း သောကဗျာပါဒမီးများ တောက်လောင်နေမည်။ ထို့အတွက် မှားသည်ဖြစ်ဖြစ် မဖြစ်ဖြစ် သေရည်ကို မှိုဝဲနေသည်။ ကျွန်တော်ကတော့ ကြိုက်၍ မှိုဝဲ နေခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူနှင့်ကျွန်တော်ကတော့ တစ်ယောက် ဘဝ တစ်ယောက် ပိုမိုနားလည်လာခဲ့ပြီး ပိုမို ရင်းနှီးလာခဲ့ကြတော့သည်။

'ဆောင်းဦးပန်း'ဆိုသော ပန်းချီပြပွဲ အင်ဖွိုင်းမှာပြုလုပ်ဖို့ အချိန် နီးကပ်လာသည်နှင့်အမျှ ကျွန်တော် ကိုတိုးနွယ်တို့အိမ်မှာပဲ အနေများသည်။ ပန်းချီကားများကို မနားတမ်းရေးဆွဲသည်။ ညနေ သူရာရည်တစ်ကျိုက် တစ်မော့ ပြုကြတာလည်း ပါသပေါ့။ ကိုတိုးနွယ်နှင့်ကျွန်တော် နည်းနည်း ထွန်နေပြီထင်လျှင် အမေက 'ဟဲ့ တင်လှနဲ့ ခင်လှ၊ ထမင်းစားကြတော့လေ၊ ထမင်းစား' ဟု ပြောတတ်သည်မှအပ ဘာမျှ အထူးအထွေ မဟာန့်တား တတ်ပါ။

ဖြစ်ချင်တော့ ပန်းချီပြပွဲပြုလုပ်ဖို့ ရက်ပိုင်းအလိုမှာ အမေ ဆုံးရှာ သည်။ ကျွန်တော်တို့မှာ ဈာပနကိစ္စလည်းဆောင်ရွက်ရ၊ ပန်းချီပြပွဲအတွက် ဆုံးပန်းရနှင့် ဗျာများရပြန်သည်။ ရွှေဂုံတိုင်လမ်းမကြီးပေါ် မေးတင်၍ ဆောက်ထားသည့် ကိုတိုးနွယ်တို့ နှစ်ထပ်အိမ်အပေါ်ထပ် ဖဲဝိုင်းမှာ လူတွေ ရုံးစု အုန်းအုန်းထနေချိန် ကျွန်တော်နှင့် ကိုတိုးနွယ်က အောက်ထပ် သိုကလေးထဲမှာ လေးပေမီးချောင်းကို ထိန်နေအောင်ထွန်း၍ ပတ္တူဖျင်စ တွေကို ပန်းချီကားတွေဖြစ်လာအောင် အာရုံစူးနစ် တကုတ်ကုတ်ရေးခြစ် နေကြသည်။

နောက်ဆုံး ပြပွဲကျင်းပမည့် အင်ဖွိုင်းခန်းမသို့ ရောက်နှင့်ရမှာကြ သည့်တိုင် ကျွန်တော့်မှာ မရေးဆွဲရသေးသည့် ပန်းချီကားချပ်ဖြူတစ်ချပ်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးသည်။ ထိုအရာသည်ပင် 'အမေ့ပုံ' ဖြစ်လာတော့သည်။ '*သောကဗျာပါဒ အရေးအကြောင်းများ*' ဆိုသော ပန်းချီကားဖြစ်လာတော့သည်။

ပိန်သွယ်သွယ် အမေအိုတစ်ယောက်၏ ကိုယ်တစ်ပိုင်းရုပ်ပုံလွှာ။ အရိုးပေါ် အရေတင်ဟု ဆိုရမည်။ မျက်လုံးများက တစ်မှျင် နှစ်မှျင်သာ ရှိတော့သည့် မျက်ခုံးမွေးများ၏အောက် မျက်နက်ဆန်ဝယ် ချိုင့်ဝင်တွဲကပ်နေသည်။ ငယ်စဉ်က ရွှန်းလက်ခဲ့သော မျက်ဝန်းအစုံမှာ ယခုတော့ နီကျင်ကျင်ဖြစ်နေပြီ။ သေးငယ်စေ့ကျပ်သော ပါးစပ် နှုတ်ခမ်းပါးကလေး ဆီသို့ပင် ဇရာ၏ အစင်းအကြောင်းများက ရစ်ပတ်လွှမ်းခြုံ။ ပါးရိုးငေါငေါကလေးမှာရော အစင်းကြောင်းများနှင့်ပါပဲ။ ဖွေးဖွေးဖြူသော ဆံပင်များ စုစည်း၍ တမာသီးသာသာကြီးသော ဆံထုံးကလေးကို လျော့ရဲရွှာချည်နှောင်ထားပြီး ဝါးဘီးစိပ်ကလေးက ပျင်းရိစွာ ခိုတွဲနေပြန်သည်။ လည်တိုင်သေးသေးလေးမှာလည်း အပြိုင်းပြိုင်းထလျက် လည်ညွှန့်အောက်ဘက်ကိုယ်ခန္ဓာနှင့် တွဲဆက်ပေးထားသည်။ ရင်ညွှန့်ရိုးနှစ်ချောင်းက တစ်ဖက်တစ်ချက် ပခုံးများဆီ ကပ်ငြိသည်။ ပင်နီဖျင်ပါးကလေးကို ကပိုကရိုဝတ်ထားသည်။ အတွင်းမှာတော့ ရှန်သားအဖြူညစ်ကလေးနှင့်။ အမေသည် မည်သည့်အရပ်ကို ငေးကြည့်နေသနည်း။ မဝေးတော့သော ဗျာဒိ၏ ဟိုမှာဘက် မရဏရွာဆီသို့၊ နောင်တမလွန်သို့များလား။ သို့မဟုတ် ကြည့်နေသော အရပ်ကိုမမြင်မိဘဲ လွန်ခဲ့ လှပခဲ့သော တရုံတဆစ်က အတိတ်ကို ပြန်ငဲ့တွေးကြည့်နေသလား။ သို့မဟုတ် 'ဟဲ့ ခင်လှနဲ့ တင်လှတို့ ထမင်းစားကြတော့' ဟူ၍ ကျွန်တော်နှင့် ကိုတိုးနွယ်ကို အသံတိုးတိုးလေးနှင့် ပြောနေသလား။ အမေ။ ပန်းချီကားအောက်ခြေမှာ ကျွန်တော့်လက်မှတ်ကိုထိုးအပြီး ညောင်းညာသွားသော လက်ဆစ်များကို တဖြောက်ဖြောက် ချေချိုးနေချိန်မှာ 'ကိုဝသုန် ရယ်'ဟူသော ကိုတိုးနွယ်၏ငိုသံအက်အက်ကို ကြားရသည်။ သူ ကျွန်တော့်ပခုံးကို ခေါင်းထိုး၍ ငိုနေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်လုံးများသည် တစ်ခါက ဝင်းလက်တောက်ပနေခဲ့ဖူးသည်။ ထိုမျက်လုံးများက ပီတိပြုံးလည်း ပြုံးတတ်သည်။ ထိုမျက်လုံးများဖြင့်ပင် နွေးထွေးညင်သာစွာနှင့် ကျွန်တော်တို့ကို ကောင်းသော အမိန့်တစ်ခုတစ်ရာ ပေးခဲ့ဖူးပါသည်။ ထိုကောင်းသောအမိန့်ကို နားထောင်ခဲ့ခြင်းဖြင့် ကျွန်တော်တို့လည်း ကောင်းသောအရာကို ထိုက်သင့်သလောက် ရရှိခဲ့ပါသည်။

ယခုမူထိုမျက်လုံးများက ဝင်းလက်တောက်ပခြင်း မရှိတော့ပြီ။ လောကကို ခဏ ခဏ ရှုမြင်ခံစားရသည့် ဒဏ်ကြောင့်လည်း ဖြစ်နိုင်သည်။ ပျော့အိတွဲကျလာသော မျက်ခွံများကြောင့် ဖြစ်ချင်လည်းဖြစ်မည်။

ထိုမျက်လုံးများကပင် အေးချမ်းဆိတ်ငြိမ်သော ဘဝနိဗ္ဗာနအရပ်သို့ ညွှန်ပြနေပြန်ပြီဟု ကျွန်တော်ထင်သည်။ ထိုမျက်လုံးများ၏ စကားပြောရာ အတိုင်း ကျွန်တော်တို့ လိုက်နာကျင့်သုံးရပါမည်။

'ဆရာ'တို့ စကား ဘယ်အခါမှားဖူးပါလိမ့်။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ ချစ်ခင်လေးစားရသော ပန်းချီဆရာကြီး 'ဦးသုခ'၏ ခရီးကို ရေးဆွဲနေခြင်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကပင် ကျွန်တော် ဆရာဦးသုခ၏တပည့် ဖြစ်ခဲ့ပေသည်။ ယခုလည်း ပျော်ရွှင် ကျေနပ်စွာ ဖြစ်နေရတုန်းပင်။

ကျွန်တော် ၁၇ နှစ်သားအရွယ် ပန်းချီကျောင်းတက်စဉ်က အခြေခံ ပန်းချီသင်ကြားပြသသူ ဆရာကြီးပါပဲ။ အခြေခံဆိုသည့်စကားက အလွန် လေးနက်လှသည်။ အခြေခံမခံ မပိုင်လျှင် မည်သည့်အရာမျှ တည်ဆောက်၍ မရ။ ဆရာတို့သင်ပေးသော အခြေခံဖြင့် ကျွန်တော့် ပန်းချီဘဝကို တည် ဆောက်ခဲ့ရလေသည်။ ပန်းချီကားတစ်ချပ်ရေးလေတိုင်း ဆရာသမား မိဘတို့၏ ဂုဏ်ကျေးဇူးကို အထူးသတိရမိတတ်၍ မျက်ရည်ကြည် သီးမိ လေ့ရှိပြီ။ ထိုကာလတွင် ဆရာဦးသုခ၏ ရုပ်ပုံလွှာက ဦးစွာ ပေါ်လာမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com


ဆရာက အနာတိုမီ (anatomy) ခေါ် လူ့ခန္ဓာဗေဒအကြောင်း သင်ကြားသည့်အရာမှာ အလွန်ကျွမ်းသည်။ ဆရာ့ကြောင့် အင်္ဂလိပ်စာ မတောက်တခေါက် ကျွန်တော်တို့မှာ ခန္ဓာဗေဒတည်ဆောက်ပုံကို အခက်အခဲမရှိ သိနားလည်နိုင်ခဲ့သည်။

'စက်ဝိုင်းတစ်ဝိုင်းကို ဝိုင်းလိုက်၊ အဲဒီစက်ဝိုင်းရဲ့ တစ်ဝက်ကို အောက်မှာ ရာထားလိုက်၊ ပြီးတော့ ဟောသလို မျဉ်းဖြောင့် သုံးဆစ်ချိုး ဆွဲချလိုက်၊ အဲ ခု လူဦးခေါင်းနေရာကို 'ရာ'လို့ ရသွားပြီ။ ပြီးတော့ အဲဒါကို ဟိုဘက်တစ်ဆ ဒီဘက်တစ်ဆယူလိုက်၊ အဲဒါ ပခုံးစွန်းနေရာထိ ရောက်ကရော၊ အောက်ဘက်ကို တစ်ဆ နှစ်ဆ သုံးဆ လေးဆ၊ ဟုတ်ပြီနော်၊ အဲဒါ လူ့ခန္ဓာကိုယ်ရဲ့ အလယ်မျဉ်းကို ဆွဲလို့ရသွားပြီ။ အောက်ပိုင်းကျတော့ တို့မြန်မာအရပ်အမောင်းနဲ့ဆို သုံးဆခွဲလောက်ယူ၊ အမှန်တော့ ဦးခေါင်းရဲ့ရှစ်ဆဟာ လူတစ်ကိုယ်လုံးရဲ့ အရွယ်ပဲ၊ စံကိုက်အချိုးလို့ ခေါ်တယ်'

ဆရာက ပြောလည်းပြော မြေဖြူနှင့်လည်း သင်ပုန်းပေါ်မှာ တရှမ်းရှမ်း ခြစ်ပြနေသည်။

'မင်းတို့ ကြည့်ကြကွ၊ ဒါက လူ့အရိုးခေါင်းခွံ၊ အဲဒီ အရိုးပေါ်မှာ ကြွက်သားမျှင်တွေ အထပ်ထပ်ရှိတယ်၊ မျက်လုံးဆိုရင်လည်း မျက်ဆန်ကြီးနှစ်ခုက ဦးခေါင်းခွံရဲ့ ကလိုင်ပေါက်ထဲဝင်နေပြီး ကြွက်သားမျှင်တွေက ရစ်ပတ်ဖုံးအုပ်ထားတယ်။ နှာခေါင်းမှာလည်း နှာနုရိုးကလေး ရှိသေးတယ်။ နားရွက်ကတော့ ဦးခေါင်းခွံမှာ အပေါက်နေရာကလေးပဲပါတယ်။ ခေါင်းခွံရိုးနဲ့ ပါးရိုးကလည်း ကြွက်သားမျှင်တွေနဲ့ ဆက်သွယ်ထားတာ၊ တို့ပါးစပ်တွေ ဖွင့်လို့ ပိတ်လို့ရအောင် ကြွက်သားမျှင်တွေက အလုပ်လုပ်ပေးတာ၊ အာရုံခံစားလို့ရအောင်ကတော့ မျက်စိနဲ့မြင်တဲ့ အာရုံကြောတွေကရော မမြင်ရတဲ့ အကြောတွေကပါ အလုပ်လုပ်ပေးတာပေါ့။ အောက်ဘက်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



နံရိုးအိမ်ရှိတယ်။ အဲဒီ နံရိုးအိမ်ထဲမှာပဲ အဆုတ်တို့ အသည်းတို့ နှလုံးတို့ အူတို့ အစာအိမ်တို့ ကျောက်ကပ်တို့ ဝင်နေကြတာပေါ့'

ပြီးလျှင် ဆရာက ကျွန်တော်တို့တစ်သိုက်နှင့် အတူ ကျောင်းမုန့်စားဆင်းချိန် ကင်တင်းမှာ လိုက်ထိုင်ချင် ထိုင်သည်။ ကျွန်တော်တို့၏ ဖခင်အရွယ်ရှိပြားလည်း သူငယ်ချင်းပေါင်း ပေါင်းသည်။ 'ဟေ့ကောင်၊ မင်းဆေးလိပ်သောက်စရာမရှိဘူး မဟုတ်လား၊ ရော့ကွ'ဟူ၍ တိုက်ပုံအင်္ကျီအိတ်ထဲမှ ဆေးပေါ့လိပ်ထုတ်ပေးချင် ပေးတတ်သည်။ မရှိမဲ့ ရှိမဲ့ကျောင်းဆရာ လစာလေးထဲမှ ကျွန်တော်တို့ ပိုက်ဆံချေးခဲ့လျှင်လည်း ညည်းမညူ ထုတ်ပေးတတ်ရှာသည်။

အဆိုးဆုံးကတော့ မကြာခဏ ဖြစ်ပွားတတ်သော ကျွန်တော်တို့ ရန်ပွဲအလီလီကို လိုက်လံဖြေရှင်းရသည်အထိ ဆရာ့ကို ကျွန်တော်တို့ ဒုက္ခပေးခဲ့မိခြင်း ဖြစ်သည်။ ကျွန်တော်တို့ ပန်းချီကျောင်းသားများနှင့် နိုင်ငံခြားသားတစ်စု၏ ရန်ပွဲကို ကျွန်တော် ယခု အမှတ်ရလာသည်။ ထိုစဉ်က တက္ကသိုလ်ရိပ်သာလမ်းရှိ ပန်းချီကျောင်းနှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဘက်မှာ နိုင်ငံခြားသားတချို့ ရှိကြသည်။

'ဟေ့ကောင် ခင်လှ၊ လဲ့လဲ့ဝင်းနဲ့ မမြနုတို့ကို ဟိုကောင်တွေ …ဆုပ်ဆိုင်အသွားမှာ လိုက်စတယ်တဲ့ကွာ' 'ဟုတ်လား၊ လူစုလိုက်ကွာ၊ …ငါးယောက်ရရင် တော်ပြီ၊ တုတ်ရယ်၊ အုတ်ခဲရယ်၊ ပုလင်းတွေရယ် …ပြီး ဆရာတို့မသိအောင် ကိုင်းတောကြီးဘေးက ဖြတ်ထွက်ကြမယ်'

ကိုင်းတောကြီးဖြတ်၊ ကတ္တရာလမ်းကိုကျော်ပြီး သူတို့၏ အဆောက်…ဒီ ရှေ့ ရောက်သောအခါ ဦးစွာ ပုလင်းတစ်လုံးကို ပစ်လွှတ်သည်။ …ဆောက်အဦကို ကာရံထားသော အုတ်နံရံကို ထိမှန်ကွဲရှသံမှာ ထိုစဉ်က …အသွားအလာနည်းသေးသော လမ်းပေါ်ပတ်ဝန်းကျင်တွင် အချ…ငယ် …လှောင်သွားသည်။ နောက် အုတ်နီခဲများ အဆောက်အဦအပေါ်ထပ်မှ

www.burmeseclassic.com



ပြတင်းတံခါးများ ပွင့်လာသည်။ ပြတင်းပေါက်မှာ ဖြူဖြူတွေရော၊ မည်းမည်းတွေပါ မြင်ရသည်။ ထိုအခါ ကျွန်တော်တို့ မြန်မာကျောင်းသားများ၏ သံပြိုင်ဆဲသံများ ထွက်ပေါ်လာတော့သည်။

'×　×　×　×　×'

'×　×　×　×　×'

နောက်ထပ်ပုလင်းတစ်လုံးကို ပစ်လွှတ်မည်အပြု ကျွန်တော့်လက်ကို တုံ့ဆွဲသူ ပေါ်လာသည်။

'ဆရာ'

'အေးပါကွာ၊ ငါပါ၊ သုခပါ၊ မင်းတို့မလဲကွာ နိုင်ငံခြားသားနဲ့တောင် ရန်ဖြစ်ရတယ်လို့'

'သူတို့က လဲ့လဲ့ဝင်းတို့ မမြနုတို့ကို လိုက်စတယ်ဆရာ'

'ဆရာ လဲ့ဝင်းတို့ လာပြောလို့ သိပြီးပါပြီ၊ ဒီကိစ္စကို ဆရာတို့ ရှင်းပါ့မယ် တပည့်ရာ၊ လာ လာ မင်းတို့ ကျောင်းထဲကို ပြန်ဝင်ကြ'

ဆရာနှင့်အတူ ခေါင်းငိုက်စိုက်ချ၍ ကျောင်းထဲပြန်ဝင်လာသော အခါ ဆရာသည် ကျွန်တော့်ပခုံးကိုဖက်၍ 'ဒီမှာ သေချာနားထောင် တပည့်၊ မင်း ပန်းချီဆရာလုပ်မှာမဟုတ်ဘူးလားကွ မောင်ခင်လှ၊ ပန်းချီ ဆရာဆိုတာ ဖန်တီးသူကွ၊ ဖျက်ဆီးသူမဖြစ်စေရဘူး၊ အဲဒါ မင်းတစ်သက်လုံး မှတ်ထားပေတော့'

ပန်းချီဆရာဆိုတာ ဖန်တီးသူ၊ ဖျက်ဆီးသူမဖြစ်စေရ။ ပန်းချီဆရာ ဆိုတာ ဖန်တီးသူ။ အို ယခုတိုင် ရင်တစ်ပြင်လုံး ရိုက်ခတ်စွဲငြိစေသော စကားပါပဲ။

*　*　*

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို ကျွန်တော်တို့ ပထမဆုံးကန်တော့ကြသည့်အချိန်က ဗဟန်း ၁ လမ်းရှိ ဆရာ၏အိမ်အို နံကပ်အုတ်တိုက်လေးမှာပင်။ ကျွန်တော်တို့လူစုကို မြင်တော့ 'လာကြဟေ့ လာကြ' ထုံးစံအတိုင်းဝမ်းသာအယ်လဲ ဖိတ်ခေါ်သည်။

'ကျွန်တော်တို့ ဆရာ့ကို ကန်တော့ကြမလို့ဆရာ' ကန်တော့ပစ္စည်းများကို လင်ပန်းတစ်ခုပေါ်တင် ဝတ်ပြုကန်တော့အပြီးမှာ ဆရာ့ထံမှ ဆုပေးစကား အတော်ကြာသည်အထိ ထွက်ပေါ်မလာနိုင်။ ဆရာ့ရင်ထဲမှာ ပီတိ အလုံးအကျိတ်တစ်ခုခု ဆို့နင့်နေမည်။ ပြီးမှ 'အားလုံး ကျန်းမာ ချမ်းသာကြပါစေ၊ လိုရာဆန္ဒ ပြည့်ဝကြပါစေ'ဟူ၍ ဆုပေးသံတိုးတိုးလေး တုန်ယင်စွာ ထွက်ပေါ်လာသည်။ ငိုသံတစ်ပိုင်းတစ်စလည်း ပါလေသည်။ ကြည့်စမ်း၊ ဆရာ့ကို ကန်တော့နေကြသူတို့မှာ ဆရာက လူဆိုးလေးများဟု သတ်မှတ်ထားသူတွေ။ ဉာဏ်ထွန်း (ခေါ်) မိုက်မိုက် (ပြည်)၊ မောင်ဝင်း (ခေါ်) မြေဇာ၊ စံချိန် (ခေါ်) ဇော်မင်း၊ အောင်စိုး (ခေါ်) စိုးမိုး၊ ပြီးတော့ ခင်လှ (ခေါ်) ကျွန်တော် ဝသုန်။ ဆရာ့ကို စိတ်ဒုက္ခမပေးခဲ့သူတွေလည်း နည်းနည်း ပါပါသည်။ ကိုလှိုင် (ခေါ်) ရွှေမင်းသား၊ ကြည်လွင် (ခေါ်) ငွေကြည်တို့၊ မျိုးမြင့်တို့ မမွေးတို့ ဖြစ်မည်။

'ဟိုကောင် မောင်မောင်ရောကွ' 'မောင်မောင်က မန္တလေးသွားနေတယ်ဆရာ၊ ဒီတစ်ခါတော့ ဗီဒီယိုသွားရိုက်တာပါ' 'ဟုတ်လားကွ ဟား ဟား'ဟု ဆရာက ရယ်လေသည်။ မောင်မောင် (ခေါ်) မောင်မောင်လှမြင့်သည် အတန်းတက်စဉ်က လက်ဖက်ရည်သောက်ဆိုပြီး ထွက်သွားလိုက်သည်မှာ မန္တလေးအထိရောက်ကရော။ သုံးလေးရက်ကြာမှ ကျောင်းသို့ ပြန်ရောက်သည်။ ဆရာသည် သူ့စိုက်ခင်းထဲမှ ပန်းပွင့်များကို တစ်ပွင့်စီ ယုယစွာ ကိုင်ကြည့်နေသည့် ဥယျာဉ်မှူးကြီးတစ်ဦးနှင့် တူသည်။ 'မင်းက အိမ်ထောင်စောစောကျတဲ့ကောင်၊ အခု ကလေးတွေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ရှိနေပြီလဲ' 'လေးယောက် ဆရာ' 'ရန်ကောဖြစ်သေးလား' 'ရန်ကတော့ဖြစ်နေရသေးတယ် ဆရာ၊ ဒါပေမဲ့ အရင်လို ရိုက်ပွဲ နှက်ပွဲတော့ မဟုတ်ပါဘူး' 'ဘယ်သူတွေနဲ့ ဖြစ်တာလဲ' 'မိန်းမနဲ့ပေါ့ ဆရာ၊ အဲဒါလည်း ကုန်ဈေးနှုန်းကြောင့်ပါ' 'အာ အဲဒီ ကုန်ဈေးနှုန်းကြောင့် ဆရာလည်း မိန်းမနဲ့ ရန်ဖြစ်ရတာပါပဲကွာ၊ အမှန်တော့ သူနဲ့မဟုတ်ဘူးကွ၊ ကုန်ဈေးနှုန်းနဲ့ဖြစ်တာပါ' ဆရာမှာလည်း ကလေးများသူဖြစ်၍ ကုန်ဈေးနှုန်းနှင့် နေ့စဉ်ရန်ဖြစ်နေရမည်ပင်။ သင်တန်းပြ ဆရာ့လစာလေးနှင့် မိသားစုတာဝန်ကြီးကို ဆရာ အတော်ခက်ခဲပင်ပန်းစွာ ထမ်းရွက်နေရမည်။ ကျွန်တော်တို့ စုပေါင်းကန်တော့ကြသည်မှာလည်း အနည်းငယ် ခဏသာ အကူအပံ့ရနိုင်မည်။ မည်သို့ပင်ဖြစ်စေ၊ ထိုကောင်းမြတ်သော ကန်တော့ပွဲ အစဉ်အလာလေးကိုတော့ နှစ်စဉ်မပျက် ကျွန်တော်တို့ပြုလုပ်နိုင်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၂၀ တိုင်ခဲ့ပြီ။

ကျွန်တော်တို့၏ မြင်ဆရာ၊ ကြားဆရာများရော၊ သင်ဆရာရင်းများပါ ကွယ်ပခဲ့သည်မှာ ယခုအခါ ရှားရှားပါးပါး ဆရာရင်းဆို၍ ဆရာဦးသုခနှင့် ဆရာဦးလွန်းကြွယ်သာ ကျန်တော့သည်။ နှစ်ပေါင်း ၃၀ ကျော်အတွင်း ကျွန်တော်တို့ ပန်းချီသူငယ်ချင်းအချို့လည်း ကြွေသူကြွေ၊ တစ်နိုင်ငံ မြိုင်ယံခြားရောက်သူနှင့်။

ကျွန်တော့် ပန်းချီရဲဘော် ကိုတိုးနွယ်ပင် ကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်ပေပြီ။

ယခု ဆရာ့ကို ကန်တော့သည့်ပွဲ အနှစ် ၂၀ ပြည့်လာသည့်အခါ ဆရာ့အသက်မှာ ၈၀ ကျော်လာလေပြီ။ ဆရာ့မှာ သွားတွေ မရှိတော့သဖြင့် အံကပ်စိုက်ထားရပြီ။ ဆေးလိပ်လည်း ဆရာမသောက်တော့။ ကျယ်ပြန့် နဖူးပြင်မှာ အရစ်အရေးအကြောင်းများ များပြားလာခဲ့ပြီ။ ဆရာလည်း သောက ဗျာပါဒ အရေးအကြောင်းများ ပိုင်ဆိုင်ထားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် တန်ဆောင်မုန်းလပြည့်နေ့ မဟာစည်ရိပ်သာနားက ဆရာ့အိမ်မှာ အားလုံးဆုံကြမည်။ ဆရာကလည်း မရှိရှိတာလေးနှင့် ကျွန်တော်တို့ကို မုန့်ဟင်းခါးဖြစ်ဖြစ်၊ ရှမ်းခေါက်ဆွဲဖြစ်ဖြစ် ကျွေးမွေးပေလိမ့်မည်။

နက်ဖြန်ကန်တော့ပွဲမှာ ယခု ကျွန်တော်ရေးခြယ်နေသော ပန်းချီကားဖြင့် ဆရာ့ကို ကျွန်တော် ကန်တော့မည်။ ဆရာ့ပုံတူမှ မျက်ရစ်ကြောင်းများ၏ နောက်ဆုံးအမှောင်ထုကို နံပါတ်သုံးစုတ်တံပြင့် ဖော်ဆောင်လိုက်သည်တွင် ကျွန်တော့်ပန်းချီကား ပြီးဆုံးခြင်းသို့ ရောက်လေသည်။ စုတ်တံလေးကို ရေခွက်ထဲသို့ ပစ်ချ၍ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သောအခါ ညနှစ်နာရီ ကျော်ပေပြီ။ ကျွန်တော့်ဇနီး သားသမီးတို့ကောင်းစွာအိပ်မောကျနေကြပြီ။ ပြီးတော့ ကျွန်တော်၏ ပိန်သွယ်သွယ်လက်ဆစ်များကို တဖြောက်ဖြောက်ချိုးသည်။ မတ်တတ်ရပ်၍ ခါးကိုလည်း ဘယ်ညာလှည့်ချိုးရသေးသည်။

ကျွန်တော် မလှုပ်မရှား ထိုင်နေခဲ့သည်မှာ အချိန်အတော်ကြာသွားပြီ။

ဆရာက ကျွန်တော့်ကို ကရုဏာမျက်ဝန်းများဖြင့် ကြည့်နေရင်းမှ အစ်ခုခု လှမ်းပြောလိုက်သည်ဟု ကျွန်တော် ထင်လေသည်။

ဝသုန်

www.burmeseclassic.com

www.burmeseclassic.com

# မိုး

'ဒါကတော့ ဒါပဲ၊ သူတို့မှာ အပန်းဖြေစရာရယ် ဖြစ်နေတာကိုး' တဲ့။

* * *

ထော်လာဂျီသမား၊ သဲကျုံးသူ၊ တင်သူချသူ၊ ဈေးသည်ဈေးဝယ်၊ ယာခင်း
ထွက်ဖို့ ကူးတို့စောင့်သူတွေရယ်။ ငါးဖမ်းသမားကအစ ဖားသမားကအ
လွှဲခွဲတဲ့သူတွေအဆုံးပေါ့။ ဟိုဘက်ကမ်းကိုကူးရအောင်။ ဒီမြစ်က ပြဿနာ
မြစ်ဗျာ။ မိုးတွင်းမိုးခါ ရောက်ပလားဆိုရင် ချင်းတွင်းနဲ့ဆုံတာနဲ့ (ရေကြီးချိန်
မဟုတ်လား) ရေက 'အိ'တာပေါ့။ အဲဒီ ရေအကျကိုစောင့်ရတာ။ 'ယမား
ချောင်းကြီးတွေကျတော့ ရေကြီးလှ တစ်နေ့ညပါပဲ။ ဒါက မြစ်ထေ
မြစ်မှ တောင်ဖက်က မြောက်ကို အရှိန်နဲ့ တောင်နံရံတွေကို နားရင်းပိတ်
ပြီး လိမ့်ပြေးလာတဲ့မြစ်။ ကျွေ့ပြီ ကောက်ပြီဆိုတဲ့ နေရာတွေ
တဝုန်းဝုန်း ကမ်းပြိုတယ်။ ရွာတွေပျောက်၊ အတွင်းပိုင်းကိုတင်ရွှေ
ကသီကြတယ်။ နှစ်နှစ်တစ်ကြိမ်တော့ 'ရေစီးစား' ကြမ်းတာပဲ။ အရေ

www.burmeseclassic.com

www.burmeseclassic.com



အကောက် များတယ်။ ခုလဲ ကြည့်လေ။ ကြီးလှ မြင့်လှပါတယ်ဆိုတဲ့ အလုပ်သမားတွေရဲ့ ကုန်တစ်ကုန်ချရာ ဇရပ်ကြီးကိုတောင်မှ စကလေ့တွေက မေးတင်နေတဲ့ဥစ္စာ။ ရွာထဲလဲ အိမ်အပေါ်ထပ်ကြမ်းပြင် ကျော်သွားပြီ။ အဲဒီအရှိန်နဲ့ ရေက မြို့ဘက်ကို သင်ဖြူးဖြန့်ခင်းလိုက်တော့ သချိုင်းပါ မြုပ်ရော။ ဘုန်းကြီးကျောင်း စာသင်ကျောင်းတွေ အများစုရှိရာနဲ့ ဘုရားဝင်းထဲရေဘေးဒုက္ခသည် ယာယီစခန်းဖွင့်ရတာပေါ့။ ပိန္နဲသီး၊ နာနတ်သီး၊ သရက်သီးမျိုးစုံကလဲလှိုင်လာတော့ ယင်တလောင်းလောင်းပ။ မုန့်ဟင်းခါးဆိုင်ကအစ ပိတ်ထားရတယ်။ ကျန်းမာရေးဦးစီးဌာနကလဲ 'လော်စပီကာ'နဲ့ ညည လိုက်လံသတိပေးကြပေါ့။ ဆေးရုံဆိုရင် ခုတင်တွေမဆန့်လို့ အလှူရှင်တွေလဲ အသီးသီးပေါ်ပါတယ်။ အချို့ အတက်လှန် အောက်လျှော တွေတော့ ဆေးမီဖို့ အချိန်မီကုသဖို့ သိပ်လိုတာကိုး။ မရဘူးဗျာ။ ဆေး ခြီးတို့ သမားကတော့ လွန်မှရောက်လာတာ။ ဒီတော့ ဘာသာရေးအသင်းတွေက နိဗ္ဗာန်ယာဉ်တွေ နေ့ ည မပြတ် အခမဲ့ ဆောင်ရွက်ပေးကြရတယ်။ သက်ဆိုင်ရာက ဆန်ဝေတယ်။ မြို့လူထုက ရပ်ကွက်အလိုက် ထမင်းထုပ်ဆင့်ကြကမ်းကြတယ်။ ကြက်ခြေနီအဖွဲ့တွေလည်း ရေဘေးစခန်းမှာအလှည့်ကျ ကြပ်မတ်ပေးကြတယ်။ ဒီထဲက လေ့ကလေးနဲ့ခတ်ပြီး လာရောင်းတာပ။ တခြားမဟုတ်ဘူး။ အရက်။ ဒီရွာက အရက်ကို မိုးကာလို့ခေါ်တာ။

* * *

ရွာကလေးက ရှိလှမှ အိမ်ခြေတစ်ရာစွန်းပါ။ တောင်သူရယ်လို့ ငါးဦးပဲ ရှိတယ်။ မြို့နဲ့ လှမ်းမြင်နေရတယ်။ တစ်မြို့လုံးရဲ့ သွဲကိုခေါင်ဖြစ်လို့ ရွာလို့သာဆိုတယ်၊ ရွာနဲ့ မတူဘူး၊ တဲပုတ်တောင် မမြင်ရဘူး။ တကယ့်သစ်ကြီး သစ်ကောင်းတွေနဲ့ အပြိုင် တိုက်ဆောက်တာ။ မြက်ကမ်းနဲ့ဝေးဖို့

www.burmeseclassic.com

www.burmeseclassic.com



တော့ လိုတာပေါ့လေ။ ဒီတော့ ရွာလမ်းမကြီးရဲ့ ဘေးဘယ်ညာမှာပဲ အရှေ့ အနောက်တန်းပြီး ဆောက်ကြတာပေါ့။ မြောက်ဖက်ရောက်လေ မြေနိမ့်လေ။ တောင်ဖက်ပိုင်းက ချောင်းတစ်ဖက်ကမ်းမှာတော့ အုတ်ဖိုတွေ။ ဟိုးအောက်ပိုင်း ချောင်းဝကို စက်လှေဆင့်နိုင်လောက်ပြီဆိုရင် တစ်မြို့လုံးက ခရီးသွား ခရီးလာများ စက်ဆိပ်ကို လာကြရတယ်။ ဖောင်ကူးတံတား ရေကျသွားမှ တမူး၊ ကလေးဝ ကားဆွဲနိုင်တာကိုး။ ဒီတော့ စက်လှေနဲ့ လိုက်ပ။ တမူးခရီးသည်က ကျိုက်ကုန်းတက်။ ကလေးဝက ခရီးသည်က ဆက်ပြီးစုန်ပေရော့ပဲ။ ချောင်းဝ ဆိုတာ နေရှဥ္ဆရာမြစ်နဲ့ ဆုံရာကိုခေါ်တာ။ မြစ်သာမြစ်က ဒီနေရာရောက်ရင် အင်မတန် ကြောက်စရာကောင်းတယ်။ ပါသမျှ လူအကုန်ဆင်း၊ ကမ်းခြေပေါ်တက်။ စက်လှေသမားသုံးယောက်က လှေကို ကြိုးနဲ့ ဆွဲဆွဲ မမထိန်း။ ချောင်းကျဉ်း ဆိုတာလဲ ရှိသေးတယ်။ အရှေ့ဖက်တောင်နံရံနဲ့ ရေဝဲကတော့ ထိုးနေတဲ့နေရာပေါ့။ အဲဒီရောက်ရင်လဲဆင်း၊ ပဲ့ကိုင်သမားနဲ့ အတင်အချ ပိုက်ဆံကောက် လုပ်သူကအစ အရက်တစ်လုံး ရှေ့ထားပြီး ခွက်နဲ့ ငှဲ့မော့လိုက်။ လှေမျှောလိုက်။ ရှေ့မှာ သစ်တုံး သစ်လုံးတွေ ကျောက်ဆောင်နဲ့ခံနေတာ ရှိ မရှိလဲ ကြည့်ရ မေးရ သေးတာ။ ကမ်းပေါ်က လျှောက်ပြီး လိုက်လာရတဲ့ ခရီးသည်တွေ ရင်တမမပဲ။

'ရပြီ၊ အားလုံးတက်နိုင်ပြီ၊ လှေအဆင်း မြင်းအတက်ဗျနော် ဟိုအမျိုးသမီး ပေး ပေး၊ သြော် လက်ပေးခိုင်းတာ၊ ခင်ဗျားအိတ်ကလေးက ဘာလေးလို့လဲ၊ ဟုတ်ပြီ၊ အဘိုးကြီး တက်နိုင်ရဲ့လား၊ လှေနံမနင်းပါနဲ့ဗျ၊ ယောကျ်ားပဲ ကျော်ဆင်းပါ၊ အလယ်ကလူတွေ ဟိုဘက် ဒီဘက် ဝိတ်ညှိ အောင်ထိုင်၊ စောင်းနေပြီ၊ ငလျှင်ပြိုနားရောက်မှ ပက်လက်မျှောပုန်ကြ ဦးမယ်'

'စက်နှိုးရတော့မလား၊ ကိုကြီးပွ'

www.burmeseclassic.com

www.burmeseclassic.com



'နင့်အမေကလွှား နှိုးရမှာလား၊ ရေစီးဒီလောက်ကြမ်းနေတာ၊ မျှောချ၊ ဒါကြောင့် မင့်ကို ငါ မခေါ်ချင်တာ၊ ညကလဲ ချက်ဆီ မဝယ်နဲ့ ဆိုတာ မဟုတ်ဘူး၊ မင့်ဘယ်လောက်မူးမူး ငါက အနံ့ကြည့်တာနဲ့ သိတယ်၊ ဟောဒီ ကလေးချောင်မှာ ငါ မရောက်ဘူးတဲ့ ရေနံမှော်၊ မဝယ်ဘူးတဲ့ ချက်ဖိုမရှိဘူးကွ၊ မှတ်ထား၊ ဘယ်ဆီဆိုင်က ဒီဇယ် စစ် မစစ် အကုန်သိတယ်၊ ဝမ်နိမ်ပေးပေါင်းများပြီ၊ မင်း သတိထားတော့နော်၊ မိုးတွင်းခါ တွင်းလုံး ထဲအောင်းရမယ်မှတ်။

တွင်းလုံးဆိုတာ ကြားတာနဲ့ အောင်ပိုင် ဇက်ပုသွားရတယ်။ ငယ်ဆရာလည်း ငယ်ဆရာ၊ ဆွေရိပ်မျိုးရိပ်ကလည်း မကွင်း၊ ကာလသားခေါင်းလည်း ဖြစ်နေတော့ တစ်ရွာလုံးသြဇာညောင်းလှတဲ့ ကိုကြီးပွကို ကြောက်ကြတယ်။ ကြောက်ရတာလဲမပြောနဲ့လေ၊ သူ့ထမင်းစား၊ သူ့အိမ်နေ၊ သူ့အင်းတော ခေါက်ပြန်ကူသယ်ပြီး စက်လှေတစ်စင်းနဲ့ မြစ်ကြီးထဲလာရတာ မဟုတ်လား၊ ကျောက်ခုတ်မှော် ပေါ်တာနဲ့ ကိုကြီးပွက လူတကာထက် ခေါင်းမော့နိုင်ခဲ့တာ။ သူများတကာတွေ ရေနံပေါက်တဲ့ တွင်းနီးနားမှာ တပ်ပြီး တူးကြ ရှာကြပေမယ့် သူက လိုက်မယောင်ဘူး၊ မှော်လှူကြီးကို အသိပေးတယ်၊ 'ကျုပ်နာမည် ပွကြီး၊ ဟောဟိုကမြင်ရတဲ့ ကုန်းစောင်းတော်လည် တစ်ဝိုက်လုံး အပိုင်တူးမယ်၊ ခင်ဗျားတို့ ရေီယာဖွဲ့ပါ'

'ခင်ဗျား သိပ်လောဘမကြီးနဲ့လေ၊ ရေနံတစ်တွင်းစာကို ဖျာတစ်ခင်းအလောက် တိုင်ထူရတာဗျာ၊ ဒီတွင်းမရမှ နောက်တစ်နေရာ ရွှေ့တူးပေါ့'

'ဒါတော့ ဒါပေါ့ဗျာ၊ ကျုပ်နားမှာ ဘယ်သူတူးတာမှ မကြိုက်လို့၊ အမိုက်ရှုပ်၊ ချေးရှုပ်မခံနိုင်လို့၊ ဒါကြောင့် တစ်ကုန်းလုံး ယူတာပေါ့'

ဒါနဲ့ သုံးကျပ်သားကြိုးတစ်ကုန်းရောင်းရငွေ အကုန်သွင်းလိုက်တယ်။ ရေနံပေါက်ပြီးသား ပီပါအဆင့်ရှိသူတွေရော၊ ဂါလံကျင်းလေးသာ ခံနေကြရတဲ့သူတွေပါ ဝိုင်းပြီး ဟားကြသေးတာ၊ ကြိကြိဖန်ဖန် တောင်

www.burmeseclassic.com



တက်ပြီး ရေနံတူးရတယ်လို့ပေါ့၊ ဘာကြာမှာလဲ၊ အတောင်လေးရာလောက် ပိုက်ချပြီး ရွက်ထည်တဲထိုး တူးလိုက်တာ မနိုင်အောင်ခပ်ရတော့တာပဲ။ ရတာကိုပြန်လာပြီး ရသမျှ ပီပါခွံတွေ လှိမ့်ဝယ်တယ်၊ ကားနဲ့ စင်းလုံးတိုက်ပြီး ခေါက်ပြန်သယ်ရတော့တာ၊ ဒီတုန်းက ချက်ဆီတစ်ပီပါမှ ကျပ်ကိုးထောင် ရှိတာကလား။

နေ့ဆိုင်း ညဆိုင်းနဲ့ ရွာကကောင်တွေ အကုန်ခေါ်၊ နောက်တစ်ကွင်း ထပ်တူး၊ ကိုကြီးပွကိုယ်တိုင် မော်အုပ်ချုပ်ရေးထဲအဖွဲ့ဝင်ဖြစ်သွားတယ်။ အရက်သမားပေမယ့် ဘုရားကျောင်းကန်လေးတော့ ငယ်ဇ ရှိရှာပါရဲ့။ ကားလမ်းဘေး မနီးမဝေးက ကမူလေးပေါ်မှာ ရှစ်မျက်နှာ ဘုရားတစ်ဆူ တည်တယ်။ ထီးတင်ပွဲကို မုံရွာ ဇာတ်တစ်ဇာတ်ငှားပြီး ကျင်းပတယ်။ ဘုရားအနေကဇာတင်ပွဲမှ စည်လိုက်တာ။ မော်သတင်းကလည်းပျံ့သွားရော မြို့မှာ တမော်မော် တနံ့နံ့နဲ့ ရေနံအိပ်မက်တွေ မက်ကြရော။ ဘယ်လောက် နာမည်ကြီးဆိုရင် မတောက်တခေါက်စာရေးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ကတောင် ရေနံစော်ဘွားရဲ့နိုင်ငံနဲ့တင်စားပြီး သူတို့မြို့လေးကို ခေါင်းစီးတပ် မဂ္ဂဇင်းပို့ဖြစ်ရော။ ဒီမှာဖြင့် တပ်ခေါက်ပြန်ရသူတွေ၊ ကယ်ရီဝင်လုပ် စားရတာရော၊ ဈေးရောင်း၊ ဆေးဝါးရောင်းသူတွေရော၊ ကုန်ကုန်ပြောရရင် ဗီဒီယိုလာပြတဲ့ ရွက်ထည်တဲပိုင်ရှင်ကအစ ငှက်ဖျားဟည်းဟည်းထပြီး တုန်နေပြီ။ မိုင်းတွင်းမိုးခါဆိုရင် ရေဝင်ပြီ။ ကိုကြီးပွတို့ကတော့ ဘာအရေးလဲ။ ဗီဒီယိုရုံထက်တောင် သူ့ရွက်ထည်ရုံ ရေနံတွင်းတွေကကြီးသေး။ တောင်ကုန်း ဆင်ခြေလျှော တစ်ကြောလုံးပါမကျန် ရေနံအကျိုးပေးညဲ့သူတွေ ဈေးသည် ဖြစ်၊ အလုပ်သမားဖြစ်၊ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့ တောင်တက်တူးသူ လုပ်ကြပေမယ့် ကိုကြီးပွ အဖါအဝင် လူဆယ်လေးယောက်လောက် ပေါက်ပေါက်မြောက်မြောက် ခပ်ရတာ။ 'ဟေ့ ကားနဲ့ ဆယ်ဘူး စက်လှေသုံးစီးထောင်မယ်၊ မြစ်ကြောင်းကပို့မယ်၊ ရွာမှာ ကိုယ့်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ချက်မို တည်မယ်၊ သယ်ရပို့ရလွယ်အောင် လေးလုံးထိုး ထော်လာဂျီ ဆွဲပို့မယ်' ဆိုပြီး သူ့သားအကြီးနဲ့ တိုင်ပင်ပြီး ရေနံသူဌေးဖြစ်သွားလိုက်တာ ခုတော့ ဗီဒီယိုရုံလည်း ထောင်နိုင်ပြီ၊ တိုက်လည်း ဆောက်ပြီးပြီ၊ မီးစက်နဲ့ တစ်အိမ်ကို ဖန်ချောင်းတစ်ချောင်း တစ်လသုံးရာနှုန်းနဲ့ မီးပေးနိုင်ပြီ။ ရွာဘုန်းကြီးကျောင်းမှာ သိမ်သစ်၊ ဆွမ်းစားကျောင်းဆောင်သစ်၊ ဇရပ်တိုးဆောက်၊ မူလတန်းကျောင်းဆောင်တစ်ဆောင် ထပ်ချဲ့နဲ့ ဩဇာညောင်းတာပေါ့။ ကျောက်ခုတ် မော့် ပေါ်ပြီးတာနဲ့ နှစ်နှစ်အကြာမှာ လုံးဖုန်းမော်နဲ့ မြစိမ်းရောင်မော်တွေ ပေါ်လာပြန်ရော။ ကိုကြီးပွ သွားပြီးလေ့လာထားယ်။ ပြောပလောက်အောင်တော့ မပေါက်ဘူး။ အလုပ်သမားထမင်းဝရုံတော့ပေါက်ပါရဲ့။ မိုးကျတာနဲ့ အကုန်ပေးပစ်ခဲ့တယ်၊ စားကြ ခပ်ကြပါစေပေါ့။ ငါကတော့ ရေနံဝပြီ၊ ငှက်ဖျားဝပြီ၊ တော်ပြီတဲ့။ စက်လှေကြီးငယ်နဲ့ ဝါးတို့ ထင်းတို့ မီးသွေးတို့ ခရီးသည်ပို့တာတို့ပဲလုပ်တော့တာ။ ရွာလူကြီးကိုလည်း အိမ်သစ်တစ်ဆောင် ဆောက်ပေးတဲ့အပြင် မောင်းကွဲကြီးကိုတောင် အသစ်လဲပေးတယ်။ သူ့ဘကြီးကိုး။

* * *

"ကိုင်း လူစုံပြီလား၊ အစည်းအဝေးစကြရအောင်၊ အခုရွာမှာ ကျွဲ နွားနဲ့ ဆလေးတွေ သက်ကြီးရွယ်အိုတွေတော့ ရေလွတ်ရာ မြို့ထဲပို့ပြီးပြီ။ ဆိပ်ထမ်းက ကျန်တဲ့စက်လှေတွေ ဒီနေ့ညနေအပြီး မြို့ဝင်တံတားကို ရွှေ့ပါ၊ မနေ့ညက ကုက္ကိုပင်ကြီး ပါသွားတယ်၊ စက်လှေနှစ်စီးလဲဆုံးရော၊ ငါ အတန်တန် သတိပေးရဲ့နဲ့ မရွှေ့တာ၊ ရေအကျဲမှာ သတိထားရတယ်၊ လိုက်စားထားသမျှ မခိုင်တဲ့မြေ ကမ်းပါးပြိုတတ်မှန်း ထမင်းစားပြီးကြီးရင် သိရမှာပေါ့၊ ဒီကုက္ကိုပင်ကြီး ပုဆိုးငါးပတ်လောက်ကြီးတာနဲ့ ပေါ့ပေါ့

www.burmeseclassic.com



ထားပြီး စုပြုံကပ်ကြ၊ ချည်ကြ လုပ်ကြတာ၊ ကိုယ့်ရွာက စက်လှေမပာတ် ပေမယ့် ဘကြီးမှာ တာဝန်ရှိတယ်'

'ဘာဆိုင်လဲ မောင်ပွရ၊ ငါလဲ မောင်းထုပြီးသတိပေးတာပဲ'

'ခင်ဗျား မောင်းက အိမ်ထဲကထုပြီး မြည်နေရုံကိုဗျ၊ အိမ်ထဲ အောင်းနေလို့ရမလား၊ ညည်သည်က ကိုယ့်ရွာကိုယ့်ကမ်း သိပါ့မလား၊ ခင်ဗျားကို ကာလသားအဖွဲ့နှစ်ဦး အမြဲတမ်း ပေးထားတာပဲ၊ ဆော်ဩရ မှာပေါ့၊ ညက ဘယ်သူ့အလှည့်ကျသလဲ ကျုပ်မေးကြည့်ပြီးပြီ၊ ဘကြီးက ဘာမှ မပြောလို့တဲ့၊ မပြောလဲ အဲဒီ ရွှေလှနဲ့ အောင်ခိုင်က သိရမှာပေါ့၊ ဘယ်မလဲ အဲဒီ နှစ်ကောင်'

'ထွင်းလုံး သွားလုပ်နေတယ် ကိုကြီးပွ'

'အဲဒါပြောတာ၊ ခွေးမသားနှစ်ကောင် လာပလေ့စေဦး၊ ငါတောင်မှ ထင်းခြမ်းတွေ ရေထဲအကုန်မျော အဆုံးခံသေးတာ၊ ထင်းတစ်တန်သုံးထောင်၊ တန်လေးဆယ်အောက်မလျော့ဘူး၊ အပုံလိုက်မျောတာ၊ လူထက် ဘာက အရေးကြီးမှာတုန်း၊ လူငှားပြီး ငါ့စီးပွားရေး ငါ ဂရုစိုက်ရင် ရေတက်ကတည်း က လူအားနဲ့ ရွှေ့ရင် ငွေတစ်သိန်းနှစ်သောင်း မဆုံးဘူးကွ၊ တို့ကာလသား အဖွဲ့မှာ တာဝန်ရှိတယ်၊ ကိုသာမြ'

'ဟော'

'မဟောနဲ့၊ ခင်ဗျားလဲ မဟုတ်ဘူး၊ ကိုယ့်ပဲကိုယ့်နှမ်းကိုပဲ နပမ်းလုံး နေတာ၊ မလုံးနဲ့ မပြောပါဘူး၊ ကျုပ်စက်လှေ သုံးစင်းစလုံးပေးထားတာပဲ၊ ဆီဖိုးတောင်မတောင်းဘူး၊ ခင်ဗျား ဘာမှ မဝိုင်းဘူး၊ လူကြီး မပီသဘူး၊ ရေကျမှ ရွာရောက်လာတယ်၊ ကိုလှအောင်လဲမထူးဘူး၊ ရွာသိက္ခာကျတယ်၊ မြို့သားလုပ်ချင်ရင်လဲ မြို့ရွှေ့ဗျာ၊ ဘာမှ လိုက်လံဆော်ဩပေးရဘူး၊ ကျုပ်ဘကြီးကစပြီး မဟုတ်တာ၊ အခု ကောင်းကြသေးလား၊ ညည်သည် စက်လှေပေါ်က အိပ်ပျော်နေတဲ့ကလေးပါ ရေထဲပါသွားရော'

www.burmeseclassic.com

www.burmeseclassic.com



'ကလေးမဟုတ်ပါဘူးကွာ၊ အသက်သုံးလေးဆယ်ကျော် ရှိပါပြီ၊ မှုးအိပ်နေတာများလားမှ မသိတာ'

'ဘာဖြစ်ဖြစ်ပေါ့ဗျာ၊ ရေကင်းတော့ ခင်ဗျား လိုက်စစ်ဖို့ ကောင်းတာပေါ့၊ ပြီးတော့ ကမ်းမှာ စက်လှေမကပ်ဖို့၊ ကပ်တောင်မှ ခရီးသည်နဲ့ကုန်ချပြီးရင် ပြန်မောင်းချင်မောင်း၊ ညအိပ်ရမှာဆိုရင် မြို့တံတားထိ မောင်းခိုင်းရမှာပေါ့၊ ကင်းအဖွဲ့ကကောင်တွေ မတ်တတ်ရပ်စမ်းကွာ'

'အင်း ထင်သားပဲ၊ အောင်မောင်း၊ မင်းက ကင်းခေါင်းဆောင်ပေါ့ပြောပြ'

'ကျွန်တော်တို့လဲ လက်နှိပ်မီးနဲ့ထိုးပြီး အော်မေးပါသေးတယ်၊ မိုးသံ လေသံ ရေသံနဲ့ မကြားရလို့နေမှာပါ ကိုကြီးပွ၊ ပြီးတော့ ရေစောက်က ဘယ်လောက်ရှိမှန်းမသိတော့ စက်လှေရှိရာထိ မသွားရဲဘူး၊ ကုန်းပေါ်လဲ ထိုးထားဘူး ကိုကြီးပွ'

'ဟေ့ကောင် ဆင်ခြေမပေးနဲ့၊ ဒါဖြင့် ဆိုက်တုန်းက မင့်နှမလင်တွေက ဘယ်လိုလုပ်ပြီး ဆင်းကြလဲ၊ အဲဒါကိုက မင်းတို့အဖွဲ့ ပေါ့တာ၊ ဆိပ်ကမ်းမှာ နေ့လဲ မစောင့်ဘူး၊ ညမှ မူးမူးနဲ့ပေါ်လာတာ၊ အမှန်က ဗျူဟာပိုင်ပင် မင်းတို့တံပေါ် လဲကျရမှာ၊ လှေပါသွားတာ ဘယ်ရွာကလဲ သိပြီလား၊ စက်လှေပိုင်ရှင်က ခုထိ မြို့က ပြန်မလာတော့ဘူး၊ သတင်းကြားသာနဲ့ ကြောက်လန့်ပြီး ပြေးတော့တာနေမှာ'

'ပဲခိုင်းကလို့ သိရပါတယ်၊ ဝါးထောင်သမားတဲ့'

'ဘယ်လိုလုပ်သိလဲ'

'အဲဒီ ဝါးထောင်ပိုင်ရှင် လိုက်လာတယ်၊ သူ့လူပြန်မလာလို့ သားတွေစောင့်ယူဖို့ စက်လှေနဲ့ရောက်လာပြီး ကျွန်တော်တို့ကို မေးတာနဲ့ သိတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ ရဲစခန်းကပြန်လာပြီးပြောထားခဲ့ပြီ၊ တို့ထဲက ငါနဲ့ သုံးယောက် လိုက်ခဲ့၊ မြစ်အောက်ပိုင်း စက်လှေနှစ်စင်းနဲ့ လိုက်ရှာမယ်၊ အလောင်းကတော့ တွေ့ချင်မှ တွေ့မယ်၊ စက်လှေ အပျက်အစီးတွေ့ရရင် လိုက်လို့လွယ်မယ် ထင်ရတာပဲ၊ ကဲ ပြန်ကြတော့၊ ဒါပဲနော်၊ မြို့သွားပြီး ကိုယ့်မိသားစုဆီ နပ် မနေကြနဲ့၊ တစ်အိမ်ကို ယောကျ်ားသားတစ်ယောက်ကျ စောင့်၊ ကြက်ခြေနီအဖွဲ့ရောက်ရင် ဆေးဖြန်း ဘာဖြန်းဝင်ကူ၊ ဘကြီး ခင်ဗျားမလုပ် နိုင်ရင် နောက်အစည်းအဝေးမှာ တစ်ယောက်ကို လွှဲလိုက်တော့၊ ကျုပ် ပြောတာ စိတ်ဆိုးလဲ မတတ်နိုင်ဘူး၊ ဒါက လူမှုရေးကိစ္စ၊ အောင်ပိုင်'

'ဗျာ'

'မင်းနဲ့နှစ်ယောက်ခေါ်ခဲ့၊ ထမင်းစားပြီးတာနဲ့ ထွက်မယ်၊ အရက် တစ်ပုံးတင်ခဲ့၊ ခပ်ထိုင်းထိုင်းတွေလဲ ခေါ်မလာနဲ့ဦး'

'ဟုတ်'

ဒါနဲ့ စက်လှေပျက်နဲ့ အလောင်းရှာ ခရီးထွက်ကြရော။ မြစ်ရော သူ့ဝမ်းဗိုက်ထဲပြန်ရောက်သွားတော့ ရွာထဲမှာ အမှိုက်ဒိုက်သရောတွေ ဒင်းကြမ်း။ မိုးခြောက် လှေခြောက်တာနဲ့ အနည်းဆုံး သုံးလေးရက် ရှင်းကြ ရမှာ။

* * *

အောင်ပိုင်နဲ့ စက်လှေတစ်စင်းကို ကြိုလွှတ်လိုက်တယ်။ ရေပါသွားတဲ့ စက်လှေက သစ်ပင်ပိတဲ့အရှိန်နဲ့ဆိုတော့ နှစ်ခြမ်းကွဲမထွက် ကံကောင်းတယ် ဆိုရ၊ အဲ အောက်မေ့ရမလားပဲ။ ကြိုးနဲ့တန်းလန်းဆိုတော့ ကုက္ကိုပင်ကြီးနဲ့ တစ်နေရာရာမှာ ငြိနေနိုင်တယ်။ စက်လှေသာဆိုရတာပါ၊ ပေါင်းမိုးနဲ့ ကုန်းပတ်နဲ့ အခန့်ဆိုတော့ 'ရှော်တယ်'လို့လဲ ချင်းတွင်းလှိုင်းက ခေါ်ကြ

www.burmeseclassic.com



တာပေါ့။ အိမ်ပေါ်တက်ခဲ့တော့ ရွံ့အလိမ်းလိမ်းနဲ့ ကြမ်းပြင်ကအစ သူ့ယောက္ခမ အဘိုးအိုနဲ့ သားကြီးက ရေဆေးသုတ်သင် လှည်းကျင်းနေကြရဲ့။ မီးဖိုချောင်ထဲမှာလဲ ရေစက်စက်။ စပါးကျီကလဲ အညှောက်မပေါက်ကောင်းပ။ ပဲအိတ်ကတော့ ဆန်အိတ်တွေနဲ့အတူ အိမ်ပေါ်မှာပဲမစိုရွှဲတာစိုဒါတောင် အထပ်ခိုးပေါ် ထားလို့သာကိုး။ ပဲကတော့ အိမ်စားဖို့အမျိုးမျိုးပ။ ပဲနီရော၊ ပဲထောပတ်ရော၊ မြေထောက်ပဲ၊ ပဲစဥ်း၊ မောင်းမခေါ်။ ဒါပဲလှည်ပြုတ်စားနေတာ၊ ဗီဒီယိုရုံထဲလဲ ရွံ့အပြည့်ဖြစ်နေမှာ သေချာတယ်။ မီးစက်ကအစ၊ အပေါ်စက်၊ အောက်စက်ရော၊ ဆက်စပ်ပစ္စည်းတွေရောတပျာကသိ သိမ်းရှေ့နိုင်ပါရဲ့။ မီးပေးတဲ့ကြိုးတွေနဲ့ ဖန်ချောင်းတွေ 'ပြန်စစ်ကြည့်ရဦးမှာ။ နှစ်နှစ်တစ်ကြိမ် ရေကြီးသလေး ဘာလေးနဲ့၊ ရာသီဥတုသတင်းလေးမှ နားထောင်ချိန်မရကြတဲ့ဟာကိုး။ ဗီဒီယိုသာ နေ့တိုင်းကြည့်ကြတာ၊ အမှန်က မှန်တိုင်း အဖျားခတ်တာပါ။ TV သတင်းလဲ ကြိုပြီးလာသားပဲ၊ ကိုယ့်ရွာက ဆော်သြနိုင်ခဲ့လို့ ပြင်ဆင်ချိန်ရသေးတယ်။ ဆောင်ကူးဖက်ကတော့ ကျွဲ၊ နွားတွေတောင် ရေထဲပါသွားတာတဲ့။ မြစ်သာတစ်ဖက်ကမ်းက သရက်ခြံတွေ၊ တလင်းမသိမ်းသေးတဲ့ အခင်းတွေလဲပါတယ်။ အနိမ့်ပိုင်းကိုး။

'အဖေ ထမင်းစားလိုက်ပါလား၊ တံတားဦးက ခေါက်ဆွဲလဲ ဝယ်ခဲ့တယ်'

'အထုပ်လိုက်လား'

'အင်းဗျ၊ သုံးထုပ်ဝယ်ခဲ့တာ၊ ထမင်းချိုင့်လဲ အမေထည့်ပေးလိုက်တယ်လေ၊ ဆွဲသွားပါလား'

'အေး၊ ဟုတ်သားပဲ၊ အောင်ပိုင်နဲ့အဖွဲ့စားရအောင် ယူသွားမယ်လေ၊ ဒါက ကျိုကုန်းရောက်မှ ဂတ်ကိုဝင်ပြီး အကြောင်းကြား အကူအညီတောင်းရင်း ဝယ်စားမလို့ပါ၊ ဟန်ကျတာပေါ့၊ ပေး ပေး'

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ လှမ်းပေးတဲ့ ငါးဆင့်ချိုင့်နဲ့ ခေါက်ဆွဲထုပ်တွေဆွဲ ခြေမချော်အောင် ခြေကုပ်ပြီး ဆင်းမယ်အလုပ် မျက်နှာကျက်ကို မော့ကြည့် လျက်သား ဖြစ်သွားတယ်၊ အားပါးပါး နည်းတဲ့ကောင်ကြီးလား။ 'ယော့ ယော့ ဟိုမှာ မြင်လား' ဆိုတော့ သားက ခေါင်းညိတ်တယ်။ မြွေကြီး စပါးအုံး ထင်ပါရဲ့၊ တိုင်ကို အလျားလိုက်ကပ်မှီပြီး ငြိမ်နေတာ၊ အကွက် က လှတာပဲတဲ့။

'နေရှာပါစေကွာ၊ ကြမ်းတွေ ရေစင်အောင်ဆေး၊ ဘုရားစင်လဲ သေသေချာချာ သန့်ရှင်းပေစေ၊ အဖေ ဘုန်းကြီးကျောင်းဘက်သွားလိုက် ဦးနော်၊ ကောင်လေးတွေကို ကူရှင်းခိုင်းပေါ့'

'အေး အေး'

ယောက္ခမကြီးနဲ့ သားကိုမှာပြီး မြစ်ဖက်လျှောက်ခဲ့တယ်၊ မိုးပေါ် ကြည့်တော့ မှောင်တုန်း၊ ဖွဲဖွဲရွာတုန်း၊ အေးလေ နှစ်တိုင်းထက်စာရင် ဒီကျေးရွာအုပ်စုနဲ့ မြစ်ဘေးက ရွာတချို့လောက်သာ ဒုက္ခရောက်တာပါ။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်မဟုတ်လား။ မနှစ်က သီတင်းကျွတ်မှ ဈေးတာ မိုးဦးလည်း ညှံ့ခဲ့တယ်။ စပါးဈေးခုန်ခဲ့တယ်၊ လာနီညာ အကျိုး ဆက်တဲ့။ ကိုသာ စာပေါက်အောင် မတတ်ခဲ့ပေမဲ့ သတင်းဝိုင်း ပုလင်းဝိုင်း ထိုင်နေကျမို့ ဗဟုသုတတော့ မခေါင်းပါးခဲ့ပါဘူး၊ မိတင်မြနဲ့ သမီးနှစ်ယောက် လဲ မြို့ပေါ်ရေဘေးစခန်းမှာ အလုပ်ရှုပ်နေကြမှာပဲ။ အခြေကလေး လှလာ တော့ ရွာအားကိုး ဖြစ်ရတာပ။ ကူနိုင် ကမ်းနိုင်တာပ။ အကြီးကောင် လေးဘက်တွားထိ လင်မယား တော်တော်ရုန်းကန်ခဲ့ကြရတယ်။ မိတင်မြက ဈေးရောင်း၊ ကိုယ်က ရေထဲငုပ်ခဲ့ရတာကို နည်းတဲ့နှစ်တွေလား။ လော မရှိတော့ သဲဆင်းငုပ်တဲ့အလုပ်နဲ့ ယောက္ခမနှစ်ယောက်လုံးက ဒီမော် တင်ကျွေး ပါရဲ့။ သူတို့ဆီမှာပဲ သူရင်းငှားလုပ်ရင်း တစ်ဦးတည်းသောသမီး မိတင်မြလေးနဲ့ ပေါင်းဖက်ပေးခဲ့တာလေ။ ယောက္ခမကြီးက ဖဲသမား

www.burmeseclassic.com

www.burmeseclassic.com



ချင်သမား ရှိတဲ့ ယာခင်းလေးပါပြောင်အောင် ချခဲ့တာ။ ထန်းရည်ကလေး တမြမြနဲ့ အဘွားကြီးက လက်သိပ်ထိုးပြီး သူတို့ မင်္ဂလာဦးတုန်းက အသိမ်းခိုင်းထားတဲ့ ကြိုးကလေးတစ်ကုံးနဲ့ ရေနံစွန့်တူးလိုက်လို့ဟာကိုး။ တစ်ကောင်ကြွက်ဆိုတော့ နိမ်ခဲ့ နှက်ခဲ့တာတွေဟာလည်း ခုတော့ ကိုပွကြီး ကိုပွကြီးနဲ့ ပါးစပ်ကကို မချတော့ဘူး။ လူ့သဘာဝပေါ့လေ။ ဆိုကလည်း မူးမူးပြီး ဆဲခဲ့တုန်းက ဆဲခဲ့သေးတာ။ စိန်ခေါ်ဖူးတာ၊ မိုက်ခဲ့ ဖူးတာပ။ အရွယ်ကထောက်လာပေမယ့် အသောက်ကလေးကတော့ မစွန့် နိုင်သေးဘူး။ ကာလသားခေါင်းခန့်တော့ ဣန္ဒြေသမ္ပတ္တိလေးနဲ့ ထိန်းပါရဲ့။ ကိုယ့်စကား အောင်ရာပါရဲ့။ ဗီဒီယိုဆိုရင်နေ့ပွဲပြလို့ မရဘူး။ တောကိုး။ အလုပ်နဲ့ လက်နဲ့ နွားစာနဲ့ လူစာနဲ့။ တစ်ရွာတကျေးကရွှေ့လာတဲ့ သမား၊ နှမ်းသမား ဘီလူးကျွန်းဘက်ထိ လယ်ယာတွေ တည်လာကြတော့ အပြိုင်အဆိုင် ဖြစ်လာကြတယ်။ ညပြတော့လဲ ကလေးအုပ်က ခပ်များများ။ တစ်ခါလဲ နေထက်လင်း၊ တစ်ည တစ်ည လေးငါးခြောက်ရာရဖို့ မနည်း တောင်းရတာ။ မိတင်မြ အကွက်မြင်လို့သာပါ။ ပဲနဲ့လဲပြ၊ သားငါးထုပ်လေး ဆွဲလာတဲ့လူနဲ့ ဆန်ကို ကျွတ်ကျွတ်အိတ်နဲ့ ထည့်လာတဲ့သူနဲ့၊ ပိုက်ဆံ အစား ပဲနဲ့ ဆန်နဲ့ အသီးအရွက်နဲ့ ငါးနဲ့လဲပြရတော့တာပဲ။ ဟေး ဟေး။ ရုပ်ရှင်ကားတင်ရင် အဘိုးအို အဘွားအိုတွေပါ ရုံပြည့်ပါရဲ့။ ကိုယ့်သား ည်း မျက်နှာပွင့်လိုက်တာ မပြောပါနဲ့တော့။ ဗီဒီယိုထဲက ထက်လင်းတစ်ပိုင်းဖြစ်လို့။ ရုံရှေ့ ကွမ်းယာဆိုင်၊ သရေစာဆိုင်တွေလည်း ရှိ။ နွေဆိုရင် ထန်းတဲတွေကလည်း စီလို့။ ထန်းရည်မူးပြီး နပမ်းကိုင် အဖွဲ့က ကိုင်လို့။ ပြောလို့ ဖြန်ဖြေလို့မရရင်တော့ ကြိမ်နဲ့ သိမ်းရိုက် ရတာပ။ ဘောလုံးပွဲလာရင်တော့ အလကားပြပေးပါတယ်။ ထိုင်လဲကြည့်တယ်။ မရှုံးပါဘူး။ မီးပေးတာတင် အိမ်ခြေ ငါးဆယ် ကျော်ကိုး။ တစ်လ တစ်သောင်းခွဲထား၊ ဆီဖိုးနုတ်ရင် ခုနစ်ထောင် ရှစ်ထောင် ပါတယ်။ စက်လှေသုံးစီးကလည်း ရေသာရင် သာသလိုပ။

'ကိုကြီးပွ ထွက်မလား၊ လေမထန်ခင် ထွက်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'ဪ အေး၊ စက်နှိုးကွာ၊ ရော့ဟော့ ထမင်းချိုင့်နဲ့ ခေါက်ဆွဲထုပ်၊ ဆာရင်နိုက်ရအောင်၊ ငါ့အရက်ပုံး ပါတယ်နော်'

'ပါပါတယ်ဗျာ၊ ကျုပ်တို့လဲအချမ်းပြေ လုပ်ပေးဦးဗျ' တဲ့။

* * *

အဲဒီ ရှော်တယ်ဆိုတာက စက်လှေ အကြီးစားတွေ။ တချို့က အတောင် နှစ်ဆယ်ကျော်တယ်။ ပေါင်းမိုးနဲ့ မီးဖိုနေရာနဲ့။ မုံရွာ၊ မော်လိုက်၊ နမ်တော နောင်ပိုအောင်၊ အဲဒီကတစ်ဆင့် ဟုမ္မလင်း၊ ခန္တီးထိဆွဲကြတာ။ တစ်လိုင်း နဲ့ တစ်လိုင်း စရိတ်ငြိမ်း ယူတာလည်းရှိတယ်။ နွေခါဆိုရင် ဟုမ္မလင်းဘက်ထိ အညာဆန်သင်္ဘောတွေ မလာနိုင်တော့ဘူး။ ရေပါးပြီကိုး။ မော်တော်ကြီး တွေတောင် မခုတ်နိုင်ဘူး။ ရှော်တယ်ပဲအားကိုးရတယ်။ ရွှေတောကို ဆွဲတဲ့ မော်တော်သေးသေးနဲ့ ရှော်တယ်တွေ အလုပ်ဖြစ်ကြတယ်။ မီးသွေးကအစ ကြက်ဥ၊ ခရမ်းချဉ်၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်နီအထိ။ ခေတ်ပေါ် အဖျော်ယမကာတွေအစ အရက်ပြင်းမျိုးစုံထိ သယ်ကြရတယ်။ ကလေး ဇက်ဆိပ်မှာဝင်ပြီး သတင်းပို့ရတယ်။ လက်မှတ်ယူရတယ်။ ကင်းလွတ်ကျ ဖြစ် မဖြစ် အစုန်အဆန် စစ်တယ်။ တချို့က ခေတ်မီလာကြတယ် ညကို ဆွဲတယ်။ ဆလိုက်မီးကို ဂျစ်ကား ရှေ့မီးလုံးနဲ့ ဝပ်ရှော့ မှာအစ်ပြီး လက်ကိုင်စရာနဲ့ ဘာနဲ့ ရေကြောင်းကြည့်ကြတယ်။ နောက်တော့ မြစ်သာ ဘက် ဂန့်ဂေါလိုင်းထိ ရှော်တယ်တွေ တက်လာကြတာ။ စင်းရေကျ များလာပြီကိုး။ တရုတ်နီ ၁၈ ကောင်၊ ၂၂ ကောင် စက်တွေ သွင်း တာလဲ မပြောနဲ့။ ခရီးတို ခရီးရှည် ပြေးနိုင်တာကိုး။ ချင်းတွင်းလိုင်း သလ္လာဝတီသင်္ဘောက မုံရွာ ကလေးဝလည်း ဆွဲတယ်။ ဟုမ္မလင်းထိလည်း ဆွဲတယ်။ ကလေးဝ လိုက်လိုက်၊ အထက်ကိုလိုက်လိုက် တစ်ယောက်

www.burmeseclassic.com



တစ်ရှာ့နှစ်ဆယ်ပဲပေးရတာကိုး။ ဝန်ထမ်းသက်သာ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေလည်း ပါတယ်။ မုံရွာက မနက်ခုနစ်နာရီတီတီ အချိန်မှန်ထွက်တယ်။ တစ်နေ့လုံး တစ်ညလုံးမောင်း၊ နောက်နေ့ ဆယ်နာရီနဲ့ ရွှန်းတည့်ကြားမှာ ကလေးဝရောက်တယ်။ ခရီးသည်တွေ အဆင်ပြေတာပ။ ကားခနဲ့ ဘာမှ မဆိုင်ဘူး။ ကားတွေက မှန်လုံဆိုရင် ကျပ်တစ်ထောင့်ငါးရာထိ ပေးရတာ။ လူစီးသက်သက်ရယ် မဟုတ်တော့ဘူး။ မှန်လုံသာပြောတာ ထိုင်ခုံတွေရဲ့ အောက်မှာရော နောက်မှာပါ ကုန်က ခပ်များများရယ်။ ကလေးဝ ဇက်ကူးပြီးတာနဲ့ ကိုင်းရွာကစပြီး မောင်းလိုက်တာ။ တစ်တောင်တက် တစ်တောင်ဆင်း၊ မိုးတွင်းမှာ ဆင်းပြီးအတင်းတွန်း။ အဆင်းတွေမှာလဲ ဘာထူးတုန်း၊ လူတွေ ဆင်းကြရတာပါပဲ။ အင်မတန် အန္တရာယ်ကြီးတယ်။ ဒီနှစ်ဆန်းပိုင်းမှ ကားခ ဈေးကျလာတာ။ မနှစ်က နှစ်ထောင်၊ တစ်ထောင့်ခုနစ်ရာကျပ် ပေးရတယ်။ ဆန့်သမျှ အကုန်တင်။ ဂိတ်ကထွက်ရင်တော့ ခုံပြည့်ပါပဲ။ လမ်းကျမှ အလယ်အူကြောင်းမှာ ကုန်အိတ်တွေပေါ်မှာ တွန်းတင်တာ။ ဒီတော့ အေးအေးဆေးဆေး လိုက်ချင်သူက သဘော်လက်မှတ်ရအောင် ဆိပ်ခံပေါ် အိပ်စောင့်ပေရော့ပဲ။ တချို့လဲ တစ်ဆင့်ခံလက်မှတ်ပေါ့လေ။

'မြစ်သာတံတားကြီးပြီးရင် ဟန်ကျမှာကွ၊ မင့် ဘယ် အတက်အဆင်းမှ မရှိဘူး၊ တောတွင်းချောင်က ရွာတွေလဲ တို့ကလေးမြို့ မြောက်ဘက်က ခမောက်တောင်ဘက် ရောက်လာပြီ၊ သီးနှံကောင်းတဲ့ ရွာတချို့ပဲ ဈျန်မှာ၊ ရေကြောင်းလိုင်းကတော့ မိုးတွင်းမှပဲ သဘော်ဆွဲ နိုင်တာကိုး၊ ငါလဲ ထင်းအလုပ်ရပ်မှဖြစ်မယ်'

'ဘာဖြစ်လို့တုန်း ကိုကြီးပွ'

'အာ မလွယ်ဘူးကွ၊ ကုန်က သာပြီးတွက်ခြေကိုက်တယ်၊ ထင်းခုတ်သမားတွေ များလာပြီ၊ ငါတို့က သတ်မှတ်တဲ့ထင်းတောကိုခုတ်၊ ဝါးတော

www.burmeseclassic.com



ဝင်လုပ်ဆိုပေမယ့် စည်းမရှိတဲ့ကောင်တွေက ဘာအမိန့်မှမခံဘဲ ခိုးခုတ်နေကြတာ၊ အခွန်ရှောင်တာပေါ့ကွာ၊ ထိတော့ ငါတို့ပဲထိတာ၊ ငါတို့ရွာမှာဆိုရင် ငါနဲ့ မြင့်အိန် နှစ်ယောက်ပဲ၊ သက်ဆိုင်ရာက လိုက်စစ်တော့ တို့လဲ ပြောရတာပေါ့၊ အမှုန်းခံရတာပေါ့၊ မှန်းခါမှမှန်း ဒါတော့ ပြောရတာပဲ၊ မိုးလေ မမှန်တာလဲ မပြောနဲ့၊ လူတွေက စည်းမဲ့လာပြီကွ၊ သစ်ကောင်းဝါးကောင်းတွေလဲ မရှောင်ကြတော့ဘူး၊ ထင်းအစားထိုးလောင်စာလဲသရုပ်ပြတာဖဲ့ အဖတ်တင်တယ်၊ လိုက်နာတဲ့လူက ရှားတယ်၊ မြို့ပေါ်လဲ စားသောက်ဆိုင်ကြီးတစ်ဆိုင်တင် တစ်နေ့ တစ်နေ့ သုံးတဲ့ထင်းရေ နည်းတာမှ မဟုတ်ပဲမင့်၊ လျှပ်စစ်မီးကလဲ ဓိုးချောင်းရေနည်းရင် ခွဲတမ်းနဲ့လာတော့တာကိုး၊ မီးသွေးသည် ရယ်လို့ အထင်မသေးနဲ့ဗျ၊ ရွှေတွဲလွဲ ငွေတွဲလွဲပဲ'

'ကိုကြီးပွ တစ်ခွက်လောက်'

'တော်ပြီ ဟေ့ကောင်၊ အလုပ်လုပ်ရအောင် လာပါတယ်ဆိုမှ မင့်ပျော်ပွဲစားထွက်တာကျနေတာပဲ'

'ချမ်းလို့ပါဗျ'

'ဟေ့ ဟေ့ ဟိုမှာ ကုက္ကိုပင်ကြီး၊ စက်ရှိန်လျှော့'

* * *

ချစ်စမ်းတစ်ယောက် ဘွားကနဲ ရေပေါ်တက်လာတယ်။ ဖူးကနဲလေမှုတ်၊ အသက်ဝဝရှူလိုက်ပြီး ခေါင်းယမ်းပြတယ်။ ဘာမှမတွေ့ဘူး ကိုကြီးပွတဲ့၊ ဒီကောင်တွေနှစ်ယောက် တစ်လှည့်စီငုတ်ရှာတာ သုံးလှည့်စီရှိပြီ။ ကြည့်ရတာ ကုက္ကိုပင်ကြီးနဲ့ ရိုက်မိတာက ရွာအောက်ပိုင်း စေတီကုန်းနဲ့နေတဲ့ စက်လှေပဲဖြစ်မှာ။ ဒီရှော်တယ်ကကြီးတော့ ကြိုးက တင်းပြီး အရင် မျောသွားတာပဲဖြစ်ရမှာ။ နောက်မှ ကုက္ကိုပင်ကြီးနဲ့ညပ်ပြီး ကျောက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



အောင်းမြှုပ် သွားတာပဲ ဖြစ်ရမယ်။ အင်း ကိုယ့်လူတွေသာ မမူးအောင် ထိန်းရတာ၊ ကိုယ်က မိုးအေးအေးနဲ့ လမ်းမှာခွက်ဆင့် လေးခွက် ချလာတော့ မူးချင်ချင်ရယ်။ သူတို့ ရေငုပ်ရှာတာ ပြူးပြဲကြည့်ရင်း ကြိုးကို ထိန်းချ စောင့်ပေးရင်း ပြေတော့ပြေလာပါပြီ။ အိပ်ရေးပျက် အစားပျက်။ ထဲ မတတ်နိုင်ဘူး။

'ကိုင်း ငါ ကိုယ်တိုင်ဆင်းမယ်၊ မင်းတို့ ပေါင်းမိုးထဲထိ ရောက်မှာ မဟုတ်ဘူး'

'ရောက်တယ်နော် ကိုကြီးပွ၊ ဘာကိုမှ မတွေ့တာ၊ သဲတွေ ပို့နေတယ်၊ ရေအားနဲ့ဆိုတော့ ရော်တယ်နဲ့ ကျောက်ဆောင်နဲ့ မှောက်ပိတ်ခံရမှာထဲ ကြောက်ရသေးတာဗျ၊ အောက်ခြေမှာကို ရော်တယ်က ငြိမ်မနေဘူး'

'အံမာလေး၊ ငါ သဲငုပ်လာတဲ့ကောင်ပါကွာ၊ ကြာကြာမငုပ်နိုင်ကြတော့ ယက်ပြုပြီး မရှာနိုင်ဘူးပေါ့၊ အလောင်းက ရေထဲမျောမသွားရင် သဲအောက်မှာရှိနိုင်တယ်၊ ဒလိမ့်ကောက်ကွေးဖြစ်သွားတော့ ကုန်းပတ်သက်ရန်းနဲ့ ညပ်ချင်ညပ်နေနိုင်တယ်လေကွာ၊ ရေနစ်သူ မှန်သမျှ ရမိရရာအသေဆုပ်ထားတတ်တာ မဟုတ်လား၊ အောင်မောင်း ငါ့ကို ကြိုးပေးစမ်း၊ ငါမလှုပ်မချင်း ကြိုးကို ဆွဲမတင်နဲ့'

'လှုပ်ရင်လဲကြိုးကို နာနာဆွဲဆွဲလေးလှုပ်နော် ကိုကြီးပွ၊ ရေစီးနဲ့ဆိုတော့ အလိုလို သစ်ပိုင်းသစ်စတွေနဲ့ တိုက်ပြီး မငြိမ်ရတဲ့အထဲ'

'အေးပါကွ၊ နွားသိုးမှ ဂျိုကျိုးပြတ်မဟုတ်ပါဘူး၊ ငါ နားလည်ပါတယ်၊ ရေစီးသန်လို့သာပါ၊ ငါ့ဟာငါတောင် ဖော့တက်နိုင်ပါတယ်၊ ထဲ'

ဗွမ်းခနဲ ခုန်ဆင်းလိုက်တော့ ချစ်စမ်းရော အောင်မောင်းနဲ့ ငပေပါ ကျိုးကြည့်ကြောင်ကြည့်နဲ့ ကြိုးကို လျှောချပေးရင်း သက်ပြင်းတချချ ရင် ဆိုဖိုနဲ့ မမြင်ရတဲ့ ရေအောက်က ကိုကြီးပွအတွက် စိုးရိမ်တကြီး ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ 'ဟော့ ဟိုမှာ အောင်ပိုင်တို့စက်လှေ မဟုတ်လား' တဲ့။ ချစ်စမ်း ပြရာ ကြည့်လိုက်တော့ ဘီးစမ်းရွာဘက်က တထိုင်းထိုင်းနဲ့ ဆန် တက်လာ တဲ့ အောင်ပိုင်တို့ စက်လှေကို တွေ့ရော မြင်ရော။ ဟိုကလည်း လက် တပြပြ။

* * *

စက်လှေနှစ်စင်းကပ်ပြီး ကုက္ကိုပင်စည်ကြီးနဲ့ ကြိုးတုပ်လိုက်ကြရင်း အောင်ပိုင် တို့က အကျိုးအကြောင်း အော်ဟစ်ပြောကြတာပေါ့။ သူတို့လည်း မြစ်ဆုံ ထိ ရောက်ခဲ့တဲ့အကြောင်း၊ ခက်တာက ဒီကုက္ကိုပင်ဟာ သူတို့ရွာ ဆိပ်ကမ်း က အပင်ဖြစ်ချင်မှ ဖြစ်နိုင်မှာတဲ့။ သစ်ချောက် ဝန်းကျင်မှာရော ဘီးစမ်း တစ်ဝိုက်မှာပါ အပင်ကြီးပေါင်းစုံ မြစ်ကွေ့တွေမှာ ရှိသတဲ့။ ချစ်စမ်းတို့ တစ်တွေကတော့ အပြစ်တင်တာပေါ့။ စ တွေ့တဲ့အပင်ကနေ အခု စက်လှေကပ်ပြီး မရှုးစမ်းပဲ စုန်သွားရကောင်းလားပေါ့။ ရေအောက်မှာ ရှော်တယ်ကို တွေ့ပြီး ကိုကြီးပွကိုယ်တိုင် ဆင်းနေတဲ့အကြောင်းပြော အသံတိတ်ကုန်ကြပြီး နိုင်လွန်ကြိုးကြီးရှိရာကို အုံလာကြတော့တာ၊ လှေ လူးနေတော့ အောင်ပိုင်နဲ့ချစ်စမ်းလည်း ရေပေါ်မှာပေါ်နေတဲ့ ကုက္ကိုပင် ကြီးဆီ ခုန်ကူးပြီး ထိုင်လိုက်ကြတယ်။

'ခုမှ ဆင်းသွားတာလား'

'အင်း'

'ငါကတော့ မထင်ဘူး၊ ကြိုးတန်းလန်းနဲ့တွေ့ရင်တော့ ထင်... ဒါလဲစက်လှေက ဖော်လို့ဖြစ်မှာ မဟုတ်ဘူး၊ ဒီလောက်ရေလုံးနဲ့ဆို... လှကလည်း မျောသွားမှာပါကွာ၊ မြို့သွားပြီး သတင်းပို့လိုက်... ပြီးရော၊ ရေမကျွမချင်း ဘာလုပ်နိုင်တာမှတ်လို့'

www.burmeseclassic.com

www.burmeseclassic.com



'အေးကွ၊ ဟုတ်တော့ ဟုတ်တယ်၊ လိုရမယ်ရဆိုပြီးတော့သာ ငုပ်ရှာရတာ၊ ကြာလှချည့်လား'

'ကြိုးလှုပ်ကွာ၊ ဆွဲကြည့်၊ ကိုကြီးပွကို ငါ ပြောကြည့်မယ်၊ ဘယ့်နှယ်ကွာ၊ ညကတည်းက မျောသွားတဲ့ ဥစ္စာ၊ ဒီမြစ်က ဖောက်ထိုးဆင်းတဲ့မြစ်၊ ဘယ်ကမ်းပါးမှလဲ တင်စရာအကြောင်းမရှိဘူး၊ ဆွဲပါဟ ကြိုးကို'

ငပေက ကြိုးကိုဆွဲရင်း ခေါင်းညိတ်ခေါ်ရော။ ဒီတော့မှ လှကုန်စက်လှေဝမ်းထဲခုန်ဆင်းပြီး ဝိုင်းဆွဲကြရော။ လှေကစောင်းသွားလို့ အောင်ပိုင်အားလွန်ပြီး ရေထဲကျသွားတယ်။ ရေပြန်ဖော့ပြီး လှေနံကို ပင့်ကိုင်ပေးတယ်။ အဖုံးဖွင့်လက်စ အရက်ပုံးကြီးက မှောက်လဲသွားရော။

'ကြာပြီလားကွ၊ ဟင် ဒီလောက်ထိငုပ်ရအောင်၊ ဆွဲစမ်း၊ ဆွဲဟ'

မရဘူး၊ ကြိုးက ထစ်နေသလို တင်းတင်းကြီး။ သူတို့အားလုံး မျက်ကလူးဆန်ပျာ။ အောင်ပိုင်က ရေထဲမှာ မေးတဆတ်ဆတ် တုန်နေတဲ့ကြားက လက်ပြတားလိုက်ပြီး ရေအောက်ငုပ်ချလိုက်တယ်။ ငပေရော၊ ချစ်စမ်းမောင့်ရော၊ မောင်မောင်းရော၊ ထောင်ဇကပ်ရော တစ်ယောက်ကို တစ်ယောက် ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေကြတယ်။ နေစမ်းပါဦး၊ ဒီလောက် ဝိုင်းပြီးဆွဲတာတောင် ကိုကြီးပွ ဘာလို့ ပေါ်မလာရတာလဲ။ တစ်ခုခုနဲ့ ရေထဲကြိုးလွတ်ပြီး၊ မဖြစ်နိုင်ဘူး၊ လှုပ်ပြနိုင်အောင် တစ်ယောက်က တင်းတင်းကိုင်ထားတာပဲ၊ ပြောလို့ရမလားကွ၊ ရေစီးနဲ့ ဟုတ်တယ်၊ ဆုန်းပတ်တစ်လျှောက် သူငုပ်ကြည့် ရှာကြည့်နေတာလည်း ဖြစ်မယ်၊ ငါလည်း အလိုက်သင့် ကြိုးကိုလျှော့ လျှော့ပေးပါတယ်မောင်ရာ၊ နေစမ်းပါဦးကွာ၊ နားငြီးတယ်၊ ကြာလှချည်လား၊ လှုပ်ကြည့်စမ်း၊ မင်းတို့ ကိုကြီးပွ ခါးကို သေသေချာချာကြိုးချည်ပေးလိုက်ရဲ့လား၊ သေချာပါတယ်ဆို ဟ ဟ ဆွဲထား။

www.burmeseclassic.com

www.burmeseclassic.com



အောင်ပိုင် ရေထဲက ပေါ်လာတယ်။ မောနေတယ်။ ကြိုးကိုလွှတ်ပြီး လှေနံကို ဆွဲကိုင်၊ ပစ်၊ လှိမ့်ဆင်းလိုက်ရင်း 'ယော့ကောင်တွေ ကြိုးတစ်ချောင်း ထပ်ရှာပေးစမ်း၊ ဟား ဆိုးလိုက်တာကွာ၊ ဖြတ် ဖြတ်၊ ဟိုစက်လှေက နိုင်လွန်ကြိုးကို ပုဆိန်နဲ့ဖြတ်ပစ်၊ မြန်မြန်လုပ်၊ အကုန်ပူးပြီးဆွဲချည်ရတော့မှာ၊ တောက် မင်းတို့ကွာ တားကြပါတော့လား၊ ဘယ်နှမိနစ် ရေငုပ်နိုင်မှာလဲ ခွေးသားတို့ရ၊ ဟီး ဟီး ကိုကြီးပွရေ' ကြိုးစဆွဲပြီး ဝုန်းခနဲဆင်းချသွားတယ်၊ ကျန်လူတွေက မျက်နှာ ဆီးရွက်လောက်သာ ရှိတော့တယ်၊ ခဏကြာတော့ ကြိုးတင်းပြီး ဆတ်လာတာနဲ့ လူအားလုံး လှေနံကို ခြေကန်ဆွဲကြတာပ၊ အောင်ပိုင်လဲ ပြန်ပေါ်လာပြီး လှေဝမ်းထဲခုန်ဆင်း၊ လူအားလုံးဆွဲ၊ ဒုန်း ကနဲ လှေနံလာဆောင့်တာက ဖင်ပြန်ခေါင်းပြန် ပူးချည်ထားတဲ့ ကိုကြီးပွ အလောင်းနဲ့ အမည်မသိလူတစ်ဦးရဲ့အလောင်း။

'ကိုကြီးပွ'

သူတို့အားလုံး အော်ဟစ်ငိုပစ်လိုက်ကြတဲ့ လှိုက်သံကြီးတွေက တောင်နံရံကိုရိုက်ပြီး ဟိုး နေရှုရာမြစ်ဆုံထိ ပဲ့တင်ထပ်။

* * *

ဆေးရုံနဲ့ ရဲစခန်းကိစ္စတွေပြီးတာနဲ့ ဒေသ့သည်ရဲ့ ရုပ်ကလာပ်ကို ဝါးထောင်ပိုင်ရှင်နဲ့ စက်လှေပိုင်ရှင်တို့က မျက်နှာငယ်ငယ် သယ်သွားကြတယ်။ ရွာလူကြီးကို မရဲမူးမူးနဲ့နှုတ်ဆက်ပြီး ကျေးဇူးတတင်တင်ပေါ့။ ဒီမှာတော့ သူတို့ကိုကြီးပွကို ဝိုင်းသယ်မပြီး ရွာလယ်လမ်းမှာပဲ ကနဖျင်းထိုးကြ၊ သက်ပျော့က်ဆွမ်းသွတ်ကြ။ မိသားစုရော၊ အဆွေအမျိုးတွေရော၊ တစ်ရွာလုံး ဆိုပါတော့။ မျက်ရည် စမ်းစမ်း စမ်းစမ်းနဲ့ မောင်း ထု ထု ပြီးမသာကိစ္စ လုံးပမ်းကြပေါ့။ သယ်သွားတဲ့ မသာက စက်လှေဆရာတဲ့။ စက်မောင်းပေါ့။

www.burmeseclassic.com



အသက်က ကိုကြီးပွထက် သုံးနှစ်ကြီးသတဲ့။ ဗီဒီယိုရုံက ဘုတ်ထဲကို သူ့သားကိုယ်တိုင် နာရေးကြော်ငြာရေးတယ်။ ဒီလိုရေးတာ။

ဦးပွ အသက် ၄၂ နှစ်၊

၁၈၊ ၇၊ ၂၀၀၀ ရက်နေ့ ကွယ်လွန်သည်။

၁၉၊ ၇၊ ၂၀၀၀ ရက်နေ့၊ နေ့လယ် ၂ နာရီအချိန် မြို့သစ်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။

မှတ်ချက်။ ။ ကျွန်းသားထွင်းလုံး သွင်းမည်။

ဒါပေမဲ့ ကုက္ကိုပင်ကြီးပါသွားတဲ့နောက်ရက်ကစပြီး ထွင်းကြတဲ့ ထွင်းလုံးတော့ မဟုတ်ဘူး။ အဲဒီထွင်းလုံးက အင်သားကိုး။ ကာလသားခေါင်း ရွာချက်နှာဖုံးဆိုတော့ ကျွန်းသားထွင်းလုံးနဲ့ သဂြိုဟ်မှာကိုး။ လော်စပီကာကို အိမ်ဝိုင်းအပြင်ဘက်မှာပဲ မျောတစ်လုံးနဲ့ထောင်ပြီး ဓာတ်ထုပ်ပေါင်းစုံ ဖွင့်တယ်။ ဒန်းစီးမောင်နှမ၊ တောင်ပြုန်းညီနောင်၊ သိကြား မာဃ ဓာတ်ထုပ် တစပြီး ရေနန်ပိုင်ဦးရှင်ကြီး တိပ်ခွေထိ။

အင်ထွင်းလုံးကိုတော့ ညည့်သည်အတွက် ရည်စူးပြီးသားဆိုတော့ ရွာကုသိုလ်အနေနဲ့ ခေါင်းသွင်းလှူလိုက်ကြပြီ မဟုတ်လား။

ကိုကြီးပွ ရုပ်ကလာပ်ကတော့ ချောင်ချောင်ချိချိပါပဲ။ ကျွန်းသား ထွင်းလုံး။ လုံးပတ် နှစ်ပေခွဲ။ အရှည်ကတော့ ထုံးစံအတိုင်း ခြောက်ပေပ။

ကာလသားအဖွဲ့က နေ့ချင်းပြီး ပုဆိန်နဲ့ ရာတာ၊ ထွင်းတာ၊ ချေတာ၊ ရွှေဘော်ထိုးတာ၊ အရောင်တင်ဆီ သုတ်တာကအစ အကောင်းဆုံး ကြတယ်။ သဂြိုဟ်မှာ တောညည့်၊ မြို့ညည့်တွေစည်လိုက်တာ မပြော ပါနဲ့တော့။ ဖုန်တထောင်းထောင်း၊ မှန်လုံကားကြီးတွေ တပြောင်ပြောင်။ သံဃာတော်တွေကို သက်စေ့ အပါးလေးဆယ့်နှစ်ပါးပင့်တယ်၊ ကိုကြီးပွနဲ့ နီးစပ်ရာ အသိုင်းအဝိုင်းက CJ5 ဂျစ်ကား၊ တိုယိုတာ၊ လင့်ကရုဇ် ကား တွေနဲ့ပ။ နာရေးမှာ ဆပ်ပြာမွှေး၊ ရွှေဝါ၊ မျက်နှာသုတ်ပုဝါတဘက်

www.burmeseclassic.com

www.burmeseclassic.com



ငယ်ပါ တစ်ထည်စီဝေ။ ဂူသွင်းတော့လဲ ကိုကြီးပွရဲ့အုတ်ဂူက ဒီသချိုင်းမှာ အမြင့်ဆုံး။ သုသာန်ဇရပ်ထဲမှာ လူစုံတော့ ဩကာသအစချီ သီလတောင်း။

သီလပေးတော့ ရှာဦးဆရာတော်က 'သုရာမေရယ၊ မဇ္ဇ၊ ပမာဒဋ္ဌာနာ၊ ဝေရာမဏီ၊ သိက္ခာပဒံ၊ သမာဒိယာမိ' သိက္ခာပုဒ်ကို နှစ်ကြိမ်တိတိ ရွတ်ဆိုဆောက်တည်ပေးလိုက်တော့

ရေစက်ခွက်မကိုင်မီမှာ ကိုကြီးပွဇနီး မိတင်မြက မျက်ရည်စက်လက်နဲ့ ပြောသေးတာ။ ကိုယ်တော်ကြားရုံပါ။

'အဲဒီ အရည်ကြောင့်၊ အဲဒီ အရည်ကြောင့်ဘုရား' တဲ့။

'ကဲ ကဲ ဒကာမကြီး စိတ်ကို ဖြောင့်အောင်ထား၊ ရေစက်ချရအောင်' လို့ မိန့်တယ်။

*  *  *

ကိုကြီးပွ မရှိတဲ့နောက် ကာလသားခေါင်းဖြစ်သွားတာက အောင်ပိုင်ပဲ။ ကိုကြီးပွရဲ့သားက အခွေငှားပေး၊ ထော်လာဂျီပြေးပေါ့။ အောင်ပိုင်က ဗွီဒီယိုပြ။ ကိုကြီးပွစကားကို နားထောင်ပြီး ဒီအလုပ်ပဲ လုပ်တော့တယ်။ ဒါကြောင့်ထင်ပါရဲ့ ခါတိုင်း ဆိုင်ကယ်တထိုင်းထိုင်းနဲ့ လာနေကျ တောခေါင်းဆိုတဲ့လူလဲ မမြင်ရတော့ဘူး။ ရွာဆိပ်ကမ်းမှာလဲ ဆိုင်းဘုတ်တစ်ခု ဝိုင်းထူပေးထားရတယ်။ 'နိုင်ငံအဝှမ်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်' တဲ့။

မြစ်သာအရှေ့ဖက် တောင်တန်း တောင်စွယ်တွေကတော့ ကတုံးပြောင်လို့ပ။

မြရွက်

www.burmeseclassic.com

www.burmeseclassic.com

## ဒိမ်ဆွမ်ကျင် နဲ့ ကိုကို

'ယောဒီမှာ သမီးကလေး ဒိမ်ဆွမ်ကျင်အတွက် ကပါးရဲ့မွေးနေ့လက်ဆောင်'

ကပါး (အဖေ) က လက်တွေကို ဆန့်တန်းပေးလိုက်တယ်ဆိုရင်ပဲ အမွေးဖွားဖွား ချစ်စရာ ခွေးကလေးဟာ ကပါး ကိုယ်ပေါ်ကနေ ကြမ်းခင်းပေါ် ညင်ညင်သာသာကလေး ခုန်ဆင်းလာတယ်။

ပြီးတော့ သူ့အတွက် ပတ်ဝန်းကျင်က တစိမ်းဆန်နေသလိုမျိုး ယောင်ချာချာပုံစံနဲ့ အမြီးကလေးနှံ့နှံ့ပြီး သူ့ရှေ့မှာရှိနေတဲ့ သမီးကလေး ဒိမ်ဆွမ်ကျင်ကို မော့ကြည့်နေလိုက်သေးတယ်။

အံ့သြစရာကောင်းတာက မတ်တတ်သွားတတ်စ သမီးကလေးဟာ တစိုးတစိမှ ကြောက်လန့်ပုံမရတဲ့အပြင် အဲဒီ ကပါးခေါ်လာတဲ့ ခွေးစုတ်ဖွားကလေးကို ဆတ်ခနဲလှမ်းပြီးတော့တောင် ပွေ့ဖက်လိုက်သေးတယ်။

ပြီးတော့ ကလေးများ အူမြူးတဲ့အခါ မြည်သံပြုတတ်တဲ့ အသံသေးသေးကလေးနဲ့လည်း အော်လိုက်သေးတယ်။ ဘာပဲဖြစ်ဖြစ် သမီးကလေး ပျော်တော့ ကပါး (အဖေ) လည်းပျော်၊ အနူး (အမေ)လည်း ပျော်ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'သမီးကလေးမွေးနေ့အတွက် ပေးချင်လွန်းလို့ ကပ်တဲင်းရွာကလေး ကနေပြီး တကူးတက သယ်လာရတာ မိန်းမရဲ့၊ မင်းကတော့ နှမြောနေ မလား မသိ၊ ငါ့ကိုယ်ကျုပ်ဆွယ်တာနဲ့ လဲယူခဲ့ရတာကိုပေါ့'

ကပါးက ဝမ်းခေါင်းသံသြသြကြီးနဲ့ အားရပါးရ ပြောပြနေတယ်။ အမှန်ကတော့ ကပါးကို ဝတ်စေချင်လွန်းလို့ အနူးကိုယ်တိုင် စိတ်ရှည် လက်ရှည် အပင်ပန်းခံယက်ဖောက်ပေးခဲ့ရတဲ့ သိုးမွေးဆွယ်တာကလေး ဆိုတော့ အနူးနှမျောမယ်ဆို နှမျောချင်စရာပေါ့။ ဒါပေမဲ့ အနူး ဘာမှ မပြောပါဘူး။ သမီးကလေး ပျော်သွားတယ်ဆိုရင် ကျန်တာက ဘာများ အရေးကြီးတော့မှာလဲလေနော့။

ခွေးစုတ်ဖွားကလေးနဲ့ ဒိမ်ဆွမ်ကျင် ဖက်လှဲတကင်း ဖြစ်နေကြတာ ကို မလှမ်းမကမ်းမှာရှိနေတဲ့ အမဲလိုက်ခွေးကြီး ရမ်ဘိုကတောင် ဝပ်ဆင်း ငိုက်မြည်းနေရာက တစ်ချက်ခေါင်းထောင်ကြည့်ပြီး မနာလို မရှုစိမ့်တဲ့ အသံမျိုးနဲ့ ဟဲခနဲ မာန်ဖီလိုက်သေးတယ်။

နောက်တော့လည်း အိမ်သားတစ်ယောက်လို အနေကြာလာတဲ့ ရမ်ဘိုဟာ အိမ်ရှင်တွေရဲ့ အရိပ်အကဲကို နောကျေအောင်သိနေပါပြီ။ သူ့သခင်တွေ အလိုတူမှန်းသိသွားပုံနဲ့ ခပ်အေးအေးပဲပြန်ပြီး ဝပ်ဆင်း ငိုက်မြည်း နေပြန်တာပါပဲ။

မှတ်မှတ်ရရ အဲဒီနေ့က ချင်းတောင်တန်းရဲ့ အင်မတန် အေးစက်တဲ့ နှင်းဖွဲဖွဲတွေ တသဲသဲကြွေနေခဲ့တဲ့နေ့။ ဒါဟာ ကိုကိုဆိုတဲ့ ချစ်စဖွယ် အမွေးစုတ်ဖွား ခွေးကလေး ဒိမ်ဆွမ်ကျင်တို့အိမ် စတင်ရောက်ရှိလာတဲ့ အကျဉ်းချုပ်ပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကတည်းကစပြီး ဒိန်ဆွမ်ကျင်ကိုထိန်းဖို့ လူတစ်ယောက် သပ်သပ် အချိန်ယူစရာ မလိုတော့ပါဘူး။ ကို့ကိုက သမီးလေးအလိုကျ ဆော့တတ်လို့ ပါပဲ။

သူ့ဘာသာ ဘာဝ ဆော့တာပါပဲ။ ဒါပေမဲ့ သမီးလေးမျက်လုံး ထဲမှာ သူ့ကို ချော့မြူနေတယ်လို့အထင်ရှိသလား မဆိုနိုင်ပါဘူး။ သဘော တွေကျပြီး ပျော်လို့၊ နောက်ပြီး ကို့ကိုက လှတာလည်းပါတယ်။

တကယ့် အရုပ်ကလေးတစ်ရုပ်လို့တောင် ထင်ရတာ၊ ချင်းပြည်မှာ က ခွေးတွေ မပေါမဟုတ် ပေါပါတယ်။ လှလည်း သိပ်လှကြတာ။

လှဆို

အောက်ပြည်အောက်ရွာက ခွေးတွေလို အမွေးတုံးတုံး အရောင် မွဲခြောက်ခြောက်၊ နံကားကား၊ ပိန်ကပ်ကပ်လို အမျိုးမဟုတ်ကြတာ များတယ်။

တစ်ခုတော့ရှိတယ်။ ဒီမှာက ခွေးလေ ခွေးလွင့်မရှိသလောက် များတယ်။ အိမ်မွေးခွေးသာရှိတယ်။ ဒီတော့ ဝဝလင်လင်ရှိတာ အမှန်ပါ။

နောက်ပြီး ရာသီဥတုရဲ့အအေးဒဏ်ကို ခံနိုင်အောင် သဘာဝ မိခင်ကြီးက ချစ်မြတ်နိုးစွာ အမွေးပေးထားတယ်လို့တောင် ပြောရမလားပဲ။

အမွေးဖွားဖွား၊ အထူးသဖြင့် လည်ဆံမွေးကားကား၊ အမြီးဖားဖား၊ အဲဒီအမြီးကြီး ကော့ထောင် အပြင်ထွက်လမ်းလျှောက်လို့ကတော့ ဘယ် လောက် ကြည့်ကောင်းသလဲဆိုတာ။

လေးလုံးအရုပ် တောင်ခြေမှာပေါက်နေတဲ့ ထိုးထိုးထောင်ထောင် ရှည်ရှည်လျားလျား မိုးထိမြင့်မားတဲ့ ယူကလစ်ပင်ကြီးတွေ လေအဝေ့မှာ အရွဲ့ရွဲ့ မြည်ဟိန်း က နေသလိုတောင် ထင်ရတာ။

အရောင်တွေဆိုလည်း စိုလွင်လွင်၊ အဖြူမှာ အနက်ကွက်ခြယ်၊ အညိုမှာ အဖြူနှော၊ ဆွတ်ဆွတ်ဖြူမှာ အစက်အပြောက်ဖော်၊ အနက်မှာ အဝါဖောက်၊ အဲဒီလောက်လှတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ခွေးတွေထက်ကိုပဲ ကို့ကိုက လှနေပြန်ရော။ ကြည့်လေ၊ နှုတ်ခမ်းလုံးလုံး၊ မျက်လုံး ဝိုင်းဝိုင်းစက်စက် ကြည်လဲ့နေတာ၊ နှာရှက် ထောင်ထောင်၊ အဲဒီနှာရှက်ရဲ့အနားက အနက်ရောင်ရင့်ရင့် အနားသပ် ကလေးကွပ်လို့။ ဘယ်ကလောက်လှသလဲဆိုတာ။

နောက်ရှိသေးတယ်။

နှာတံကျားကျား၊ ရင်အုပ်နဲ့ ဗိုက်မှာ အမွေးနု ဖြူလွှလွှကလေး ဖုံးစွပ်ထားသေးတာ။

အထူးသဖြင့် အဖြူမှာ အဝါနော သူ့ကိုယ်ရောင် အသွေးအမွေးက မှန်ကူကွက်လို အပြောက်မှာ တလက်လက် စိုလက်တောက်ပနေတာ။

သူ့ အရုပ်အမောင်းကလည်း သူ့ကိုယ်လုံးနဲ့ အချိုးညီညီ ကြည့် ကောင်းရုံ။

ရမ်ဘိုနဲ့တော့ တခြားစီပါ။ သမီးလေး ဒိမ်ဆွမ်ကျင်ကတော့ အစကတည်းက ရမ်ဘိုကြီးကို ချစ်ပုံမရဘူး။ ရုပ်ဆိုးရတဲ့အထဲ သူက သိပ် ရက်စက်တာ၊ သူ့ သွားစွယ်ကြားမှာ အသက်ပျောက်ခဲ့ရတဲ့ သားကောင် တွေဆို ဘယ်နည်းတော့မှာလည်း။ နောက်ပြီး သူက ကပါးကလွဲပြီး ဘယ်သူ့အနားမှ ကပ်တာမဟုတ်ဘူး။

ကို့ကိုကတော့ လူစိမ်းလူကျက် မရွေးဘူး။ လူနဲ့မခြား လျင်မြန် ဖျတ်လတ် ကစားတတ်တာလည်း လွန်ရော။

ဒိမ်ဆွမ်ကျင်လေး စကား တွက်တီးတွတ်တာပြောတတ်တဲ့ သုံးနှစ် သမီး အရွယ်ရောက်မှာတော့ သူတို့ ကစားတတ်နေပါပြီ။

ဟိုတုန်းကလို သူတစ်ကောင်တည်း ကြမ်းပြင်မှာ နစ်ပတ်နှုန်းပတ် လိမ့်ပြတာကို၊ အမြီးကလေးနှံ့နှံ့ ခေါင်းကလေးခါခါ အမှတ်မထင် ဘောလုံး ကလေးကို ပြေးခုန်အုပ်လိုက်တာကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်ကလေးနှစ်ဘက်ယှက် လူတစ်ယောက် မတ်တတ်ရပ်သလို စတ်တတ်ရပ်ပြတာကို လုပ်စရာမလိုတော့ပါဘူး၊ ခုဆို

အနီနဲ့ အပြာကျား ဘောလုံးကလေးကို ကိုကိုက ရှေ့လက်ကလေးနဲ့ ဗုတ်ထုတ် ပြေးထွက်သွားတဲ့ အဲဒီ ဘောလုံးကလေးကို ဒိမ်ဆွမ်ကျင်က လိုက်ဖမ်း၊ အဲဒီ ဘောလုံးကလေး ပြေးအလိမ့် ကိုကိုက ပြေးခုန်အုပ်ပြီး ခေါင်းကလေးနဲ့ခါယမ်း သမီးကလေးက ဆီးဖမ်း ဘယ်လောက်ပျော်စရာ ကောင်းသလဲဆိုတာ။

တစ်ခါကတော့ ရယ်စရာလည်း အကောင်းသား၊ အဖြစ်ကလေး တစ်ခုကို ပြောပါတယ်။ ကိုကိုရယ်လေ ဘယ်ကဘယ်လို ဘိုမပုံ ကော်ပတ် ရုပ်ကလေး တစ်ရုပ်ကို ကိုက်ချီလာတယ် မသိပါဘူး။

ကော်ပတ်ရုပ်ကလေးက နိုင်ငံခြားဖြစ် တန်ဖိုးကြီးကြီးထဲက ဆိုပေမယ့် အတော် ဟောင်းနွမ်းညစ်ပတ်နေပါတယ်။ အဲဒီလောက် ရွှံ့အလိမ်းလိမ်းပေကျံနေပေမယ့် မျက်လုံးပြာလဲ့လဲ့ ဝိုင်းဝိုင်းကလေးက တောက်လို့၊ အနူးက မသတီလို့ ဒိမ်ဆွမ်ကျင်ကို ပေးမကိုင်ဘူး။

ခက်တာက သမီးလေး။ အဲဒီအရုပ်ကလေးကို လက်ကမချ ထွေးထွေးပိုက်ပိုက်နဲ့၊ ဒါနဲ့ ဆေးကြောပြီး ပေးကိုင်ထားရတယ်။

ဒိမ်ဆွမ်ကျင်နဲ့ ခွေးကလေး ကိုကိုဟာ ခွဲမရအောင် ချစ်ကြသလို ကပါးကလည်း ရမ်ဘိုကြီးကို အတော်သံယောဇဉ်ကြီးတာပဲ။ 'သား သား' ဆိုတာကို တဖွဖွ ခေါ်နေတတ်တာ။ ရမ်ဘိုကြီးကလည်း ကပါးသွားလေရာ အကောက်ကောက်ပါတတ်တာကိုး။ ကပါးတစ်ခါတစ်ရံ ရမ်ဘိုကြီးနဲ့အတူ အမဲလိုက်ထွက်တတ်တယ်။ တစ်ခါက အမဲလိုက်ရင်း ကြုံခဲ့ရတဲ့သည်းထိတ် ရင်ဖို အဖြစ်အပျက်တစ်ခုကို ပြောပြရဦးမယ်။ ပြောရရင် အဲဒီနေ့က ကပါး အသက်ကို ရမ်ဘိုကယ်လိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်း ပြောမယ်ဆိုရင်တော့ ကပါး‌ရဲ့ ကုန်သည်ဘဝကို အရင် စပြောရလိမ့်မယ် ထင်တယ်။

ကပါးလေ အိန္ဒိယနယ်စပ်ကထွက်တဲ့ သကြား၊ နို့ဆီ၊ အမွှေးတိုင် အပ်ချုပ်စက်ခေါင်း၊ ဟီးရိုးတံဆိပ် စက်ဘီးအပိုပစ္စည်း၊ တီဗက်ပေါင်ဒါဘူး၊ မြင်းခေါင်း၊ သမင်ခေါင်း တံဆိပ်ပါ စွပ်ကျယ်၊ ကော်ဇောခင်း၊ ပလေကပ် ပုဆိုး၊ အဲဒါတွေကို ပိသာချိန်လိုက် အသယ်အပို့လုပ်တာ။

မြင်း ဒါမှမဟုတ် မြင်းကျောပေါ်မှာကုန်တွေတင်၊ လူတွေ ခြေလျင် လျှောက်၊ နယ်စပ်ကနေ မြို့ပေါ်ပို့၊ တီးတိန်ကနေ ယိုစုံထုပ်မျိုးစုံ၊ နနွင်း မှုန့်၊ တက်ထရွန်ပိတ်အုပ်၊ ကက်ဆက်၊ နာရီ အဲဒါတွေ ပြန်သယ်။

ဒိမ်ဆွမ်ကျင်တို့ ဇာတိ လိုင်တွီးတစ်ဘက် ဟိုမှာဘက်ခြမ်းမှာ ကုလားပြည်နယ်စပ်ပိုင် မိုင်လေးဆိုတဲ့ မြို့ကလေးရှိတယ်။ အဲဒီမြို့ကလေး နဲ့ သိပ်မဝေးလှတော့ဘူးပေါ့။

သည်အလုပ်နဲ့ ဒိမ်ဆွမ်ကျင်တို့ ကပါး အတော် ဟန်ကျခဲ့တာ။ ဒါပေမဲ့ တစ်နေ့ အဲဒီတစ်နေ့ဟာ သူတို့မိသားစုအတွက် အကုသိုလ်ဝင်တဲ့ တစ်နေ့လို့ ပြောရမလားပဲ။

မြင်းတွေနဲ့ ကုန်သယ်အပြန်မှာ တောင်ပြိုတာနဲ့သွားဆုံဖြစ်တယ်။ တောင်ပြိုတာ ကပါးတို့သွားမယ့် လမ်းပေမယ့်၊ အဲဒီ တောင်ပြိုမယ့်နေရာ ရောက်ဖို့ အတော်လှမ်းသေးပေမယ့်

မြင်းက လန့်အပြေးမှာ နောက်ခြေနဲ့ကန်မိပြီး လူလည်း တောင် ကမ်းပါးဘေး လွင့်ကျကျန်ရစ်တယ်။

ကပါး ခြေတစ်ဘက်မသန်တော့တာ၊ လမ်းလျှောက်ရင် ခြေတစ် ဘက် ဆာနေတာ အဲဒီတုန်းကရခဲ့တဲ့ ဒဏ်ရာပေါ့။

အလုပ်ကောင်းကောင်း မလုပ်နိုင်တော့ ရှိတာကလေးလည်း ပွန်းခဲ့ ကုန်၊ မြင်းပါရောင်း ဆေးကုရတော့ အလုပ်ကမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်း အမဲလိုက်အလုပ်ကို ဖောက်ချလုပ်ခဲ့တော့တယ်။ အစ်ပတ်တစ်ခါ တစ်လ နှစ်ခါလောက် ဖြစ်ဖြစ်ပေါ့။

တစ်နေ့ အမဲလိုက်ထွက်ရာမှာ ချုံကွယ်က အလစ်ထွက်လာတဲ့ တောဝက်တစ်ကောင်နဲ့ ပက်ပင်းရင်ဆိုင်တွေ့ရတယ်။ ဖြုန်းခနဲဆိုတော့ ဘယ်ပြေးလို့ ဘယ်ပြေးရမှန်းမသိ ခြေကလည်း ဟိုတုန်းကလို မသန်၊ လိုင်စင်နဲ့ကိုင်တဲ့ တူမီးသေနတ်ကြီး လက်ကကိုင်ပြီး ကြောင်ကြည့်နေတုန်း တောဝက်က တအားကျုံးပက်လိုက်တာ မျက်စိထဲကို ပြာဆင်းသွားတာပါပဲ။ ဒီတစ်သက်တော့ ပြန်လမ်းမရှိတော့ဘူးလို့ပေါ့။

အဲဒီအချိန်မှာ ကပါးဘေးက ကပ်ပါလာတဲ့ ရမ်ဘိုရဲ့အရိပ်ကို အစ်ခနဲ မြင်လိုက်ရတယ်။ တကယ့်ကို မကြောက်မရွံ့တောဘုရင်လို့ခေါ်တဲ့ ခြင်္သေ့တစ်ကောင်လို လွှားခနဲပြေးခုန်အုပ်လိုက်တဲ့ အဖြစ်ပေါ့။ တောဝက် ရဲ့လည်မျိုကို မလွှတ်တမ်း တအားခဲဖို့လေ။

တောဝက်လည်းအလစ်ဆိုတော့ ရမ်ဘိုရဲ့ သွားစွယ်တွေအခဲမှာ ရုန်းမထွက်နိုင်ရှာခဲ့ဘူး။ ဒါကို အခွင့်ကောင်းယူပြီး ကပါးက သူ့တူမီး ခင်လုံးပြူးသေနတ်ကြီး အသေအချာ ချိန်ရွယ်ပစ်လွှတ်လိုက်တဲ့ ကျည်တောင့် က တောဝက်ရဲ့ တကယ့်ချက်ကောင်း နှလုံးသားအလယ်တည့်တည့်ကိုမှ ထွင်းဖောက် ရွေးပစ်နိုင်ခဲ့တယ်။

တောဝက်လည်း သွေးအိုင်ထဲမှာ ခေါင်းငိုက်စိုက် ထိုးကျသွားခဲ့တယ်။ ရမ်ဘို တစ်မျက်နှာလုံးမှာ သွေးအလိမ်းလိမ်းနဲ့ပေါ့။

ကပါးဆီ အရောက်ပြေးလာတဲ့ ရမ်ဘိုကြီးကို ပြေးဖက်ရတာ ပေါ့။ ရင်ထဲတော့ အားတွေပြည့်သွားသလိုပဲ ခံစားရတယ်လို့ ခဏ ခဏ ပြောသံကြားဖူးခဲ့တယ်။

ကပါးနဲ့ ရမ်ဘိုကလည်း အဲဒီလောက်ချစ်ခဲ့ကြတာ။ သူတို့သားအဖ နှစ်ယောက်ရဲ့ အဖြစ်ကလည်း အံ့ရောပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



သမီးကလေး ဒီမ်ဆွမ်ကျင် ငါးနှစ်ကျော်စ တစ်ညမှာတော့ ကိုယ်နွေးသလို ဖြစ်တယ်။ ညလည်း သိပ်မအိပ်ဘူး။ အိပ်တော့လည်း ခဏပါပဲ။ လန့် လန့်ပြီး နိုးနိုးနေတယ်။

အနူးက ရှိတဲ့အဖျားကျဆေးလေးတစ်ဝက်ကို တိုက်ထားရတယ်။ ကော်ဖီပူပူကလေး ဖျော်တိုက်တာလည်း တစ်ငုံစာလောက်ပဲ သောက် နိုင်တယ်။

နောက်တစ်နေ့ အဖျားက ကျသလိုလိုရှိပေမယ့် ညရောက်ရင် ကိုယ်က ပြန်နွေးရော၊ အစားလည်းလုံးဝ ပြန်မစားတော့ဘူး။ နို့တိုက် အရည်တိုက်ရင်တောင် ပြန်အန်ထွက်တယ်။

သုံးလေးရက် ဆက်တိုက်အကြာမှာတော့ အဖျားက ကျတယ်ကို မရှိတော့တာ။ ကပါ:နဲ့ အနူးတို့လည်း ရွာထဲက သူနာပြုဆရာမ ဒေါ်ကျင်ရှန်းမုံဆီ အလျင်စလို ပြေးကြတော့တယ်။

ခက်တာက ဒီမ်ဆွမ်ကျင်တို့ရွာမှာ တိုက်နယ်ဆေးရုံ၊ ကျန်းမာရေး ဆရာဝန် ဘာဆိုဘာမှ မရှိသေးတာ။ ဖြစ်လာရင် ရှိတဲ့သူနာပြုဆရာမကိုသာ အားကိုးအားထား ပြုရတော့တယ်။

ဆရာမပြောပြမှ သိရတော့တယ်။ သမီးရောဂါလက္ခဏာအရဆိုရင် တိုက်ဖွိုက်လို့ခေါ်တဲ့ အူရောင်ငန်းဖျားရောဂါလေ။ အဲဒါ စဖြစ်နေတာတဲ့။

အချိန်မီ မြို့ဆေးရုံတက်ဖို့ တိုက်တွန်းတယ်။ ဒီမှာဆို ကလေး အသက် စိုးရိမ်ရတယ်တဲ့။

မြို့က ဆေးရုံဆိုတာ တီးတိန်လေ။ တီးတိန်မြို့နယ် ဆေးရုံကြီး ကို ပြောတာပါ။ တီးတိန်က ချင်းပြည်မြောက်ပိုင်းရဲ့ အစွန်းအကျဆုံးပြီပါ။ ဟိုဘက်မှာဆို မြန်မာပြည်ရဲ့ မြို့ဆိုလို့ တွန်းဇံတစ်မြို့ပဲ ရှိတော့တာ။ အဲဒီမြို့ဆုံးရင် ကုလားပြည်နယ်စပ်နဲ့ ထိစပ်နေတဲ့ ကြည်းခါးဆိုတဲ့ ရွာကလေးလေ။

www.burmeseclassic.com

www.burmeseclassic.com


တီးတိန်နဲ့ ဒိမ်ဆွမ်ကျင်တို့ ရှာလိုင်တွီးက အတော်ဝေးသေးတယ်။ ၁၂ မိုင်၊ ၁၃ မိုင် ခရီးပေါ့။ အတော်ဝေးသေးတယ်ဆိုပေမယ့် မြေပြန့် ခရီးဆိုရင် မော်တော်ကား၊ မီးရထား၊ ဆိုင်ကယ် ဒါမှမဟုတ်ရင် စက်ဘီး ဆို ယာဉ်တစ်မျိုးမျိုးနဲ့သွားရင် တစ်မနက် တစ်မွန်းတိမ်းနဲ့ ရောက်နိုင်ပါ တယ်။

ချင်းပြည်မှာက စိမ်းညိုညို့ အုံ့ဆိုင်း တောင်တံတိုင်းပတ်လည်ဝိုင်းနေ တဲ့ကြားက မြွေလိမ်မြွေကောက်ပုံ တောင်ကြောလမ်းကလေးအတိုင်း တစ် တောင်တက် တစ်တောင်ဆင်းသွားရတဲ့လမ်းဆိုတော့ ဘယ်ခရီးတွင်ပါ့မလဲ။

နောက်ပြီး တောင်ပြာတန်းတွေက အထပ်ထပ်အုပ်မိုး၊ တော်အုပ် တွေက မှိုင်းညို့ပြာရီ၊ တိမ်လွှိုင်းတွေ တရွေ့ရွေ့ကြား ဖြတ်လျှောက်ရတဲ့ ရာသီဆိုတော့ အသည်းခိုက်အောင် အေးချမ်းလှတယ်။

လမ်းမှာဆို ဘာမှမရှိ။ ဟိုးတစ်မျှော်တစ်ခေါ်က လှမ်းမြင်ရတဲ့ သင်းရှူးသား အိမ်ကလေးတွေဆီက မီးခိုးငွေ့တန်းကလေးတွေသာ တစ်ခါ တစ်ခါ တွေ့ရတတ်တယ်။

အဲဒီလောက် ခက်ခဲတဲ့ခရီး၊ အဲဒီလောက်အေးတဲ့ရာသီ ဆိုပေမယ့် သမီး အသက်ရှင်ရေးအတွက် တီးတိန်ကို သွားရတော့မယ်၊ ဆေးရုံတက် ဆေးကုသခံဖို့လေ။

ခက်တော့ ခက်ပြီ။

ဆေးရုံတက် ဆေးကုသခံတာ ပြည်သူ့ဆေးရုံဆိုတော့ ဆေးဖိုးဝါးခ တော့နက်ကျပေမယ့် စားစရိတ်သွားစရိတ်က လိုသေးတယ် မဟုတ်လား။

အနူးတို့လက်ထဲမှာ ငွေမရှိဘူးဖြစ်နေတယ်။ အနူး ကျောင်းငွေး ငွေချေးက ငွေချေးထားတာကလည်း သိပ်ကြာသေးတာမဟုတ်တော့ ထပ်ချေးလို့လည်း ရမှာမဟုတ်သေးဘူး။ စုငွေကလည်း သိပ်များလှတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူးလေ။ ရှိတဲ့ပစ္စည်းကလေးတွေ ရောင်းသုံး ပေါင်သုံးတာလည်း ကုန်သလောက်နီးပါးရှိပြီ။

ဒိမ်ဆွမ်ကျင်တို့ ကပါး ကြည့်ပြန်တော့လည်း ခုချိန်မှာ သူ့ အလုပ်လက်မဲ့၊ ဒုက္ခိတ လူတစ်ယောက်။

ငွေတွေကုန်ခဲ့တာလည်း မပြောနဲ့လေ။ အဲဒီ ခြေတစ်ဘက်ကြောင့် ပါပဲ။ ဒီကြားထဲ တောပစ်ထွက်တာ ကံကောင်းလို့ မသေခဲ့ရုံ။

အနူး မူလတန်းပြဆရာမ အလုပ်ကရတဲ့ လစာနဲ့ မိသား အသက်ဆက်ခဲ့ရတယ်ဆိုပါတော့။ ဘယ်လာ ပြည့်စုံဖူလုံပါ့မလဲ။ ရွာ ချေးငှားထားတဲ့လူတွေ အကြွေးပြန်မဆပ်နိုင်တာကရော ဘယ်လော ကြာနေပြီလည်းဆိုတာ ခုချိန်မှာတော့ ရောင်းစရာဆိုလို့

ကို့ကို ဒါမှမဟုတ် ရမ်ဘိုပဲပေါ့။

ဒါလည်း သိပ်အခက်အခဲမရှိပါဘူး။ ဦးဆန်ခိုလျှန်းတို့လူစု လာ ဝယ်တာ နှစ်ခါ သုံးခါမက ရှိပြီလေ။ ဦးဆန်ခိုလျှန်းတို့က ဟိုအရှေ့ရွာက ရပ်ရွာ အကျိုးဆောင်လူကြီးတွေဆိုပါတော့။ အနူးကတော့ ငြင်း ငြင်း လွှတ်နေတာ။ ဘာပြုလို့လည်းဆိုတော့ သမီး ဒိမ်ဆွမ်ကျင်နဲ့ ကို့ကိုတို့ရဲ့ တွယ်တာမှု အတိုင်းအတာကို သိနေလို့ပေါ့။

ဒီတော့ ရမ်ဘိုကို ရောင်းရင်ရော။ ဒါက ပိုတောင်မဖြစ်နိုင်သေးဘူး ရမ်ဘိုက ကပါးရဲ့အသက်မက တန်ဖိုးထားတဲ့ ခွေးကြီးလေ။

ကျေးဇူးရှင် အသက်သခင်ဆိုတော့ ရောင်းလိုက်တယ်ဆိုရင်ရော ဒီကမ္ဘာလောကမှာ အဲဒီလူလောက် မိုက်မဲရက်စက် ကျေးဇူးကန်းတဲ့သူ ရှိဦးမလား။

ကပါးတစ်သက် ရမ်ဘိုတစ်သက် သူတို့ ဘယ်တော့မှ ခွဲခွာသွား ကြမှာ မဟုတ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆို ကို့ကိုကို ရှောင်းရတော့မှာပေါ့။

ကို့ကိုကို တကယ်ရှောင်းမှ ဖြစ်တော့မယ်ဆိုတော့ရော ဘယ်မှာလာ ရှောင်းရက်ပါ့မလဲ။ မရှောင်းမဖြစ်လို့သာ ကျိတ်မှိတ် ဆုံးဖြတ်ရတာ မဟုတ်လား။

ဒါကို သမီးသိလို့လည်း မဖြစ်။ သိရင်လည်း အနူးနဲ့ ကပါးကို ခွင့်လွှတ်နိုင်မှာမှ မဟုတ်တာ။

ဒါပေမဲ့ ရင်ထဲက ကျိတ်တောင်းပန်ရင်း ကို့ကိုကို ရှောင်းလိုက်ရ ပါတယ်။ အဲဒီနေ့ကလေး အတော် စိတ်မှကောင်းစရာပါ။ ကို့ကိုရယ်ပေါ့ မလိုက်သွားချင်ရှာဘူး။ လွှတ်မလားလို့ ပြန် လှည့် လှည့် ပြေးလာသေးတာ။ တစ်ခါ နှစ်ခါ မကဘူး။

တကယ်တွေးကြည့်ရင် သူ ဘယ်လွှတ်ပါ့မလဲ။

အနူးကတော့ ရင်မှာ မကောင်းရှာဘူး။ 'နကျဒ်းမူငါမ်ကင်း ကို့ကို' (ခွဲခွာသွားမှာကို မတွေ့ရက်ပါဘူး ကို့ကို) လို့ တဖွဖွပြောရင်း တောင်းပန် နေတယ်။

'တကယ်တော့ နင့် အသွေးအသားတွေရဲ့ တန်ဖိုးနဲ့ ဆက်ထားတဲ့ သမီးရဲ့ အသက်ကို နင် တကယ်ပေးဆပ်လိုက်တယ်လို့ တို့ ထင်မှတ်ပါ တယ်ဟယ်၊ လိုက်သွားတော့နော် ကို့ကို' ဆိုတာတွေကို ပြောပြီး မျက်ရည်တွေ ဝဲနေရှာသေးတာ။

ကို့ကို တကယ်ပါသွားတော့ အိမ်ဘက်ကို ခေါင်းထောင်ပြီး ပြန် ပြန် လှည့်ကြည့်နေတာ အခါခါရယ်ပါ။ အဲဒီနေ့က အဖြစ်လေး။ ရင်နင့်ဖို့ သိပ်ကောင်းတာ။

*  *  *

www.burmeseclassic.com

www.burmeseclassic.com


သမီးက မြို့ဆေးရုံမှာ အတော်ဆေးကုခံလိုက်ရတယ်။ ခုဆို ရောဂါလုံးဝ ကင်းစင်သွားပါပြီ။ ပကတိကျန်းမာလာပြီဆိုပါတော့။ ဆရာဝန်ကြီးလေ သမီးကျန်းမာရေးကို ဂရုတစိုက်စမ်းသပ်ပြီး စိတ်ချယုံကြည်ရမှ ဆေးရုံ ဆင်းခွင့်ပေးလိုက်တာပါ။

အဲဒီ ဆရာဝန်ကြီးပေါ့ ဘယ်လောက်များ သဲယောဇဉ်ကြီးသလဲဆို ရင် ဆေးရုံဆင်း ရှာပြန်ခါနီးထိ သမီးကို အရိပ်တကြည့်ကြည့်နဲ့။နောက်ပြီး 'ဒိမ်ဆွမ်ကျင် နဒမ်အိုးမော' တဲ့လေ။ ကျန်းမာပါစေလို့ ပြောတာပါ။

သမီးကတော့ ဘယ်သူ့ကိုမှ သိပ်တွယ်တာ အမှတ်ထားပုံမရဘူး။ အိမ်ပြန်ရတော့မယ်ဆိုတဲ့ အသိနဲ့ ပြန်တွေ့ရတော့မယ်ဆိုတဲ့ အသိကြောင့် ဆိုတာကိုပေါ့။

အဲဒီနေ့က ဝင်းပကြည်လင်နေတဲ့ သမီးရဲ့ အပြုံးတွေကို အနူး ဘယ်မေ့ပါ့မလဲ။ ဒါ ကိုကိုနဲ့ ပြန်တွေ့ရတော့မယ်ဆိုတဲ့ အသိကြောင့် ဆိုတာကိုပေါ့။

တကယ်အိမ်ပြန်ရောက်တော့လည်း

'ကိုကိုရေ၊ ကိုကို'

'နူး ကိုကို ဘယ်မှာလဲ ပြန်ခေါ်ပေးလှည့်ပါ'ဟု ပြောရင်း တဖွဖွ မေးနေတော့တယ်။

သမီးရယ်၊ အနူး ဘယ်လိုဖြေရမလဲဟင်၊ သမီးကို အဖြေရှိလျက် မဖြေရက်တဲ့အဖြစ်လောက် ပင်ပန်းဆင်းရဲတဲ့အဖြစ်ဟာ ဘယ်ဆင်းရဲခြင်းနဲ့မှ မတူပါဘူး၊ ခံရခက်လှပါတယ်။

'ကိုကို ရှိပါတယ် သမီးရဲ့'

ကိုကို ရှိပါတယ်လို့ ပြောလိုက်ရပေမယ့် ကိုကိုနဲ့ တကယ်ပြန်မတွေ့ နိုင်တော့ဘူးလို့ သမီး သိရှိသွားတဲ့အချိန်မှာတော့ မှိုင်ပြီး ငိုင်ကျသွားတဲ့ အဖြစ်လောက် မချိတင်ကဲဖြစ်ရတာရော ဘယ်လာဖော်ပြလို့ရပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှလည်း စကားမပြောနိုင်ရှာ၊ တွေတွေငိုင်ငိုင်နဲ့ ဟိုးအဝေးဆီက တောကြောလမ်းကလေးဆီ လှမ်းမျှော်ရည်လို့သာ နေတော့တယ်။

အစားလည်းကောင်းကောင်းမစား၊ အိပ်လည်းမအိပ်၊ ကစားစရာတွေ ရှာကြံပေးလည်းမယူ၊ ဒါ နဂိုရောဂါအခံကြောင့် မဖြစ်နိုင်ဘူးဆိုတာတော့ သေချာပါတယ်။ ရောဂါကလည်း ကင်းပပျောက်ဆုံးသွားပြီဥစ္စာ။

ဒါဆို ကို့ကိုနဲ့ ပြန်မတွေ့လို့ ပူဆွေးတဲ့ အဖြစ်ဆိုတာသေချာသွားပါပြီ။ မျှော်လင့်ချက်ကုန်ဆုံး စိတ်နှလုံး မရွှင်ပြုံးနိုင်တဲ့ အဖြစ်ပေါ့။

အဲဒီအဖြစ်တွေ ပပျောက်အောင်ဆိုတာ

ကို့ကို ပြန်ရွေးပေးနိုင်ဖို့ပါပဲ။ တတ်နိုင်ရင် ကို့ကိုအတွက် ဆုံးချင်သလောက်သာ ပေးပါရစေတော့။ ရင်နှစ်မြွာခွဲ၊ အသည်း အသက် အဲဒါတွေနဲ့ဆိုလည်း ပေးမှာ။

ခုတော့ စိတ်မှာ နာကျင်စွာခံစားရင်း လက်ပိုက်ကြည့်နေရတဲ့အဖြစ်။

ခက်ပြီ။ သမီးရဲ့ စိတ်ဖိစီးမှုဒဏ်ကရော ပြင်းထန်လှတယ်၊ တဖြည်းဖြည်း ပိန်ချုံးသွားလိုက်တာကလည်း နဂိုရုပ်ပျောက်လုပါပဲ။ ဒီအတိုင်းဆိုနောက်တစ်ခေါက် ဆေးရုံပြန်တက်ဖို့ လိုဦးမလား မသိ။ ဒီတစ်ခါရောဆေးကုလို့ ရပါဦးမလား။ စိတ္တဇဖြစ်ပြီး ဆေးကုမရရင် ခက်ပြီ။

ညလည်း မအိပ်၊ မေးခနဲပျော်ရုံရှိသေး ကိုကို့ကိုတပြီး လန့်လန့်နိုးတဲ့အဖြစ်ကလည်း အကြိမ်မနည်း။

သည်လိုနဲ့တစ်ည။

မှတ်မှတ်ရရ ပွဲတော်ညမှာပေါ့။ သမီးကလေး ကယောင်ကတမ်းနဲ့ ဆအော်နေတာ ကို့ကိုရေ ကို့ကိုရယ်လို့ပေါ့။

အနူးဆိုလည်း အိပ်ပျက်ခဲ့တဲ့ရက်တွေ များလာပါပြီ။ ဒီညလည်း သမီးဘေးမှာ စိုးရိမ်ကြီးစွာ ဖက်အိပ်ရင်း ဘုရားသခင်ခြေရင်းမှာ ဆုတောင်းနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com


'ဒီဘဝမှာ သမီးကလေး ဒိမ်ဆွမ်ကျင်အတွက်

ကြေကွဲဝမ်းနည်းစရာကလေးတစ်ခု ဖြစ်မသွားအောင်

ဘုရားသခင် စောင့်ရှောက်ပေးပါအရှင်'

အဲဒီအချိန်မှာ သူတို့ ကောက်သစ်သိမ်း (ခွာဒို) ပွဲတော် ကျင်းပနေလေရဲ့။ ပွဲတော်သူပွဲတော်သားတို့ ခေါင်ရည်စုပ်ရင်း ကခုန်နေကြတယ်။ ထိပ်ဆုံးကလူက ဗုံတိုကြီးကို မြှောက်ချီမပြီး တဒူဒူနဲ့ထုနေတာ။ ကြေးလင်းကွင်းတွေ၊ မောင်းတဲ့တွေ တီးသူက တီးသနဲ့။

အသားဟင်းအိုးကြီးက မီးကျည်တရဲရဲမီးဖိုကြီးထက် ပွက်ပွက်ဆူနေတာ။ အဲဒီ ဟင်းခတ်ထဲမှာ ကို့ကိုအသားလည်း ပါမှာပါ။

ကို့ကိုက ခွေးချော ခွေးလှကလေးဆိုတော့ သူ့အသားက ချိုမွှေးနေမှာ သေချာပါတယ်။ ဒါကြောင့် သူတို့ စားမဝနိုင် ဖြစ်နေကြတာနဲ့တူပါတယ်။

ကို့ကိုဆိုမှ သမီးဒိမ်ဆွမ်ကျင်ကို သတိရတော့တယ်။ သတိရလို့ကြည့်လိုက်တော့ သမီးက မလှုပ်မယှက် ငြိမ်သက်လို့။

အို သမီးကလေး အသက်မရှိတော့ပါလား။

အနူး အသည်းတွေ တစ်စစီ ကြေမွပျက်စီးကုန်ပြီလား။ သမီးကလေးရေ၊ ဒိမ်ဆွမ်ကျင်ရေလို့ အသံကုန်ဖျစ်ညှစ်အော်လိုက်မိမှပဲ။ ဒါဟာတကယ့်အဖြစ်မဟုတ်ဘဲ အိပ်မက်ဆိုးတစ်ခု ဖြစ်နေခဲ့တယ်ဆိုတာ သိလိုက်ရတော့တယ်။

'ဘုရား ကယ်ပါ၊ သမီးလေး ဘာမှမဖြစ်ပါစေနဲ့'

* * *

နံနက် နေရောင်ခြည်က ကြည်လင်တောက်ပနေတယ်။ အို ကြည်နူးစမ်းပါဦး မယုံကြည်နိုင်စရာ ကောင်းလိုက်တာ။ သမီးကလေး ဒိမ်ဆွမ်ကျင်က

www.burmeseclassic.com

www.burmeseclassic.com


ပြုံးရှင်လို့။ သမီးကလေးဘေးမှာ အမြီးကလေး တနှံ့နှံ့ လှည့်ပတ်ပြေးလိုက်၊ သမီးလေးကိုယ်ပေါ် ပတာပ်ရပ် ခုန်တက်လိုက်နဲ့ လုပ်နေတာ၊ ကို့ကို၊ ကို့ကိုပါလား။

အနူးက သေချာအောင် မျက်လုံးတွေကို လက်ဖဝါးနှစ်ဖက်နဲ့ ပွတ်သပ်လိုက်သေးတယ်။ တကယ်ပါပဲလား။ ဒါဟာ အိပ်မက်တစ်ခု မဟုတ်တော့တာ အသေအချာပါ။

ဒါဆို ကို့ကို ကို့ကို ဘယ်လိုပြန်ရောက်လာသလဲ။

* * *

မှတ်မှတ်ရရ ကို့ကို အိမ်ပြန်ရောက်မယ့်ရက် မတိုင်ခင်ညကတည်းက ရှမ်ဘိုကြီးကို အိမ်မှာ နောက်ဘယ်တော့မှ မတွေ့ရတော့ဘူး။

အိမ်ရှေ့မြေကွက်ကလေးမှာ သမီးကလေး ဒီမ်ဆွမ်ကျင်နဲ့ ကို့ကိုကို ပျော်ပျော်ရွှင်ရွှင် ပြေးလွှားဆော့ကစားနေတဲ့အခါတိုင်း တံစက်မြိတ်ကွပ်ပျစ် ထလေးကနေ ကပါးတစ်ယောက် ငူငူကြီးထိုင်ကြည့်ပြီး အပျော်တွေ ထူးစက်ခံရသလို ကြည်ကြည်နူးနူး ပြုံးနေတတ်တယ်။

ဒါပေမယ့် ဘာဖြစ်လို့များ ကပါးမျက်လုံးထဲက မျက်ရည်တွေ စီးကျနေပါလိမ့်။

သင်းအောင်ပန်

www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးဖိုးကျော် ရန်ကုန်မြို့တော်ကြီးမှာနေသည်

ငါ လုံးဝ စိတ်မကောင်းဘူးကွာ။

မင်းတို့ပြန်သွားပြီး နောက်တစ်နေ့မှာ ကိုထွန်းဝင်းနဲ့တွေ့တော့ 'ခင်ဗျား တပည့်နှစ်ယောက်က ပြန်ကာနီးမှာ ခင်ဗျားနဲ့ မတွေ့လိုက်ရလို့ တဗျစ်တောက်တောက်နဲ့၊ သူတို့ခမျာ ခင်ဗျားတို့လင်မယား လာခေါ်မယ်ဆိုလို့ တမျှော်မျှော်နဲ့'လို့ ပြောတော့ ပိုဆိုးတာပေါ့ကွာ။

အဲဒီနေ့က မင်းတို့နှစ်ယောက်ကို လာခေါ်မလို့ဘဲကွာ။ ဒါပေမဲ့ ခေါ်သင့် မခေါ်သင့် တို့လင်မယား ခေါင်းချင်းဆိုင်ရတာလဲ အကြိမ်ကြိမ်။

မင်းတို့ကတော့ ဘာမှသိမှာ မဟုတ်ဘူး။ လမ်း ၃၀ က မော်ထော်လေး ရုံးခွဲမှာနေတဲ့ ကိုစိုးနိုင်နဲ့ ကိုထွန်းဝင်းတို့က 'ညက ဘော်တွင်းက ထွန်းထွန်းဦးနဲ့ ကျော်မင်းဦးတို့ ရောက်လာတယ်'လို့ ပြောသံကြားကြားချင်း ငါ့ရင်ထဲ ထိတ်ခနဲကို ဖြစ်သွားတာ။

မင်းတို့ ဘော်တွင်းမဲဇာကနေ ရန်ကုန်ရွှေမြို့တော်ကြီးကို ရောက်လာတယ်ဆိုတော့ ငါ ဝမ်းမသာဘဲရှိပါ့မလား၊ မင်းတို့မှ မဟုတ်ဘူး၊ ဘော်တွင်းက ဘယ်သူလာလာ ရန်ကုန်ရောက်နေတဲ့ ငါတို့ ဘော်တွင်းအဖွဲ့တွေက



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ဝမ်းသာတာ။ ဘာဖြစ်လို့လဲဆိုတော့ ဘော်တွင်း တောင်ကြားထဲမှာ နှစ်ပေါင်း နှစ်ဆယ်နီးနီးနေလာခဲ့တဲ့ သံယောဇဉ်နဲ့ အလွမ်းစိတ်လည်း ပါတာပေါ့ကွာ။ ပြီးတော့ ဒီမှာ အစစအရာရာ အဆင်မပြေတာနဲ့ နပန်းလုံးနေရလို့ စိတ်ပျက်လက်ပျက်နဲ့ ဘော်တွင်းကိုပဲသတိရရနေတဲ့အချိန်မှာ ဒိုင်းဆို ဘော်တွင်းကလူတွေ လာသတဲ့ဆိုရင် ဝမ်းမသာဘဲ ဘယ်ရှိမလဲကွာ။

ဘော်တွင်းကလူတွေလာမှပဲ ဘော်တွင်းရဲ့နောက်ဆုံးသတင်းတွေ ဘော်တွင်းကလူတွေရဲ့ စားဝတ်နေရေး အခြေအနေတွေ သိရတာမို့လား။ တောင်ကြား သတ္တုတွင်းမြို့ကလေးနဲ့ ဝေးကွာလာတာ သုံးနှစ်နီးပါးရှိပြီဆိုတော့ နေရာဟောင်းလေးရဲ့ သတင်းပလင်း သိချင်တာ သဘာဝပဲမဟုတ်လား။ ကိုယ့်ကို ထမင်းကျွေးခဲ့တဲ့ဒေသလေးကို မေ့မရတာလဲ ပါတာပေါ့ကွာ။

အဲ ရန်ကုန်ရောက်လာတဲ့ ဘော်တွင်းကလူတွေကို အပြင်ဆိုင်တွေမှာတော့ မတတ်နိုင်ပါဘူး။ ရုံးကန်တင်းမှာပဲ လက်ဖက်ရည်တို့ အအေးတို့တို့နဲ့ ဧည့်ဝတ်ပြုရင်း မေးလိုက် မြန်းလိုက် ရယ်မောလိုက်နဲ့ တကယ်ပျော်စရာကောင်းတယ်ကွာ။ တကယ် စိတ်ချမ်းသာတယ်ကွာ။ စတယ်ကြီးတွေနဲ့ အိုက်တင်ခံနေတတ်တဲ့ အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားတဲ့ စာတ်တူသားအချင်းချင်းမရှောင်ဘဲ စားခွက်လုနေတဲ့ ရန်ကုန်က လူလယ်တွေနဲ့ နေ့တရူဝ ကြုံတွေ့ဆက်ဆံနေရတဲ့ ငါတို့လို အရိုးခံနဲ့ဆက်ဆံနေတဲ့ နယ်ကလူတွေရဲ့ တင်းရင်းနေတဲ့ မျက်နှာကြောတွေလဲ ခုမှပဲပြေလျော့သွားတော့တာ။

အဲဒီလို စိတ်ချမ်းချမ်းသာသာနဲ့ ဝမ်းသာရယ်မောကောင်းတုန်းရှိသေး ထိုဖိုးကျော်က မောင်ထော်လေးမှာ မနေဘူးနော်၊ ခု ဘယ်မှာနေလဲ လို့ အေးလိုက်တဲ့အချိန်မှာ တောတောက အပျော်လေးတွေ ဘယ်ထွက်ပြေးသွားမှန်း မသိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထော်လေးမှာက ငါတို့ရဲ့ အမှတ် ၁ သတ္တုတာဝင်းလုပ်ငန်းရဲ့ ရုံးခွဲရှိတယ်ကွ။ အဲဒီမှာလဲ နမ္မတူ ဘော်တွင်းကနေ ရန်ကုန်ရုံးချုပ်ကို ပြောင်းရွှေ့လာတဲ့လူတွေ နေကြတယ်ကွ။ ယာယီတည်းခိုတဲ့သဘောပေါ့။ နမ္မတူ ဘော်တွင်း၊ ဘော်ဆိုင်း၊ ရတနာသီဂီ၊ ကြေးနီ စတဲ့ နယ်မိုင်းကနေ သင်တန်းလာတက်တဲ့လူတွေ၊ ရန်ကုန်ကို ပစ္စည်းလာသယ်တဲ့ ကားနဲ့လူတွေ၊ မိုင်းက ငွေတုံးတွေလာပို့တဲ့ ကားနဲ့လူတွေ၊ on duty နဲ့ လာတဲ့လူမှန်သမျှ မောင်ထော်လေးမှာပဲ တည်းကြတာကွ။ အဲဒီမှာ တစ်ထပ်တိုက်ဆောင် နှစ်ဆောင်ရှိတယ်။ လျှပ်စစ်မီးနဲ့ ရေလဲရတယ်။ လူတော့ များတာပေါ့ကွာ။ ကိုထွန်းဝင်းတို့၊ စိုးနိုင်တို့၊ သွယ်သွယ်အေးတို့၊ မဒေစီအောင်တို့၊ အစ်မကြီး ဒေါ်မြညွန့်တို့ ဇော်လှိုင်တို့လည်း မော်ထော်လေးမှာပဲ နေကြတာပဲ။

အဲ ငါတစ်ယောက်ပဲ အဲဒီမှာ မနေတာ။ မနေရတဲ့ အကြောင်းကလဲ ရှိတယ်ကွ။ ငါ့ကလေးတွေ ကျောင်းထားလို့ အဆင်ပြေတဲ့နေရာ၊ ငါ့မိန်းမ ကျောင်းကို သွားလို့လာလို့ နီးတဲ့နေရာ၊ ငါတို့ ကျူရှင်သင်လို့ရတဲ့နေရာ။ အဲဒီ စားကျက်ရှိတဲ့နေရာကို နေရတာပဲကွ။

ငါ ဘယ်မှာနေလဲလို့ မေးတဲ့လူတိုင်း ငါ လေသံကြည်ကြည်လင်လင်နဲ့ ပြန်မဖြေနိုင်ဘူးကွ။ အသံက ကတုန်ကယင်နဲ့ပေါ့ကွာ၊ ဘာကြောင့် တုန်ခါသလဲဆိုတော့ ငါနေတဲ့နေရာ မြောက်ဥက္ကလာလို့ ပြောလိုက်တာနဲ့ မေးခွန်းက ရပ်မနေတော့ဘူး။ အစ်ကို့ဆီနေတာလား၊ ကိုယ့်ဘာသာကိုယ် နေတာလားဆိုတဲ့ မေးခွန်းက နောက်ဆက်တွဲ ကပ်ပါလာတော့မယ်။

အဲတော့ မင်းတို့ စဉ်းစားကြည့်။ ငါက ညာလို့မရတော့ဘူး။ အိမ်ငှားနဲ့ နေတယ်လို့ အမှန်အတိုင်းလည်းပြောလိုက်ရော 'အိမ်လည်းလေးလား ဘာလေး ခေါ်ဦးနော်၊ ရောက်တုန်းရောက်ခိုက် ကိုယ့်ဆီ ကိုယ့်...တွေဆီ ရောက်ဖူးအောင်ပေါ့'ဆိုတဲ့စကား မလွဲမသွေ ပြောလာပြီ။ ဒါကြောင့် ငါ့ရဲ့ လေသံတွေ တုန်ခါသွားရတယ်လို့ ပြောတာပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ငါလဲ ငါနေတဲ့နေရာကို အလည်ခေါ်ချင်တာပေါ့။ ကိုယ့်မဲဇာတောင်ကြားက မိတ်ဆွေတွေကို ခေါ်ချင်တာပေါ့ကွာ။ ငါ့ မိတ်ဆွေအပေါင်းအသင်းမင်တာ မင်းတို့နှစ်ယောက် သိပါတယ်။ ဘော်တွင်းမှာနေတုန်းက ငါနေတဲ့ စကားဝါလိုင်းက အိမ်ခန်းဆီကို လူတိုင်း လူတိုင်းကို ခဏခဏ အလည်ခေါ်တာ မင်းတို့သိပါတယ်။ ငါ့အိမ်မှာ တွဲဖက်ကျောင်းကကျောင်းသားတွေ၊ ကျူရှင်ကျောင်းသားတွေ၊ မိဘတွေ၊ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ အဝင်အထွက် ရှုပ်နေတာ မင်းတို့သိပါတယ်။

မင်းတို့ဆို မကြာခဏ ရောက်ရောက်လာတာပဲ။ ငါ့အိမ်လာလည်တဲ့လူတိုင်းလိုလို ထမင်းချိန် ထမင်းအတင်းကျွေးလွှတ်တာ။ စားသွားမှငါက ကျေနပ်တာ။ မစားမချင်း ငါ ဘယ်တုန်းက ပြန်လွှတ်ဖူးလို့လဲ။ အေး ဟင်းနဲ့ ထမင်းကတော့ သိပ်မကောင်းဘူးပေါ့။ ဘော်တွင်းဟင်းဘော်တွင်းထမင်းပေါ့။ ငစိန်ထမင်းနဲ့ တောဝက်သားဟင်းလောက်ပဲ ကျွေးနိုင်တာပေါ့။ တောဝက်သားဟင်းဆိုလို့ သိပ်အထင်ကြီးမနေနဲ့ဦး၊ ကျားစခန်းက တောင်စောင်းဘေးခြံကြီးတွေမှာ စိုက်ပျိုးတဲ့ ချင်းတွေလာရောင်းတဲ့ မိန်းဥဟင်းကို ပြောတာ။ ပြီးတော့ မုန်ညင်းစော်ရယ်၊ ဆွန်ထန်ဟင်းချိုရယ်၊ တို့ဟူးချဉ်ရယ်၊ တုန်ပဲချောင်းကထွက်တဲ့ ဥရင်ကောက်၊ ပဒဲကော၊ ဇရစ်၊ ချစ်၊ ဖရုံသီးဟင်းတွေရယ် အသားနဲ့ငါးတော့ မစားနိုင်ဘူးပေါ့။ အဲဒါတော့ ငါမှ မဟုတ်ဘူး၊ ဘော်တွင်းက အလုပ်သမားတိုင်း ဒီလိုချည်းပါပဲ။ အဲအသီးအရွက်လေးတွေနဲ့ ကျွေးလိုက်ရတာကိုပဲ ငါ့မှာ ဝေသန္တရာ အလှူကြီးအေးရသလို အောက်မေ့မိတာကွ။

ပြီးတော့ ငါ ကော မင်းတို့ပါ သိပ်ကြိုက်တဲ့ဟာ ရှိသေးတယ်။ ငါ ကျွေးလွန်းတာနဲ့ ခုတော့ မင်းတို့လဲ စွဲနေပြီမို့လား။ ဘော်တွင်းရဲ့ တောင်ဘက် နေ့တစ်ဝက်လောက်လျှောက်ရတဲ့ နမ့်စံပလောင်တောင်ကထွက်တဲ့ ထန်း လက်ဖက်သုပ်နဲ့ တောင်ကျော်ကထွက်တဲ့ ရွှေဖီမိုးလွှတ် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကို Hot Plate ပေါ်မှာ နှပ်ထားတဲ့ ရေနွေးကြမ်းခပ်ကျကျ၊ ဇယန်း လက်ဖက်က နမ့်စံဖက်မှာ ကျောင်းဆရာမင်းနိုင်နဲ့ ထွန်းမြင့်က ပို့ပေးတာ။ ရွှေဖီလက်ဖက်ခြောက်က တောင်ကျော်မှာ ကျောင်းဆရာမ လုပ်နေတဲ့ စန်းစန်းထွေးက ပို့ပေးတာ။ ပြတ်တယ်လို့ကို မရှိဘူး။

စကားဝါလိုင်းက ငါ့ရဲ့ အခန်းကျယ်ကြီးထဲမှာ မင်းတို့လည်း လက်ဖက်သုပ်စားရင်းနဲ့ ငါ့ဆုံးမစကားတွေနာခဲ့ရတာ၊အကြိမ်ကြိမ် မဟုတ်လား။ ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ မီးဖိုခန်း၊ ကော်ရစ်တာနဲ့ သပ်ရပ်သန့်ရှင်းတဲ့ လေးခန်းဖွဲ့အခန်းကြီးက တောင်ခြေမှာ ကပ်ဆောက်ထားတဲ့ အခန်းတွေဖြစ်တော့ တောင်ကြားက တိုက်လာတဲ့ fresh air ကလည်း အမြဲရတယ်မို့လား။

တစ်ခါတစ်ရံ ညမှာ ဂန္ထဝင်ချစ်သူများ၊ ခင်ညွန့်ရည်ရဲ့ ဝတ္ထုသီချင်းနဲ့ ကဗျာသီချင်း၊ ရာဇာဝင်းတင့်၊ နီနီဝင်းရွှေ၊ ကိုတင်လှိုင်၊ မြန်မာပြည်သိန်းတန်၊ လွှမ်းမိုး၊ ဆိုင်မော့ဝ် ဘဲချင်းတွေနားထောင်ရင်း ညဉ့်နက်မှ မင်းတို့ အိမ်က ပြန်သွားကြတာမို့လား။ ငါ့သီချင်းတွေ ခဏ ခဏ နားထောင်လွန်းလို့လား မသိဘူး။ မင်းတို့လူငယ်တွေတောင် ဇော်ဝင်းထွဋ်တို့၊ လေးဖြူတို့၊ အငဲတို့ရဲ့ ဟဲဗီးမက်တယ်တွေ မကြိုက်တော့ဘဲ မြန်မာသံစဉ် မိုနိုတွေကို ကြိုက်လာတာ မဟုတ်လား။

ဆိုလိုချင်တာကကွာ၊ ဘော်တွင်းမှာ အိမ်လည်ခေါ်တယ်ဆိုတာ အိမ်လာလည်တဲ့လူရဲ့ မျက်စိထဲမှာ သပ်ရပ်သန့်ရှင်းတဲ့နေရာလေး၊ လှလှ ပြင်ဆင်ထားတဲ့ ဧည့်ခန်းလေးတွေ မြင်တွေ့ရတော့ အိမ်ရှင်အနေနဲ့ မျက်နှာပန်းလှတာပေါ့ကွာ။ လာလည်တဲ့လူကလည်း ချီးမွမ်းစကား မပြော တောင် ကဲ့ရဲ့စကား မပြောတော့ဘူးမို့လား။ အဲဒီတော့ လူ့သဘာဝအရ အိမ်လည်ခေါ်ဖို့ ဝန်မလေးတော့ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခု ရန်ကုန်မြို့ကြီးကိုပြောင်းလာပြီး ရန်ကုန်မြို့ကြီးမှာ နေနိုင်ပါတယ်ဆိုတဲ့ ငါ့ရဲ့ ရန်ကုန်အိမ်ကို အလည်လာချင်တယ်လို့ ပြောပြောနေတဲ့ ဘော်တွင်းကလူတွေကို ငါလည်း အလည်ခေါ်ချင်တာပေါ့ကွာ။

ဒါပေမဲ့ ထွန်းထွန်းဦးနဲ့ ကျော်မင်းဦးတို့ရေ။

အခု ငါနေတဲ့အိမ်ကို မင်းတို့ကို ခေါ်ပြလိုက်ချင်စမ်းတယ်ကွာ။ (အို၊ ဆိုး ဆောရီး၊ မင်းတို့ကို ပြကို မပြရဲပါဘူးကွာ၊ မပြရဲလောက်အောင် ပဲကွာ။)

ပေ ၂၀၊ ပေ ၆၀ ရှိတဲ့ အိမ်တရဲ့တစ်ခြမ်း။ ၁၀ ပေ၊ ၆၀ ပေရှိတဲ့ အခန်းကျဉ်းကျဉ်းလေးကို ငှားနေရတဲ့ အဖြစ်။ အိမ်လို့တောင်ပြောဖို့ ခက်ခက်။ အမိုးက သက်ကယ်၊ အကာက ပျဉ်၊ အခင်းကလဲ ပျဉ်။ ဒါပေမဲ့ ဟိုးနိုင်တီး ဝမ်တီးတုန်းက ဆောက်ထားခဲ့တဲ့ အိမ်လားမပြောတတ်ပါဘူး။ အကာထရံတွေကလဲ ကွာဟလို့၊ ကြမ်းခင်းတွေကလည်း ကျိုးပဲ့လို့။ ကျအောင် ကြမ်းမစူးအောင် ထိန်းလျှောက်ရတာ။ သက်ကယ်အမိုးတွေကလည်း ကြယ်မြင် လမြင် ဂြိုဟ်မြင် အုန်းလက်မြင်။ ဒီကြားထဲ မိုးရွာ ထားရတဲ့ စီးကရက်ဘူးခွံတွေရဲ့ ကာလာစုံနဲ့ ပလတ်စတစ် လက်လက် အိမ်ခေါင်မိုးမှာ မော်ဒန်ပန်းချီဆွဲထားသလားလို့တောင် အောက်မေ့ရတယ်။

အိမ်လို့ကို ပြောလို့မရပါဘူး။ တဲပါကွာ။ တဲတောင်မှ ရိုးရိုးတဲ တ်ဘူး။ တဲစုတ်ပါကွာ။ တို့ဘော်တွင်းမှာနေတုန်းက မိုင်းအလုပ်သမား နေရတဲ့ ၁၀ ပေခန်းလိုင်းတွေကို ကျဉ်းလှချည်ရဲ့၊ ဘားမားကုမ္ပဏီလီမိတက်ကတည်းက ဆောက်ထားတဲ့ ၁၀ ပေခန်းတွေကို နှစ်ထပ်လိုင်း ပြင်ဆောက်ပေးဖို့ သကြိန်မှာ သံချပ်တွေထိုးကြ၊ ဘော်တွင်းရဲ့ နံရံကပ်နို့ ကမ်းစာစောင်တွေမှာ စာတွေ ပေတွေဖွဲ့တာ ဖတ်ရတော့ တော်တော် ဘာပဲလို့ အောက်မေ့ခဲ့တာ။ အခု ငါနေတဲ့ တဲစုတ်ကို ဘယ်မီးပုံမှမလဲကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဘော်တွင်းက ၁၀ ပေခန်းတွေ ဆိုတာက သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ပေမယ့် လုံလုံခြုံခြုံ ရှိတယ်။ မိသားစုများလို့ မနေလောက်ရင် တုံပဲချောင်း ဝါးသွားထမ်းပြီး ဒီစီတီ (မြေပေါ်ဌာန)က ရောင်းပေးတဲ့ ပကာပြားတွေ ဝယ်ပြီး အဖီချဲ့ အခန်းဖွဲ့နေလို့ရတယ်။ ရန်ကုန်မှာ ဝါး ဘယ်ကရမလဲ။ ငါ့သား မောင်ယမုန်ရဲ့ ခြေသလုံးလောက်တုတ်တဲ့ ဝါးတစ်ချောင်း တစ်ရာ တဲ့။ ကဲ ဘယ်လိုလုပ်မလဲ။ ဘယ်နေရာသွားပြီး အဖီချဲ့ရမလဲ။ ပြီးတော့ ဘော်တွင်း ဆယ်ပေခန်းက နေ့ရောညရော လျှပ်စစ်မီး ထိန်ထိန်ညီးလို့။ ဒီကြားထဲ ရန်ကုန်က ပင်လယ်နဲ့နီးလို့လား မသိဘူး မိုး ခဏခဏ ရွာ တယ်။ တို့ဘော်တွင်းလိုပဲ။ ဘော်တွင်းကတော့ တောင်ပေါ်မိုး ပေါ့လေ။ ဘော်တွင်းမှာ မိုးရွာချင်သလောက်ရွာ ဓိမ်ပဲ။ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ မိုးလုံလေလုံဆိုတော့ ဂွမ်းပုံထဲမှာ စာအုပ်တစ်အုပ်နဲ့ နပ်နေတာ နတ်ဘုံပဲ။

အဲ ဒီမှာတော့ စိတ်အပျက်ဆုံးအချိန်ဟာ မိုးရွာတဲ့အချိန်ပဲကွာ။ အိမ်ခန်းထဲမှာ မိုးယိုလို့ ပလတ်စတစ်နဲ့တက်ဖာတုန်း 'အဖေ မီးဖိုထဲမိုးယိုလို့ မီးသွေးတွေ မိုးလဲစိုကုန်ပြီ' လို့ သမီး မစံပယ်က အော်ပြောလို့ မီးဖိုထဲ ပြေးရပြန်ရော။ အဲဒီမှာ ဖာလို့မပြီးသေးဘူး 'အဖေ ဘုရားစင်နားက စာအုပ်တွေပေါ် မိုးတွေရွှဲနေပြီ' လို့ သားလေး မောင်ယမုန်ကပြောတော့ တံစက်မြိတ်မှာ ရေခံနေတဲ့ မိန်းမလည်းမနေသာတော့ဘူး။ မိန်းမတန်နဲ့ တက်ဖာရပြီ။ မိုးလည်းတိတ်ရော လူလဲရွှဲ၊ ခြင်ထောင်စောင်လဲရွှဲ၊ စာအုပ် လဲရွှဲ၊ တစ်အိမ်လုံးရွှဲ။

ညမှာ မိုးရွာရင်တော့ မိသားစုလေးယောက် ထီးလေးတွေဆောင်းပြီး ထကို ထိုင်နေရတာ မင်းတို့ မြင်စမ်းစေချင်တယ်။ ငါဖတ်ဖူးတဲ့ ကြည်အေး ကဗျာတစ်ပုဒ် ပြေးသတိရတယ်။

ညကြီးမင်းကြီး

ထပြီးထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာတွေလဲ
ကြေမွတွန့်လိပ်
သိပ်စိတ်ညစ်တယ် တဲ့။

အင်း ကြည်အေးက ဘာတွေစိတ်ညစ်လို့ ထထိုင်လဲ မသိဘူး၊ မိုးရွာတဲ့ညမှာ ငါလဲ

ညကြီးမင်းကြီး
ထပြီးတိုင်နေ
အိပ်ရာတွေလဲ
ရွှဲရွှဲစိုနစ်
သိပ်စိတ်ညစ်တယ်လို့ အော် အော်ပြီး ဆိုလိုက်ချင်တယ်ကွာ။

ကဲ ဒီလို တဲစုတ်နဲ့ နေနေရတော့ လူကြီးတွေက ဘာမှလည်း ညှင်မညည်းဘဲ ကျိတ်ခံစားနေပေမယ့် ကလေးကတော့ တန်းပြီးရင်ဖွင့်တာပဲ။ ငါ့သား မောင်ယမုန်က ဘာပြောတယ်မှတ်လဲ။ 'ဘော်တွင်းအိမ်ကို ပြန်နေရအောင်ဗျာတဲ့၊ ဒီမှာ မီးလဲမရှိ၊ မိုးလဲမလုံ၊ လေလဲမတိုက်၊ ခြင်တွေကလဲ တအားကိုက်၊ ပြီးတော့ အိမ်သာက နီးနီးလေးနဲ့ ညစ်ပတ်နံစော်နေတာပဲတဲ့' အဲဒီစကားကြားရတော့ ငါတို့လင်မယား ရုတ်တရက် ဘာစကားမှ မပြောနိုင်ကြဘူး။ ဘာမှကို မဟနိုင်တော့ဘူး။ ကလေးစိတ်သက်သာစေမယ့် စကားစလေးတွေကို ရှာကြံမပြောနိုင်ဘူး သိလား။

စနေ တနင်္ဂနွေမှာ အလှူခံတွေက တဖွဲဖွဲလာသေးတယ်။ ငါတို့လဲ ကြိုက်သလောက်တော့ မလောင်းနိုင်ပါဘူး။ ရုံးနဲ့ကျောင်းကရတဲ့ ဝန်ထမ်းဆန်လေးကို ခွဲပြီး လောင်းရတာပေါ့ကွာ။ ဒီဘဝမရှိတာဟာ အရင်ဘဝက မလှူခဲ့လို့လို့ လူတွေပြောတာကြားတော့ ကြောက်တာပေါ့ကွာ။ ဒါကြောင့် နောင်ဘဝ ချမ်းသာအောင် ခုဘဝမှာ တတ်နိုင်သမျှ လှူရတာပေါ့လေ။ အဲဒီလိုတွေးနေတုန်း ကိုယ်တော်ရှင်နှစ်ပါး အလှူခံလာတော့ မစံပယ်က ဆန်လောင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်တွေက 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' ဆုပေးသွားတော့ ငါ့မိန်းမက ဘာပြောတယ်မှတ်လဲ၊ 'ကျန်းမာပါစေဆိုတာတော့ မှန်ပါတယ်၊ ချမ်းသာပါစေလို့တော့ ဆုမပေးပါနဲ့၊ နောက်တစ်ခါဆုပေးရင် ကြမ်းမာပါစေ၊ အမိုးလုံပါစေလို့ ဆုပေးဖို့ပြောရဦးမယ်တဲ့'

ကဲ ကျော်မင်းဦးနဲ့ ထွန်းထွန်းဦးတို့ရေ။

ဒီလို မလှပတဲ့ တဲစုတ်ကလေးနဲ့ နေနေရတဲ့အဖြစ်ကို ဘော်တွင်းက လူတွေကို ဘယ်သူခေါ်ပြချင်မလဲ။ ဘယ်သူက အိမ်လည်ခေါ်ချင်မလဲ။ မင်းတို့လို မိုင် ၆၀၀ ကျော်ဝေးတဲ့ ဘော်တွင်းကလာတဲ့လူတွေ မဆိုထားနဲ့ ရန်ကုန်ထဲမှာရှိနေတဲ့ ကိုထွန်းဝင်းတို့ ကိုစိုးနိုင်တို့ကိုတောင် အိမ်လည်မခေါ်ဘူး။

အဲတော့ ရန်ကုန်ကိုရောက်လာတဲ့ ဘော်တွင်းကလူတွေက အိမ်ကိုလိုက်လည်ချင်တယ်ဆိုတော့ ငါ ဘာလုပ်တုန်းသိလား။ အလည်လာခေါ်ပါ့မယ် မပြန်သေးဘူး မဟုတ်လား၊ အေးအေးဆေးဆေးပေါ့၊ ခင်ဗျားတို့လဲ အလုပ်အားတဲ့နေ့ ကျွန်တော်တို့လည်း အားတဲ့နေ့ အလည်လာခေါ်ပါ့မယ် ဆိုပြီး ဟိုလိုလို ဒီလိုလိုပြောတား၊ ရုံးကန်တင်းမှာတော့ လက်ဖက်ရည်ဖြစ်ဖြစ် အအေးဖြစ်ဖြစ် ဧည့်ခံပြုစုထားလိုက်တာပေါ့ကွာ။

ငါလည်း အစတုန်းက လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့လူတွေကို နားမလည်ဘူးကွ၊ ဒီလူတွေ သက်သက်မဲ့အချိန်ဖြုန်းနေတာပဲလို့ အောက်မေ့နေတာ။ အခု ငါကိုယ်တိုင် ဘော်တွင်းကလူတွေကို လက်ဖက်ရည်ဆိုင်ခေါ်ထိုင်မိတော့မှ သဘောပေါက်တာ။ သြော် ရန်ကုန်မြို့ကြီးရဲ့ လက်ဖက်ရည် ဆိုင်တွေဟာ တစ်ခါတစ်ရံ အိမ်ရဲ့ ဧည့်ခန်းလည်း ဖြစ်သွားတာပါလားလို့။

ပြီးခဲ့တဲ့အပတ်က ရုံးချုပ်က ဟီးနိုး TE-11 နှစ်စင်း ပြင်ဖို့ ဘော်တွင်း မက္ကင်းနစ်အဖွဲ့ ရောက်လာတယ်။ အဖွဲ့ခေါင်းဆောင်က ဘော်တွင်

www.burmeseclassic.com

www.burmeseclassic.com


ဝပ်ရှော့က အကြီးဆုံးအင်ဂျင်နီယာ ကိုခင်မောင်။ ငါနေတဲ့ စကားဝါလိုင်း အုတ်ကန်မှာ ရေကုန်ရင် သူ့ဆီ ဖုန်းဆက်ရတာပေါ့။ သူက ဒရိုင်ဘာ လက်သစ်တစ်ယောက် မောင်းခိုင်းပြီး ရေဘောက်ဆာကားနဲ့ လာ လာ ဖြည့်ပေးတာ။ အခု ရေဖြည့်ပေးခဲ့တဲ့ ဒရိုင်ဘာလက်သင် ကိုထွန်းရွှေ၊ မင်းနိုင်နဲ့ မောင်မျိုးတို့လဲ ပါလာတယ်။ နောက်တစ်ယောက်က လျှပ်စစ်ဌာန က ကိုဝင်းမောင်။ ငါတို့နေတဲ့လိုင်းမှာ လျှပ်စစ်မီးပြတ်ရင် သူ လာ လာထည့် ပေးတာ။ ဓာတ်တိုင်ပေါ်က ဖြူးစ်ပြတ်ရင်လည်း သူကိုယ်တိုင် တက်ထည့် ပေးတာ။

အဲဒီ ငါးယောက်လုံး ငါ့ကို ကူညီခဲ့တဲ့ လူချည်းပဲ။ ဘော်တွင်းမှာ အဓိကကျတဲ့ ရေနဲ့မီးကို ဖြည့်စွမ်းပေးတဲ့လူတွေ။ ငါ့ရဲ့ ကျေးဇူးရှင်တွေလို့ ပြောရင်ရတယ်။ သူတို့လဲငါ့အိမ် အလည်ခေါ်ချင်တာပေါ့ကွာ၊ ဒါပေမယ့် ငါ မခေါ်ဖြစ်လိုက်ဘူး။ သူတို့ပဲအလုပ်များနေလို့ ခေါ်ရမှာ အားနာနေသလို လို၊ ငါကပဲ ရုံးမှာ ဖယ်ဆက်သလို အလုပ်ရှုပ်နေသလိုလိုနဲ့ ပြန်မယ့်ရက် မတိုင်မီ တစ်ရက်အလိုမှ 'ခင်ဗျားတို့ကို အိမ်အလည်ခေါ်မလို့ပဲဗျာ၊ ခင်ဗျားတို့ကလဲ မအား၊ ကျုပ်ကလဲ' ဆိုတဲ့ စကားနဲ့ လီဆယ်လိုက်ရတယ် ကွာ။ ဒါပေမဲ့ ထုံးစံအတိုင်း သူတို့အဖွဲ့ကိုတော့ လက်ဖက်ရည်နဲ့ အအေး နှစ်ကြိမ် ဧည့်ဝတ်ပြုလိုက်ပြီး ရှောင်လွှဲလိုက်ရပြန်တာပေါ့ကွာ။

ဟော အခု မင်းတို့နှစ်ယောက် ရောက်လာပြီ။ ငါနဲ့ ငါ့မိန်းမ အိပ်လို့ကို မရတော့ဘူး။

မိုင်းချုပ်ရုံးကနေ ဆရာ အခက်အခဲဖြစ်နေလို့ ဘော်တွင်းတွဲဖက် အထကကို စာသင်သွားခဲ့ရတဲ့ ဆယ်စုနှစ်နီးပါးကာလအတွင်း ငါ့ရဲ့ တပည့်တွေထဲမှာ မင်းတို့နှစ်ယောက်က ငါ့ရဲ့ တပည့်အရင်းခေါက်ခေါက်။ ကိုးတန်း၊ ဆယ်တန်း ကျောင်းသားဘဝကတည်းက ငါ့အိမ်လာပြီး ဝင်းဖာရှ ကာပေး၊ စာအုပ်စင်ရိုက်ပေး၊ ဘုရားစင်ပြင်ပေး၊ သဘော်ဆေးသုတ်ပေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပေးရုံတင် မဟုတ်ဘူး၊ အလုပ်ထဲရောက်သွားချိန်ထိ အိမ်ကိုလာပြီး ကူညီခဲ့ကြတာ အားနာစရာတောင်ကောင်းတယ်။

ဘော်တွင်း စက်မှုဌာနမှာ မင်းတို့နှစ်ယောက်လုံး ကားမောင်းသမားတွေ ဖြစ်တော့လည်း ငါတို့ မိသားစုအပေါ် တာဝန်ကျေခဲ့တာပဲ။ ဒီစီတီ (မြေပေါ်ဌာန) က ထင်းထုတ်ပြီဆိုရင် ထွန်းထွန်းဦးက သူ့ကားပေါ်တင်ပြီး အိမ်အရောက်ပို့ပေး၊ ကားနောက်မြီးကို လှန်ချပေးတဲ့အထိ။ ဟော ဆန်ထုတ်ပြီဆိုရင်လည်း ကားပေါ်ကနေ အိမ်ပေါ်အရောက် ထမ်းချပေးတဲ့အထိ။

ဘာထူးလဲ၊ ငါတို့နေတဲ့ မင်္ဂလာကွေ့ရပ်ကွက်ကနေ ဟိုး အထက်ကုန်းရတနာမြေ စာသင်ကျောင်းကိုသွားရတဲ့ ငါ့မိန်းမကိုလဲ အသွားအပြန် ကျော်မင်းဦးက ကားကြုံတင်ခေါ်သွားတာ။

ရန်ကုန်ကို ငါက အရင်ပြောင်းလာတော့ ငါ့မိန်းမက ဘော်တွင်းမှာ တစ်နှစ်လောက် ကျန်နေခဲ့ရသေးတယ်။ ငါမရှိတော့တဲ့နောက်ပိုင်း မင်းတို့နှစ်ယောက်က ကိုယ့်ဆရာရဲ့ မိန်းမဆိုပြီး ကားကိစ္စတင်မကဘူး၊ ကျန်တဲ့ လူမှုရေးကိစ္စတွေကို စေတနာအပြည့်နဲ့ကူညီခဲ့တာ ငါ အသိပါ။ တကယ်တော့ မင်းတို့နှစ်ယောက်ဟာ ဘော်တွင်းမှာရှိတဲ့ တပည့်တွေ တာဝန်ကျေတာထက် ပိုပြီး ကျေပွန်ခဲ့သူတွေပါကွာ။

ငါ့မိန်းမ ရန်ကုန်ကို ပြောင်းခွင့်ရလို့ မိသားစုကိုလာခေါ်တုန်းက ကြည့်ပါလား။ ငါ့ပစ္စည်းတွေ၊ သေတ္တာတွေကို မင်းတို့ရဲ့ကားတွေပေါ် မင်းတို့ကိုယ်တိုင်တင်၊ မင်းတို့ကိုယ်တိုင်မောင်း၊ မင်းတို့ကိုယ်တိုင် ကားရထားတွဲလုံထဲအထိ တင်ပို့ပေးခဲ့တာ ငါ ဘယ့်မေ့မလဲကွာ။

အဲဒီတစ်ခေါက် မိသားစုကိုသွားခေါ်ခဲ့တဲ့နောက်ဆုံးတစ်ခေါက်ပေါ့၊ ဘော်တွင်းက လူတိုင်းလိုလိုက ပြောကြတာပေါ့။ ကောင်းတာပေါ့၊ ရန်ကုန်ဆိုတော့ ပိုပြီး တိုးတက်ကြီးပွားချမ်းသာနိုင်တာပေါ့။ ဘော်တွင်းထက်တော့ အစစ အရာရာ သာတာပေါ့လို့ ဝိုင်းပြီး ပြောကြတာပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူတို့ပြောတဲ့စကားနဲ့ မတူတာကတော့ မင်းတို့နှစ်ယောက်ပဲ။ ကေယာ်မင်းဦးပြောတာ ငါ ခုထိ မှတ်မိတယ်။ 'ကောင်းပါတယ်ဆရာ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့၊ ရန်ကုန်မြို့ကြီးကို ဆရာပြောင်းသွားတာ ဆရာ့ကလေးတွေရဲ့ အနာဂတ်ပညာရေး ကောင်းသွားတာပေါ့၊ ဒါပေမဲ့ ဆရာပြောင်းသွားတော့ ကျွန်တော်တို့ဘော်တွင်း ကျားစခန်းက ကျောင်းသားတွေတော့ နာတာပေါ့ဆရာ' တဲ့။

ဟော ထွန်းထွန်းဦးရဲ့စကားက ပိုတောင် မမေ့ချင်စရာဘဲ။ 'ဆရာ အလဲ တွဲဖက်မှာ စာသင်ရင်းနဲ့ အပြင်ဖြေ ၁၀ တန်းတွေ စာပြတာနဲ့ စားလောက်တာပဲ၊ ဣန္ဒြေရရ နေလို့ထိုင်လို့ ရရဲ့သားနဲ့၊ ရန်ကုန်မြို့ကြီး ပြောင်းသွားတာ ဟုတ်ပါရဲ့၊ ဟိုရောက်မှ ဒုက္ခသုက္ခတွေ ရောက်နေမှဖြင့် သချင်တဲ့ကျား တောပြောင်းသလို ဖြစ်နေပါဦးမယ် ဆရာ' တဲ့။

အေး ခုတော့ မင်းတို့နှစ်ယောက်ရဲ့ ဝိရောဓိစကားဟာ ငါ့နားထဲက ဘယ်တော့မှ မထွက်ဘဲ လှောင်နေသလိုလို၊ ရယ်နေသလိုလို။

အဲဒီတုန်းက ရထားထွက်ခါနီးမှာ ငါ့ကိုလိုက်ပို့တဲ့ တပည့်တွေ၊ မိတ်ဆွေတွေကို 'ရန်ကုန်လာလည်ကြနော်၊ ရန်ကုန်ရောက်ရင် ငါတို့ဆီမှာ တည်းကြနော်၊ ရောက်ရင် လာသာလာခဲ့၊ တာဝန်ကျေစေရမယ်' လို့ မိတ်မန္တက ပြုခဲ့တာပေါ့ကွာ။

ငါ့စိတ်ထဲမှာ ချောင်ကျလွန်းလှတဲ့ ဘော်တွင်းမဲဇာကလူတွေ ရန်ကုန်ကို မလာနိုင်ဘူးလို့ထင်ပြီး ပြီးစလွယ်ပြောခဲ့မိတာ။ ဒီလောက်ဝေးတဲ့ နေရာကနေ ရန်ကုန်ရွှေမြို့တော်ကြီးဆီကို ဘယ်သကောင့်သားမှ လာကြမှာ မဟုတ်ဘူးလို့ အောက်မေ့ခဲ့တာ။ ဘော်တွင်း open pit (မြေပေါ်သတ္တု ထုတ်လုပ်ရေး)က ထွက်တဲ့ ဘော်သတ္တုရိုင်းတွေကို သန့်စင်စက်ရုံပို့ရတဲ့ ဘော်ကားတိုက်နေရတဲ့ ဒရိုင်ဘာပေါက်စနဖြစ်တဲ့ မင်းတို့နှစ်ယောက်လဲ ဘယ်တော့မှ ရန်ကုန်မြို့ကြီး ရောက်လာနိုင်မှာ မဟုတ်ဘူးလို့ ယူဆခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



ယော ခုတော့ ကြည့်စမ်း။ ငါထင်တာတွေနဲ့ တက်တက်စင်အောင်ကို လွဲသွားပြီကွာ။ ရုံးချုပ်က TE-11 ထရပ်ကားနှစ်စီး မိုင်းအတွက်ယူပြီး တကယ်ရောက်လာပြီ။

မင်းတို့နှစ်ယောက်ကို အိမ်ခေါ်သင့် မခေါ်သင့် တို့လင်မယား ခေါင်းချင်းဆိုင်ရတာ ခဏ ခဏ။ မင်းတို့ကလဲ ကံဘဲ့ရုံးချုပ်ဆီကို ရောက် မလာသေးဘူး။ ကားလိုင်စင်အတွက် မြင်သာမှာရှိတဲ့ ကညနရုံးကို သွား သွားနေတော့ ငါနဲ့က မတွေ့ရသေးဘူး။ ငါ့မှာ မင်းတို့နဲ့ တွေ့လည်းတွေ့ ချင်တယ်။ တွေ့လဲ မတွေ့ချင်ဘူး။

ဒါပေမယ့် ငါ ကြာကြာ ရှောင်ရှားချိန် မရလိုက်ပါဘူး။ မင်းတို့ ရောက်ပြီး သုံးရက်မြောက်နေ့မှာပဲ ရုံးကန်တင်းမှာ မင်းတို့နှစ်ယောက်နဲ့ ဘွားခနဲတွေ့တာပဲ။ တွေ့တွေ့ချင်း 'ဆရာ၊ ဆရာတို့မချိုတို့နဲ့ တွေ့ချင် နေတာ၊ တွေ့တဲ့လူတိုင်းမေးနေတာ၊ ဆရာတို့ဘယ်မှာနေလဲ၊ ဆရာတို့ဆီ သွားလည်မယ်လို့' ဆိုပြီး မင်းတို့ပါးစပ်က ပစ်လွှတ်တဲ့ စကားလုံး ကျည်ဆန်တွေဟာ ရှောင်ချိန်မရလိုက်ဘဲ ငါ့ရင်ထဲ တဲ့ကိုမှန်တာကွာ။

တခြားလူတွေကို ရှောင်လွှဲလို့ရပေမယ့် မင်းတို့နှစ်ယောက်ကိုတော့ ငါ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး။ အိမ်ကို ခေါ်ကို ခေါ်ရတော့မယ်။ မင်းတို့ကလည်း လိုက်ကို လိုက်ချင်နေတယ်။ ဒါပေမယ့် ငါလဲ တခြား စကားတွေ ဟုန်နေအောင်ပြောပြီးတော့မှ မင်းတို့ စိတ်ကျေနပ်အောင် ပြောခဲ့ရတာ မင်းတို့ မရိပ်မိဘူးနော်။

'အေးကွာ၊ မင်းတို့ကို ငါ့မိန်းမကလည်း သိပ်တွေ့ချင်နေတာ ကောင်းကောင်း ညှိခံကျွေးမွေးချင်နေတာ၊ ဒါပေမဲ့ ကြားရက်မှာတော့ ငါတို့လဲ မအားဘူးကွ၊ မိုးလင်းကနေ မိုးချုပ် လုပ်ရှားနေရတာကွ၊ ဒဲ့ စနေနေ့ကျရင် မင်းတို့နေတဲ့ မော်ထော်လေးရုံးခွဲကို လာခေါ်မယ်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



တို့က တနင်္ဂနွေမှပြန်မှာဆိုတော့ အချိန်ရှိပါသေးတယ်၊ မင်းတို့ အဲဒီနေ့မှာ ဆက်ဆက်စောင့်နေနော်'

လို့ ငါ မင်းတို့ကိုပြောခဲ့တာ မင်းတို့ သိပါတယ်နော်။

တကယ်ပြောတာ။ ငါတို့လင်မယားလည်း မိုးလင်းကနေ ညအိပ်ရာဝင်တဲ့အထိ မနားရဘူးကွာ။ ငါ့မိန်းမ စာသင်ရတဲ့ကျောင်းက မင်္ဂလာဒုံဝါယာလက်ကျောင်း။ မြောက်ဥက္ကလာကနေ အနည်းဆုံး ကားနှစ်ဆင့် တစ်ခါတလေ ကားသုံးဆင့်စီးရတာဆိုတော့ သူတို့သားအမိ ကျောင်းချိန်မီအောင် ငါနဲ့ မစံပယ်က ဝိုင်းလုပ်ပေးရတာ။ မောင်ယမုန်ကလည်း သူ့အမေကျောင်း လိုက်တက်ရတာ။ ခုနစ်နာရီမှာ သူတို့သားအမိ ကျောင်းသွားပြီဆိုမှ ငါတို့သားအဖ ထမင်းကြော်လေးစား၊ နောက်တစ်နေ့ချက်ဖို့ဈေးသွား။ ဟော ကိုးနာရီကျ ငါက ဖယ်ရီအမိပြေးသွား။ မစံပယ်က ၁၁ နာရီခွဲရင် အထက ၁ ကို ခြေလျင်သွားရတာ။ သူများသားသမီးတွေကတော့ ကျောင်းကားနဲ့ သွားကြတာပေါ့။ ကျောင်းကားဖိုး မတတ်နိုင်တော့ ဘော်တွင်း ကျောက်ပြွတ်လမ်းပေါ်တောင်လျှောက်ခဲ့တဲ့ ငါ့သမီး ၁၅ မိနစ်လောက် လျှောက်ရတဲ့ ကတ္တရာလမ်းလောက်တော့ အပျော့ပေါ့။ ကျန်းမာရေးနဲ့တောင်ညီညွတ်သေးလို့ ခြောက်တန်းကျောင်းသူ ငါ့သမီးကို အားပေးရတာပေါ့ကွာ။

ညနေ ငါးနာရီလောက်အိမ်ပြန်ရောက်တာနဲ့ တို့သားအဖ မနားရပါဘူးကွာ။ ထမင်းဟင်း ချက်ရတာပေါ့။ ကျောင်းပြန်မှာ ကျူရှင်ဝင်သင်နေရတဲ့ သူတို့သားအမိကတော့ ခြောက်နာရီလောက်မှ ပြန်ရောက်လာတာ။ ခြောက်နာရီခွဲလောက်မှာ ထမင်းစားပြီးတာနဲ့ မိန်းမက ကိုးလမ်းထိပ်က နှစ်တန်းကလေးဆီ ကျူရှင်သွားသင်။ ခုနစ်နာရီကျတော့ ငါလည်း ကြီးတံတားထိပ်က တိုက်အိမ်သွားပြီး အလယ်တန်းကလေးနှစ်ယောက်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်သွားသင်။ အဲဒီအချိန်မှာ ငါ့သားနဲ့ သမီးကိုတော့ အိမ်စာတွေ လုပ်နော်၊ ဖယောင်းတိုင်မီးဂရုစိုက်နော်လို့ မှာခဲ့ရတာပေါ့။ ဒါပေမဲ့ သူတို့ မောင်နှမ ကျောင်းစာ လုပ် မလုပ် တို့လင်မယားမသိတော့ဘူး။ ရှစ်နာရီခွဲ ငါ့မိန်းမ ပြန်ရောက်တဲ့အချိန်မှာ သူတို့အိပ်ပျော်နေပြီကွာ။

အဲ၊ ငါကတော့ ကိုးနာရီခွဲလောက်မှ ပြန်ရောက်တာ။ အဲဒီချိန်မှာ မိန်းမနဲ့ ကလေးတွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေါ့။ ငါလဲရောက်တာနဲ့ အိပ်ရာထဲ ဘုန်းခနဲ ပစ်လှဲချလိုက်တော့တာ။ မအိပ်လို့လဲမရတော့ဘူး။ လူတွေလည်း စက်ရုပ်တွေလိုပဲ နားမှ မနားရဘဲ။ non stop ပါပဲကွာ။

ဘယ်ချိန်မှာ နားရလည်းဆိုတော့ ရုံးတက်ရုံးဆင်း ဖယ်ရီစီးရတဲ့ အချိန်၊ နောက်တစ်ခါ ကျူရှင်ကိုသွားတဲ့အချိန်နဲ့ ပြန်လာတဲ့အချိန်။ အိမ်ကနေ ဆယ်မိနစ်ခန့် လျှောက်သွားရတဲ့ အသွားအပြန် လမ်းလျှောက် ရတဲ့ အချိန်လေးမှာပဲ နားရတာပေါ့ကွာ။

ငါ စာသွားသင်တဲ့ သုနန္ဒာလမ်းမကြီးရဲ့ ညာဘက်ခြမ်းမှာ ဟိန်းနေ အောင် ဆောက်ထားတဲ့ VIP တွေရဲ့ တိုက်ကြီးတိုက်ငယ် အသွယ်သွယ် တွေကိုကြည့်ပြီး အားတွေကျလို့။ ကာလဈေး အနည်းဆုံး သိန်းအစိတ် ကနေ သိန်းရာကျော်လောက်ရှိမယ်။ တိုက်ရဲ့ဆင်ဝင်အောက်မှာ ဒိုင်နာ၊ ဒတ်ဆန်းနဲ့ taxi ကားတွေလည်း တန်းစီလို့။ ဩော် သူများသားသမီး တွေများ ကုသိုလ်ကံကောင်းလိုက်ကြတာ။ ဘယ်ကများ ပိုက်ဆံတွေရ ပါလိမ့်။ အင်း တို့များကျတော့လည်း။ တို့လည်း အဲဒီလိုတိုက်ကြီးကြီးနဲ့ နေချင်စမ်းပါဘိ။

အဲဒီ သုနန္ဒာလမ်းမဘေးမှာပဲ ဘုရားဖြူလေး တစ်ဆူရှိတယ်ကွ။ စာသင်သွားရင်းနဲ့ အမြဲတမ်း ဘုရားဝင်ဖူးဖြစ်တယ်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ရှိခိုးဦးချပြီးပြီဆိုရင် ငါ ဘာလုပ်လဲသိလား။

www.burmeseclassic.com

www.burmeseclassic.com


'အရှင်ဘုရား များပြားပိုလျှံတဲ့ ငွေတွေရရှိပြီး လှပသပ်ရပ်တဲ့ ကိုယ်ပိုင်တိုက်အိမ်ကြီးတစ်လုံးပေါ်မှာ (အဲဒီနေရာရောက်ပြီဆိုရင် ငါ့မျက်စိထဲမှာ ငါ စာသင်သွားသွားနေတဲ့ အာစီတိုက်လေးကို ဖျတ်ခနဲ ပြေးမြင်မိတယ်၊ လှလှပပ သပ်သပ်ရပ်ရပ်နဲ့ နေချင့်စဖွယ် နှစ်ထပ်အိမ်ကလေးပါ။ ပြီးတော့ အောက်ထပ်မှာ အပေါ်စက်အောက်စက်နဲ့ သားလေးမောင်ယမုန်က တီဗွီဂိန်းကစားလို့၊ မစံပယ်က အိမ်ရှေ့ပန်းဒန်းပေါ်မှာ ချောကလက်စားရင်း ဒန်းစီးလို့၊ မိန်းမက အပေါ်ထပ်လသာဆောင် လက်ရန်းဘောင်ပေါ်လက်ထောက်ရင်း ဖိုးလမင်းကို မော့ကြည့်နေတဲ့ ရုပ်ပုံလွှာကို မြင်မိစေတယ်။) ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ မိသားစုတစ်တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ နေရပါလို၏ အရှင်ဘုရား' လို့ ဆုတောင်းမိတယ်ကွာ။

ဒါပေမဲ့ကွာ ရုံးမှာလုပ်နေတဲ့ ဘွဲ့ရ ဘီစီဌာနခွဲစာရေးကြီးရဲ့ဝင်ငွေနဲ့ ဘွဲ့ရ ပီအေတီ ဆရာမတစ်ယောက်ရဲ့ ဝင်ငွေလေးနဲ့ ဘယ်လိုလုပ်ပြီး တိုက်ကြီးနဲ့နေနိုင်မှာတုန်း။ ဟိုးအင်္ဂလိပ်ခေတ်တုန်းကတော့ တို့လို စာရေးစာချိကို ကော်လံဖြူလူတန်းစားလို့ သမုတ်ခဲ့တာပေါ့ကွာ။ အခုတော့ တို့ရုံးစာရေးတွေမှာ အင်္ကျီထည်လဲများများမရှိလို့ ရှိတဲ့အင်္ကျီလေး ခဏခဏ ဘာရပ်ရှ်နဲ့တိုက်ရလွန်းလို့ အင်္ကျီကော်လံတွေ စုတ်နေလို့ပေါ့။ ဒါကြောင့် ကော်လံစုတ် လူတန်းစားလို့ပဲခေါ်ဖို့ ကောင်းနေပြီ။

အခုကွာ ငါတို့လင်မယားလစာနဲ့ ကျူရှင်ဝင်ငွေပေါင်းရင် သောင်းချီထောင်နီးနီးရတယ်။ 'ဟာ အများကြီးပဲ'လို့ အံ့အံ့သြသြနဲ့ မင်းတို့က ပြောကြလိမ့်မယ်။ ဟုတ်တယ်၊ ဘော်တွင်းမှာဆိုရင်တော့ နည်းနည်းပါးပါး စုမိမှာပဲ။ ဘော်တွင်းမှာက အိမ် အလကား၊ ရေ အလကား၊ မီး အလကားမို့လား၊ ဒါတော့ မင်းတို့သိအောင်ပြောမယ်၊ အခု ငါနေတဲ့ တဲစုတ်ကလေးကို အိမ်ငှားခတစ်လထောင့်ငါးရာ၊ ဒါတောင် စဘော်က သုံးသောင်း တင်ထားရသေးတာနော်။

www.burmeseclassic.com

www.burmeseclassic.com



(အဲဒါ ငါ့ငွေ မဟုတ်ဘူး၊ အစ်ကိုက စဘော်တင်ပေးထားတာ။) ပြီးတော့ မီးသွေးတစ်ပိသာ ၆၀၊ ဖယောင်းတိုင်တစ်ထုပ်က ၄၂ ကျပ်၊ ရေတစ်စည်က ၂၅ ကျပ်။ အစက ရေရဲ့ အခိပ္ပာယ်ကိုနားမလည်ခဲ့ဘူး။ ဟိုက်ဒရိုဂျင်နှစ်ဆနဲ့ အောက်စီဂျင်တစ်ဆပေါင်းတာကို ရေလို့ အထက်တန်းမှာ သင်ခဲ့ရတာ။ ခုကျတော့ မိသားစုရေချိုးပြီဆိုရင် တစ်ခွက်၊ နှစ်ခွက်၊ သုံးခွက်၊ လေးခွက်၊ ငါးခွက်ဆိုရင် ဟိုး ရပ်ထား၊ ဆပ်ပြာတိုက်၊ ပြီးရင် ငါးခွက်ချိုး။ ရေဆိုမှ တကယ့်ရေ။ ရေတွက်ပြီးမှ ချိုးရတာကိုးကွ။ ဝအောင်တောင် မချိုးရဘူး။ ရန်ကုန်ရောက်မှပဲ ရေရဲ့အဓိပ္ပာယ်ကို ပိုသဘောပေါက်တော့တာ။

ပြီးတော့ ဟင်းဖိုးက တစ်နေ့ တစ်နေ့ မကုန်ပါဘူးဆို အနည်းဆုံး ၂၅၀ ကျပ်။ ဒါတောင် ခမ်ညှံ့ညှံ့ဟင်းပဲ ဝယ်စားနိုင်တာနော်။ ဒီကြားထဲ မီးကင်းကြေးတဲ့၊ လမ်းကြေးတဲ့၊ နာရေးထောက်ပံ့ကြေးတဲ့။ အို အစုံပါပဲ။ ဒါတင်လားတဲ့။ ဘယ် မိန်းမနဲ့ကလေးအတွက် လမ်းစရိတ်နဲ့ မုန့်ဖိုး မင်းတို့က ကူပွန်မပေးဘူးလားလို့ စောဒကတက်လိမ့်မယ်။ စပယ်ရာက လည်း ကူပွန်ပေးရင် မျက်စောင်းတခဲခဲ။ ဒီတော့ ဘာလုပ်တယ်များထင်လဲ။ တစ်တန်းကလေးအတွက် ကားခတဲ့။ ကဲ ကောင်းကြသေးရဲ့လား။ ဟို သမီးမစပယ်က တစ်နေ့ မုန့်ဖိုးတစ်ဆယ်။ ဒီပိုက်ဆံကို ငါက ချွေတာပေးရ တာကို သမီးက ဘာပြောတယ်မှတ်လဲ။ ကျောင်းမှာ တစ်ဆယ်တန်ဆိုလို့ ခပ်ညှံ့ညှံ့ ဆီးထုပ်ပဲရတာ။ သူများတွေဆို ဗီဗီဘူးတွေ၊ ဝမ်းဒါးကိတ်တွေ ယူလာကြတာတဲ့။ ငါလည်း မကြားဟန်ဆောင်နေရတာပေါ့ကွာ။ ဒါ့အပြင် အပတ်စဉ်ကြေးတဲ့၊ ပေါင်ချိန်ဖို့တဲ့၊ သွေးစစ်ဖို့တဲ့၊ ကျောင်းသားကတ်လုပ်ဖို့တဲ့ ဂုဏ်ထူးရကျောင်းသားတွေ ဆုချဖို့ ကျောင်းသားတစ်ယောက် အနည်းဆုံး ၁၀၀ ကျပ်တဲ့။ ဖွီး ကုန်ကျစရိတ်တွေ၊ ကုန်ကျစရိတ်တွေ။ တစ်ပြရင် နှလုံးရောဂါမကဘူး၊ သုံးလုံးရောဂါ ရလောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပေါ့ကွာ ကုလားခပ်တဲ့ရေ ကုလားဖင်ဆေးတာနဲ့ ကုန်တာပါပဲကွာ။ ဒီတော့ တိုက်နဲ့နေရပါလို့ဆိုတော့ ဆုတောင်းတယ်ဆိုတာ တဒင်္ဂ ထွက်ပေါက်ပေးတဲ့သဘောပါပဲကွာ။ တိုက်နဲ့မပြောနဲ့ တစ်လနဲ့တစ်လ အလျင်မမီအောင် မနည်းသုံးစွဲနေရတာပါကွာ။ ဒီတဲစုတ်ကလေးထဲမှာနေပြီး မီးလင်းက မိုးချုပ် ကြွက်များအစာရှာသလို ခေါင်းမူးအောင်ရှာဖွေနေရတာ အမှန်ပဲကွာ။ ကြားရက်မှာ မအားဘူးဆိုတာ တကယ်ပြောတာပါ။

ဒါကြောင့် စနေ တနင်္ဂနွေနေ့မှာပဲ နားရတာ။ ဒါတောင် ဝန်ထမ်းဆိုတော့ ဆန်ကွဲထုတ်ရ၊ စပါးလုံးကောက်ရ၊ လျှော်ရဖွပ်ရ၊ မီးကြွေတိုက်ရ၊ အလေးတွေစာသင်ပေးရနဲ့ မနားရပါဘူးကွာ။ ဒါကြောင့်လည်း ဒီစနေမှ မင်းတို့ကို အိမ်လည်ခေါ်မယ်လို့ ငါ ပြောခဲ့တာပေါ့ကွာ။

ဒါပေမဲ့ နက်ဖြန် စနေရောက်မယ့်နေ့ သောကြာညမှာ တို့လင်မယား အိပ်မပျော်တော့ဘူး။ မင်းတို့နှစ်ယောက်ကို အိမ်လည်ခေါ်ရေး၊ မခေါ်ရေး ဆွေးနွေးရတာ ကမ္ဘာ့အရေးထက် ပိုပြီး ကြီးကျယ်နေတယ်။ လာခေါ်မယ်လို့ ပါးစပ်နဲ့ ပြောခဲ့ပြီးပြီ။ဒါပေမဲ့ တကယ်သွားခေါ်ရမယ်ဆိုတော့။

'အိမ်ကိုခေါ်လိုက်တာနဲ့ ကိုယ့်အထုပ်ကို ဖြေပြလိုက်သလိုဖြစ်မှာ သေချာတယ်၊ ဘော်တွင်းပြန်ရောက်ရင် သူတို့ကို မေးမှာပဲ၊ ဘယ်လိုနေတုန်း၊ ဘာအိမ်နဲ့နေတုန်း၊ သူတို့က ဖုံးဖုံးဖိဖိနဲ့ပြောတယ်ဆိုဦး အခြေအနေမှန်ကို ရိပ်စားမိကြမှာပဲ၊ အဲဒီအခါကျရင် ရန်ကုန်မြို့ကြီးကို အထင်ကြီးပြီး ပြောင်းချင်ဦးလေ၊ ဘော်တွင်းမဲဇာကို အထင်သေးတဲ့လူတွေ၊ ခုတော့ ဘယ့်နှယ်ရှိစလို့ တချို့က အမနာပပြောမှာကြားယောင်သေးတယ်၊ ဒီတော့ အိမ်လည်မခေါ်တာ ပိုကောင်းမယ်'

လို့ ငါ့မိန်းမကတော့ မိန်းမတွေးနဲ့ ပြောတာပေါ့ကွာ၊ ငါကျတော့ အဲလို မတွေးဘူး။ မင်းတို့ကို အိမ်လည်ခေါ်လိုက်ရင် မင်းတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက် စိတ်မကောင်းဖြစ်သွားမှာ။ ဘော်တွင်းပြန်ရောက်တဲ့အထိ စိတ်မကောင်းဖြစ်မှာ။ ငါ့အိမ်ကို ရောက်သွားတယ်ဆိုပါတော့၊ ဘော်တွင်း ပြန်ရောက်တာနဲ့။

'ငါတို့ စိတ်ကိုမကောင်းဘူး သိလား၊ အိမ်ခန်းလေးက တကယ့်ကို ကျဉ်းကျဉ်းလေး၊ ဆရာတို့အိပ်တဲ့ အခန်းလေးတစ်ခန်း၊ ဘုရားစင်ရှိတဲ့ အခန်း၊ ပြီးတော့ ဝရန်တာကျဉ်းကျဉ်းလေး၊ အဲဒီနေရာမှာပဲ ကလေးတွေ စာကြည့်တယ်ထင်ပါရဲ့ဟာ၊ စားပွဲခုံတစ်ခြမ်းပဲ့ဘေးမှာ ဘော်တွင်းကသယ် သွားတဲ့ စာအုပ်သေတ္တာတွေနဲ့ ပစ္စည်းတွေထည့်ထားတဲ့ သေတ္တာတွေက ဒီအတိုင်း၊ အထဲမှာလည်း ထားစရာနေရာမရှိဘူး၊ သံသေတ္တာတွေနဲ့ ကျောင်းစာအုပ်တွေက ခြေရင်းခေါင်းရင်းမှာ 'ဆရာဖိုးကျော် ရန်ကုန်' လို့ ငါတို့ရေးပေးလိုက်တဲ့ သဘော်ဆေးအဖြူတွေက သေတ္တာဘေးမှာ ဒီအတိုင်းပဲ၊ ငါတို့နှစ်ယောက်ကို ရယ်စရာတွေပြောနေတဲ့ ဆရာလေသံ တွေကလဲ ဘော်တွင်းစာသင်ခန်းထဲမှာ ပြောသလိုမဟုတ်ဘူး၊ သူ့အခြေအနေ မှန်တွေကို ဘာမှမဖြစ်သလို ဖုံးကွယ်ပြီးပြောနေတဲ့ ဆရာ့လေသံတွေလဲ ငါတို့ မရယ်နိုင်ခဲ့ပါဘူးဟာ၊ တကယ် ဆရာ့အိမ်သွားခဲ့မိတာ လုံးဝ စိတ် မကောင်းဘူးဟာ၊ ဒီစကားတွေကို နင်တို့ တခြားဘယ်သူ့မှ မပြောကြ ပါနဲ့ဟာ' လို့ သီတာဦးတို့၊ စန်းစန်းထွေးတို့၊ တင့်တင့်အေးတို့၊ မြင့်မြင့် သိန်းတို့၊ အောင်သူရတို့၊ မြင့်အောင်တို့ကိုပြောမှာ သေချာတယ်။

တကယ်တော့ ငါ့တပည့်တွေ စိတ်မချမ်းမသာဖြစ်မှာကို တွေးမိပြီး မင်းတို့ကို အိမ်လည်မခေါ်ဖို့ ဆုံးဖြတ်လိုက်တာပါ။ ငါ့အိမ်ကို ရောက်မှသွား တော့၊ မင်းတို့ စိတ်မျက်စိထဲမှာ ငါနေတဲ့ အိမ်ကို ပျဉ်ထောင်ပျဉ်ကာ သွပ်မိုးနဲ့ နှစ်ထပ်အိမ်လေးလို့လည်း မြင်ယောင်နိုင်တယ်။ ပေ ၄၀၊ ပေ ၆၀ အပြည့်ဆောက်ထားတဲ့ အိမ်ကျယ်ကြီးလို့လည်း မြင်ယောင်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နွားပိန်ကို အသားထိုးကြည့်သလို ဖြည့်စွက်မြင်နိုင်တာပေါ့ကွာ။ ဘော်တွင်းက လူတွေကိုလည်း ပြောလို့ရတာပေါ့။ ငါတို့ဆရာ ဦးဖိုးကျော်က ရန်ကုန်မြို့တော်ကြီးမှာ နေတာလေလို့။

အခုတော့ ကိုထွန်းဝင်းကပြောတော့ ငါ ဘယ်လိုမှ စိတ်မကောင်းနိုင်တော့ဘူး။ အဲဒီနေ့က မင်းတို့နှစ်ယောက် ငါတို့လင်မယားကို တမျှော်မျှော် ဖြစ်နေမယ်ဆိုတာ ယုံတယ်။ ငါ့ရဲ့စကားတွေနဲ့ ငါ့ရဲ့ ဆုံးမစကားတွေကို (ဟိုးအရင် ဘော်တွင်းတုန်းကလိုပဲ) နားထောင်ချင်မှာ အမှန်ပဲဆိုတာ ယုံတယ်။

တကယ်ဆိုရင် မင်းတို့ကို ငါ အိမ်အလည်ခေါ်သင့်တယ်။ ဘယ်လို ဘဝမျိုးဖြစ်နေပစေ အမှန်ကို ဖုံးကွယ်မထားဘဲငါ ခေါ်သင့်တယ်။ ခုတော့ ငါ လုံးဝ စိတ်မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ မင်း တို့ကို ဘယ်တုန်းကမှ မညာခဲ့ဘူး။ စာသင်ခဲ့စဉ်ကလည်း မှန်တာလုပ်၊ ဟုတ်တာ ပြော၊ ဘယ်သူ့ကိုမှ မုသားမပြောရဘူးလို့ ဆုံးမခဲ့တဲ့ မင်းတို့ဆရာ။ အခုတော့ မင်းတို့ရဲ့ဆရာဆိုတဲ့ ငါဟာ မင်းတို့ကို ညာမိပြီ။ လိမ်မိပြီ။ ကတိချိုးခဲ့ပြီ။ စဉ်းစားတိုင်း စဉ်းစားတိုင်း စိတ်မကောင်းဖြစ်ရတာ အခါခါပါ။

မုသားမပြောခဲ့တဲ့လူတစ်ယောက်ကို မုသာဝါဒကံ လုံးလုံးချိုးဖောက်အောင် ဘယ်သူကများ တွန်းပို့ပေးပါလိမ့်။ ငါ စဉ်းစားလို့မရဘူးကွာ။

ဘော်တွင်းမှာ ညည မင်းတို့ ကျောင်းသားတွေရဲ့ စာစီစာကုံးစစ်နေရင်း၊ အင်္ဂလိပ်စာလေ့ကျင့်ခန်းတွေ စစ်နေရင်း တိုးတိုးလေဖွင့်နားထောင်ခဲ့တဲ့ သီချင်းလေးကို သတိရမိတယ်ကွာ။ အလွမ်းသီချင်းရေးတဲ့ မောင်ကျော်ဆော ရေးဖွဲ့ပြီး ခင်ညွန့်ရည်သီဆိုထားတဲ့ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း သီချင်း။ ဂန္ထဝင်ဝတ္ထုတွေကို သီချင်းအဖြစ် သီကုံးရေးဖွဲ့ပြီး သီဆိုထားတဲ့ သီချင်းခွေထဲက သီချင်းတစ်ပုဒ်ပါ။ ငါ အင်မတန်ကြိုက်တယ်။ ခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com



ရည် အသံကလည်းကောင်း၊ ဝတ္ထုရဲ့ ရည်ရွယ်ချက်ရောက်အောင် သီကုံးရေးဖွဲ့နိုင်တဲ့ မောင်ကျော်ဓောကလည်းကောင်း၊ မောင်သာရရဲ့ ဝတ္ထုကလည်းကောင်း။

ဒီဝတ္ထုက ဟိုးလွန်ခဲ့တဲ့ နှစ် ၃၀ ကျော်က ရေးဖွဲ့ခဲ့တာ။ ခုချိန်ထိ ခေတ်မီတုန်း။ ပို့စ်မော်ဒန်ဖြစ်တဲ့ သရုပ်မှန်ဝတ္ထုလို့တောင်ပြောရင် ရတယ်။ လူ့သဘော လူ့မနောတွေကို ဖော်ကျူးထားတဲ့ ဝတ္ထု။ ခေတ်သဘော၊ ခေတ်အကြော၊ ခေတ်အမောတွေကို ပီပြင်အောင် ဖွဲ့ဆိုထားတဲ့ ဝတ္ထု။ ခေတ်ကို မီးမောင်းထိုးထားတဲ့ ဝတ္ထု။ ငါ့စိတ်ထဲမှုန်းကျပ်တဲ့အခါတိုင်း အဲဒီသီချင်းလေး ရွတ်မိတာပေါ့။

...... အမှန်က မှားတဲ့ခေတ်..... အခါးက ချိုတဲ့ခေတ်...ဟင်...... ဘူးတောင်းနှစ်လို့ ဖောင်ခြမ်းပေါ်တဲ့ခေတ်...... အဲဒီတော့ ဘာဖြစ် ......

ဟုတ်တယ်။ အဲဒီသီချင်းထဲကလိုပဲ ငါလဲ ခေတ်ရေစီးထဲမှာ ဒလိမ့်ကောက်ကွေး မျောပါသွားလေပြီလား။ အမှားတွေများနေတဲ့ ခေတ်ကြီးထဲမှာ မင်းတို့ဆရာတစ်ယောက် အမှားတွေနည်းနိုင်သမျှ နည်းအောင် မနည်းကြိုးစားနေတဲ့လူပါ။ ကျယ်ပြောလွန်းလှတဲ့ ရန်ကုန်သမုဒ်ပြင်ထဲမှာ နစ်မသွားအောင် တပြောင်းပြန်ပြန်ကူးခတ်နေရတဲ့လူပါ။ မိသားစုလေး လုံလုံခြုံခြုံနဲ့ နေနိုင်တဲ့ဘဝရောက်အောင် မနည်းကြိုးစားနေတဲ့လူပါ။ ခေတ်ကျပ်ကြီးထဲမှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့နေနိုင်တဲ့ဘဝမျိုး ဖြစ်ဖို့ဆိုတာ တော်တော်တော့ မလွယ်တဲ့ ကိစ္စပဲကွာ။

ဒါပေမဲ့ တစ်နေ့နေ့တော့ အိမ်နဲ့ယာနဲ့ နေနိုင်တဲ့ဘဝမျိုး ရောက်ရမှာပါ။ အဲဒီအခါကျရင် မင်းတို့ကို ရန်ကုန်ကို အလည်ခေါ်မယ်။ ဘော်တွင်းကလူ ဘယ်သူလာလာ မော်ထော်လေးရှုံးခွဲမှာ ကောင်းရဲ့ ဖယောင်းပုဆိုးအပြည့်ခင်းထားတဲ့ ငါ့ရဲ့ ဧည့်ခန်းကျယ်ကြီးထဲမှာ ကျကျနန

www.burmeseclassic.com



ညှိခံမယ်။ ဘော်တွင်းမှာ မစားဖူးတဲ့ ငါးအမျိုးမျိုးကို ချက်ကျွေးမယ်။ တန်ခိုးကြီးဘုရားတွေကို လိုက်ပို့ပေးမယ်။ အဲဒီအခါကျရင် တစ်ချိန်က အိမ်အလည်မခေါ်ဖြစ်တဲ့ အကြောင်းတွေကို စားမြုံ့ပြန်ကြတာပေါ့ကွာ။

'ဆရာ အိမ်ကြီးရှိခိုင်နဲ့ ဘယ်တော့နေရမှာလဲလို့တော့ မမေးနဲ့ကွာ' အခုတော့...။

ဆင်တဲဝမြတ်မင်း

www.burmeseclassic.com

www.burmeseclassic.com

## ထမင်းရည်ကို အတူပင်လျက်ရစေတော့

'ဖေဖေကြီး သမီးပါလိုက်မယ်'

'သမီးကလဲကွာ၊ နောက်တစ်ခေါက်ကျမှ လိုက်ရမယ်နော်'

'ဟင့်အင်း ဟင့်အင်း၊ မရဘူး၊ ခုလိုက်မယ် ခုလိုက်မယ်'

'နောက်တစ်ခေါက်မှ လိုက်ပါကွာနော်၊ ဖေဖေ့သမီးက လိမ္မာ ပါတယ်၊ ရော့ ရော့ ပိုက်ဆံငါးကျပ်ယူထား၊ မုန့်ဝယ်စားနော် သမီး'

'မလိုချင်ဘူး၊ သမီး ခုလိုက်မှာပဲ၊ မမတို့ကို အောက်မေ့တယ်၊ ခုလိုက်မယ်'

'မလိုက်ရဘူးဆိုတာ နားမလည်ဘူးလား၊ တယ်လေ ငါ ရိုက်လိုက်ရ'

'အီး အီး ဖေဖေ့ကို မချစ်တော့ဘူး၊ ဖေဖေ့ကို မုန်းတယ်၊ ကြီးကြီး ရေ ဖေဖေက သမီးကို ရိုက်မလို့တဲ့'

ရွာဝတီမြစ် တစ်ဘက်ကမ်းကိုဖြတ်ကူးမည့် ပဲ့ချိတ်မော်တော် ကလေး ထွက်တော့မည်။ ပထမတော့ ကျွန်တော်တို့သားအဖ အချီအချ ပြောနေကြသည်ကို စောင့်ကြည့်နေကြသေးသည်။ သမီးငယ်ကလည်း ခေါင်းမာသည်။ တော်တော်နှင့် ချော့၍မရ။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့လူ၊ ခရီးသည်တွေကိုအားနာဦးဗျ၊ ဈေးအမိကူးရမှာ ခင်ဗျား အတွက်နဲ့ နောက်ကျနေမယ်'

'လာပါပြီဗျာ၊ ခဏလေးနော် ခဏလေး'

သမီးကို ရိုက်မောင်းပုတ်မောင်းလုပ်၍ မရိုးဖြစ်သူလက်ထဲသို့ အတင်းထိုးထည့်ပေးလိုက်ရသည်။ သမီးငယ်ကား ရှိုက်ကြီးတငင် ငိုလျက် ဘပင် မရိုးလက်ထဲမှ အတင်းခုန်ဆင်းနေသည်။ မရိုးကလည်း အတင်းချုပ် ထားရင်း

'ကဲ ကဲ နင်သွားတော့၊ နင် ရှိနေရင် ပိုဆိုးနေလိမ့်မယ်'

သမီးငယ်ကို သမင်လည်ပြန်ကြည့်ရင်း မော်တော်ပေါ်သို့ ကသော ကမျော တက်ခဲ့ရပါသည်။ ရင်ထဲတွင်မူ ဘလောင်ဆူအောင်နာကျင်လျက်။

သည်လိုအဖြစ်မျိုးကို တစ်လလျှင်တစ်ကြိမ်ခန့် ကျွန်တော် အမြဲကြုံရ သည်။ ကြုံရလေတိုင်းလည်း ရင်ထဲတွင် နှလုံးသည်းပွတ် ကြွေကျမတတ် နာကျင်ခံစားရသည်။ သမီးငယ်ကို ကမ်းပါးပေါ်တွင်ထားရစ်ခဲ့ရပြီး ရွာသို့ ပြန်ခဲ့ရလေတိုင်း ရင်ပလာနှင့် လစ်ဟာနေသလိုပင်။ သည်ဒဏ်ကို ကျွန်တော်အဘယ်မျှ ကြံ့ကြံ့ခံနိုင်လေမည်နည်း။ ဘယ်တော့များမှ သမီးငယ် ကို အတူခေါ်ထားနိုင်ပါမည်နည်း။ ဘယ်တော့များမှ ကျွန်တော့် ရင်ခွင်တွင် နွေးထွေးစွာ ပွေ့ပိုက်ထားနိုင်ပါမည်နည်း။ တွေးကြည့်လေ ရင်နာလေပင်။ နောက်တစ်ခေါက်မှ ခေါ်မည်၊ နောက်တစ်ခေါက်မှ ခေါ်မည်နှင့် ညာခဲ့ရ သည့် အကြိမ်ပေါင်းလည်း မနည်းတော့ပြီ။ မည်သည့်ကာလအတိုင်းအတာ ထိ ဆက်ညာနေရဦးမည် မသိတော့။ ကျွန်တော်ကဲ့သို့သော လူကြီး ဦး၏ နှလုံးသားတွင်ပင် ဤမျှ ထိခိုက်ခံစားရလျှင် ငယ်ရွယ်နုနယ်လွန်း သော သမီးငယ်၏ နှလုံးသားတွင် မည်သို့ရှိချိမ့်မည်နည်း။ ပြောမပြရာ အောင် ထိခိုက်ခံစားနေရပေလိမ့်မည်။ ကျွန်တော် ဆက်မတွေးရဲတော့။ ပြန်ရောက်သော် ဇနီးသည်က ဆီးကြို၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကို ဒီတစ်ခေါက် နယ်ကပြန်လာတာ ကြည်ကြည်လင်လင်မရှိဘူး၊ ဘာလဲ နေမကောင်းလို့လား'

သောက်ရေခွက်ကို ကမ်းလင့်ရင်း နဖူးကိုပါ စမ်းသည်။

'မဟုတ်ပါဘူးကွာ၊ ကောင်းပါတယ်'

ခနီးက သက်ပြင်းရှည်တစ်ချက်ကို လေးပင်စွာချလိုက်ရင်း

'ဟင်း၊ ကို သမီးငယ်ဆီကို ဝင်ခဲ့တယ်မဟုတ်လားဟင်'

သမီးငယ်ဆီက ပြန်ခဲ့လေတိုင်း ကျွန်တော်၏ရင်တို့ ဘောင်ဘင်ခတ်ကာ မကြည်မလင်ဖြစ်လေ့ရှိသည်ကို သူမ သိနေပြီးဖြစ်သည်။ ထို့ကြောင့် ဤသို့မေးခြင်း ဖြစ်သည်။

'ဖေဖေကြီး ပြန်လာပြီ၊ မောင်လေးရေ ဖေဖေလာပြီဟေ့'

ပု စု ခ ရု အစီအရီ ဝိုင်းဝန်းဖက်တွယ်လာကြသည်။ သမီးအကြီးမက တင်ပျဉ်ခွေပေါ် တက်ထိုင်သည်။ အငယ်ကောင်က လည်ပင်းကိုဖက်၍ ရီးလေးခိုသည်။ သမီးငယ်ကို ဖျတ်ခနဲမြင်ယောင်လိုက်မိသည်။ ကျလုလု မျက်ရည်ကို မျက်တောင်ပုတ်ခတ် ဖယ်ထုတ်လိုက်ရသည်။ သမီးကြီးနှင့် သားငယ်တို့၏ တွယ်တာဖွယ် အပြုအမူကလေးများကို ကြည်နူးခြင်း မဖြစ်မိသည့်အပြင် စိတ်ပင်ရှုပ်လာသေးတော့သည်။ မချစ်၍ကား မဟုတ်၊ အသည်းပေါက်မတတ် ချစ်ပါသည်။ သို့သော် အဖော်ကွဲအားငယ်နေရှာသော သမီးငယ်ကော သမီးကြီးနှင့် သားငယ်တို့ကဲ့သို့ ရွှေလည်တွဲချင်ရှာလေ လိမ့်မည်ဟူသော အတွေးကြောင့် စိတ်ရှုပ်မိခြင်းဖြစ်ပါသည်။

'ကဲ ကဲ သမီးနဲ့ သားတို့ ဖေဖေကြီး မောလာတယ်၊ ခဏနားပါစေဦး ရော့ ရော့ ပိုက်ဆံငါးကျပ်၊ မုန့်သွားဝယ်စားချေ'

ခနီးသည်က နှင်ထုတ်တော့

'ဖေဖေကြီး မွှေးမွှေးပေး'

www.burmeseclassic.com

www.burmeseclassic.com



'သားသားကိုလဲ မွေးလေ'

ပါးတစ်ဘက်တစ်ချက်စီကို ဝတ္တရားကျေ မွေးပေးလိုက်ရသည်။ မွေးမွေးပေးနေစဉ်တွင်လည်း သမီးငယ်ကို မြင်ယောင်နေမိပြန်သည်။ ခက်ပြီ။ ဆွေးမြည့်စွာကျန်နေခဲ့ရှာသော သမီးငယ်နှင့်ပတ်သက်၍ ကျွန်တော် ဘယ်လိုမှ ဖျောက်ဖျက်မရနိုင်တော့ပါကလား။

'ကိုရယ် သမီးငယ်အတွက် ဘာမှ ပူပင်စရာမရှိပါဘူး၊ ဟိုမှာကလဲ အမေရယ် မမကြီးရယ်ပဲရှိတာ၊ သူ့စိတ်ကြိုက်စား၊ သူ့စိတ်ကြိုက်ဝတ်၊ သူ့စိတ်ကြိုက်နေရတာမို့လား၊ သူထင်သလို ဆိုးနွဲ့နေရတော့ ပျော်နေမှာပါ၊ ကိုက အစွဲကြီးလွန်းပါတယ်'

'ဘာကွ'

ဒေါသဖြစ်လွန်း၍ အသံကုန် အော်ပစ်လိုက်သည်။ အော်လိုက်ပြန်တော့လည်း ဘာမှမပြောဝံ့ရှာ။ မီးဖိုချောင်ထဲသို့ ကုပ်ကုပ်ကလေး ဝင်သွားသည်။ တော်တော်ခက်တဲ့မိန်းမ။ ကလေးတွေရဲ့နုနယ်တဲ့ နှလုံးသားခံစားချက်ကို နားမလည်ဘူး။ ကိုယ်ချင်းမစာတတ်ဘူး။ မျှဝေမခံစားတတ်ဘူး။

အေးလေ သူလဲသူ့သမီးကို ချစ်ရှာပေမပေါ့။ အောက်မေ့ရှာပေမပေါ့။ ဒါပေမဲ့ ငါလိုမှ မခံစားခဲ့ဘူးတော့ ခံစားချက်ချင်း မတူပေဘူးပေါ့ဟုတွေးကာ ဖြေသိမ့်လိုက်ရသည်။ စားချင်တာ စားရတိုင်း၊ ဝတ်ချင်တာ ဝတ်ရတိုင်း၊ လိုချင်တာ အားလုံးရတိုင်း ကလေးတွေရဲ့ဘဝ ပြည့်စုံနေပြီ၊ ပျော်နေပြီဟု သူမ ယူဆနေသည်။ သူမက မိစုံ ဖစုံနှင့်ပြည့်စုံ၍ နွေးထွေး လုံခြုံသော ဘဝတွင် ကြီးပြင်းခဲ့ရသည်ကိုး။ အမိမေတ္တာ၊ အဖမေတ္တာ၊ ညီအစ်ကိုမောင်နှမ မေတ္တာ စသည့် နွေးထွေးလုံခြုံသော မိသားစုမေတ္တာကို ယခုတိုင်အပြည့်အဝ ခံစားနေရသူကိုး။ သည်တော့ မိမစုံ ဖမစုံတို့၏ မလုံခြုံ မနွေးထွေးသောဘဝ၊ မေတ္တာငတ်မှုဝေဒနာကို ဘယ်မှာလျှင် နားလည်ခံစားဖူးပါချိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မူကား သူမကဲ့သို့ မဟုတ်ပါချေ။ ဆယ်လသားအရွယ်တွင် အမေ ကွယ်လွန်ခဲ့သည်။ အမေဟူသည် ဖြူသည်လား၊ ညိုသည်လား၊ ပိန်သည်လား၊ ဝသည်လား၊ ပုသည်လား၊ ရှည်သည်လား၊ ဘာဆိုဘာမျှ မသိနိုင်ခဲ့။ အဖေနှင့် အဒေါ်များ၏ ပြောစကားတို့ကို ဆက်စပ်စုစည်း၍ အမေ့ရုပ်သွင်ကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ခဲ့သည်မှာ အကြိမ်ပေါင်း ထောင်သောင်း မကပင်။ ရေပေါ်တွင် အရုပ်ရေးသကဲ့သို့ ရေးရေးမျှမထင်။ မွေးစမှ ဆယ်လသားအရွယ်အထိ အမေ့နို့ရည်ဖြင့် သက်ဆိုးရှည်ခဲ့ရသော်လည်း အမေ့နို့ရည်၏ ချိုမြိန်သော အရသာကို သိတတ် ခံစားတတ်သော အသိဉာဏ်အင်အား မမီခဲ့။ အဖေ၏မိခင် အဘွားခွဲ့ကျွေးသော ထမင်းကစီရည်၏ အရသာကိုသာလျှင် ယခုတိုင် စွဲထင်နေဆဲပင်။

ကျွန်တော် ရှစ်တန်းကျောင်းသားဘဝ၊ ဆယ့်သုံးနှစ်သားအရွယ်က အဖြစ်အပျက်တစ်ခုကို ယခုအချိန်အထိ ပြက်ပြက်ထင်တင် မှတ်မိနေသေးသည်။ ဆောင်းတွင်းတစ်နံနက်ခင်း ကျွန်တော်တို့အိမ်ရှေ့တွင် မိသားစု ဝိုင်းဖွဲ့၍ မီးလှုံနေကြသည်။ အဖေ့နှမ ဒေါ်လေးငယ်က တစ်နှစ်အရွယ်သားငယ်လေးကို နို့တိုက်နေသည်။ ကျွန်တော်၏ ညီဝမ်းကွဲကလေးကလည်း အားရပါးရ နို့စို့နေသည်။ အပေါ်ဘက်ပါးကလေးမှာ နို့ကိုစုပ်ယူနေစဉ် ပိန်သွားလိုက်၊ နို့ပြည့်လာလျှင် ဖောင်းသွားလိုက်နှင့် အလွန်ကြည့်၍ ကောင်းသည်။ ပါးစောင်မှ နို့ရည်များ စီးကျနေသည်။ ညီလေး နို့စို့နေသည်ကို ကြည့်ရင်း ကြည့်ရင်းနှင့် ကျွန်တော့်စိတ်ထဲတွင် မရိုးမရွဖြစ်လာသည်။ နို့စို့ချင်စိတ်က ရှန်းကန်ထကြွလာသည်။ တံတွေးကိုသာ တဂွပ်ဂွပ် မြိုချနေရသည်။ မနေနိုင်တော့သည့်အဆုံး

'ဒေါ်လေးငယ် ကျွန်တော်လဲနို့စို့ချင်တယ်'

ဒေါ်လေးငယ်က ကျွန်တော့်ကို ပါးစပ်အဟောင်းသားနှင့် အထိတ်တလန့် မော့ကြည့်သည်။ ကျွန်တော့်အဘွားက

www.burmeseclassic.com

www.burmeseclassic.com



'တယ် ဒီကောင်လေး ဒီအရွယ်ကြီးကျကာမှ ဘာအရှုးထတာလဲ၊ နင့်အရွယ်က နို့စို့ရမယ့်အရွယ်မှ မဟုတ်တာ၊ သူများတွေ မြင်ရင် ရှက်စရာကြီး'ဟု ဆိုပါသည်။ ကျွန်တော်က

'အဘွားကလဲ ဘာလို့ရှက်ရမှာလဲ၊ သားက ခဏလေးစို့မှာပါ၊ အယ်လိုနေသလဲဆိုတာ သိချင်လို့ပါ အဘွားရဲ့' ပြောသောအခါ ဒေါ်လေးငယ်က

'လာ လာ ဒီဘက်ကိုစို့၊ စို့ပါစေ အမေရယ်၊ သူမှ အမေနို့အရသာကို မသိရှာပဲကိုး' ဟု ပြောကာ ဘယ်ဘက်နို့ကို တိုက်ပါသည်။ ကျွန်တော်လည်း ဒေါ်လေးငယ်၏နို့ကို ခေါင်းမဖော်တမ်း အားရပါးရစို့ပါတော့သည်။ ချိုလိုက်သည့်ဖြစ်ခြင်း။ သည်မျှနှင့်မရပ်သေးဘဲ

'နို့က ချိုတယ်နော် အဘွား၊ အမေ့နို့လဲ ဒီလိုပဲအရမ်းချိုမှာပေါ့နော် ဒေါ်လေးငယ်'

ဟု မေးသောအခါ ဒေါ်လေးငယ်ခမျာ ကျွန်တော့် ခေါင်းကို တင်းကျပ်စွာပွေ့ဖက်၍ ငိုပါတော့သည်။ အဘွားခမျာလည်း အမေ့၏အမည်ကို တ၍ ရှိုက်ကြီးတငင်ငိုပါလေတော့သည်။ ကျွန်တော်မှုကား ဆိုဖွယ်ရာမရှိပြီ။ ထိုအချိန်မှစ၍ အထက်တန်းအောင်သည့်တိုင် ညတိုင်း ညတိုင်း အဘွား၏နို့ပိန်ကိုစို့၍ အိပ်ရာဝင်လေ့ရှိခဲ့ပါသည်။ အဘွားဆုံးသောအခါ ကျွန်တော့်ဘဝတွင် ဒုတိယမိ္မ အမေငတ်၍ အမေနို့ပြတ်ခဲ့ရပြန်ပါလေသည်။ ဤကား အမေနှင့်ပတ်သက်၍ ယခုတိုင်ခံစားနေရသော ဝေဒနာတစ်ခုပင်။ ထို့ပြင် အမေမရှိသဖြင့် အဖေသည်ပင် အဖေ၊ အဖေသည်ပင်အမေဖြစ်နေသည်။ အဖေ့ကို မျက်စိအောက်မှ အပျောက်မခံနိုင်။ အဖေသွားရာနောက် တကောက်ကောက် လိုက်ပါလေ့ရှိခဲ့သည်။ ကျွန်တော်အိပ်ပျော်နေစဉ် အဖေက လယ်ထဲသို့ ခိုးဆင်းသွားသည်။ ကျွန်တော်နိုး၍ အဖေ့ကို မတွေ့ရလျှင် ထိုနေ့တစ်နေ့လုံး ကျွန်တော်ဖျားသည်။ ညနေ

www.burmeseclassic.com

www.burmeseclassic.com



စောင်း၍ အဖေ လယ်ထဲမှ ပြန်ရောက်လာလျှင် ကျွန်တော် အဖျားပျောက်သည်။ သုံးလေးနှစ်သား အရွယ်အထိ ဤမျှ ခံစားရခဲ့ဖူးပါသည်။ ထိုသို့ငယ်စဉ်ကတည်းက မိဖနှင့် ခွဲခွာခြင်းတည်းဟူသော ဝေဒနာကို ခံစားခဲ့ရဖူးသော ကျွန်တော့်အဖို့ သမီးငယ်ကို အလွန်ကိုယ်ချင်းစာမိသည်။ သမီးငယ်၏ ရင်ထဲကို ဝင်မကြည့်ရဘဲ သမီးငယ်ခံစားနေရသော ဝေဒနာအတိုင်းအဆကို နှလုံးသားဖြင့် ခံစားသိရှိရပါသည်။

ဇနီးမောင်နှံ နှစ်ဦးစလုံးပင် ဝန်ထမ်းများဖြစ်သည်။ ကလေးတစ်ယောက်ရစဉ်ကမူ သူက ကောက်ချိုလိုက် ကိုယ်က ကောက်ချိုလိုက်နှင့် အဆင်ပြေနေသေးသည်။ ကလေးနှစ်ယောက်ဖြစ်လာသောအခါတွင်လည်း သူက တစ်ယောက်၊ ကိုယ်က တစ်ယောက်နှင့် မဆိုးလှသေး။ ယောကလေး သုံးယောက်ဖြစ်လာသောအခါတွင်မူ ရောက်ယက်ခတ်ရတော့သည်။ ရှသည့်လစာနှင့် မျှတအောင် ခြိုးခြံသုံးစွဲရသဖြင့် ကလေးများ အနေမတောအစားမငှချင်။ ယောက္ခမများက စီးပွားရေးတောင့်တင်းသည်။ ကျွန်တော်တို့၏ မနိုင်ဝန်ကို ကူထမ်းပေးချင်သည်။ ထို့ကြောင့် ကလေးတစ်ယောက်ကို သူတို့ထံမှာ ထားရန် ကမ်းလှမ်းလာသည်။

ကျွန်တော်က အပြင်းအထန် ငြင်းဆန်သည်။

သမီးအကြီးက ငါးနှစ်၊ သမီးအငယ်က နှစ်နှစ်၊ သားငယ်က ခြောက်လလူဖြစ်သည်ဖြင့် အလွန်ကသီလင်တနိုင်သည်။ ကျွန်တော်က နယ်မှကြွသူ ... ကဲ့လှေ့ရှိသည့်ပြင် ဇနီးသည်ကလည်း ရုံးတာဝန်တစ်ခုနှင့်မြစ်ရှိ၍ ကလေးသုံးဦးတာဝန်ကို မည်သို့မျှ မနိုင်တော့။ ထို့ကြောင့် ဇနီးခင်သည့်က ကလေးတစ်ဦးကို ခွဲပို့ထားချင်သည်ဟုဆိုလာသည်။ ... နှုန်းအထိ ကျွန်တော် ခေါင်းခါနိုင်သေးသည်။ ဇနီးသည် တစ်ခါခန့်မျှ နေ့ရှုံ့ဖက်ရစဉ် ကျွန်တော် ခွင့်ယူပြီး ပြုစုရစဉ်အခါတွင်မှု ကလေးတစ်

www.burmeseclassic.com



ကို ပို့ထားပါဟူသော စည်းကမ်းချက်ကို ခေါင်းမခါဝံ့တော့။ ယောကျ္ာမ များထံသို့ ပို့ထားရန် မဲကျသူကား သမီးငယ်။ သမီးကြီးကို ကျောင်းထားရ တော့မည်။ သားငယ်လေးကား ခြောက်လသာရှိသေး၍ ပို့လို့မဖြစ်။ ထို့ကြောင့် သမီးငယ်ကိုသာပို့ထားရန် ဆုံးဖြတ်တော့သည်။ စ၍ခေါ်သွားစဉ် ကမူ နှစ်နှစ်သမီးမျှသာဖြစ်၍ အစားနှင့်ချော့လျှင် ရနိုင်ကောင်းသည်။ ယခုမူ ခုနစ်နှစ်သမီးအရွယ်ဖြစ်ပြီး ဒုတိယတန်းသို့ပင် ရောက်နေပြီ။ အစားနှင့်ချော့၍မရ။ ကစားစရာနှင့်မြူ၍လည်း နားမဝင်။ အဝတ်လှလှ ဆင်၍လည်း ဘဝင်မကျ။ ရွာကိုပြန်လိုက်ရမည့်အရေးသာ အဓိကဖြစ်နေ ပြီ။ စိတ်ကောက်တတ်လာပြီ။ ခေါင်းမာတတ်လာပြီ။ စကားနာထိုးတတ် လာပြီ။ ကျိုးကြောင်းပြတတ်လာပြီ။ ကြာလျှင် သမီးငယ်၏ နှလုံးသားကို တမင်သက်သက် ရိုက်ပုတ်ဖွဲ့ခြွေသကဲ့သို့ ဖြစ်လိမ့်မည်။ ခက်သည်က ကလေးများကို ထိန်းကျောင်းရန် လူပိုမရှိခြင်းနှင့် စားဝတ်နေရေး မပြေလည် ခြင်းပင်။ တွေးလေလေ မောလေလေပါတကား။

ယခုလည်း နယ်ထွက်ခဲ့ရပြန်ပြီ။ အပြန်တွင် သမီးငယ်ထံဝင်ရ ကောင်းမလား စဉ်းစားမိသည်။ ဝင်လျှင် သမီးငယ်ရော ကျွန်တော်ပါ ခံစားနေကျဝေဒနာကို ခံစားရပေလိမ့်ဦးမည်။ ဟယ် ဘာပဲဖြစ်ဖြစ် မဝင်တာ ကောင်းပါတယ်လေဟု ဆုံးဖြတ်လိုက်သည်။ ခရီးထွက်ခါနီးတွင် ဇနီးသည် က သမီးငယ်ထံ ဝင်ဦးမလားဟု မေးသည်။ မဝင်တော့ပါဘူးကွာဟု ပြောသောအခါ အံ့ဩသွားပုံရသော်လည်း ဘာမျှဆက်မမေးခဲ့။ နယ်တွင် သုံးပတ်ခန့် အလုပ်လုပ်ပြီးသောအခါ မော်တော်နှင့် ရေဝတီမြစ်ကြောင်း အတိုင်း စုန်၍ ပြန်ခဲ့သည်။ မဝင်တော့ပါဘူးဟူသော ဆုံးဖြတ်ချက်သည် မော်တော်ပေါ် စတက်ကတည်းက ခပ်ယိုင်ယိုင်ပင်။ သမီးငယ်တို့၏ ရွာကို မှုန်မှုန်ကလေး လှမ်းမြင်လိုက်ရသောအခါတွင်မူ ဆုံးဖြတ်ချက် အရည်ပျော်သွား ခဲ့ပြီ။ ရွာသို့မော်တော်ဆိုက်သောအခါ ကမ်းပေါ်သို့ အပြေးအလွှား တက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သမီးငယ်ဆီသို့ သုတ်ခြေတင်တော့သည်။ အိမ်သို့ ရောက်သော် ယောက္ခမကြီးက

'ဟယ် နှင် ဘယ်ကလှည့်လာတာလဲ၊ သမီးတောင် သူ့ကြီးကြီးနဲ့ ရွာဦးကျောင်းအလှူကို သွားတယ်၊ ညနေမှ ပြန်လာလိမ့်မယ်'ဟု ဆီး၍ ပြောသဖြင့် အမောဆို့သွားသည်။ ရွာဦးကျောင်းကို လိုက်သွားလျှင် ကောင်းမလားဟု စဉ်းစားနေဆဲ။

'ရေမိုးချိုး၊ ထမင်းစားတော့လေ၊ ပြီးတော့ မြောက်ပိုင်းက ကိုဘမောင်ကြီး နေမကောင်းတာ သွားမေးလိုက်ဦး၊ တစ်နေ့ကတောင် နှင့်ကို မေးနေသေးတယ်'

ဟု ပြောသဖြင့် ရေချိုး၊ ထမင်းစားပြီး လူနာသွားမေးလိုက်ရသေးသည်။ မြောက်ပိုင်းက ပြန်ရောက်သည်အထိ သမီးတို့ ပြန်မလာသေး။ ညနေ လေးနာရီခွဲနေပြီ။ ဘာကြောင့် ဒီလောက်ကြာနေရတာပါလိမ့်ဟု တွေးရင်း စိတ်တိုနေမိသည်။ ပက်လက်ကုလားထိုင်ပေါ်တွင် ဟိုဟို သည်သည် မျက်လုံးကစားမိသည်။ အိမ်ရှေ့ ပုဏ္ဏားကွယ်တွင် ဗလာစာရွက် ပေါ်တွင် ဝလုံးနှင့် မျဉ်းဖြောင့်များကို အသုံးပြု၍ ဆွဲထားသော လူရုပ် လေးရုပ်။ အရုပ်များအောက်ခြေတွင် ဖေဖေ၊ မေမေ၊ မမ၊ မောင်လေးဟု မညီမညာလက်ရေးဖြင့် ကမ္ပည်းတင်ထားသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကျင်စက်နှင့် တို့လိုက်ဘိသကဲ့သို့ တုန်ခါသွားသည်။

'အဲဒါ နှင့်သမီးဆွဲပြီး ကပ်ထားတာပေါ့၊ ညအိပ်ခါနီးကျရင် ဝရန်တာမှာပက်လက်လှန်၊ အဲဒီအရုပ်တွေကိုကြည့်ပြီး ဟိုဟာက ဖေဖေ၊ ဟိုဟာက မေမေ၊ ဟိုဟာက မမ၊ ဟိုဟာက မောင်လေး ငါနဲ့ သူ့ ကြီးကြီးကို ပြောပြောပြတယ်၊ ဖေဖေက ဘယ်သို့၊ မေမေက ဘယ်ချောသော၊ မမက ဘယ်ပုံ၊ မောင်လေးက ဘယ်နည်း၊ အို တွတ်တီးတွတ်တာပြောရင်းနဲ့ အိပ်ပျော်သွားရော၊ အိပ်မောကျမှ အိပ်ရာထဲရွှေ့ရတာ၊ အိပ်မောမကျခင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လို့များကတော့ လုံးဝမထဘူး၊ အော်ဟစ် ကန်ကျောက်ပြီး ပေကပ်လှဲနေတာပဲ။ တစ်နေ့ကလဲ သူ့အရုပ်ကွာကျတာကို ပြန်ပြီး ကပ်မပေးတယ်လို့ သောင်းကျန်းနေလိုက်တာ လွန်ပါရော၊ သူ့ကြီးကြီးက တစ်ချက်ရိုက်လိုက်မှ ငြိမ်သွားတယ်၊ အေးလေ သွေးတော့သိတာပေါ့ မဟုတ်ဘူးလား'

ကျွန်တော် နားလည်ချင်းမက နားလည်လိုက်ရပါသည်။ သမီးငယ်လေး နေ့စဉ်နှင့်အမျှ နှလုံးကြေကွဲမတတ် ခံစားနေရခြင်းကို အလုံးစုံခံစား သိရှိလိုက်ပါပြီ။ 'သြော် သမီးလေးရယ်'ဟု ရင်ထဲမှ ကျယ်လောင်စွာ ဟစ်အော်လိုက်မိပါသည်။

ညနေဘက် ရှာဦးကျောင်းမှ ပြန်လာ၍ ကျွန်တော့်ကို တွေ့လိုက်လျှင်ပင် 'ဖေဖေ ဖေဖေ'ဟု ဆိုကာ ကျွန်တော်၏ရင်ခွင်တွင် ခေါင်းဝှက်၍ ရှိုက်ကြီးတငင် ငိုရှာပါသည်။ တသိမ့်သိမ့်လှိုက်တုန်နေသော ကိုယ်ခန္ဓာလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိပါသည်။ ကျလုဆဲဆဲ မျက်ရည်စတို့ကို ပုတ်ခတ်ဖယ်ထုတ်၍ရသော်လည်း ရင်ထဲတွင် ကွဲအက်သည့်ဒဏ်ဖြင့် သည်းထန်လိုက်လှဲစွာကျနေသော နှလုံးသွေးစက်တို့ကိုမူ ဖယ်ထုတ်၍ မရနိုင်တော့ပြီတကား။ သည်တစ်ခေါက် သမီးငယ်ကို ဘယ်လိုညာရပါ့မလဲ။ မညာချင် မညာရက်သော်လည်း နာကျင်ခံခက်နေသော လူနေမှု ဘဝကြောင့် ညာရပါလေဦးမည်။ သမီးငယ်၏ နှလုံးသားကို သည့်ထက်ပို၍ မကြေကွဲစေသင့်သည်ကလည်း အမှန်ပင်။ ကျွန်တော် ဘာလုပ်သင့်သနည်း။ မစဉ်းစားချင်တော့။ ညာဖို့စဉ်းစားလေတိုင်း ကျွန်တော့်ရင်တွင် စူးနစ်နာကျင်လွန်းလှချေ၏။

ညဘက်ရောက်သောအခါ သမီးငယ်က သူဆွဲထားသော ရုပ်ပုံများကိုပြ၍

'ဖေဖေရယ်၊ မေမေရယ်၊ မမရယ်၊ မောင်လေးရယ်ပေါ့၊ အဲဒါ သမီး ဆွဲထားတာ၊ ညတိုင်း ညတိုင်း အဲဒီပုံတွေကိုကြည့်ပြီးမှ သမီးအိပ်တာ ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပါသည်။ ကျွန်တော်က

'အဲဒီပုံတွေထဲမှာ သမီးပုံက ဘာလို့မပါတာလဲ'

ဟု မေးသောအခါ

'ဘယ်ပါမလဲ ဖေဖေရဲ့၊ သမီးက ဒီမှာ တစ်ယောက်တည်းနေတာလေ၊ ဖေဖေတို့က ဟိုမှာနေကြတာဆိုတော့ ဖေဖေတို့အထဲမှာ သမီးမပါတော့ဘူးပေါ့'

ဟု ဖြေပါသည်။ ကျွန်တော် နှုတ်ဆိတ်သွားသည်။ သမီးငယ်၏ အဖြေသည် ကျွန်တော့် မေးခွန်းအတွက် အရိုးရှင်းဆုံး အဖြေပင်။ သူမ၏ ခံစားချက်ကို ဖွဲ့နွဲ့မပြောတတ်ရှာ၍ အရင်းအတိုင်းပြောခြင်းပင်။ ထိုသို့ ရိုးရိုးရှင်းရှင်း အရင်းအတိုင်းဖြေခြင်းကပင် ကျွန်တော့်ကို ဒုတိယမ္ဗိ ကျင်စက်နှင့် အတို့ခံလိုက်ရသလို ထင်မိသည်။ ထိုညက သမီးငယ်သည် ကျွန်တော်၏ ရင်ခွင်တွင် နှစ်ခြိုက်စွာ အိပ်ပျော်ပါသည်။ သမီးငယ်၏ ပါးပြင်တွင် စွန်းထင်းနေသော မခြောက်တခြောက် မျက်ရည်စီးကြောင်းကလေးများကို နှာသီးဖျားဖြင့် ပွတ်တိုက်ဖယ်ရှားပေးမိပါသည်။

နံနက် ခြောက်နာရီခန့်တွင် မော်တော်ဆိပ်သို့ဆင်းသောအခါ သူ့အဘွားနှင့်အတူ ကျွန်တော့်ကို လိုက်ပို့ပါသည်။ ကျွန်တော့်ရင်တွင် နာကျင်စူးနစ်ရပြန်ပါပြီ။ သည်တစ်ခေါက်တွင်မူကျွန်တော်ဘာမျှမပြောခင် သမီးငယ်က

'သမီး လိုက်မယ်လို့မပြောဘူးနော် ဖေဖေ၊ နောက်တစ်ခေါက်ကျမှ ခေါ်နော် ဖေဖေ၊ သမီး လိမ္မာလာပြီနော် ဖေဖေ'

ဟု ဦးစွာပြောပါသည်။ ကျွန်တော့်တွင် သမီးငယ်ကို ဖြေသိမ့်စကား ပြောနိုင်လောက်သည့် အားအင်များ ကုန်ခန်းချည့်နဲ့သွားခဲ့ပြီ။ သမီးငယ်၏ ပါးပြင်နှစ်ဘက်ကို ဘယ်ပြန် ညာပြန် အားရပါးရနမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ သွားမယ်နော်'ဟု ပြောကာ မော်တော်ပေါ်သို့ တက်ခဲ့ပါသည်။ သမီးငယ်ကား ညာလက်ဖြင့် မျက်ရည်စများကိုသုတ်လျက် ဘယ်လက်ကလေးနှင့် ကျွန်တော့်ကို ဖေ့ယမ်းပြနေဆဲ။ သမီးငယ်ကို ကြည့်ရင်း ကြည့်ရင်း ရင်ထဲတွင် လှိုက်၍ လှိုက်၍ တက်လာပါသည်။ ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်တမံလျှံပြီထင့်။ တန့်ဆည်၍ မရနိုင်တော့။ မော်တော်ကလည်း စက်နှိုးနေပြီ။ ကြိုးဖြုတ်၍ ကမ်းကခွာတော့မည်။

'ဖေဖေ တာ့တာ'

သမီးငယ်၏ အသံစူးစူးကလေးကို မော်တော်စက်သံကြားမှ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော် စဉ်းစားမနေနိုင်တော့။ မော်တော်ပေါ်မှ ဝုန်းခနဲခုန်ဆင်းလိုက်ပြီး

'ဟော့ ဟော့ မောင်ကြီး၊ ခဏ ခဏ နေပါဦးကွာ၊ ငါ ခုပြန်တက်လာမယ်'

ဟု ပြောရင်း ကမ်းပါးပေါ်သို့ ပြေးတက်ခဲ့သည်။လက်ပြခြင်းကို လမ်းခုလတ်တွင်ရပ်၍ မျက်လုံးအဝိုင်းသားနှင့် ကြောင်၍ကြည့်နေသော သမီးငယ်ကို ဖျတ်ခနဲပွေ့ချီကာ

'ကဲ အမေရေ၊ မမကြီးကို ပြောလိုက်ပါ၊ ကျွန်တော် သမီးကို ပြန်ခေါ်သွားပြီ'လို့ ပြောပြီး ထွက်လုဆဲဆဲ မော်တော်ပေါ်သို့ ပြေးတက်ခဲ့သည်။

'ဟဲ့ ဟဲ့ အို ဒုက္ခပါပဲ၊ နင် ဘယ်လိုလုပ်တာလဲ'

ယောက္ခမကြီး၏ မြည်တွန်တောက်တီးသံသဲ့သဲ့ကို ကျောခိုင်းခဲ့သည်။ မော်တော်ပေါ်ရောက်သောအခါ သမီးငယ်က ကျွန်တော့်ကို တင်းကျပ်စွာ ဖက်တွယ်၍ မယုံတစ်ဝက် ယုံတစ်ဝက်နှင့်

'ဖေဖေ သမီး ပြန်ရတော့မယ်၊ သမီး တကယ်ပြန်ရတော့မယ်၊ သမီး ဖေဖေတို့နဲ့ အတူနေရတော့မယ် ဟုတ်လား ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်တလဲလဲ မေးရှာပါသည်။ မော်တော်ကား ရောဝတီ မြစ်လယ်သို့ အရှိန်နှင့် မောင်းနှင်နေပေပြီ။

'ဟုတ်တာပေါ့ သမီးရယ်၊ ဖေဖေတို့၊ မေမေတို့၊ မမတို့၊ မောင်လေးတို့နဲ့ သမီးတစ်သက်လုံး အတူနေရတော့မယ်၊ ထမင်းရည်ကို တို့သားအဖတွေ အတူတူလျက်ရစေတော့ သမီးလေးကို ဘယ်တော့မှ ခွဲမထားတော့ဘူး၊ သိလား သမီး'

သမီးငယ်သည် ကျွန်တော်၏ ရင်ခွင်တွင် နွေးထွေး လုံခြုံစွာ နားခိုလျက်။

မောင်ကျော် (မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com

## မားစာခံ

မြှအားရက်တယ် သခင်ရယ်။

သခင် အရင်လိုမဟုတ်တော့ဘူးနော်။ ကျုပ်တို့အပေါ် ဂရုမစိုက်တာ ကြာလာခဲ့ပြီ။ နဂိုက သခင်ဟာ ကျုပ်တို့ကို သိပ်ပြီးချစ်တာ၊ ဂရုစိုက်တာဗျ၊ သိလား။ သူကိုယ်တိုင်အစာကျွေးရမှ၊ ရေတိုက်ရမှ။ ကျုပ်တို့ကို တယုတယ စုန်တောင်ခါပေးသေးတယ်။ အဲဒီတုန်းကများ အစာနုလေးတွေနဲ့ နဖတ် (နှမ်းဖတ်) ရည်နဲ့ စားလို့ကောင်းလိုက်တာ လွန်ပါရောလား။ တွေးမိတိုင်း သွားရည်များတောင် ကျမိပါရဲ့။

အခုတော့ သခင်ဟာ ကျုပ်တို့ကို လှည့်တောင်မကြည့်တော့ဘူး။ လုံးဝပစ်ထားပြီဗျာ။ သူ့တူလေးနဲ့ပဲ လွှဲထားတယ်။ ဒီကောင်လေးက ပေါ့တီးပေါ့ဆပါ။ အချိန်မှန်မှန်မကျွေးချင်ဘူး၊ စဉ်းထားလိုက်တဲ့အစာတွေ ကလည်း အတုံးအတစ်။ စားချင်စား မစားချင်နေဆိုတဲ့ သဘောပေါ့။ ဒါပေမဲ့ ကျုပ်တို့ကတော့ ကြိုးစားပြီး စားပါတယ်။ ကျိတ်မှိတ်မြိုချရတာပေါ့။ ဗျာအရသာ ခံမနေနိုင်ဘူး၊ ဗိုက်ပြည့်ပြီးရော။ ကျုပ်တို့ ခွန်အားရှိမှ သခင့်အလုပ်တွေကို လုပ်နိုင်မှာလေ။ သခင်ကပစ်ထားပေမယ့် ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ခွဲမလျှော့ပါဘူး။ သခင်ရဲ့အလုပ်တွေကို အားကျိုးမာန်တက် လုပ်ဆောင်ပေးလျက်ပါ။ သခင့်အပေါ်မှာ သစ္စာရှိလျက်ပါဗျာ။

အင်း တစ်ချိန်သောအခါက အတိတ်အကြောင်းတွေကို တွေးမိတိုင်း ကျုပ်သတိရ၊ လွမ်းလှသဗျာ။ အဲဒီတုန်းကများ သခင်ဟာ ကျုပ်တို့နဲ့အတူ ကုန်းရုန်းပြီး အလုပ်သိပ်ကြိုးစားတာဗျ။ သီချင်းကလေးတအေးအေးနဲ့ ကျုပ်တို့ကို ချော့မော့ခိုင်းတယ်။ ဘယ်တော့မှ နာကျင်အောင် မရိုက်ခဲ့ဘူး။ ကျုပ်တို့ကလည်း လူတွေလိုပဲ အချော့တော့ အကြိုက်သားဗျ။ ဘယ်မောရ ပန်းရမှန်း သိမလဲဗျာ။

မိုးလေဝသကလည်း မှန်၊ ကြိုးစားမှုကလည်းရှိဆိုတော့ ကောင်း လိုက်တဲ့ သီးနှံတွေက အိုးပစ်မကွဲ။ ကျုပ်တို့လည်း သခင်နဲ့အတူ သီးနှံ ခင်းတွေကိုကြည့်ပြီး ပီတိဖြစ်လိုက်ရတာလွန်ပါရော။ ဒီလိုနဲ့ သခင်ဟာ တစ်နှစ်ထက် တစ်နှစ် စီးပွားဖြစ်လာတယ်။

အဲ သခင်တို့များ ကံကောင်းချင်တော့ ထီပေါက်လိုက်သေးတယ်ဗျ။ ဘယ်လောက်ပေါက်တယ်ဆိုတာကိုတော့ ကျုပ် မသိဘူး။ ဆုကြီးလို့တော့ ပြောသံကြားတယ်။ ဒါကြောင့် သခင်ဟာ နေ့ချင်းညချင်း တောသူဌေး ဖြစ်လာတော့ တာပါပဲ။

သခင်တို့မှာ သားတစ်ယောက်နဲ့ သမီးလေးတစ်ယောက်ရှိတယ်။ ထီပေါက်တဲ့နှစ်မှာ သားကို ရှင်ပြုတယ်လေ။ ရွာမှာ မလှူနိုင်တဲ့ ကလေးတွေ အားလုံးကိုလည်း စုပေါင်းပြီး ရှင်ပြုပေးတယ်ဆိုတော့ အတော့်ကို ကြီးကျယ် ခမ်းနားတဲ့ အလှူကြီးပေါ့ဗျာ။ နယ်တစ်ရိုးမှာတော့ ဟိုးဟိုးကိုကျော်လို့။

အလှူရှင်လောင်းလှည့်ပွဲကို ခုထက်ထိ ကျုပ် မျက်စိထဲက မထွက် သေးဘူးဗျာ။ မြင်ယောင်နေဆဲပဲ။ မောင်ရှင်လောင်းတန်းကြီးက အရှည်ကြီး ရွှေထီးတွေကလည်း တဝင်းဝင်း တပြောင်ပြောင်နဲ့ ကျက်သရေရှိလိုက်တာ။ ကျုပ်တို့လှည်းယာဉ်ကြော့ပေါ်မှာ နားထွင်းမယ့် သခင့်သမီးလေးကို

www.burmeseclassic.com



ဆင်လို့။ ကျုပ်တို့တစ်တွေကိုလည်း ချူတွေ၊ အဆင်တန်ဆာတွေ ဆင်မြန်းထိုး တကယ့်ကို ပျော်စရာကြီးဗျာ။ သခင်က ပရိက္ခရာလွယ်၊ သခင်မက ဆက်ကမ်းဖန်းရွက်ပြီး ရှင်လောင်းတန်းရှေ့က ကြော့ကြော့မော့မော့နဲ့ ဂုဏ်တက်ခဲ့ရတယ်။ တကယ်ပါဗျာ၊ ကျုပ်က အခုမှ အလှူ့ရှင်မှန်းသိအောင် မဖွာပ်တိုင်ဆက်ပြနေတာ မဟုတ်ရပါဘူး။ ထိပေါက်လိုက်တော့ ဆိုင်းသံတထိထိနဲ့ ဆမင်းရည်ချောင်းစီး မောင်းတီးပြီး အလှူကြီးပေးနိုင်တာပေါ့။ ထိကို ကျုပ် အတော်လေး ကျေးဇူးတင်မိတယ်ဗျာ။

အခုတော့ သခင် အချိုးတစ်မျိုးပြောင်းသွားပြီ။ အရင်ကလို လုံးဝ မဟုတ်တော့ဘူး။ ငွေရှိလာတော့ သခင့်အနားမှာ လူတွေ ဝိုင်းဝိုင်းလည်နေကြပြီလေ။ သခင်နဲ့ သခင်မ အိမ်ထောင်ကျကာစက ဘာမှ မရှိကြဘူး။ ခြေဖဝါး လက်ဖဝါးပဲ။ မိဘက အမွေပေးလိုက်တဲ့ နွားသိုးပေါက်လေး နှစ်ကောင် (ကျုပ်တို့တစ်တွေ) နဲ့ ယာမြေလေးနှစ်ကွက်ပဲရှိတာ။ သခင်နဲ့ သခင်မဟာ ရိုးသားမှု ကြိုးစားမှုရှိတော့ တစ်နှစ်ထက်တစ်နှစ် စီးပွားရေး ချောင်လည်လာတယ်။ ယာမြေကွက်အကျယ်ကြီးတွေကိုလည်း တဖြည်းဖြည်း ပိုင်ဆိုင်လာတယ်ဗျ။ သခင်တို့ စီးပွားမရှိခင်တုန်းကတော့ ခေါ်မယ့် ပြောမယ့်သူတောင် မရှိဘူး။ ဒါ ကျုပ်အမြင်ပဲ။ ကျုပ်က ငယ်မွေးခြံပေါက် ဆိုတော့ သခင်တို့ရဲ့ အခြေအနေအားလုံးကို အကုန်သိတာပေါ့။

အဲ အခုတော့ သခင့်အနားမှာ လူတွေ ဝိုင်းနေကြပြီလေ။ ဒီလူတွေ အရင်က အိမ်ကိုလာတာ ကျုပ်တစ်ခါမှ မမြင်မိဘူး။ သူတို့ပြောနေကြတဲ့ စကားတွေကလည်း ကျုပ်တို့တစ်ခါမှ မကြားဘူးတဲ့ စကားဆန်းတွေဗျ။ ဘာတဲ့ ချဲထီ ဒိုင်ချုပ်၊ ရောင်းသား၊ လိုင်းကြေး ဆိုလားပဲ။ ဒီအကြောင်းနဲ့ ပတ်သက်တဲ့ တချို့စကားတွေကို ကျုပ် နားလည်ချင်လည်း ဘာကြားပြင်းလည်းကတ်တာနဲ့ ဂရုစိုက် နားမထောင်မိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နဲ့ဗျာ။ အရင်က တောင်သူအချင်းချင်းဆုံမိကြရင် မိုးလေဝသ အကြောင်း၊ သီးနှံအထွက်နှုန်းအကြောင်း၊ သီးနှံဈေးနှုန်းအကြောင်း၊ မြေ အကြောင်း၊ ယာအကြောင်း၊ နွားအကြောင်း စတာတွေကို ပြောကြတာ။ အဲဒီအကြောင်းတွေက ကျုပ်တို့ကြားနေကျ နားယဉ်ပြီးသား စကားတွေဗျ။ ကျုပ်တို့အကြောင်းလည်းပါတယ်ဆိုတော့ အထူးစိတ်ဝင်စားပြီး နားစွင့်မိ တယ်ဗျာ။

အခု သခင်တို့အဖွဲ့ပြောနေတဲ့ စကားတွေကိုတော့ ကျုပ် သိလည်း မသိ၊ စိတ်လည်း မဝင်စားဘူး။ နားရှိလို့သာ ကြားနေရတယ်။ သခင်ဟာ ကိုယ်နဲ့မသက်ဆိုင်တဲ့ စကားတွေကို ဘာဖြစ်လို့များ ဒီလောက်တောင် စိတ်ဝင်တစား ပြောနေရတာပါလိမ့်။ မပြောသင့်တဲ့အကြောင်း ကျုပ် မျက်စောင်းခဲပြီး သတိပေးမိတယ်။ ဒါပေမဲ့ သခင်ဟာ ကျုပ်ကို ဖုတ်လေ တဲ့ငါးပိ ရှိတယ်လို့တောင် မထင်မှတ်ဘူး။ သူ့လူတွေနဲ့ အားတက် သရော ပြောနေဆဲပါ။ တစ်ခါတလေများ ချိုင်းဆိုလားပဲဗျာ၊ စာရွက်တွေကို ဖြန့်ဖြန့်ကြည့်ပြီး အာပေါင်အာရင်းသန်သန် ငြင်းကြသေးတယ်ဗျ။ သူတို့ တစ်တွေ လက်ကိုင်ထားပြီး ပြောနေတဲ့ စကားတစ်ခွန်းကိုတော့ ကျုပ် မှတ်မိတယ်။ 'သက်သောင့်သက်သာ လွယ်လွယ်ကူကူနဲ့ ဖြတ်လမ်းက ငွေရှာတဲ့နည်းဟာ ဒီနည်း' တဲ့။ ကျုပ်ကတော့ဖြင့် မယုံဆေါင်။ ဘယ့်နှယ်ဗျာ ခွန်အားမစိုက်ထုတ်ဘဲနဲ့ ဘယ်ကလာ ငွေရ ရမှာလဲ။ ဒါတွေကို သခင် သိပြီးသားပါလေ။ ခုတော့ သခင်လူပေါင်းမှားပြီ ထင်ပါရဲ့။

ချဲဆိုတဲ့ အသံကိုကြားရင် သိပ်မုန်းတယ်။ သခင်တို့ပြောနေတဲ့ ချဲကိုတော့ ကျုပ် မသိရိုးအမှန်ပါ။ သခင့်တူလေးက ကျုပ်တို့ကို ဖြတ်ရှော် ချဲ ချဲ ပြီးတိုက်တာကို မုန်းလွန်းတော့ ချဲသံကြားရင် ကျုပ်တို့အခါးဆုံးပဲ။ သခင်ကျွေးတုန်းကများ နဖတ်ရည် လက်ကျော်ရတိုက်တာဗျ။ သိပ်အရသာ

www.burmeseclassic.com



ဗိုတဲ့ စကားသံတွေကို

ရှိတာပဲ။ သိလား။ အခု ဒီကောင်လေးက လူပျင်း။ နဖူးတွေ ကြားရလေ ...ပါ။ သခင်နဲ့ ဖျင်းတိုင်း ချဲတိုက်တယ်လေ။

သခင်ဟာ ချဲသံတွေ မှန်နေတဲ့အချိန်ကစပြီး တောင်သူ...ကြတယ်။ ကို ပစ်ထားတော့တယ်။ လူငှားနဲ့ပဲခိုင်းတယ်။ လူငှားဆိုတော့ သိတဲ့အင်...တွေ ပဲလေ။ အချိန်ကုန်ပြီးရောပေါ့။ ဘယ်ကလာ ထွန်ရေးညက်မလဲ။ ထွန်ရေး...ို ညက် မညက် ကျုပ်တို့သိတာပေါ့။ ကျုပ်တို့က ထွန်ရေးညက်အောင် ထွန်ချင်ပေမယ့် ခိုင်းတဲ့သူက ခိုင်းဦးမှ။ လူက ရေသာခိုတော့ ကျုပ်တို့ ကြားက အချောင်နာမည်ပျက်ရတယ်၊ ထွန်ရေးမညက်တော့ သီးနှံအထွက် တွေကလည်း လျော့ကုန်တာပေါ့ဗျာ။ မဟုတ်ဘူးလား။

ချဲဖွင့်မယ့်နေ့ရောက်မှာကို ကျုပ် အကြောက်ဆုံးပဲ။ ဘာကြောင့်လည်း ဆိုတော့ မျက်စိရှုပ်လို့။ အဲဒီနေ့ဆိုရင် သခင့်တူဟိုကောင်လေးက လာအပ်တဲ့ စာရွက်တွေကို လက်ခံ၊ သခင်က ငွေတွေသိမ်းဆိုတော့ ကျုပ်တို့ အစာ စအောင် မစားရဘူး။ အစာတစ်တောင်းလောက်နဲ့ပစ်ထားတယ်။ ချဲကို အာရုံစိုက်နေကြတာလေ။ ဒါပေမဲ့ ကျုပ်တို့ သခင့်အပေါ် လုံးဝ စိတ်မခု ပါဘူး။ သခင်တို့ အလုပ်များနေလို့ဆိုပြီး မျိုသိပ်နေခဲ့ပါတယ်။

ပြောသံကြားရတာကတော့ သခင်က ဒိုင်ချုပ်ဆိုပဲ။ ဒိုင်ဆိုလို့ ကျုပ် ဝါဒိုင်ကိုတော့ သခင်နဲ့အတူ ဝါသွင်းရောက်ဖူးတယ်။ သခင်ရဲ့ ဒိုင်ချုပ်ကိုတော့ ကျုပ် နားမလည်ဘူး။

ချဲဖွင့်တဲ့နေ့ ညနေသုံးနာရီခွဲ လေးနာရီလောက်ဆိုရင် ဂဏန်းကွဲပြီ ...။ ဂဏန်းဆိုတဲ့ စကားကလည်း ကျုပ်ကို နားရှုပ်စေတယ်။ ကန်ကို ...ညီတိုက် သွားရင် တစ်ခါတလေ ပုစွန်လုံး ဂဏန်းကောင်ကိုတော့ ...ပ်မြင်ဖူးပါရဲ့။ လက်မထောင်ပြီး ကားယား ကားယားနဲ့ သွားတာလေ။ ...ပ်တို့ ခွာနဲ့များနင်းမိရင် ကွဲရုံတင်မကဘူး စိစိညက်ညက်ကိုကြေရော။

www.burmeseclassic.com

www.burmeseclassic.com



ကြိမ် မိုးမိုး (အင်းလျား) အမှတ်တရ ပြိုင်ပွဲဆုရ —

ဘယ်နှဲ့ဗ

နီးကပ်ပြီး မကြာခင်မှာ အကွက်ကြီးပွင့်တယ်၊ မပွင့်ဘူးဆိုတဲ့ အကြောင်း၊

အကြော ကွက်ကို ကြားရပြန်တယ်။ ကျုပ်တို့က အပွင့်ဆိုရင် လက်ပံပွင့်ကို

အဲဒီဘ ဘယ်။ လက်ပံပွင့်က ချွဲကျိုကျိုနဲ့ စားရတာ ချိုသလိုတော့အရှိသားဗျ။

အကွက်ကြီးမပွင့်ဘူး ဒိုင်ဝါးရတယ်ဆိုရင်တော့ သခင့်အိမ်မှာ က တွေ စုရုံး စုရုံးနဲ့ပေါ့။ သောက်ပွဲကျင်းပတော့မယ်လေ။ ကြက်ချက်သူက ချက်၊ အရက်ပြေးဝယ်သူက ပြေး။ အရင်က သခင် အရက်သောက်တာ ကျုပ် တစ်ခါမှ မမြင်မိဘူး။ အခုတော့ သူ့အပေါင်းအသင်းတွေနဲ့ ခွက် လှည့်ချပဲ။ အဲဒီအချိန်မှာ အောင်နက်ကြီးက အမြီးတနန့်နန့်နဲ့ အရိုးအရင်း ကိုက်နေလိုက်တာ ပျော်လို့။ ဒီကောင်မျိုးက ဘာသိတာမှတ်လို့။ စားရတဲ့သူ ဆို အမြီးနန့်လိုက်တာပဲ။

သခင် အရက်သောက်နေတာကို သခင်မက ပြုံးမျက်နှာနဲ့ မျက်စောင်းထိုး ကြည့်တယ်။ သခင်ကလည်း ပြုံးဖြဲဖြဲပဲ။ အောင်ပွဲရ အထိမ်းအမှတ်အဖြစ် သောက်တာပါတဲ့။ ကျုပ်ကတော့ အောင်ပွဲလို့ မထင်ပေါင်။ သီးနှံတွေအောင်မြင်လို့ အထွက်နှုန်းကောင်းမှ အောင်ပွဲလို့ ထင်တာပါပဲဗျာ။

အကွက်ကြီးပွင့်တယ်ဆိုရင်ဖြင့် သခင့်အိမ်မှာ လူသံတိတ်ရော။ ဘယ်အပေါင်းအသင်းမှ ခွေးတစ်ကောင် ကြောင်တစ်မြီး မလာကြတော့ဘူး။ သခင်နဲ့ သခင်မလည်း စကားများကြတယ်။ သူ့ကြောင့် ငါ့ကြောင့်နဲ့ အပြစ်တွေဖို့ကြတယ်။ ကျုပ် စိတ်မကောင်းလိုက်တာ။ တကယ်ပါဗျာ။ သခင်နဲ့ သခင်မ စကားများနေတာကို အောင်နက်ကြီးက အမြီးသွားနန့်တော့ သခင်က စိတ်ပေါက်ပေါက်နဲ့ ကန်ထည့်လိုက်တာ ဂိန်ခနဲ အော်ပြီး တစ်ချိုးတည်း လစ်ပြေးသွားတယ်။ မှတ်ကရောဗျား။ သေတာကောင်းတယ်။ ဒီကောင်က မျက်နှာရိပ် မျက်နှာကဲ ဘာမှမသိဘူး။ သူ စားချင်တာ ဝတ်တာ လောက်ပဲ သိတဲ့ကောင်။

www.burmeseclassic.com

www.burmeseclassic.com


အကွက်ကြီး ပွင့်တယ်၊ အကွက်ကြီးပွင့်တယ်ဆိုတဲ့ စကားသံတွေကို ကျုပ် ဆက်ကာ ဆက်ကာ ကြားနေရတယ်။ ဒီအသံတွေ ကြားရလေ ကျုပ် စိတ်မကောင်းလေ စိတ်ညစ်လေပဲဗျာ။ အဟုတ်ပြောတာပါ။ သခင်နဲ့ သခင်မလည်း မျက်နှာတွေညှိုးပြီး မကြာခဏဆိုသလို ရန်ဖြစ်ကြတယ်။ အကွက်ကြီးပွင့်တယ်သာဆိုတယ် ကျုပ်တို့ ထွန်ဆင်းရတဲ့အကွက်တွေ နည်းနည်းလာတယ်ဗျာ။ ဟိုနေ့ကများ ကျုပ်တို့ ယာထွန်သွားတာ နဂို ထွန်နေကျ အကွက်ဆိုပြီး ကျုပ်တို့က ယာခင်းထဲဆင်းသွားတယ်။ ဒီတင် သခင့်တူက 'ဒါ တို့အကွက်မဟုတ်တော့ဘူး၊ ချဲဖိုးအဖြစ် ပျော်လိုက် ရပြီ၊ တန်းတန်းမတ်မတ်သာသွား' ဆိုပြီး နှင်တံနဲ့ရိုက်လိုက်တာ ကျုပ်တို့ ကျောကော့သွားရတယ်။

ဪ အကွက်ကြီးပွင့်တယ်ဆိုတာ ကိုယ့်ယာခင်းအကွက်ကို သူများပေးလိုက်ရတာပါလား၊ လူ့စကားတွေက ဘာတွေမှန်းလည်း မသိပါဘူး။ မျက်စိလည် နားရှုပ်စရာချည်းပဲ။ အင်းလေ ဒါတွေက ကျုပ်တို့နဲ့ တော့ မဆိုင်ပါဘူး။ ခိုင်းတာလုပ်ရမှာက ကျုပ်တို့တာဝန်။ မစဉ်းစားတာပဲ ကောင်းပါတယ်လေ။

သခင်မကို ကျုပ် ဂရုစိုက်ကြည့်မိတော့ ကိုယ်ရောင် ကိုယ်ဝါ ညှိုးမှိန်လာတယ်။ ရွာမှာ အလှူအတန်းရှိလို့မှ လက်ဝတ်လက်စားရတနာ ထုတ်ဝတ်တာ မမြင်မိတော့ဘူး။ အရင်ကများ အလှူအတန်း ပွဲလမ်းသဘင် ရှိတယ်ဆိုရင် သခင်မတို့က ရှေ့ကထိပ်ဆုံး။ လက်ဝတ်လက်စားအပြည့်နဲ့ ကြော့မော့လို့။ သခင်မ ပြင်ဆင်ဝတ်စားထားတာကို သခင်က ပီတိအပြုံးနဲ့ ကြည့်လို့။ သခင်နဲ့ သခင်မ ပြုံးပျော်ရင် ကျုပ်တို့လည်း ပြုံးပျော်တာပေါ့ဗျာ။ မဟုတ်ဘူးလား။ အဲဒီတုန်းကများ သခင်က ကျုပ်တို့ကို အစာကျွေးရင်း ကျောသပ်ပြီးပြောတယ်။ 'ဖွေသားကြီးတို့ ဝအောင်စား၊ ကိုယ့်မိန်းမကို

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ထက်မက ဆင်နိုင်အောင် ငါနဲ့အတူ ကြိုးစားလိုက်စမ်း' တဲ့။ ကျုပ်တို့လည်း ခေါင်းမဖော်တမ်း စားကြတာပေါ့ဗျာ။

အဲဒီအချိန်ကများ ကျုပ်တို့ဟာ တသွေးတမွေးနဲ့ ဝလို့ လှလို့။ နွားချင်းလဲမယ့်သူတွေ လာကြတယ်။ လဲမလား၊ ရောင်းမလားလို့ မေးကြတယ်။ သခင်က လဲလည်း မလဲဘူး၊ ရောင်းလည်း မရောင်းနိုင်ဘူး။ ကျုပ်ရဲ့ ငယ်မွေးခြံပေါက် ကျေးဇူးရှင်တွေ။ သူတို့ကြောင့် ကျုပ် စီးပွားတက်လာတာ။ သားရေ ဖင်ထိုင်ထားမယ်တဲ့။ မိုးကုန်လို့ မခိုင်းနိုင်ရင် အသစ်တစ်ရှဉ်းဝယ်ကိုင်မယ်လို့ ပြတ်ပြတ်ပဲပြောခဲ့တယ်။ အဲဒီလောက် သခင်က ကျုပ်တို့ကို ချစ်တာဗျ။ အခုနဲ့များ ကွာသေး။ ခုတော့ဗျာ ကျုပ်တို့တစ်တွေမှာ အခိုင်းကနာ၊ အစာလည်း ကောင်းကောင်းမစားရဆိုတော့ ပိန်လာပြီ။ တင်ပါးဆုံတွေတောင် ခွက်လာပြီဗျာ။ သခင့်တူ ဟိုကောင်က မညှာမတာရိုက်တော့ အရိုးပေါ်များရိုက်မိရင် မျက်ရည်ကျအောင် နာလှတယ်ဗျာ။ ဒါပေမဲ့ ကျုပ်တို့က သခင့်အပေါ် သစ္စာမဖောက်ပါဘူး။ ရှိသမျှခွန်အားနဲ့ ရုန်းကန်နေဆဲပါ။

ချဲကို သခင် စိတ်နာဖို့ကောင်းပြီ။ သခင်ကတော့ စိတ်မနာသေးဘူး။ သခင် ကံမလိုက်ဘူးဗျာ၊ ဆက်တိုက် လျော်နေရတယ်လို့ သိရတယ်။ ကျုပ်တို့ကို ဘယ်သူကမှ အရေးလုပ်ပြီးပြောလို့ သိတာ မဟုတ်ရပါဘူး။ သခင်နဲ့ သခင်မမျက်နှာကို ကြည့်ရုံနဲ့ ကျုပ် သိတာပါ။ ကံမလိုက်လို့ မစံထိုက်ပေမယ့် ကံလိုက်ရင် စံထိုက်တယ်ဆိုပြီး လျော်ထားရသမျှ အရင်းကျေအောင် အကွက်အကြီးဆုံး ဖွင့်တယ်တဲ့ဗျာ။ သခင်ကံကောင်းပါစေလို့ ကျုပ် ဆုတောင်းနေပါတယ်။

ကျုပ်ရဲ့ဆုတောင်း မပြည့်ဘူးဗျာ။ ချဲဖွင့်တော့ ကွက်ပြည့်ပွင့်တယ်။ အကုန်လျော်ရမှာတဲ့။ သခင်နဲ့သခင်မ ခေါင်းငိုက်စိုက်ကျပြီပေါ့။ မသေချာမရေရာတဲ့ အလုပ်ကို အပိုင်ထားလုပ်တော့ ရှိသမျှစည်းစိမ် ကုန်ပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အရာရာမှာ ပိုင်စိုးမှုဆိုတာ ဘာမှ မရှိဘူးလေ။ ကိုယ့်ရဲ့ တောင်သူလုပ်ငန်းတောင်မှ 'ဝီရိယလည်းထူ၊ ဉာဏ်လည်းကျူ၊ နွားချေးလည်းချ၊ မိုးလည်းမှ' မှ အောင်မြင်တယ်ဆိုတာ သခင် အသိပါ။ အခုတော့ သခင်ဟာ အပေါင်းအသင်းများပြီး စီးပွားရေးကို ဖြတ်လမ်းက လိုက်ခဲ့တယ်။

သခင့်မှာ မြေတွေလည်း ကုန်ပြီ။ အတွင်းပစ္စည်း လက်ဝတ်လက်စားတွေလည်း ပြောင်ပြီ။ အခုတော့ ဘယ်လိုလုပ်ကြမလဲ။ ကျုပ် မကြားချင်ဆုံးစကားကို သခင်နဲ့ သခင်မ ရန်ဖြစ်ရင်းပြောနေလို့ ကြားလိုက်ရတယ်။

'မလျော်လို့ကတော့ အသတ်ခံရမှာ၊ သေမှာ'

ဘုရား ဘုရား လူသားအချင်းချင်း ဒီလောက်တောင်မှ ရက်စက်ကြတော့မှာလားဗျာ။ ကျုပ်တို့ကို လူတွေက ဘာပြောကြတယ်။ ဘာမှသိတဲ့ တိရစ္ဆာန်တွေတဲ့။ အခုတော့ အသိဉာဏ်ရှိလှပါတယ်ဆိုတဲ့ လူတွေဟာ လောဘဇောတိုက်၊ အဝိဇ္ဇာအမှောင်ဖုံးပြီး တိရစ္ဆာန် လုံးလုံးဖြစ်နေကြပါပေါ့လား။

ကျုပ် သခင့်ကို မကြည့်ရက်ဘူးဗျာ။ လူတွေ့မခံဝံ့၊ အိမ်ထဲက အိမ်ပြင်မထွက်ဝံ့၊ အိမ်ကို လူတွေလာရင် ရှောင်နေရတဲ့ဘဝ။ သခင်မခမျာလည်း နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့မျက်ခွက်။ ဒူးနဲ့မျက်ရည် သုတ်နေရတယ်။ ဒီလို အဖြစ်ဆိုးတွေကို ကျုပ် ဘယ်လိုလုပ် ကြည့်ရက် မြင်ရက်ပါမလဲဗျာ။ အရင်က လူပုံအလယ်မှာ လက်မထောင်မော်ကြွားနိုင်ခဲ့တဲ့ ကျုပ်တို့ရဲ့ သခင်။ သမ္မာအာဇီဝနဲ့ အသက်မွေးပြီး ထမင်းရည်ချောင်းစီးအောင်းတီးပြီး အလှူကြီးပေးနိုင်ခဲ့တဲ့ ကျုပ်တို့ရဲ့ သခင်။ ခုတော့ လူရာမဝင်တော့ပါလား။ သခင်ဟာ မတော်လောဘ တက်ခဲ့တာကိုး။ ဩော်လောဘ လောဘ ကျုပ် တရားကျမိပါရဲ့ဗျာ။

'မင်းရဲ့ နွားအို နွားပိန်တစ်ရှဉ်း ငါးသောင်းမတန်ပါဘူးကွ၊ တို့ အလျော်ရမှာက ခြောက်သောင်း၊ မင်းက နွားတစ်ရှဉ်းကို ခြောက်သောင်းနဲ့

www.burmeseclassic.com



ထားပြီး အပြတ်ပေးတယ် ဟုတ်လား၊ လုံးဝ လက်မခံနိုင်ဘူးကွ၊ မင်းကို သနားလို့ ငါးသောင်းနဲ့တော့ အထားခံမယ်၊ ကျန်တဲ့ ငွေတစ်သောင်းကိုတော့ တစ်ပတ်အတွင်း မဖြစ်မနေ ရှာပေး၊ ဒါပဲ'

'ဒီနွားတစ်ရှဉ်းနဲ့ အလျော်ခြောက်သောင်း အကျေထားလိုက်ပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ နောက်လူတွေကိုလည်း ပေးစရာအများကြီး ကျန်သေးလို့ပါဗျာ'

'ဘာကွ၊ မင်းဟာမင်း ပေးစရာကျန်တာ မကျန်တာတို့နဲ့ မဆိုင်ဘူး၊ တို့ကတော့ တန်ရာတန်ကြေး အကျေရမှဟေ့၊ မင်းစားတုန်းက စားထားပြီး လျော်ရမှာကျ လက်တွန့်မနေနဲ့၊ ဒိုင်လုပ်တယ်ဆိုတာ လျော်နိုင်မှ လုပ်ရ တယ်ကွ၊ သိလား'

'ကျုပ် အပတ်တိုင်း ဆက်တိုက်လျော်နေရလို့ပါဗျာ၊ မလျော်ဘူးဆိုတဲ့ နာမည်ပျက် လုံးဝ မရှိခဲ့ပါဘူး၊ ကျုပ်မှာရှိသမျှ ပစ္စည်းတွေကို ပေါင်နှံ ရောင်း ချပြီး လျော်နေတာပဲဗျာ၊ ခုဟာက ကျုပ်မှာရှိသမျှ ကုန်နေလို့ တောင်းပန် တာပါ၊ ကဲဗျာ ခင်ဗျားတို့ပြောသလို ငါးသောင်းနဲ့ပဲထားလိုက်ပါ၊ ကျန်တဲ့ ငွေကိုလည်း ကျုပ် မဖြစ်ဖြစ်တဲ့နည်းနဲ့ရှာပေးပါ့မယ်၊ ဒါပေမဲ့ ကျုပ် တစ်ခု တောင်းပန်ချင်တာက ဒီနွားတွေကိုတော့ မသတ်ပါနဲ့ဗျာ၊ ကျုပ်ရဲ့ ကျေးဇူးရှင် ငယ်မွေးခြံပေါက်တွေမို့ပါ၊ ကျုပ် ပြန်ရွေးနိုင်ရင် ရွေးပါ့မယ်ဗျာ'

'ဟား ဟား ဟား မသတ်ပါနဲ့ ဟုတ်လား၊ မသတ်စေချင်ရင် ငွေအကျေစင်အောင်ပေးလေကွာ၊ တို့ကတော့ မင့်နွားတွေကို အလုကြည့်ပြီး ကျွေးမထားနိုင်ဘူး၊ ငွေဖြစ်အောင် တစ်ခါတည်း သားထိုးသည်လက် အပ်လိုက်မှာ'

သခင်တို့ပြောနေတဲ့ စကားသံတွေကို ကျုပ် အစအဆုံးကြားရတယ် ဘယ်မကြားဘဲရှိပါ့မလဲဗျာ။ ကျုပ်တို့ရှေ့မှာတင် ပြောနေကြတာလေ။ သခင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်ကျနေတယ်။ သခင်မ ခမျာမှာလည်း တရှုပ်ရှုပ်ငိုလို့။ ကျုပ်တို့ အသတ်ခံရင် ခံရပါစေ။ သခင်နဲ့ သခင်မ ခုလို ဒေါသကရောက်နေတာကို တော့ ကျုပ် မကြည့်ရက် မမြင်ရက်ဆုံးပဲ။ အရင်က ကျုပ်တို့ကို တန်ရာ တန်ကြေးထက် ဈေးမြှင့်ပေးတာတောင် သခင်က ရောင်းစကား လုံးဝမပြော ခဲ့ဘူး။ သားရေဖင်ထိုင်ထားမှာတဲ့။ ခုတော့ သခင် ဘယ်လို ဆုံးဖြတ်မှာလဲ။

ကျုပ် သခင့်ကို စိုက်ကြည့်မိတယ်။ ကျုပ်အနားမှာရှိတဲ့ လူတွေ ကိုလည်း ပြူးကြည့်မိတယ်။ သူတို့ကလည်း ကျုပ်တို့ကို နှံ့နှံ့စပ်စပ်ကြည့်ပြီး တီးတိုးစကားပြောနေကြတယ်။ ကျုပ်ကလည်း သူတို့ပြောတဲ့ စကားကို ကြားမိအောင် ကြားလိုက်သေးတယ်ဗျာ။

'ဒီကောင်တွေက ပိန်ပေမယ့် ခိုင်းနွားကြီးတွေဆိုတော့ အသားထွက် ဆိုးမှာ မဟုတ်ပါဘူး၊ သားရေဖိုးတင်ကို မနည်းရမှာ' ဝနေတုန်းများ အဆီထုတ်လိုက်ရရင်'

တောက်၊ ကျုပ် အသည်းနာလိုက်တာ။ ချိုသွေးပြီး ဝှေ့လိုက်ချင် တယ်။ အရင်ကစိတ်မျိုးဆို ကျုပ် တကယ်ဝှေ့ဖြစ်တယ်။ သိလား။ ကျုပ်တို့က သခင်မှအပ ဘယ်သူ့အကြည့်မှ စေ့စေ့မခံခဲ့ဘူး။ ကျုပ်တို့ နှာတစ်ချက်မှုတ်လိုက်ရင် ဘယ်ကောင်မှ အနားမကပ်ဝံ့ခဲ့ကြဘူး။ ခုတော့ ကျုပ်တို့အနားမှာ လူတွေဝိုင်းနေကြပြီလေ။ ကျုပ်ရဲ့အဖော် ဟိုကောင် ချိုထောင်ကြီးကို ကျုပ် လှည့်ကြည့်လိုက်တယ်။ သူကတော့ ဘာမှ မဖြစ် သလိုဘဲ စားမြုံ့ပြန်နေတောင် လွမ်းလို့။

အင်းလေ ချိုထောင်ကြီးလို ဖြစ်ရာဘဝမှာ ဖြစ်သလိုနေတာပဲ ကောင်းပါတယ်။ အသိစိတ်ဓာတ်ရှိနေတော့ စိတ်ဆင်းရဲရတယ်ဗျာ။ တကယ်ပါ။ ကျုပ်လည်း ဖြစ်လာတဲ့ လောကခံကို ခေါင်းငုံ့ခံမယ်လို့ လည်စင်းအငံ့မှာ သခင့်ရဲ့စကားသံကို ကျုပ် ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခင် ခင်ဗျားတို့ ကြိုက် ကြိုက်သလိုသာလုပ် လုပ်ကြပါတော့ဗျာ'

သခင်ရဲ့ စကားသံဟာ တုန်ယင်နွမ်းလျ အက်ကွဲနေတယ်။ ကျုပ်ကမော့အကြည့် သခင်ရဲ့ မျက်ရည်တစ်စက် မြေကြီးပေါ် ပေါက်ခနဲ ကျသွားတာကို မြင်လိုက်ရတယ်။ သခင်မ ခမျာမှာလည်း တလှိုက်လှိုက် ငိုရှိုက်နေတယ်။ နံဘေးကလူတွေကတော့ ပြုံးလို့ ပျော်လို့။

ချည်တိုင်မှာချည်ထားတဲ့ ကျုပ်တို့ရဲ့ ကြိုးတွေကို ဖြုတ်ကြပြီလေ။ ကျုပ် ဘာမှ ရုန်းမမူပါဘူး၊ ချိုထောင်ကြီးကလည်း ကျုပ်အတိုင်းပါပဲဗျာ။ သူတို့ခေါ်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ရတော့မယ်လေ။

'သဗ္ဗေ သတ္တာ ကမ္မသကာ' တဲ့။ လူတွေ ပြောပြောနေကြလို့ ကျုပ်ကြားမိဖူးပါတယ်ဗျာ။ သတ္တဝါမှန်သမျှ ကံပြုပြင်ရာ ကံစီမံရာအတိုင်း ခံရမှာပေါ့။ ဒါပေမဲ့ ခုဟာက 'သခင်ရဲ့ မတော်လောဘကြောင့် ဖြစ်ရတာ၊ စီးပွားရေးကို ဖြတ်လမ်းကလိုက်လို့ ဖြစ်ရတာ၊ မသေချာမရေရာတဲ့ အလုပ်ကို အပိုင်တွက်လုပ်လို့ ဖြစ်ရတာ'တွေကို တွေးတွေးပြီး ကျုပ် စိတ်မကောင်းတော့ဖြစ်မိတယ်ဗျာ။

'ဟဲ့နွား သွား'

မောင်းနေကြပြီ။ ခိုင်းတာကိုလုပ်ရမှာက ကျုပ်တို့ရဲ့ တာဝန်။ သွားတော့မယ် သခင်။

သခင်နဲ့ သခင်မကို နောက်ဆုံးကြည့်ခြင်းအနေနဲ့ ကျုပ် ကြည့်လိုက်မိတယ်။ သခင်မက ငိုရှိုက်ရင်း ကျုပ်တို့ကျောကို လာပွတ်ပေးပါသေးတယ်။ သခင်ကတော့ ခေါင်းငိုက်စိုက်ချပြီး မတုန်မလှုပ် ကျောက်ရုပ်။ ကျုပ်တို့ကို လုံးဝ မကြည့်တော့ဘူး။ သခင် ဘာကြောင့်မကြည့်တာကို ကျုပ် သိပါတယ်။ အမှန်တော့ သခင်ဟာ သူ့အမှားကို သူသိလို့ မကြည့်ဝံ့တာပါဗျာ။ နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ကျုပ်တို့ကို ရဲရဲကြီး ကြည့်လိုက်စမ်းပါ သခင်ရာ။ သခင်ရဲ့ နောင်တရနေတဲ့ မျက်နှာကို မြင်ရင် ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သေပျော်ပါပြီဗျာ။ ကြည့်လိုက်စမ်းပါ သခင်။ ဒါဟာ ပထမဦးဆုံးအကြိမ်ရဲ့ နောက်ဆုံးအကြိမ် ဖနောက်ဆုံးအကြိမ် နောင်တရခြင်း ဖြစ်ပါစေတော့ ကျုပ်တို့မရှိတဲ့နောက်ပိုင်း ဘဝကို အရှုံးမပေးဘဲရဲရဲဝံ့ဝံ့စွာ လျှောက်လှမ်းနိုင်ပါစေ။ လောဘအမှောင်မဖုံးပါစေနဲ့ သခင်ရယ်။

'ဟဲ့ နွား၊ သွားပါလား၊ ဘာလုပ်နေတာလဲ၊ ပေကပ်ကပ်နဲ့၊ ဧါ ရိုက်လိုက်ရ'

သွားမှာပါ၊ သွားမှာပါ။ နောက်ဆုံးအနေနဲ့ သခင်နဲ့ သခင်မအတွက် ဆုမွန်ချွေနေလို့ပါဗျာ။

ကျုပ်တို့ တစ်လှမ်းချင်း လှမ်းနေကြတယ်။ ခြံဝရောက်တော့ သခင်နဲ့ သခင်မအပေါ် ကျုပ် သံယောဇဉ်မပြတ်နိုင်တာကြောင့် သမင်လည်ပြန် ကြည့်လိုက်မိသေးတယ်။ သခင်နဲ့ သခင်မဟာ ခေါင်းချင်းဆိုင်ပြီး ငိုင်နေကြတယ်ဗျာ။

သခင်ဟာ ကျုပ်တို့ကိုမုန်းလို့ အခုလို သူတစ်ပါးလက် အပ်လိုက်တာမဟုတ်ပါဘူး။ မင်းက မင်းသခင်အပေါ် ခုထိ စိတ်မနာသေးဘူးလားလို့ မေးရင်တော့ ခံရမှာပေါ့။ ကျုပ်တို့က သခင့်အပေါ် စိတ်လည်းမနာဘူး၊ ဘယ်တော့မှလည်း မမုန်းနိုင်ဘူး။ ကျုပ်တို့ စိတ်နာပြီး အမုန်းကြီး မုန်းတာက လူတွေရဲ့လောဘ။

လူတွေဟာ လောဘရဲ့ သားကောင်တွေပါ။ သခင်လည်း လူထဲက လူတစ်ယောက်ဆိုတော့ လောဘရှိတာပေါ့ဗျာ။ ဘယ်ကင်းပါ့မလဲ။ ဒါပေမဲ့ ရှိသင့် ရှိထိုက်တဲ့ အတိုင်းအတာတစ်ခုထက် လွန်ကျူးပြီး မတော်လောဘ တက်တော့ သခင့်ဘဝ ပျက်ရတာပေါ့။

လူတွေရဲ့လောဘတရားဟာ 'သောက်လေ သောက်လေ ငတ်မပြေ ဆားငန်ရေကဲ့သို့' လို့ ဆိုတဲ့ စကားအတိုင်း တယ်မှန်ပါ့လား။ လောဘ နှတ်ခမ်း သတ်နိုင်ခဲ့ကြသကိုး။ ခုတော့ လူတွေရဲ့ မတော်လောဘကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က စားစာခံ၊ အချောင်ကြားဝင်ခံရတယ်ဗျာ။ အတောမသတ်နိုင်တဲ့ လူ့လောဘဟာ အတော့်ကို ကြောက်စရာကောင်းပါလားနော်။

ဩော်၊ လောဘ လောဘ၊ ဘဝကို ပျက်စီးစေပါ့လား။ တရားကျမယ်ဆိုလည်း ကျလောက်ပါရဲ့။

ကျုပ်နဲ့ ချိုထောင်ကြီးဟာ သခင့်အတွက်နဲ့ သံဝေဂတရားရပြီး လူတွေ ခေါ်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့ရတယ်ဗျာ။

အင်း ဘာလိုလိုနဲ့ နွားသတ်ကုန်းနဲ့တောင် နီးလာပါပေါ့လား။

ရေစကြို မောင်တိုးကြည်

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၀ ပြည့်နှစ် သတ္တမအကြိမ်
## မိုးမိုး(အင်းလျား)အမှတ်တရ
## ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများ

### ပထမဆု

အမည်ရင်း - ဦးဦးလှစော
ကလောင်အမည် - မောင်နိုင်အောင်
မိဘအမည် - ဦးအောင်လှစံ-ဒေါ်စံသာဖြူ
မွေးရပ်ဇာတိ - စစ်တွေမြို့
ပညာအရည်အချင်း - ပဉ္စမနှစ်မြို့ပြ၊ စက်မှုတက္ကသိုလ်
အလုပ်အကိုင် - ကျူရှင်ဆရာ
ပထမပုံနှိပ်စာမူ - အနိမ့်ဘုံမှတက်ခေါက်သံ(ဝတ္ထုတို)
စက်မှုတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၁၉၇၂)
ဆက်သွယ်ရန်လိပ်စာ - တိုက်-၄၊ စုပေါင်းအိမ်ရာ၊ ပြည်တော်သာရပ်ကွက်
စစ်တွေမြို့။

### ဒုတိယဆု

အမည်ရင်း - ဝင်းမို (ခ) ဝင်းနောင်ဆင့်
ကလောင်အမည် - စုကောက်စိမ်း(ကလေး/ချေး)
ဆက်သွယ်ရန်လိပ်စာ - တစ်ဆင့် ဦးဝိဏ္ဏာြဖွာ
ကြောင်းပန်းကျောင်း၊ ကလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## တတိယဆု

အမည်ရင်း – မခင်သန်းလွင်
ကလောင်အမည် – ရွှေရင်နှစ်(မြို့သာ)
ဆက်သွယ်ရန်လိပ်စာ – တစ်ဆင့် စိုးအောင် (မန္တလေး)
ရှမ်းစုဘွတာ၊ ရှမ်းစုစာတိုက်၊ မန္တလေးမြို့။

## အထူးဆု

အမည်ရင်း – ဦးလှသောင်း
ကလောင်အမည် – ကိုခိုင်နွေ (ပုသိမ်)
မိဘအမည် – ဦးကျော်သိန်း–ဒေါ်အုန်းကြည်
ပညာအရည်အချင်း – သိပ္ပံတွဲ(သတ္တဗေဒ)
အလုပ်အကိုင် – လယ်
ဆက်သွယ်ရန်လိပ်စာ – ၃၇၈၊ ရွှေဘုံသာရပ်ကွက်၊ ပုသိမ်မြို့။

## အထူးဆု

အမည်ရင်း – ဦးကြည်ဝင်း
ကလောင်အမည် – ကိုလှိုင်ကြည်ဝင်း
ဆက်သွယ်ရန်လိပ်စာ – တစ်ဆင့် ဦးလှိုင် + ဒေါ်ခင်ရွှေ
အမှတ် ၂၊ ဈေးရပ်၊ လမ်းမတော်၊ မကွေး။

## အထူးဆု

အမည်ရင်း – ကိုအောင်နိုင်
ကလောင်အမည် – မင်းသီသစ်
ဆက်သွယ်ရန်လိပ်စာ – ဇေရက် ကားမှန်ဆိုင်၊ ဆိုင်အမှတ် ၇၊
ဟိန္ဒူဘုရားကျောင်းရှေ့၊ ပြည်လမ်း၊
ဇောမိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com

အထူးဆု

အမည်ရင်း - ဦးခင်လှ
ကလောင်အမည် - ဝသုန်
မိဘအမည် - ဦးလှမောင်-ဒေါ်သန်း
မွေးရပ်ဇာတိ - ကန်တော်ကလေး၊ ရန်ကုန်မြို့။
ပညာအရည်အချင်း - ၇တန်းအောင်၊ ၁၉၆၅ ရန်ကုန်ပန်းချီကျောင်းဆင်း
အလုပ်အကိုင် - စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာ
ပထမပုံနှိပ်စာမူ - သားကလေး အမည်မသိဝတ္ထုတို[စက်တင်ဘာ၊ ၁၉၇၅]
ဆက်သွယ်ရန်လိပ်စာ - ၁၂၁၊ သုဒ္ဓသန ၂ လမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်း။

အထူးဆု

အမည်ရင်း - ------
ကလောင်အမည် - မြရွက်

အထူးဆု

အမည်ရင်း - ငွေးမြင့်
ကလောင်အမည် - သင်းအောင်ပန်
ဆက်သွယ်ရန်လိပ်စာ - အမှတ် ၂၊ ကျောင်းလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

အထူးဆု

အမည်ရင်း - ဦးကျော်သိန်း
ကလောင်အမည် - ဆင်တဲဝ မြတ်မင်း
မိဘအမည် - ဦးလှမောင်-ဒေါ်သန်းတင်
မွေးရပ်ဇာတိ - မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောက်တွင်းရွာ။
ပညာအရည်အချင်း - ဘီအေ (မြန်မာစာ)

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| အလုပ်အကိုင် | – | ဌာနခွဲစာရေး၊ ဝယ်ယူရေးဌာန<br>အမှတ် ၁ သတ္တုတွင်းလုပ်ငန်း (ရုံးချုပ်) |
| ပထမပုံနှိပ်စာမူ | – | မြေအောက်၌ရှာသောမိုး (ဝတ္ထုတို)<br>[မိုးဝေမဂ္ဂဇင်း၊ ဇွန်၊ ၁၉၈၄] |
| ဆက်သွယ်ရန်လိပ်စာ | – | အမှတ် ၈၉၉၊ ဣန္ဒာ ၉ လမ်း<br>၄ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ |

အထူးဆု

| | | |
|---|---|---|
| အမည်ရင်း | – | |
| ကလောင်အမည် | – | မောင်ကျော်(မြန်မာစာ) |

အထူးဆု

| | | |
|---|---|---|
| အမည်ရင်း | – | ဦးခင်သောင်း |
| ကလောင်အမည် | – | မောင်နိုင်မိုး(မြို့သစ်) |
| မိဘအမည် | – | ဦးစိန်မှု–ဒေါ်ဝိုင်းစိန် |
| မွေးရပ်ဇာတိ | – | ပေကန်ကြီးရွာ၊ မြို့သစ်မြို့နယ်၊ မကွေးတိုင်း။ |
| ပညာအရည်အချင်း | – | LL.B, Dip. Ag. |
| အလုပ်အကိုင် | – | အငြိမ်းစားဥပဒေအရာရှိ၊ တရားရုံးချုပ်ရှေ့နေ |
| ပထမပုံနှိပ်စာမူ | – | မြွေအန္တရာယ်<br>[မိုးမိုး(အင်းလျား)အမှတ်တရဝတ္ထုတိုဆု၊ ၁၉၉၈] |
| ဆက်သွယ်ရန်လိပ်စာ | – | တောင်ပြင် ၂၊ တောင်တွင်းကြီးမြို့။ |

အထူးဆု

| | | |
|---|---|---|
| အမည်ရင်း | – | |
| ကလောင်အမည် | – | ရေစကြိုမောင်တိုးကြည် |

www.burmeseclassic.com

www.burmeseclassic.com

## မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲ ပထမအကြိမ် မှ သတ္တမအကြိမ် အထိ ဆုရရှိသူများ စာရင်း

**၁၉၉၄၊ ပထမအကြိမ်**
**မိုးမိုး(အင်းလျား) အမှတ်တရ**
**ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း**

၁။ မျိုးမျိုးကျော်လင်း – ခုတင်အမှတ် ဃ ၁၂
၂။ လှိုင်းထက် – အရင်းအမြစ်
၃။ ဆွေစစ် – ငရဲကြီးတတ်တယ်တဲ့
၄။ ယုမိုး – ခရမ်းပြာရဲ့ဆူး
၅။ လုံမငြိမ်းချမ်း – ရာဇဝင်အိုလံပစ်
၆။ ငှက်တောင်ပျံ(ဇင်းကိုုက်)– သံသယမျက်ကွယ်မှ စံပယ်တစ်ကုံး
၇။ မေမောင် – နှစ်ပေါင်းသုံးဆယ်နှင့် ကျွန်တော်
၈။ ဒေါင်းနေမင်း – အနေခက် အသေခက်
၉။ သင်းစုစုညိမ်း – ရှင်သန်ခြင်း
၁၀။ ချိုတက္ကူ (ကလေး) – အာသာ
၁၁။ နန္ဒာစိုး(ဆင်ဖြူကျွန်း) – မောင်မဲ့တူ အလှူနှင့်အသုဘပွဲများမှာနေသည်
၁၁။ အောင်နှင်းဦး(မြို့သစ်) – နွားဈေးကောက်သူများ
၁၃။ ဆင်တဲဝ မြတ်ဖုန်း – အို နဒီတွင်းမှာလ
၁၃။ မဝင့်(မြစ်ငယ်) – စမ်းချောင်းလေးရေ
၁၅။ ခင်ခင်ထူး – ဘယ်ကွက်လပ်
၁၅။ မကို – တစ်ခုသောဖြတ်ကျော်ခြင်း

[ပထမဆု၊ ဒုတိယဆု၊ တတိယဆု အစီအစဉ်အတိုင်း ဖော်ပြထားပြီး အမှတ်စဉ် တူနေခြင်းမှာ ရရှိသည့်အမှတ် တူညီနေ၍ ဖြစ်ပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၅၊ ဒုတိယအကြိမ်
မိုးမိုး(အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

| | | | |
|---|---|---|---|
| ၁။ | မေသက်စု | – | ရလဒ်မသေချာသောပုစ္ဆာ |
| ၂။ | မောင်ကိုတိုး (ခင်ဦး) | – | အိုးမည်းတော |
| ၃။ | မောင်လှိုင်မွေး | – | သင်တိုင်းဝတ်လိပ်ပြာ |
| ၄။ | မခြူးပွင့် | – | ထီးမိုး |
| ၅။ | ယဉ်ယဉ်နု (မန္တလေး) | – | ပန်းသာမစာဥ နှင့် ကိုဒေဝ သို့မဟုတ် သူမနှင့် ကျွန်တော် |
| ၆။ | ဆူးသစ်နီ (သာယာဝတီ) | – | အားရှိပါ၏ |
| ၇။ | လုံမငြိမ်းချမ်း | – | ဗီသုကာပုံပြင် |
| ၈။ | မစုပွင့် | – | ဒြပ်မဲ့လူသား |
| ၉။ | ရှင်မိယာ | – | နီဂိုးမဲ့ပုံရိပ်များ |
| ၁၀။ | နန္ဒာစိုး (ဆင်ဖြူကျွန်း) | – | ငိုချင်းသည် |
| ၁၁။ | ကိုမင်း (ချောက်) | – | အက်စစ်နှင်း |
| ၁၁။ | သူဇာဆွေ (မန္တလေး) | – | ပထမအိမ်ပြန် |

[ပထမဆု၊ ဒုတိယဆု၊ တတိယဆု အစီအစဉ်အတိုင်း ဖော်ပြထားပြီး အမှတ်စဉ် တူနေခြင်းမှာ ရရှိသည့်အမှတ် တူညီနေ၍ ဖြစ်ပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၆၊ တတိယအကြိမ်
ရှုမဝ (အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ မြတ်သစ်ကြည် – လက်ဆောင်
၂။ လုံမငြိမ်းချမ်း – သိုးကျောင်းသူနဲ့ရွှေအကျီ
၃။ ခက်စိမ်းခင် – အရုပ်ထဲ ခေတ်ပွဲကနေတယ်
၄။ ဒေါင်းနေမင်း – ထောင်ဝင်စာ
၅။ မင်းတင်ထွဏ်း – စာတမ်း
၆။ ရှူးကျော် – နောက်ဆုံးအကျီ
၇။ ဦးဆွေ (ဒဿနိက) – လေဆာခေတ်ပြာမဟုတ်ပါ
၈။ စံကားဝါအောင် (မအူပင်) – ပျောက်ဆုံးသွားသော အဖြူရောင်
အလင်းတန်းများ
၉။ စိုးမြင့်ဟန် (မိုးကောင်း) – အိမ်ခြွေးချေး
၁၀။ ယဉ်ယဉ်နု (မန္တလေး) – အတွင်းသား ပျက်စီးယိုယွင်းနေသူများ
အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၇၊ စတုတ္ထအကြိမ်
မိုးမိုး (အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ သရဝဏ်(ပြည်) – ရေတံခွန်နှစ်ခု
၂။ ဝသုန် – မိနာလီဇာနှင့်တွေ့ဆုံခြင်း
၃။ ရွှေရင်နှစ်(မြို့သာ) – အပြင်းစားရိုက်ချက်များ
၄။ ဆင်တဲဝ မြတ်မင်း – ထီးတော်မိုး
၅။ မင်းတင်ထွဏ်း – အဖြူရောင်နှလုံးသားများ
၆။ သွန်းနှင်းအိမ် – နှုတ်ခမ်းနီနီအရယ်အပြုံးတွေနဲ့
၇။ ကိုကို – ဝသုန္ဓြေနတ်သမီးချစ်တဲ့အလုပ်
၈။ ဖူးကျော် – အောက်စီဂျင်ရှာဖွေသူများ
၉။ သင်းသင်းသာ – နေ့သစ်ဆီ
၁၀။ နိုင်သစ် (ပြည်) – ဘူလူး

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၈၊ ပဥ္စမအကြိမ်
မိုးမိုး (အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ တွာလ်ခဲင်းမာန် – တောင်ပေါ်လေရဲ့ကောက်သစ်စေ့ရွဲ
၂။ ညိုခက်ကျော် – အလင်းသွေ့မှန်ချပ်များ
၃။ မြင့်စိုး – စတန့်မန်းများ
၄။ ယဉ်ယဉ်နု(မန္တလေး) – အမှောင်ကြိုက်သူများ
၅။ မောင်ခိုင်မိုး(မြို့သစ်) – မြေအန္တရာယ်
၆။ ခင်မောင်သောင်း – မိုးပေါက်တစ်ခု၏ ရာဇဝင်
၇။ ဒေါင်းနေမင်း – လွင်ပြင်ကျယ်ကိုဖြတ်သန်းသွားသော စမ်းချောင်းနှစ်ခု
၈။ ကျော်လွင်နှင်း – ရေနက်ကြော
၉။ မောင်ခိုင်အောင် – သည်မြစ်ထဲမှာ ရဲခဲ့သည်
၁၀။ ကျော်ညိုလွင်(ကျောက်ဆည်)– ဖိုးခွေး သချိုင်းကုန်းမှာနေသည်

၁၉၉၉၊ ဆဋ္ဌမအကြိမ်
မိုးမိုး (အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ ဝသုန် – မနက်ဝိဇ္ဇာ ညမိစ္ဆာ
၂။ သာလွန်ကျော် – နဂါး ဂဠုန်တွေ လွန်ပျော်မြူး
၃။ ပန်းအောင် – ကြိုးထုံး
၄။ ဒေါက်တာအောင်ဇေ – အမေ့မှတ်တမ်း
၅။ မောင်နှင်းပန်(ရေနံချောင်း) – အမောက်က နဂါးမောက် လည်ချောင်းက ရေတံလျှောက်
၆။ တင်နွမ်းလွင် – သက်ပြင်းရှုသံတွေ

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ သတ္တမအကြိမ်
မိုးမိုး (အင်းလျား) အမှတ်တရ
ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်း

၁။ မောင်ခိုင်အောင် – မှတ်တိုင်
၂။ စုကောက်စိမ်း(ကလေးဈေး)– ငှက်ခြေရာ လေမှာထင်စေတော့ရယ်လို့
၃။ ရွှေရင်နှစ် (မြို့သာ) – အနာဂတ်ကမ္ဘာ
၄။ ကိုခိုင်နွေ (ပုသိမ်) – မစားကောင်းသော သစ်သီး
၅။ ကိုလှိုင်ကြည်ဝင်း – လူကိုက်လွတ် ကြက်တစ်ကောင်၏ ပုံရိပ်
၆။ မင်းသီသစ် – ငါးလောင်းတင် ချစ်ညို
၇။ ဝသုန် – သောကဖျာပါဒ အရေးအကြောင်းများ
၈။ မြရွက် – မိုး
၉။ သင်းအောင်ပန် – ဒိမ်ဆွမ်ကျင်နဲ့ ကိုကို
၁၀။ ဆင်တဲဝ မြတ်မင်း – ဆရာဦးဖိုးကျော် ရန်ကုန်မြို့တော်ကြီးမှာ နေသည်
၁၁။ မောင်ကျော်(မြန်မာစာ) – ထမင်းရည်ကို အတူပင်လျက်ရစေတော့
၁၂။ မောင်ခိုင်မိုး(မြို့သစ်) – လူးအင်းလယ်
၁၃။ ရေစကြိုမောင်တိုးကြည် – ဓားစားခံ

www.burmeseclassic.com

www.burmeseclassic.com

## မိုးမိုး (အင်းလျား) အမှတ်တရ
## ဝတ္ထုတိုပြိုင်ပွဲများနှင့် စပ်လျဉ်း၍
## အစီရင်ခံ တင်ပြချက်

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာပေအနုပညာသမားများ၊ စာဖတ်သူများ လေးစားချစ်ခင်ကြသည့်၊ မြန်မာစာပေလောကတွင် အချိန်တိုတိုအတွင်း နေရာတစ်နေရာကို အခိုင်အမာရရှိခဲ့သည့် စာရေးဆရာမ မိုးမိုး(အင်းလျား) ကို အမှတ်တရ ဂုဏ်ပြုသည့်အနေဖြင့် မြန်မာစာပေလောကအတွက် အကျိုးရှိရာ ရှိကြောင်း လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာစာပေလောကမှ အနုပညာရှင်အသီးသီး ပါဝင်သည့် မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

၂။ မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့၏ ၁၃၊ ၃၊ ၁၉၉၄ နေ့၊ ဗဟန်းမြို့နယ် ရှိ ကရင်ပရိယတ္တိကျောင်းတိုက်၌ ကျင်းပခဲ့သည့် မိုးမိုး (အင်းလျား) ကွယ်လွန်ခြင်း စတုတ္ထနှစ်လည်ပွဲ အခမ်းအနားမှနေ၍

– မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေး

– ထူးချွန်ပြောင်မြောက်သော ကလောင်သစ်များ ထွက်ပေါ်လာရေး

တို့အတွက် မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲများကို နှစ်စဉ် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၃။ ထိုဆုံးဖြတ်ချက်အရ မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့မှ မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲများကို ၁၉၉၄ ပထမအကြိမ်မှ စတင်ကာ

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၀ ပြည့်နှစ် သတ္တမအကြိမ် အထိ နှစ်စဉ် ကျင်းပခဲ့ပါသည်။ ၁၉၉၄ ခုနှစ် မှ ၁၉၉၉ ခုနှစ်အထိ ဝတ္ထုတိုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားများကို ဗဟန်းမြို့နယ် တော့ပ်စတား ခန်းမနှင့် သမ္မတဟိုတယ်တို့တွင် အောက်တိုဘာလ နောက်ဆုံးပတ် ရက်များ၌ ကျင်းပ ပြုလုပ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် အတွက်ပြုလုပ်သော သတ္တမအကြိမ် မိုးမိုး(အင်းလျား)အမှတ်တရ ဝတ္ထုတို ပြိုင်ပွဲတွင်မူ ဆုချီးမြှင့်ခြင်း အခမ်းအနား မပြုလုပ်ဖြစ်ဘဲ ဆုရသူများထံသို့ စာတိုက်မှသာ ဆုချီးမြှင့်ငွေများ ပေးပို့ဖြစ်ခဲ့ပါသည်။

၄။ မိုးမိုး(အင်းလျား)အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲအတွက် အနယ်နယ် အရပ်ရပ်ရှိ စာပေဝါသနာရှင်များထံမှ ပြိုင်ပွဲဝင် စာမူများကို ဖိတ်ခေါ်ခဲ့ရာ ဝေးလံခေါင်ဖျား နယ်ခြားအရပ်ဒေသများ အပါအဝင် မြန်မာပြည် တစ်ဝန်းလုံးမှ စာပေဝါသနာရှင် အများအပြားပင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြရုံတင် မကသေးဘဲ ဂျပန်၊ ကိုးရီးယား၊ မလေးရှား စသည့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးရောက် မြန်မာစာပေဝါသနာရှင်များကပါ ပါဝင်ပေးပို့ခဲ့ကြရာ နှစ်စဉ် ပြိုင်ပွဲဝင်စာမူ ၂၀၀ ကျော်မှ ၄၀၀ အထိပင် လက်ခံ ရရှိခဲ့ပါသည်။

၅။ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်စာမူများကို စာပေလောက စာတည်းအဖွဲ့မှ စနစ်တကျ မှတ်တမ်းပြုစုကာ ပဏာမ ဖတ်ရှု၍ အဆင့်မီသော စာမူများကို ဆုရွေးချယ်ရေးအဖွဲ့ဝင် ဆရာ၊ ဆရာမကြီးများထံသို့ မိတ္တူပွား၍ ပေးပို့ကာ ဆုံးဖြတ်စေခဲ့ပါသည်။ ဆုရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရာတွင် ချီးမြှင့်ရန် ရည်ရွယ်ထားသည့် ဆုအရေအတွက် ၁၅ ဆု ခန့်မှန်းလျှင် ဆုရွေးချယ်ရေးအဖွဲ့သို့ အဆင့်မီ ဝတ္ထုတို ၃၀ အထိ တင်ပြပေးခဲ့ပြီး ဆုရွေးချယ်ရေးအဖွဲ့ဝင် ဆရာ၊ ဆရာမကြီးများထံမှ အကြိုက်ဆုံး ဝတ္ထုတို ၁၅ပုဒ်ကို အမှတ်စဉ် ၁ မှ ၁၅ အထိ အဆင့်အသီးသီး ပြန်လည် သတ်မှတ်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆုရွေးချယ်ရေးအဖွဲ့ဝင် တစ်ဦးချင်းစီမှ သတ်မှတ်ပေးခဲ့သည့် အဆင့်များကို အဆင့် ၁ မှ စ၍ ၁၅ မှတ်၊ အဆင့် ၂- ၁၄ မှတ် စသည်ဖြင့် ရမှတ်များအဖြစ်သို့ ပြောင်းလဲကာ ရွေးချယ်ခံရသော ဝတ္ထုတစ်ပုဒ် အပေါ်တွင် ရွေးချယ်ရေး အဖွဲ့ဝင် ဆရာ၊ ဆရာမတို့၏ ပေးထားသော ရမှတ်ပေါင်းကို ကြည့်ကာ ပထမ၊ ဒုတိယ၊ တတိယ ထပ်မံ ရွေးချယ်ရပါသည်။ တစ်ခါတစ်ရံ ရမှတ်တူညီနေလျှင် အဆင့်တူအဖြစ် သတ်မှတ်ပါသည်။

ဆုရွေးချယ်ရေး အဖွဲ့ဝင် ဆရာ ဆရာမကြီးများအား လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အပ်နှင်းထားသည့်အတွက် တစ်ဦးနှင့် တစ်ဦး အကြိုက်ချင်း မတူညီမှု၊ ကွဲလွဲမှုတို့ ရှိတတ်သော်လည်း ပြိုင်ပွဲဝင် ဝါသနာရှင်တို့အပေါ်တွင် စေတနာ အပြည့်အဝထားရှိကာ မအားလပ်သည့်ကြားမှပင် အချိန်ယူ၍ အချိန်လု၍ ဖတ်ရှု ရွေးချယ်ပေးခဲ့သည်ကို တွေ့ရပါသည်။

မိုးမိုး (အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲများတွင် နှစ်စဉ် ဆုရွေးချယ်ရေး အဖွဲ့ဝင်လူကြီးများအဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဆရာကြီး ဦးအောင်သင်း၊ ဆရာမကြီး ဒေါ်ခင်ဆွေဦး၊ ဆရာ ကြည်လင်အေး၊ ဆရာ ကျော်ရင်မြင့် နှင့် ဆရာ ချစ်ဦးညို တို့ကို မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့မှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရပါသည်။

၆။ ဝတ္ထုတိုပြိုင်ပွဲ၌ ဆုရရှိသူများကို ဆုချီးမြှင့်ရာတွင် ပထမဆု ၃၀၀၀ိ၊ ဒုတိယဆု ၂၀၀၀ိ၊ တတိယဆု ၁၀၀၀ိ ဟု လျာထားသတ်မှတ်ခဲ့သော်လည်း ဆရာမ မိုးမိုး (အင်းလျား) ၏ စာပေများကို လေးစား နှစ်သက်သော မိတ်ဆွေများ၊ စာဖတ်ပရိသတ်များကပါ စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်း ပံ့ပိုးပါဝင်ခဲ့ကြရာ ပထမအကြိမ် ဆုချီးမြှင့်ပွဲ၌ပင် ပထမဆုကို ၁၂၀၀၀ိ၊ အထိ လည်းကောင်း၊ ဒုတိယဆုကို ၆၀၀၀ိ အထိ လည်းကောင်း၊ တတိယဆုကို ၄၀၀၀ိ အထိ လည်းကောင်း လေးဆမျှ တိုး၍ ချီးမြှင့်နိုင်ခဲ့ပြီး တတိယအကြိမ် ဆုချီးမြှင့်ပွဲ ၁၉၉၆ တွင် ပထမဆုအဖြစ် ၃၅၀၀၀ိ၊

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယဆုအဖြစ် ၂၅၀၀၀ဝိ၊ တတိယဆုအဖြစ် ၂၀၀၀၀ဝိ အထိ ချီးမြှင့်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

ဆုချီးမြှင့်ငွေများ ထိုက်တန်စွာ ပေးအပ်နိုင်ရေးတွင် အားတက်သရော ပူးပေါင်း ပါဝင်ပံ့ပိုးကူညီခဲ့ကြသည့် ပြည်တွင်းပြည်ပမှ စာပေ ဒါနအလှူရှင်များ၏ စေတနာ သဒ္ဓါတရားများကိုလည်း မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့မှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

၇။ ပထမ အကြိမ် မှ သတ္တမအကြိမ် အထိ ဆုရရှိသူ စုစုပေါင်းမှာ ၇၂ ယောက်ဖြစ်ပြီး ၎င်းတို့တွင် လေးကြိမ် ဆုရရှိသူ တစ်ဦး၊ သုံးကြိမ် ဆုရရှိသူ ခြောက်ဦး၊ နှစ်ကြိမ် ဆုရရှိသူ ၁၁ ဦး ရှိခဲ့ပါသည်။


၈။ မြန်မာစာပေ တိုးတက်ဖွံ့ဖြိုးရေးနှင့် ထူးချွန်ပြောင်မြောက်သော ကလောင်သစ်များ မြန်မာစာပေလောက၌ ပေါ်ထွန်းထွက်ပေါ်လာစေရေး တို့ကို ရည်ရွယ်လျက် ကွယ်လွန်သူ စာရေးဆရာမ မိုးမိုး(အင်းလျား)ကို ဂုဏ်ပြုတသ အမှတ်တရအဖြစ် မိုးမိုး(အင်းလျား) အမှတ်တရ ဝတ္ထုတိုပြိုင်ပွဲများ၊ စာရေးဆရာများ၏ ဝတ္ထုတိုများ စုပေါင်းထုတ်ဝေခြင်းများ၊ စာရေးဆရာများ၏ ဟောပြောပွဲများကို မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့က တတ်စွမ်းသမျှ အခွင့်အခါ ပေးသမျှ ပြုလုပ်ကျင်းပပေးခဲ့ရာ အတိုင်းအတာတစ်ခုအထိ အကျိုးကျေးဇူး ရှိခဲ့သည်ဟု ယုံကြည်ပါသည်။

၉။ မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့သည် စာရေးဆရာကို လေးစားသူ စာပေကို ချစ်မြတ်နိုးသူတို့၏ အဖွဲ့တစ်ဖွဲ့အနေဖြင့် စာရေးဆရာလောကအကျိုး၊ စာပေလောကအကျိုးကို တတ်စွမ်းသမျှ ဆက်လက်၍ စွမ်းဆောင်သွားနိုင်ရန် ကြိုးစားလျက်ရှိကြပါသည်။

၂၄၊ စက်တင်ဘာ၊ ၂၀၀၄။ စာပေလောက စာစည်းအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com




## မိုးမိုး(အင်းလျား)

## ဘယ်သူလာ ကူပါ့မယ်


မြန်မာနိုင်ငံ ကျရောက်ဖြတ်သန်းခဲ့သော ခေတ်တစ်ခေတ်၊ လူမှုဝန်းကျင် အနေအထားတစ်ခုကို နောက်ခံကားထား၍ မိသားစုအရေး ရှုန်းကန်လှုပ်ရှားရသူ အမျိုးသမီးငယ်တစ်ဦး၏ ဘဝနှင့်ခံစားမှု သရုပ်ဖော် ဝတ္ထုရှည်စာအုပ်တစ်အုပ် ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းအတွင်း ရပ်တည်ရှင်သန်နိုင်ရေး အားထုတ်ကြိုးပမ်းရင်း ဆုံးရှုံးလက်လွှတ်ခဲ့ရသော ချစ်မေတ္တာတရား၊ စာနာနားလည်မှုနှင့် ကိုယ်ကျင့်သိက္ခာ ပြဿနာတို့ကြားတွင် တဖြည်းဖြည်းနစ်မွန်းရှာရမည့်သူတစ်ဦး၏ ဇာတ်ကြောင်း။

[စာမူခွင့်ပြုချက် အမှတ် ၂၇၆/၉၅ (၅)]

www.burmeseclassic.com

www.burmeseclassic.com



## မိုးမိုး(အင်းလျား)
## ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား

ဆယ်ကျော်သက်များအတွက် ဘာနှင့်မျှမလဲနိုင်သော ယုံကြည်ကိုးစားမှုနှင့် စိတ်ကူးထဲက မိုးကုပ်စက်ဝိုင်းမှာ အချစ်ဖြစ်သည်ဟု ဆိုလျှင် သူတို့ မငြင်းမဆန် လက်ခံကြမည်။

အချစ်ကို ရဲရင့်စွာ ယုံကြည်ကိုးစားတတ်သူများ၊ အချစ်အတွက် ဘဝကို အကြီးအကျယ် ပြောင်းလဲလိုက်ကြသူများအတွက် ပီပြင်သော စာနာစိတ်ကိုအရင်းခံကာ လေးနက်ဆင်ခြင်ဖွယ် ဒဿနကို စာအုပ်အဆုံးတွင်မှခံစားသိနှင့် နားလည်နိုင်ကြစေရန် ဆရာမမိုးမိုး (အင်းလျား) အားထုတ် ရေးဖွဲ့ခဲ့သောစာအုပ်။

မိဘမောင်ဘွားများ၊ ဆယ်ကျော်သက်ရွယ် သား၊ သမီးငယ်များ အလဲအလှယ်လုပ် ဖတ်ရှုကြရမည့် ဘဝသင်ခန်းစာ ဝတ္ထုစာအုပ်။

[စာမူခွင့်ပြုချက် အမှတ် ၄၇၄/၉၉ (၉)]

www.burmeseclassic.com

www.burmeseclassic.com




## မိုးမိုး(အင်းလျား)
## ဝေဒနာကြာနီပွင့်

မိုးမိုး(အင်းလျား)၏ ၁၈ အုပ်မြောက် လုံးချင်းဝတ္ထုရှည်။

ငပလီကမ်းခြေရွာတွင် မွေးဖွားပြီး သဲသောင်ခြေမှာ ကြမ်းတမ်းစွာ ဆော့ကစားခဲ့သည့် မိန်းကလေးတစ်ဦး။ အခြားတစ်ရပ်မှပြောင်းလာသော အစ်မတွေကြား ကြီးပြင်းခဲ့ရသော ယောကျ်ားလေးတစ်ယောက်။

ငယ်သူငယ်ချင်းနှစ်ဦး၊ ဘဝကိုယ်စီ၊ တက္ကသိုလ်ရောက် သံယောဇဉ်အမျှင်တန်းမိ။ မိန်းကလေးက ဖခင် ပင်လယ်မှာဆုံးခဲ့၍ ပင်လယ်ကိုစိတ်နာသော်လည်း ဇာတိချစ်စိတ်ပြင်းပြ။ ယောကျ်ားလေးကလည်း ငယ်ဘဝစရိုက်အတိုင်း မိန်းကလေးသူငယ်ချင်း အဆောင်သူလေးတွေကြား ဒွိဟပွားလျက်။

ပြတ်သားသောမိန်းကလေးနှင့် အသိုင်းအဝိုင်းကြားက ရုန်းမထွက်နိုင်သော ဒွိဟပွားယောကျ်ားကလေးတို့၏ ခွဲခွာရသည့် ဝေဒနာမိုးစက်များ။ ပန်းချီခင်မောင်ရင်၏ ၄ပေ x ၃ပေ ရှိ အရောင်များဆိုသည့် ပန်းချီကားတစ်စီတ်တစ်ပိုင်းကို ဖေညွန့်ဝေက ဒီဇိုင်းပြုမျက်နှာဖုံး ဖွဲ့စည်းထား၏။

စာရေးသူ၏ စာပေနှင့်ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိပေသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၆၈/၉၉ (၆)]

www.burmeseclassic.com

www.burmeseclassic.com



## မိုးမိုး(အင်းလျား)
## ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ

မိုးမိုး(အင်းလျား)၏ ၁၄ အုပ်မြောက် လုံးချင်းဝတ္ထုရှည် ဖြစ်သည်။

ကလေးဆန်သော အပျိုဖြန်းမလေး လင်း နှင့် လင်းထက် အသက်လည်းကြီး၊ လူကြီးလည်းဆန်သော ကိုကိုကြီးတို့၏ ဖွင့်ဟမပြောဘဲ တစ်ရစ်ချင်း သိမ်မွေ့စွာတင်းပတ်လာသည့် သံယောဇဉ်နှောင်ကြိုး အထုံးအဖွဲ့။

BURMESE CLASSIC

နောက်ဆုံးတွင် ကိုကိုကြီး ဆုံးသွားသည့်တိုင် ချစ်သူဝိုင်းလည်း နေပါလျက် ချစ်စိတ်မတုန့်ပြန်နိုင်တော့သည့် အပျိုဖြန်းမလေးတစ်ဦး၏ ခံစားချက်။ ရှင်းသန့်သော အရေးအသားဖြင့် ဖမ်းစားထားသည့် ဝတ္ထုတစ်ပုဒ်။ နေမျိုးဆေး၏ လမ်းကလေး ပန်းချီကားကို ဖေညွန့်ဝေက ဒီဇိုင်းဖွဲ့စည်းကာ မျက်နှာဖုံးတင်ထား၏။ အထီးကျန်ငှက်ကလေး တစ်ကောင်၏ ခံစားမှုကား ဤဝတ္ထုနှင့် ဟပ်လှပါပေ၏။

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိသည်။

[စာမူခွင့်ပြုချက် အမှတ် ၉၂၆/၉၉ (၁၀)]

www.burmeseclassic.com